
www.burmeseclassic.com



BURMESE CLASSIC .com

# နေနွယ်ဇင်မြင့်

## ချစ်ခြင်းကိုယ်စီ

၂၈

www.burmeseclassic.com

www.burmeseclassic.com







# နေနွယ်ဇင်မြင့်

## ချစ်ခြင်းကိုယ်စီ

(ဒုတိယအကြိမ်)

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



## အခန်း(၁)

ခြံတံခါးက သံပန်းနီနီတဲ့။ တံခါးအုတ်တိုင်ကဖြူဖြူတဲ့။ ဟုတ်တော့ ဟုတ်နေပြီ။ နံပါတ်လည်း ဟုတ်သည်။ နံပါတ်ဟုတ်တာကို သိပ်အားကိုးလို့မရချေ။ ဒီရပ်ကွက် ဒီလမ်းမှာက နံပါတ်တစ်ခုရပြီဆိုလျှင် အေ၊ ဘီ၊ စီ၊ ဒီတွေကမှ အေဝမ်း၊ အေတူး၊ အေသရီး၊ ဘီဝမ်း၊ ဘီတူး၊ ဘီသရီးတွေ ထပ်ခွဲထားသေးသည်။ တချို့ခြံက မူရင်းနံပါတ်လောက်သာရေးပြီး ဝမ်း၊ တူး၊ သရီးတွေလည်း မရေးတော့ ရှာရသူမှာ သေလုရော။

ဟို ... ရှေးရှေးတုန်းကတော့ သူဌေးတစ်ဦးတည်းပိုင် ခြံကျယ်ကြီးတွေ ဖြစ်ခဲ့တာနေမှာ။ အမွေခွဲကြ၊ အေ၊ ဘီ၊ စီ၊ ဒီတွေဖြစ်၊ အဲဒါတွေက ငွေလိုလို့ ကိုယ်ပိုင်ခြံကလေးကို ခွဲရောင်းတော့ ဝမ်း၊ တူး၊ သရီးတွေဖြစ်။ တွေးရင်းက ခုချိန်ထိ အေ၊ ဘီ၊ စီ၊ ဒီ၊ ဝမ်း တူး သရီး မခွဲဖြစ်သေးဘဲ ကျယ်ပြန့်စွာ ပိုင်ဆိုင်ဆဲဖြစ်သည့် ကိုယ့်ခြံကြီးကို ကိုယ့်ဘာသာ သဘောတကျ ဖြစ်လိုက်ရသည်။ ကိုယ့်လက်ထက်မှာလည်း တစ်ဦးတည်းသောသမီး၊ အေ ဘီ စီ ဒီတွေ ဖြစ်လာနိုင်စရာမရှိ။ ကိုယ့်ခြံက တစ်ကေခွဲ

www.burmeseclassic.com

www.burmeseclassic.com



တိတိ ကျယ်သည်။ ကိုယ့်နေရာ ကိုယ့်ရပ်ကွက်၏ မြေငှားက တစ်ဧကကို လေးထောင်ဆိုလား။ ပွဲစားတွေ ဈေးဖြတ်သံကြားဖူး၏။ တစ်ဧကခွဲဆိုတော့ ခြောက်ထောင်။

"ဟင် ... ဒီခြံကြီးတစ်ခုလုံးမှ ခြောက်ထောင်၊ ဒါဆို ... သမီးကို လေးလ လခမပေးဘဲထားပါ။ ဒီခြံကြီး သမီးယူမယ်"

အရေးထဲ ခြံမက်သူကလည်းရှိသေး။ သူက တစ်လကို ထောင့်ငါးရာကျပ်တိတိ ရရှိသော ထမင်းချက်ရာထူးပိုင်ရှင်မလေး ခါတွန်။

"ဟဲ့ ... ခြောက်ထောင်ဆိုတာ ရှေ့မှာသိန်းဆိုတဲ့ စကားလုံးပါတယ်မှတ်၊ ကျပ်ခြောက်ထောင်မဟုတ်ဘူး၊ သိန်းခြောက်ထောင်"

ခါတွန် ကျောက်ရုပ်လိုဖြစ်သွားလို့ မေမေက ဟဲ့ ... ဟဲ့ ... ဟုခေါ်ကာ ကိုင်,ကိုင်လှုပ်ပေးလိုက်ရသေးတာကို ပြန်တွေးမိရင် ပြုံးဖြစ်၏။ ဒီခြံက မူရင်းနံပါတ်မှာ ဂျီ(G)ပါ၏။

"ခြံပိုင်ရှင်အမျိုးသမီးက ကိုယ်လုံးလှလှလေး ထင်ပါရဲ့"

နောက်တီးနောက်တောက်တွေးရင်း ကားဟွန်းကို တီးလိုက်၏။ ခြံထဲမှ တုတ်တုတ်တောင် လှုပ်သံမကြားရချေ။ အုတ်တိုင်ဖြူဖြူမှာတော့ ဆေးမည်းမည်းနှင့် ဘဲလ် (Bell ခေါင်းလောင်း)ဆိုသည့် စာရေးထားတာတွေ့၏။ ဆင်းနှိပ်လျှင်တော့ မြည်မှာပေါ့။ အထဲကလူ ကြားမည်ပေါ့။ လာဖွင့်မည်ပေါ့။ ခက်တာက ဘဲလ်ဆင်းနှိပ်ဖို့ ပျင်းနေတာ။ ဒီလိုဆိုတော့ ကိုယ်က လူပျင်းလား။ လူတကာကတော့ လူတော်တဲ့။ ဖျတ်လတ်



တက်ကြွသတဲ့၊ ထကြွလုံ့လဝီရိယရှိသတဲ့၊ စီးပွားရေးလာဘ်မြင်သတဲ့။ သူတို့က ရှေ့တင်မို့ ချီးကျူးပြီး ကွယ်ရာမှာ ကျိတ်ကဲ့ရဲ့လျှင်တော့ မပြောတတ်။ ရှေ့တင်မှာတော့ တော်လိုက်တာ ... တော်လိုက်တာပါပဲ။ ဒီလိုလူကို လူပျင်းသတ်မှတ်လို့ ရမတဲ့လား။ သို့ပေမဲ့ ခေါင်းလောင်းခလုတ်ကို ဆင်းနှိပ်ဖို့ ပျင်းနေတာတော့ အမှန်ပါပဲ။ ထကြွဝီရိယနှင့် လူသားမှာလည်း အပျင်းရှိနေပါကြောင်း စာတန်းတစ်ခုတောင် တင်လိုက်ချင်၏။

"တီ"

သံရှည်ဆွဲ၍ တီးပစ်လိုက်သည်။ ကားဟွန်းသံရှည်ကြီးဖြင့် တစ်ဖက်သားကို နှောင့်ယှက်လျှင် ရိုင်းရာကျတာသိသည်။ ဖြီးမှာ မကောင်းသည့်ဥာဉ်ကလေးတစ်ခုရှိ၏။ မလုပ်ချင်တော့ဘူးဆိုလျှင် ဘယ်လောက်ပဲ လုပ်သင့်လုပ်သင့်၊ လုပ်ကိုမလုပ်တော့ဘဲ ဖွတ်ပေနေတတ်ခြင်းပင်။ ဒါကို "ခေါင်းမာသည်"ဟု မေမေက ဝေဖန်၏။

"ခေါင်းမမာတဲ့လူတွေဟာလည်း ဘယ်အလုပ်မှ မအောင်မြင်တတ်ဘူးကွ၊ ခေါင်းပျော့ရင် စိတ်လည်းပျော့တယ်၊ တောင်လေလာ တောင်ယိမ်း၊ မြောက်လေလာ မြောက်ယိမ်းဖြစ်တတ်တယ်၊ တည်ငြိမ်ခြင်းကင်းတော့ မစွဲမြဲဘူး၊ မစွဲမြဲရင် မအောင်မြင်ဘူးဘဲ၊ ဒါပေမဲ့ ခေါင်းမာလွန်းအားကြီးရင်လည်း လူမုန်းစရာ ဖြစ်တတ်တယ်"... တဲ့။ ဖေဖေက ချီးကျူးချင်သလိုလိုရှိသည်။ တစ်ဦးတည်းသောသားက ကျယ်ပြန့်လှစွာသော စီးပွားရေး အကွက်အကွင်းကြီးထဲမှာ ကိုယ်ရင့်တန်းတူ အားကိုးနေရပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



"တီ ..."

ဒုတိယအကြိမ် သံရှည်ဆွဲ၍အတီးမှာ လူရိပ်ကိုမြင်ရ၏။ တစ်ဖက်သားက ဒီလောက်သံရှည်ကြီး "တီ"နေတာ၊ ပြေးလွှားများ လာပါတော့။ ခပ်ဖြည်းဖြည်းနှင့် ပုံမှန်လျှောက်နေပုံက လှယဉ်ကျေးမယ်ရွေးပွဲအတွက် ခြေလှမ်းကျင့်နေသလားမေးချင်၏။ တဖြည်းဖြည်း လူလုံးပေါ်လာသည်။

"သြော်"

သူ ဘယ်ပြေးလာပါ့မလဲ။ ခုခေတ်မိန်းမသားလောကမှာ ရှားပါးပစ္စည်းဖြစ်နေပြီလေ။ ထဘီက ခြေမျက်စိကို တကယ်ဖုံးသည်။ အင်္ကျီက ရင်စေ့လက်ပြတ်ကလေး။ မတိုပေမယ် ကပ်ကပ်ကျပ်ကျပ် ရှိလှသည်မို့ ကိုယ်လုံးအလှလေးများတောင် ပေါ်လွင်လို့။ ခုခေတ် ... ခေတ်မီဆယ်ကျော်သက်တွေ မြန်မာအင်္ကျီရင်စေ့တို့ ရင်ဖုံးတို့ လက်တို လက်ရှည်တွေ မဝတ်သလောက်ဖြစ်ကုန်ကြပြီ။

"မြန်မာအင်္ကျီတွေ့ချင်ရင် တီဗီဖွင့်ကြည့်၊ သတင်းကြေညာတဲ့ မိန်းကလေးတွေ ရင်စေ့လေးတွေ၊ ရင်ဖုံးလေးတွေဝတ်ထားတယ်၊ ပြီးရင် မင်္ဂလာဆောင်တစ်ခုခုသွား၊ အဲဒီမှာကျတော့ လေးဆယ်ကျော်မိန်းမတွေ ဝတ်တယ်ရင်စေ့။ မင်္ဂလာဆောင်လိုနေရာမျိုးမှာတောင် ခပ်ငယ်ငယ်တွေ မပြောနဲ့၊ ခပ်ရွယ်ရွယ်တွေတောင် ဗမာအင်္ကျီသိပ်ဝတ်ချင်တော့တာ မဟုတ်ဘူး"... ဟု မေမေ ခဏခဏ ပြောသည်။ မေမေကတော့ ခုထိ မြန်အင်္ကျီရင်စေ့လက်ရှည် ခပ်ကျပ်ကျပ်လေးတွေကို ကိုယ်တိဝတ်တုန်း။ စင်စစ် ... မေမေ့အသက်လည်း ဘယ်ငယ်တော့လို့လဲ။ ငါးဆယ်။



နည်းနည်းတောင် ကျော်ပြီထင်သည်။ မေမေ့အရွယ် အမျိုးသမီးတွေ၊ မေမေ့မိတ်ဆွေ သူငယ်ချင်းတွေတောင် မြန်မာအင်္ကျီအဝတ်နည်းကုန်ကြပြီ။

"လူကဝ၊ ဗိုက်ကပူနဲ့၊ မြန်မာအင်္ကျီနဲ့ ဘယ်လိုမှ မဖြစ်ဘူးကွ၊ ဘလောက်စ်ပွပွနဲ့ ဖုံးထားလိုက်တော့ ကိုယ်ပုံပျက်တာ လူမသိဘူး"... တဲ့။

မေမေ့မိတ်ဆွေတွေ ပြောရယ်ကြတာလည်း သတိရလိုက်သည်။ ဒီကလေးမက ရင်စေ့လက်ပြတ်လေး ဝတ်ထားတာ ရိုးလွန်းလို့ ပြန်ဆန်းပြီး ကြည့်များတောင် ကောင်းသေးတော့။

"ဝင်လေ ... ဖွင့်ထားပြီးပြီပဲ၊ ဘာငေးနေတာလဲ"

ဟိုက်။ လောကကြီးမှာ ကိုယ့်ကိုပောက်ဝံ့တဲ့လူ ရှိသားပါလား။ ဘယ်သူမှ မော်မဖူးဝံ့ဘူးထင်ထားတာ။ အဆူအမာန်ဝါကျဆိုတာ ကိုယ့်အတွက် ရှေးဟောင်းပစ္စည်းလိုမို့ အမြတ်တနိုးထသိမ်းရမလိုတောင် ဖြစ်နေသည်။ ဖြိုး ... ကားမှန်ကိုချ၍ ခေါင်းထွက်လိုက်သည်။ စတစ်ကာအမည်းတွေနှင့်မို့ အတွင်းကလူ ဘယ်သူမှန်းမသိဘူးဆိုလျှင်လည်း သိလိုက်စမ်းတော့။

"မဝင်ရင်လည်း ပြန်ပိတ်လိုက်တော့မယ် ... အဲ"

မှတ်ထား။ ဒေါသကုမ္ပာရီလေးရေ။ ကျုပ်မျက်နှာကို မင်းတွေ့သွားပြီ မဟုတ်လား။ ကျုပ်ဘယ်သူဘယ်ဝါမှန်း မင်းသိလိုက်ပြီ မဟုတ်လား။ ကျုပ်ကို ရန်လုပ်ချင်သေးလား၊ စွာချင်သေးလား၊ ငေါက်ချင်သေးလား။ ကဲ ... လေ။ မင်းကိုယ်ကလေး ယို့သွားရပြီမဟုတ်လား။ မင်းခြံတံခါးကိုကိုင်ပြီး ခြံဘေးကိုပိုး ကပ်သွားရပြီ မဟုတ်လား။ မင်းမျက်လွှာလေး စင်းကျပြီမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား။ ဟောက်ချင်ဦးလေ မာန်ချင်ဦးလေး။ စွာချင်ဦးလေ ကောင်မလေးရဲ့။

ဖြိုး ကားမှန်ကိုပြန်တင်သည်။ မှန်ထဲကနေ ကောင်မလေးကို တဝကြည့်ပစ်လိုက်သည်။ ချစ်စရာလေး။ အလှပဂေးဆိုတာထက် ချစ်ချင်ဖွယ်၊ ကြည့်ချင်ဖွယ်၊ ငေးစိုက်ချင်ဖွယ်လေး ဖြစ်နေသည်။ သူ့အသံစူးစူးလေးနှင့် ရန်တွေ့ကာမှတွေ့ရော။ သူ့လှုပ်ရှားဟန်ကလေးက ညင်သာသည်။ သဘောကျချင်ဖွယ်လေးပါပေ။ ကြည့်လို့ဝတော့မှ ကားကိုမောင်းဝင်ခဲ့သည်။ နှစ်ထပ်ခွဲတိုက်ကြီး၏ ပေါ်တီကိုအောက်မှာရပ်သည်။ ခုခေတ် ... နောက်ထပ်ဆောက်ကြသည့် တိုက်တွေမှာ မြေပုပ် နေရာပုပ်မှာ စိုးရိမ်သည့်အတွက် ပေါ်တီကိုအကြီးကြီး သိပ်ထုတ်လေ့မရှိတော့ပါ။ မြေကျယ်တွေကို ပိုင်းရောင်း၊ ပိုင်းရောင်းနှင့်ဆိုတော့ မြေကွက်ငယ်ငယ်မှာ အိမ်ဆောက်ရ၊ မြေပိုကလည်း ကျန်ချင်၊ သစ်ပင်ပန်းမန်လေးလည်း စိုက်ချင်သေး ... ဆိုတော့ ပေါ်တီကို အကြီးကြီးထုတ်လျက် မြေပုပ်မခံနိုင်ကြတော့ပါ။ ခုချိန်ထိ၊ ပုံစံကခေတ်မီလှပဆဲဖြစ်သော ပေါ်တီကိုကြီးကြီးနှင့်၊ ဤရောမနှစ်ထပ်ခွဲတိုက်ကြီးသည် ဆောက်ခဲ့တာ အနှစ်နှစ်ဆယ်လောက်ရှိပြီမှာ ခန့်မှန်းနိုင်ပေမယ့် ငေးကြည့်ရလောက်အောင် မက်မောချင်ဖွယ်ကြီး ဖြစ်ဆဲပါပေ။

"ဩော်"

မောင်းမင်းကြီးသားလေးနှစ်ယောက်။ ခြံအလုပ်သမားကလေးတွေပဲလား၊ သို့မဟုတ် တစ်ယောက်ကခြံ၊ တစ်ယောက်က ယာဉ်မောင်းလည်း ဖြစ်နိုင်သည်။ ကြည့်လိုက်ရုံနှင့်



လခစားအလုပ်သမားလေးတွေမှန်း သိသာသည့် ချာတိတ်နှစ်ယောက်က လက်ကလေးနှစ်ဖက် နောက်ပစ်ကာ ခါးခပ်ကိုင်းကိုင်း၊ ကိုယ်နေဟန်ခပ်ယို့ယို့၊ မျက်နှာပိုးခပ်သေသေလေးတွေရပ်လျက် ...

"ဂွဒ်မောနင်း မဒမ်"

သူတို့အလုပ်ရှင်ကတော်ကို နှုတ်ဆက်နေကြလို့ပါလား။ ဧည့်သည်ဝင်လာဖို့ ခြံတံခါးပြေးဖွင့်ဖို့ထက်၊ အလုပ်ရှင်ကတော် နိုင်ငံခြားသူကို မျက်နှာလုပ်ဖို့ အဓိကထားနေကြသော မောင်းမင်းကြီးသားလေးနှစ်ယောက်ကို ဖြိုး အထင်သေးလိုက်သည်။ သူတို့နှင့်စာတော့ မိန်းမသားဖြစ်သည့် ဟိုသူငယ်မလေးကို ပိုအထင်ကြီးဖို့ မကောင်းပေဘူးလား။ ယင်းသူငယ်မလေးသည် အလုပ်သမားထဲကပဲ ဖြစ်ချင်ဖြစ်နေနိုင်သည်။ ခုခေတ်မှာ ကောင်မလေးတွေက နည်းနည်းလောက် တတ်နိုင်လျှင် များများကြီးဝတ်ကြသည်။ "မနိုင်ဝန်ကိုထမ်းသည်"ဆိုသောစကားမှာ ခုခေတ်မိန်းကလေးတွေ အဝတ်အစားဝတ်တာနှင့် ကွက်တိကိုက်လို့တဲ့။ မေမေက ပြောသည်။

"ဘယ့်နှယ် ... ကိုယ့်မှာ တစ်ရာလောက်မုန့်ဖိုးရရင်၊ တစ်ထောင်တန်အင်္ကျီ ဝယ်ချင်တာ၊ ဝတ်လိုက်ကြတာလည်း ကိုယ်ကျိုးကိုနည်းလို့။ အင်္ကျီတစ်ထည် လေးထောင်၊ ငါးထောင်၊ ဝတ်နိုင်တဲ့လူကလည်းဝတ်၊ မဝတ်နိုင်တဲ့လူကလည်း ဝတ်နေကြတာတွေ့တာပဲ၊ ဘယ်နည်းနဲ့ ဝတ်ကြတယ်တော့ မသိဘူး၊ ရင်လေးစရာပဲ"... တဲ့။

အဲသည်လို "သိပ်ဝတ်"ခေတ်မှာ ဟိုသူငယ်မလေး သိပ်မဝတ်တာ တော်တော်ကြီး မရှိရှာလို့ ဖြစ်နိုင်သည်။ ဒီတော့

www.burmeseclassic.com

www.burmeseclassic.com



သင်းကလေးလည်း အလုပ်သမလေးပဲ ဖြစ်နိုင်၏။ ဧည့်သည်ကို ဟောက်တတ်သည့် အလုပ်သမလေးဆိုလျှင် အလုပ်ပြုတ်ကိန်းမြင်သည်။ ဒီလောက် ဗေဒင်တော့ ဖြိုးလည်း ဟောတတ်ပါပေ့။

“ဂွဒ်မောနင်း”

သွားစမ်းပါ ... ဟု ပြောလိုက်ချင်၏။

သူ့အလုပ်သမားနှစ်ယောက်၏ နံနက်ခင်းကြိုဆိုသံကို လက်ခံနားထောင်ပေးဖို့ အိမ်တံခါးဝမှာ ယာယီထွက်ပြုပေးပုံရသော နိုင်ငံခြားသူ အမျိုးသမီးက ကားတစ်စင်းလုံး ဆိုက်ရောက်လာတာကို ဂရုမစိုက်၊ အသိအမှတ်မပြု၊ သူနှင့်ချိန်းထားတာမှ မဟုတ်တာ။ သူ့ယောကျ်ားနှင့် ချိန်းထားလျှင်လည်း သူနှင့်မဆိုင်ဟု မှတ်ယူပုံနှင့် အိမ်ထဲသို့ ပြန်ဝင်သွားသည်။ ဒါကို ... မစပ်စုခြင်း၊ ကိုယ့်ကိစ္စမဟုတ်၍ ဝင်မပါခြင်းအနေနှင့် အလွန်တရာယဉ်ကျေးလှပါပြီ ... ဟု သူတို့မှတ်ယူလေသလား မပြောတတ်၊ ဖြိုးရင်ထဲတော့ နင့်ခနဲ အောင့်သွားရသည်။

ရိုင်းလိုက်လေ။

မြန်မာဆိုတာ ယဉ်ကျေးမျိုး။ ကိုယ့်အိမ်ရှေ့ရပ်လာသူဟာ အလှူခံဖြစ်စေဦး၊ မလှူနိုင်လျှင်တောင် “ကန်တော့ပါသေးရဲ့”... ဟု ဆိုကာ သိမ်မွေ့စွာတောင်းပန်သည်။ ဧည့်သည်ဆိုလျှင် သိသိ၊ မသိသိ အိမ်ပေါ်ဖိတ်။

“ထမင်းစားပြီးပလား”

“တစ်ခါတည်း ဝင်စားသွားပါနော်”

“မဟုတ်တာ ... ဘာမှအပန်းမကြီးဘူး၊ ရှိတဲ့ဟင်းနဲ့ပေါ့၊ စားပါ၊ လာပါ”



အဲသည်လို လောကဝတ်တရားကျေစွာ၊ စေတနာကို အတောင့်လိုက်ထုတ်တတ်သည့်လူမျိုး။ ခုကျတော့ အိမ်ထဲပြန်ဝင်သွားလို့ ရင်ထဲအောင့်ရသည့်ကြားထဲ မောင်မင်းကြီးသားနှစ်ယောက်က “ဂွဒ်မောနင်း”လာလုပ်နေချေသေးတော့ “ကျူရှင်”လေးတစ်ကွက်လောက် ပေးချင်၏။

“ဒီလောက် ဟွန်းတီးနေရတာ မင်းတို့က လာမဖွင့်ဘဲ မိန်းကလေး လာဖွင့်ပေးရတယ်လို့ကွာ”

ရင်ထဲအစာမကြေတော့ ပူညံပူညံ စလုပ်ပစ်လိုက်၏။

“ခြံတိုင်မှာ ဘဲလ်ရှိတဲ့နေရာကို ညွှန်ပြထားပါတယ်၊ ဘဲလ်နှိပ်ရင် လာဖွင့်ပါမယ်”

အလိုလေး။ ကိုယ်တော်လေးတစ်ယောက်က ဤဝါကျကို အင်္ဂလိပ်လိုပြောသည်။ သဒ္ဒါနည်းတော့ မမှန်ချေ။ ထော့ကျိုးကလေးပဲပေမယ့် တစ်ဖက်သား နားလည်နိုင်၏။ ဘယ်လိုလဲ၊ ဒီသူငယ် ဘာလူမျိုးမို့ မြန်မာစကား မပြောနိုင်လောက်အောင် ဖြစ်နေရတာလဲ။ ဖြိုး ... အကဲခတ်လိုက်သည်။ မြန်မာပါပဲ။ မြန်မာဆိုတာ အသားဖြူနေလျှင် ဂျပန်တို့ ကိုရီးယားတို့၊ ဗီယက်နမ်တို့နှင့် သိပ်မကွဲပြားလှဟု ဆိုပေမယ့် မြန်မာဟာမြန်မာပါပဲ။

မင်းတို့ အင်္ဂလိပ်စကား သိပ်ပြောချင်နေတယ်ဟုတ်လား၊ ကဲကွာ ...။

“မင်းတို့အလုပ်ရှင်လို့ ယူဆရတဲ့ မစ္စတာသောမတ်စ်နဲ့ ငါ အလုပ်ကိစ္စ ချိန်းထားပြီးသား၊ မင်းတို့လုပ်နေတာနဲ့ သူနဲ့တွေ့ဖို့ အချိန်ငါးမိနစ်တိတိ နောက်ကျသွားပြီ၊ မင်းတို့ ဆီးကြိုနှောင့်ယှက်တယ်ဆိုတာ ငါတိုင်မယ်၊ ဒါဟာ

www.burmeseclassic.com

www.burmeseclassic.com



လည်းပဲ အလုပ်ရှင်သူဌေးတစ်ယောက်ပဲ၊ စောနေသေးလို့၊ ဒရိုင်ဘာအလုပ်ဆင်းတဲ့အချိန် မဟုတ်သေးလို့ ကားကို ကိုယ်တိုင်မောင်းလာတာ၊ ငါလိုလူမျိုးက မင်းတို့ခြံတိုင်က ဘဲလ်ကို ဆင်းမနှိပ်ဘူး၊ မင်းတို့နှစ်ယောက်ထဲမှာ ခြံစောင့် မာလီပါရင် အဲဒီလူဟာ ဘဲလ်သံပဲကြားကြား၊ ကားဟွန်း သံပဲကြားကြား ခြံထိပ်ပြေးဆင်းလာရမှာပဲ၊ ကျန်တဲ့တစ် ယောက်ကလည်း ဘာအလုပ်သမားပဲဖြစ်ဖြစ်၊ ခြံဝမှာ ဆူဆူညံညံ အသံတစ်ခုကြားရင် ဒီခြံနဲ့ မင်းတို့အလုပ်ရှင် မိသားစုရဲ့ လုံခြုံရေးအတွက် သစ္စာရှိစွာ ကာကွယ်ပေးနိုင် ဖို့ ပြေးထွက်လာပြီး စူးစမ်းရမှာပဲ၊ မင်းတို့ဟာ တာဝန်ကို အင်မတန် ပေါ့လျော့တယ် လုပ်ငန်းသဘော လုံးဝနားမ လည်ဘူး၊ ပျင်းလည်း အလွန်ပျင်းတယ်၊ တကယ်လို့ မင်းတို့ကို ဒေါ်လာခုနစ်ဆယ်ကနေ တစ်ရာကြားမှာ ပေး ထားရတယ်ဆိုရင် မင်းတို့နဲ့ လုံးဝမတန်ဘူး၊ လစာကများ ပြီး မင်းတို့ထမ်းဆောင်တဲ့ တာဝန်က သိပ်နည်းနေတယ်၊ ငါ့ဆီမှာ ဒေါ်လာငါးဆယ်လောက်ပေးရင် မင်းတို့ထက် နှစ်ဆ သုံးဆ တာဝန်ကျေမယ့် အလုပ်သမားကောင်းတွေ ရှိနေတယ်၊ ငါခေါ်ပေးနိုင်တယ်၊ မင်းတို့လို ငိုက်မျဉ်းတတ် တဲ့ အလုပ်သမားမျိုးကို ခုချက်ချင်း ထုတ်ပစ်မယ်ဆိုရင်၊ ငါက ကြားထဲက လျော်ကြေးသုံးလစာ ဝင်စိုက်မယ်လို့ မင်းတို့သူဌေးကိုပြောမယ်”

အလွန်ရှည်လျားလှသော စကားဝါကျများကို အဆင့် အတန်းမြင့်မား၍ ခက်ခဲသော အသုံးအနှုန်းများ ပါဝင်သော



အင်္ဂလိပ်ဘာသာစကားဖြင့် မြန်မြန်သွက်သွက်ကြီး ပြောချပစ်လိုက် တော့သည်။ မောင်မင်းကလေးတို့ ဒီလောက် အင်္ဂလိပ်လိုပြော ချင်နေရင် ပြောကြစမ်း။ လူငယ်လေးနှစ်ယောက်က နားမလည် သည်မို့ ဘာပြောရမှန်း မသိပါ။

“မှတ်ထား။ ဒေါ်လာမက်ပြီး နိုင်ငံခြားသားအိမ်မှာ အလုပ် လုပ်ချင်လို့ အိုင်တစ်ခွန်း ယူတစ်ခွန်းသင်ပြီး နိုင်ငံခြားသား ကတော်ကို မိုးလင်းတာနဲ့ ဂွဒ်မောနင်းမဒမ် ပြောဖို့ တန်း စီရပ်နေတဲ့ကောင်တွေ၊ မင်းတို့ မြန်မာဖြစ်ပြီး မြန်မာစိတ်မရှိ တာ ဘယ်လောက်ရှက်စရာကောင်းလဲ၊ ကိုယ့်မြန်မာချင်း တွေ့နေတာပဲဟာ ...

“ဒီမှာလေကွာ ပုဆိုး၊ ဒီမှာလေကွာ ခြေညှပ်ဖိနပ်၊ ဒီရုပ်ဒီရည်လည်းကြည့်ဦး၊ မင်းတို့စိတ်ထဲမှာ ငါ့ကို အက်ဒင် ဘာရာမြို့စားကြီး မင်းတို့ရှေ့မှာ ကိုယ်ထင်လာပြတယ်ထင် လို့ အင်္ဂလိပ်လို ပြောနေတာလား”

“မဟုတ်ပါဘူး အစ်ကို၊ သူတို့က အဲဒီလိုပြောမှ ကြိုက်လို့ပါ”

သူငယ်လေးနှစ်ယောက် မျက်နှာပိုးကျိုးလေ၏။

“ဟ ... သူတို့ကမှ မြန်မာစကားမတတ်တာ သူတို့နဲ့ကျ တော့ အင်္ဂလိပ်လိုပြောပေါ့။ မင်းမြန်မာ ငါမြန်မာ၊ မြန်မာ မြန်မာချင်း တွေ့နေတဲ့ဟာကို”

“နောက်ပြီး အစ်ကို ... ခြံထိပ်တံခါးက နှစ်ဦးပိုင်တာ အစ်ကိုရဲ့”

“ဘယ်လို”

“ဒီမှာကြည့်လိုက်လေ အစ်ကို”

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်သား။ ပေါ်တီကိုအကြီးကြီးနှင့် နှစ်ထပ်ခွဲတိုက်ကြီးက မြေပိုသိပ်မကျန်ပါ။ ခြံစည်းရိုးက သစ်သားချောင်းများ ရာဇမတ်ကွက်ပုံဖော်ပြီး ရိုက်ထားသည့် သစ်ခွစင်မြင့်မြင့်ကြီးမို့ ခြံစည်းရိုးဟု မထင်ခဲ့ပါ။ သစ်ခွဲအိမ်ဟုပဲ ထင်ခဲ့လိုက်သည်။ သေချာကြည့်မှ ထိုသစ်ခွအိမ်သည်ပင် ဟိုဘက်တိုက်နှင့် သည်ဘက်တိုက်ကို ခြားနားပေးထားသော အပိုင်းအခြားတစ်ခု ဖြစ်မှန်း သိလိုက်ရသည်။

"လမ်းကြောက ဒီအိမ်ကိုသင့်နေတော့ အစ်ကို ကားကို ဒီအိမ်ရောက်အောင် မောင်းဝင်လာတာ၊ ဘယ်ဘက်ချိုးချလိုက်ရင် ဟိုအိမ်ရဲ့ ဝင်ပေါက်တံခါးတစ်ခု၊ ဟိုမှာလေ အစ်ကို"

"အေး"

"ကျွန်တော်တို့ တံခါးနောက်တစ်ထပ်က ဒီမှာ၊ ခပ်စောစောတည်းက ဖွင့်ထားလို့ အစ်ကို သတိမထားမိခဲ့တာ"

"အင်း"

"ခြံတံခါးပေါက်ကို နှစ်ခြံသုံးရတော့ ဘဲလ်တီးရင် ... အဲ ခေါင်းလောင်းခလုတ်နှိပ်ရင်"

ဖြိုး ပြုံးစနဲ့နဲ့ ဖြစ်သွားရသည်။ ဖြိုးမည့်ဖြိုတော့ ခေါင်းလောင်းကိုတောင် "ဘဲလ်"ဟု မပြောရဲရှာတော့ပေ။

"အဲဒါဆိုရင် ကျွန်တော်တို့ ပြေးဖွင့်တယ်၊ ဒါက အလုပ်တိုက်နဲ့လည်း တွဲထားတော့ အလုပ်ကိစ္စနဲ့လာတဲ့ သူတွေက ယာဉ်မောင်းပါတယ် အစ်ကိုရဲ့၊ ခေါင်းလောင်းနှိပ်တယ်"



"အင်း"

"ဟိုဘက်ခြံကို လာတဲ့သူတွေကျတော့ ကိုယ့်ကားကိုယ်မောင်းလာကြတဲ့သူတွေများတယ်၊ လူငယ်တွေများတယ်၊ သူတို့က ခေါင်းလောင်းဆင်းမနှိပ်ဘူး၊ တီခနဲ တီးလိုက်တာပဲ၊ အဲဒီခါကျ ဟိုဘက်အိမ်က တစ်ယောက်ယောက် ဆင်းဖွင့်တယ်၊ အဲဒါ ... ကားဟွန်း ... ကားဟွန်းကို မြန်မာ လို ဘယ်လိုပြောရမလဲ အစ်ကို"

"စက်တပ်ယာဉ်၏ အသံမြည်ကိရိယာ"

မုန်းမုန်းရှိလို့ ပြောထည့်လိုက်သည်။ စင်စစ်၊ ဘယ်တော့ တိကျပါ့မလဲ။ ပြောရင် လေယာဉ်ပျံလည်း စက်တပ်ယာဉ်ပဲ။ အဲဒါ ကားမှမဟုတ်တာ၊ ရှိစေတော့။

"အဲဒီ စက်တပ်ယာဉ်ရဲ့ အသံမြည်ကိရိယာ အသံထွက်ရင် ဟိုဘက်ခြံက ဆင်းဖွင့်၊ လျှပ်စစ်ခေါင်းလောင်းသံမြည်ရင် ဒီဘက်ခြံကဆင်းဖွင့်ဆိုတာ နားလည်မှုဖြစ်နေလို့ပါ အစ်ကို"

"ဒါဆိုလည်း ပြီးရော၊ မင်းတို့သူဌေးတော်မြတ်ဘုရားကို သတင်းပို့၊ ငါရောက်ပြီလို့၊ ဦးကြယ်တာရာဖြိုး ရောက်ပြီလို့ သွားပြော၊ ငါးမိနစ်နောက်ကျ ... ခုဆို ရှစ်မိနစ်လောက် နောက်ကျသွားပြီ၊ အဲဒီအတွက် မင်းတို့နဲ့စကားပြောနေလို့ ဆိုတာကို ရယ်စရာဖြစ်အောင်ဆွယ်ပြီး ငါပြောလိုက်မယ်"

"အလုပ်ထုတ်ပစ်ဖို့ မတိုင်ပါနဲ့ အစ်ကို"

"မတိုင်ဘူး၊ မင်းတို့လည်း ဒီလခမက်ကြမှာပေါ့"

"ဟုတ်ကဲ့ အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



ဖြိုး ... ဟိုဘက်ခြံကို လှမ်းကြည့်လိုက်သည်။ အဲဒီဘက်တိုက်က ဒီတိုက်လောက် မကြီးပါ။ တစ်ထပ်ခွဲပဲဖြစ်၏။ ဆင်ဝင်တွေ ဘာတွေလဲ သိပ်မကြီးကျယ်။ ပို၍ခေတ်မီသည်မို့ နောက်မှထပ်ဆောက်တာ ဖြစ်နိုင်သည်။ မြေကွက်ကျတော့ အဲဒီဘက်က ပိုကျယ်၏။ သစ်ခွရုံကြီးက ခြံစည်းရိုးသဖွယ် အပြည့်မို့ ပန်းတွေ တော်တော်များမည်။ တိုက်ကြီးကိုသာ မြင်ရလျက် ခြံထဲသို့မမြင်ရချေ။ ကိုယ့်ခြံဝမှာကိုယ် ဝင်းဂိတ်ကလေးတွေ ထပ်လုပ်ထားပေမယ့် နှစ်ခြံပေါင်းမှ ဝင်းတံခါးတစ်ခုတည်းမို့ ပိုင်ရှင်က တစ်ဦးတည်းဖြစ်နိုင်သည်။ ဒီဘက်နှစ်ထပ်ခွဲတိုက်ကြီးမှာ အောက်ဆုံးထပ်က ရုံခန်း၊ အပေါ်ထပ်က လူနေအိမ်၊ အပေါ်ဆုံးထပ် အိမ်တစ်ပိုင်းလေးက ခန်းမကျယ်၊ ပါတီတွေ ဘာတွေပေးနိုင်သည်ဟု ကြားဖူး၏။ နိုင်ငံခြားကုမ္ပဏီတစ်ခု ငှားရမ်း၍ ရုံးခန်းရော၊ သူ့မန်နေဂျင်းဒါရိုက်တာနေဖို့ရော တစ်နေရာတည်း အပြီးလုပ်ပေးထားတာမှန်းသိ၏။ ဒါဆို ဟိုဘက်ခြံက ပိုင်ရှင်လား။

ဟိုသူငယ်မလေးက ဘာလဲ။ ရိုးရိုးသားသား ဝတ်စားဆင်ယင်တတ်သည့် ခြံပိုင်ရှင်မလေးလား၊ အလုပ်သမားမလေးလား။ ယခုမှတွေ့ဖူးသော မျက်နှာစိမ်းကို ဆူရဲဟောက်ရဲဆိုသော သတ္တိလည်း ရှိနေ၏။ သူ့အဝတ်အစားလေးကလည်း သိပ်မကောင်းလှ၊ ညံ့လှသည့်တော့လည်း မဟုတ်၊ မျက်နှာကသွယ်သွယ်၊ ကြက်ဥပုံကလေး၊ အသားကဆွတ်ဆွတ်ဖြူ၊ မျက်ခုံးမျက်လုံးလေးလည်းကောင်းသည်။ လျှပ်တစ်ပြက်အမြင်မို့ ဆေးမင်ရည်ကူထားသလား၊ ပင်ကိုလားမသိ။ ကြည့်ပျော်၏။ ဆွတ်ဆွတ်ဖြူအသား



ပေါ်မှာ သနပ်ခါးဝါစင်းကြောင်းလေးတွေရှိသည်။ နှုတ်ခမ်းနီတော့ မမြင်လိုက်မိဘူးထင်သည်။ သူ့မျက်နှာပေါ်ရှိပစ္စည်းတွေ၊ မျက်ခုံး၊ မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းအားလုံး အပြစ်ဆိုစရာမရှိ။ ရှာမှရှားအကောင်းစားကြီးတွေလည်းမဟုတ်၊ ဖွံ့စည်းတည်ရှိပုံကျတော့ သိပ်အချိုးမကျဘူးထင်သည်။

အချိုးတကျသာရှိလျှင် ထိုသူငယ်မကို ဆွတ်ဆွတ်ဖြူကြည်စင်သော အသားအရေ၏ပံ့ပိုးမှုကြောင့် ထိုင်ငေးကြည့်နေဖို့ ကောင်းလှပြီ။ ခုတော့ ... လှသည်။ ကြည့်ချင်ဖွယ်၊ ငေးချင်ဖွယ်လေးဖြစ်သည်။ သို့ပေမဲ့ ဒီရုပ်ဒီရည်အပေါ် ထမင်းမမေ့နိုင်ဘူးထင်သည်။ ထမင်းမေ့ ဟင်းမေ့ ထိုင်ကြည့်နေချင်လောက်သည့် အလှဖုရားမလေးတော့ မဟုတ်တန်ရာ။ သို့ပေမဲ့ ... ရင်ခေ့လက်တိုလေးတစ်ခုတည်းနှင့်ပင် မြတ်နိုးဖွယ် ရှားပါးပစ္စည်းလေးဖြစ်နေရပြီ။ ပြီးတော့ ... သတိထားမိတာ တစ်ခုရှိ၏။ ဆံပင်။ ဟုတ်ပါရဲ့၊ ကျစ်ဆံမြီးကြီးတစ်ချောင်းတည်း ကျစ်ချထားလိုက်တာ တုတ်တုတ်ခိုင်ခိုင်နှင့် ခါးအလယ်မှာ။

ဆံပင်၏ ကောင်းခြင်းနှင့်လည်း ပြည့်စုံနေပြန်ပြီပေါ့။

"အိမ်ပေါ်ကြွပါ အစ်ကို"

ချာတိတ်တစ်ယောက် လာခေါ်၏။

"ဟော့ ... ဟိုဘက်ခြံက ကောင်မလေးနာမည် မင်းတို့သိလား၊ ငါ့ကို တံခါးလာဖွင့်ပေးရင်း နှစ်ခါတောင်ဟောက်တယ်"

"သွားတိုင်ဦးမလို့လား အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မတိုင်ပါဘူး၊ မင်းတို့သာ နိုင်ငံခြားသားကို မျက်နှာလုပ်လွန်းလို့ ချဉ်သွားလို့၊ အဲဒီကောင်မလေးက အဲဒီအိမ်မှာ ဘာလဲ"

"နှစ်ယောက်ရှိတယ် အစ်ကို၊ တစ်ယောက်က ဖြူဖြူဖွေးဖွေး၊ နောက်တစ်ယောက်က နည်းနည်းညိုတယ်"

"ဝါတာပါကွာ၊ တစ်ခါ တစ်ခါ ပန်းရောင်"

တစ်ယောက်က ဝင်ထောက်သည်။

"ညိုတာပါကွ"

"ဝါတာပါဆို"

"အေး ... အေး၊ ညိုဝါဝါ ပန်းခရမ်းလေးပဲထားပါ၊ ပြောပါဦး အဲဒီနှစ်ယောက်နာမည်"

"ဖြူဖြူလေးက မာလာတဲ့"

"ဩော်"

"ညိုဝါဝါ ပန်းခရမ်းလေးက ရွှေဖြိုးတဲ့"

"ဟ ... မိန်းကလေးနာမည်က ရွှေဖြိုးတဲ့လား"

"သူ့အမေခေါ်သံ ကြားတာပဲ၊ မာလာက တူမ၊ ရွှေဖြိုးက သမီး၊ မာလာက အေးဆေးတယ်၊ ရွှေဖြိုးကတော့ မနိုင်စိန်ပဲ"

"ဩော် ... ဟေး ... ဟေး ... ဟုတ်ပြီလေ"

"အစ်ကို ... ဆယ်မိနစ်ထိ နောက်ကျသွားတဲ့ အထဲမှာ ကျွန်တော်တို့ မပါဘူးနော်"

"အေးပါကွာ"



ဖြိုးက ရယ်ပြလိုက်သည်။ ခင်စရာကောင်းသည့်ကောင်လေးတွေ။ ရှိလှ ဆယ့်ကိုးနှစ်ဆယ်။ ကျောင်းနေရမည့်အရွယ်လေးတွေ နိုင်ငံခြားသားအိမ်မှာ ဒေါ်လာမက်ပြီး အလုပ်လာလုပ်ရင်း ဝွဒ်မောနင်းမဒမ် လုပ်နေရတာ ရင်နာဖို့ကောင်းလှသည်။ သို့ပေမဲ့ ... သူတို့လခ၊ တစ်လကို ငါးဆယ်ပဲထားဦး၊ မြန်မာငွေနှင့်ဆိုလျှင် ခုလို ဒေါ်လာဈေးတက်ပုံနှင့်ဆိုတော့ ရှစ်ထောင်ပတ်ဝန်းကျင် ဖြစ်နေနိုင်၏။ ဘယ်မြန်မာအိမ်မှာ ခြံစောင့်မာလီလုပ်လို့ လခရှစ်ထောင်ရမလဲ။ နိုင်ငံခြားသားတွေကျတော့ပေးနိုင်၏။ သူတို့ဆီမှာ ခြံစောင့်မာလီ အယောက်ကိုတစ်ရာကျော်တစ်ရာ့လေးငါးဆယ်၊ တချို့ဆို နှစ်စရာထိလောက် ပေးရတော့ မြန်မာပြည်မှာ ငါးဆယ်ပေးရလျှင် ထက်ဝက်ကျော်ကျော် သက်သာနေသည်။ သူတို့က ဒေါ်လာပိုင်နိုင်ငံခြားသားမို့ ပေးနိုင်၏။ မြန်မာတွေကကျတော့ ဒေါ်လာကို မြန်မာငွေပြောင်းလျှင် အများကြီးရသည်မို့ မက်မော၏။ ဤနည်းနှင့် ဝွဒ်မောနင်းမဒမ်တွေ ဖြစ်ကုန်ရတာ၊ စင်စစ် ... ရင်နာဖွယ်တစ်မျိုး ဖြစ်တော့သည်။

✦ ❦ ✦

ဟွန်းကိုပဲ "တီ"ခနဲ နှိပ်ဖြစ်လိုက်ပြန်၏။ ဘဲလ်ကိုတကူးတက ဆင်းကိုမနှိပ်ချင်တာပါ။ တကယ်ဆို ကိုယ်က နိုင်ငံခြားသားကုမ္ပဏီကို ကိုယ့်ကိစ္စနှင့်ကိုယ် လာတာ၊ ဟွန်းနှင့်ဘဲလ်အကြောင်းလည်း သိထားပြီးပြီဆိုလျှင် ဘဲလ်ကိုဆင်းနှိပ်ဖို့ရှိသည်။ ဟွန်းတီးလိုက်ခြင်းဖြင့် ဟိုသူငယ်မလေး မဆီမဆိုင် လာဖွင့်ပေး

www.burmeseclassic.com

www.burmeseclassic.com



ရမှာ အားနာစရာ ကောင်းလှသည်။ မသိသေးလျှင်တော့ရှိစေ။ ခုဟာက အကြောင်းသိပြီးပြီမို့ သူငယ်မလေးကို ဒုက္ခမပေးသင့်ဘူးဆိုတာ နားလည်၏။

သို့ပေမဲ့ ...

ခက်တာက ကားပေါ်ကဆင်းလိုက်၊ ပြန်တက်လိုက် လုပ်ရမှာ ပျင်းလွန်းခြင်းပင်ဖြစ်၏။ ကိုယ်လိုရာခရီးသို့ ဒုတ်ဒုတ်ထိရောက်ပြီးလျှင်တော့ တစ်မျိုးပေါ့။ ကားပေါ်မှဆင်းမည်၊ အဲသည်နေရာမှာ အေးအေးဆေးဆေး ပြောဆိုဆွေးနွေးနေထိုင်ပြီးမှ ကားပေါ်တက်၊ အိမ်ပြန်။ ခုလို ကားပေါ်ကဆင်း၊ ဘဲလ်နှိပ်၊ ကားပေါ်ပြန်တက် ... အဲသည်လို လုပ်ရမှာကို ဘာမဟုတ်တာလေးပေမယ့် အလွန်အမင်း စိတ်မပါခြင်း ဖြစ်မိသည်။ ပျင်းသည်ဟု ဆိုနိုင်၏။ ကိုယ့်ဆင်ခြေ ကိုယ်ပေးရင်း ဖြိုး ... တစ်ချက်ပြုံးဖြစ်သည်။ တကယ်ပျင်းတာမှရော ဟုတ်ရဲ့လား။ မြန်မာအင်္ကျီလက်တိုကျပ်ကျပ်၊ ထဘီရှည်ရှည်လေးနှင့် အသားဖွေးဖွေး ကောင်မလေးကို တွေ့ချင်နေတာရော မဖြစ်နိုင်ဘူးလား။

အသားရောင်က ညိုဝါဝါမဟုတ်သည်မို့ ခြံရှင်၏ တူမပေါ့။ အဝတ်အစားလေးတွေက နွမ်းလှသည်မဟုတ်ပေမယ့် ၊သစ်လွင် မတောက်ပလှတာကို သတိပြုမိ၏။ ဒါဆို ... သူ့နာမည်လေး"မာလာ"ဖြစ်မည်။ နာမည်ကလေးက ရိုးရှာသား။ ဟွန်းကို သံရှည်ဆွဲ၍ "တီ ..."ပစ်လိုက်လေ၏။

"လာပြီ ... လာပြီ။ ဘယ်လိုဖြစ်နေတာလဲ တကတဲ၊ အိမ်မှာ ဘယ်သူအသည်းအသန် ဖြစ်နေလို့ ဒီလောက် အရေးကြီးနေတာလဲ၊ ဒါဆို အိမ်မှားလာပြီ၊ ဒီအိမ်မှာ ဆရာဝန်မရှိဘူး"



အသံက စီစီစာစာနှင့် ညံထွက်လာ၏။ စူးစူးချိုချို ကလေးမို့ ကလေးသံသာသာလေး ဖြစ်နေသည်။ အသံအရင်ရောက်ပြီး လူက နောက်မှပါလာ၏။

ဗုဒ္ဓေါ ...။

ဖြိုး ဘုရားတ,လိုက်မိသည်။ ခြံက ရှေ့ပိုင်းမှာနိမ့်ပြီး နောက်ဘက်ရောက်လေ မြင့်လေ၊ ကုန်းမြေမို့ အဝင်လမ်းသည် ဆင်ခြေလျှော ခပ်ကွေ့ကွေ့ဖြစ်၏။ ကားတွေ တော်တော်လေး သတိထားဝင်ရသောလမ်းဖြစ်သည်။ အဝင်ခက်ပေမယ့် အမြင်ကျတော့လှသည်။ အဲသည် ဆင်ခြေလျှော ခပ်ကွေ့ကွေ့လမ်းမှာ ဘယ်လောက်မြင့်မှန်းမသိသော ဒေါက်ဖိနပ်ကြီးနှင့်ဆိုတော့ ဆင်ခြေလျှောကုန်း၏ အမြင့်ရယ် သူ့ဒေါက်ဖိနပ်အမြင့်ရယ်ပေါင်းကာ ဖနောင့်ဘက်မှ မြင့်ချင်တိုင်း မြင့်တက်နေတော့သည်။

လူက ရှေ့သို့ကိုင်းနေ၏။ လူက ရှေ့သို့ကိုင်းပြီး ဟိုင်ထိုးယိုင်ထိုးနှင့် ခြေမခိုင်သလိုမို့ ခြေထောက်ဆီ အကြည့်ရောက်ပြီး သူ့ဒုက္ခကို သိလိုက်ရတာဖြစ်၏။ ခါးပေါ်မှာ ဂါဝန်ခေါ်လား စကတ်ခေါ်လားမသိ၊ ပွပွကားကား၊ ဒူးဖုံးရုံရှည်၏။ အပေါ်ပိုင်းမှာ အင်္ကျီက ဘယ်နှထပ်မှန်းမသိ၊ ကိုယ်နှင့်ကပ်လျက် အင်္ကျီရှိတာတွေ့ရသည်။ အပေါ်ပိုင်းမှာတစ်ထပ်၊ ကိုယ်နှင့်မကပ်၊ ကြယ်သီးမရှိ၊ ဖားလျား ဖားလျားကတစ်ထပ်၊ အဲဒါတွေအားလုံး ဇာတွေလား ကြိုးမျှင်တွေလားမသိ၊ တွဲလောင်းတွဲလောင်း ရှုပ်ရှုပ်ထွေးထွေး မျက်စိနောက်စရာတွေကလည်း ပါသေးသည်။ လက်တစ်ဖက်မှာ ဆီးထုပ်ထင်၏။ ပါးစပ်က စားလည်းစား၊ ဝါးလည်းဝါး၊ ပြောလည်းပြောမို့ ဗလုံးဗထွေး၊ နောက်လက်တစ်ဖက်မှာကျတော့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးခွေတစ်ခု။ သစ်သားလက်ကိုင်နှစ်ခု တပ်ထားသည့် ခုန်ကြိုး။ ကြိုးခုန်ရင်း ဆီးထုပ်စားရင်း ဖရိုဖရဲ ပြေးထွက်လာရပုံ။

"ခြံတံခါးက သော့ခတ်ထားတာ မဟုတ်ဘူး၊ စေ့ရုံစေ့ပြီး ချက်ကလေးထိုးထားတာ၊ ကားပေါက်ဆင်း ချက်ဖြုတ်၊ တံခါးဖွင့်ပြီး ဝင်ခဲ့ပေါ့၊ ပြန်ပိတ်ဖို့ မလိုပါဘူး၊ မသကာ အပြန်ကျမှ ဝင်းတံခါးအပြင်ရောက်မှ ကားရပ်ပြီး ပြန်ပိတ်ချင် ပိတ်ထားခဲ့၊ စေတနာရှိရင် ပြောတာပါ"

ကြိုးခွေတွေ၊ ဆီးထုပ်တွေအပြင် အထပ်ထပ်ဝတ်ထားသောအင်္ကျီမှ ကျနေသော ဇာတွေ ပိုးချည်မျှင်တွေ အသွယ်သွယ်ကလည်း ရှုပ်ထွေးပွေလီကာ၊ သူ့တစ်ကိုယ်လုံး ဘာတွေမနိုင်မနင်း ဖြစ်နေမှန်းမသိ ဖိုသီဖတ်သီနိုင်လှကာ ပါးစပ်မှလည်း ဗျစ်တောက် ဗျစ်တောက်၊ မျက်နှာထားက စူပုပ်ပုပ်၊ အသားရောင်က ဟိုချာတိတ်နှစ်ယောက် ပြောသလို ညိုတာလား၊ ဝါတာလား တော်တော်ငြင်းယူရမည်။ အဆီပြန် ချွေးတစ္ဆစ္ဆနှင့် အမြင်မတော်လိုက်တာများနယ်။ ဆီးထုပ်စား လက်ကိုပါးစပ်နှင့်စုတ်ပြီးမှ ခြံတံခါးကိုဖွင့်သည်။ ဖြိုးက ကားမှန်ကို ချလိုက်၏။

"အလိုရှင် ... ကုမ္ပဏီကိုလာတဲ့လူကြီးပဲ၊ ဟွန်းတီးရသလား၊ ဘဲလ်နှိပ်ပါလား၊ ဟို ... ရှူးစော်နဲ့ အီးစော် အလကား ညီနောင်ကလည်း စည်းကမ်းကို ဟောပြောသင်ကြားမထားဘူးလား"

ဖြိုးက ဆက်ဝင်မလာဘဲ ကားကိုရပ်လိုက်သည်။ ခြံတံခါးက ပြန်ပိတ်လို့မရသည့် အနေအထားမှာ ရှိနေ၏။ ဖြိုး သူမကို စေ့စေ့ကြည့်ဖြစ်လိုက်၏။ ကိုယ်နှင့် နာမည်ချင်းလာတူ



နေသော ရွှေဖြိုးဆိုသည့် ကောင်မလေးဖြစ်မည်။ နိုင်ငံခြားသား ကုမ္ပဏီမှာ အလုပ်လုပ်သော ခြံလုပ်သားလေးနှစ်ယောက်၏ နာမည်တွေမှာ ရွှေဇော်နှင့် ထူးဇော် ဖြစ်၏။

"ကျွန်တော်တို့နှစ်ယောက်က ဘာမှမဆိုင်ဘဲ နာမည်ချင်းက မတိမ်းမယိမ်း ခပ်ဆင်ဆင် ဖြစ်နေတယ်"တဲ့။

"ရွှေဇော်က အရင်အလုပ်ဝင်တာ၊ အဲဒါ ရွှေဇော် နာမည်ကို သေးစော်လို့ခေါ်တယ် အစ်ကိုရယ်၊ နောက်တော့ ရိုင်းမှာစိုးလို့ ရှူးစော်လို့ ပြောင်းခေါ်တယ်တဲ့။ ရွှေဇော်က ရှူးစော်ဖြစ်တော့ ကျွန်တော်က အလိုလို အီးစော် ဖြစ်ရတော့တာပဲ၊ သိပ်ဆိုးတဲ့ ကောင်မလေး"... တဲ့။

"သူ လှမ်းခေါ်ရင် မထူးလို့လည်းမရဘူး၊ ဟိုဘက်ခြံကနေ သံကုန်ဟစ်နေတာ၊ ကျွန်တော်တို့ အိမ်ရှင်မက စကားအကျယ်ကြီးပြောတာ မကြိုက်ဘူး၊ သူလည်း တိုးတိုးပဲပြောတယ်၊ ဟိုဘက်က ကျူးအော်ခေါ်ရင် တစ်ခါခေါ်တာနဲ့ ပြေးသွားပြီး လိုအပ်တာ ကူညီရမယ်တဲ့၊ နှစ်ခွန်းမခေါ်ရစေနဲ့တဲ့၊ ပြောထားတော့ သူခေါ်ရင် ပြေးသွားရတာပဲ"တဲ့။

"ကျွန်တော်တို့နာမည်တွေကို မဟုတ်ကဟုတ်က ခေါ်လို့ မထူးချင်ဘူး ပြောသေးတယ်၊ သူက အိမ်ရှင်မကိုပြောထားတယ်၊ ရှူးနဲ့အီးဟာ လူကြီးတွေက လူငယ်တွေကို ချစ်စနိုးခေါ်တာတဲ့၊ ဘယ်လောက်များ ဖွဲ့နွဲ့ပြောလိုက်သလဲ မသိဘူး၊ ကျွန်တော်တို့ ဘော့စ်ကတောင် သူ့သားနဲ့ သမီးကို တစ်ခါတစ်ခါ ... ရှူး ... အီးနဲ့ ပါးလိမ်ဆွဲပြီး ခေါ်နေတော့တယ်"... တဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ဖွေယူလို့မရအောင်လည်း လုပ်ထားတတ်၊ လူတွေကိုနှိမ့်ပြီးတော့လည်း ခေါ်တယ်၊ အဲဒီကောင်မလေး အဲဒီလောက်သာ မလှရင် ကျွန်တော် ချောင်းရိုက်တယ်၊ ခုတော့ ... သနားလို့"... တဲ့။

ဌေးဇော်နှင့် ထူးဇော်တို့ ပြောစကားတွေကို ကြားယောင်ရင်း ဖိုသီဖတ်သီ ဖရိုဖရဲမလေးကို စေ့စေ့ကြည့်လိုက်သည်။

"ဘာကြည့်တာလဲ ခင်ချင်လို့လား၊ တို့က အစိတ်ကျော်ရင် ဘူတားစာရင်းသွင်းတယ်၊ လုံးဝခင်မင်မှု မရှိဘူး"

"မင်း ... တော်တော်မိန်းကလေး မပီသတာပဲ"

"ဟဲဗီးတော်ကီလား ... ခေါက်"

"ဘာစကားတွေလဲ"

"နားမလည်ချင်းကိုက အိုမင်းရင့်ရော်မှုကို ပြသနေတာ၊ ဟဲဗီးဆိုတာ အပြင်းစား၊ တော်ကီက စကား၊ ဆုံးမသြဝါဒတွေကို ဟဲဗီးတော်ကီလို့ ခေါ်တာမှ မသိတော့လောက်အောင် ရင့်ရော်နေပြီဆိုတော့၊ ခုလောက်ဆို လူကြီးမင်းနှစ်သက်ရာကို ကြိုတင်ရွေးချယ်ထားသင့်ပြီ"

"ဘာကိုရွေးချယ်ရမှာလဲ၊ မိန်းမလား၊ ကျုပ်မှာ မိန်းမ မရှိသေးဘူးလို့ မင်းကို ဘယ်သူပြောလဲ၊ လူပျိုထင်နေလို့လား"

"ကျွတ် ... သနားရတဲ့အထဲမှာ အဲဒါတွေလည်းပါတယ်၊ ဆိုလိုရင်းနဲ့ မိုင်ပေါင်းတစ်ကုဋေ၊ ရွှေဖြိုးပြောတာက ထိန်ပင်နဲ့ရေဝေး၊ ကြိုက်တာရွေး ... ဖို့"

"သာကေတမှာလည်း ရှိသေးတယ်၊ မင်းတွက်"



"သေခရီးဝေးသေး၏။ စုံစမ်းမထားပါဘူး၊ ကဲပါ ... လူကြီးမင်းက ကုမ္ပဏီကို လာတာမဟုတ်လား၊ နောက်တစ်ခါဆိုရင် ဘဲလ်နှိပ်ပါ၊ ကိုယ့်ခြည်သည်မဟုတ်ဘဲ ခြံတံခါး ပြေးဆင်းဖွင့်ရတာ အများကြီးနစ်နာတယ်၊ နောက်တစ်ခါဆိုရင် နစ်နာကြေးတောင်းရလိမ့်မယ်၊ လူတကာအချိန်ဆင်းရဲနေတဲ့ ကာလမှာ ဘယ်လုပ်အားမှ အလကားမရဘူး"

ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်သည်။ ခြေထောက်မရွေ့သေးဘဲ ကိုယ်လုံးကြီးကို အရင်လိမ်လိုက်တာမို့ ခြေခွေ၍ လဲလေ၏။

"ဟား ... ဟား"

ဖြိုး အော်ရယ်ပေးလိုက်သည်။ တော်တော် မျက်စိနောက်စရာကောင်းတဲ့ ကောင်မလေး၊ ရှက်စမ်းကွာ။ ဟား ... ဟား။

"ဘာရယ်တာလဲ၊ လာထူဖို့တော့ စိတ်ကူးမရှိဘူး၊ လူကြီးလူကောင်းလည်း မပီသဘူး၊ ခြေမျက်စိနာသွားတယ်"

"ကောင်းသားပဲ"

"ခင်ဗျား တော်တော်ဆိုးပါလား၊ ဒီအတွက် တစ်နေ့နေ့မှာ ခင်ဗျား ပေးဆပ်ရတော့မယ်လို့ ရွှေဖြိုး ကျိန်လိုက်တယ်"

"မင်းကျိန်တော့ ငါက ကြောက်ရမှာလား"

ရွှေဖြိုး မျက်နှာလေး ရှုံ့မဲ့နေသည်။ ထိုင်ရာမှမထသေး။ နောက်ထပ်စကားတွေ မလာတော့ဘဲ သူ့ခြေမျက်စိနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခြေကျင်းဝတ်တစ်လျှောက်လေး နိပ်နယ်နေ၏။ ချော့လဲပြီး ကျွတ်ထွက်သွားတော့မှ သူ့ဖိနပ်ကို သေသေချာချာ တွေ့ရသည်။ ခွာသေးသေးတော့ မဟုတ်ပါ။ ဖလ်ဒေါက်ကလေးမို့ ခွာထူပါသည်။ သို့ပေမဲ့ မြင့်၏။ ခြေခုံနေရာမှာ ရွှေပိုက်ကွန်လေး အပြည့်အုပ်ထားသည်။ ဈေးကြီးမှာ။ ကြီးဆို သုံးထောင်ပတ်ဝန်းကျင်လောက်ရှိမည်။ အဲသည်လောက်တန်ဖိနပ်ကို အိမ်မှာနေရင်း ခြံထဲမှာပြေးလွှားရင်း ကြိုးခုန်ရင်း စီးသည်တဲ့လား။

ဖေတိကသမီး ထင်ပါရဲ့။

"ရှူးဇော်"

တွေးကောင်းတုန်း အော်သံကြီး ထွက်လာသည်။

"အီးဇော်"

မျက်စိမှိတ်၍ အသံကုန်ဟစ်လေ၏။

"ရှူးဇော် ... အီးဇော်၊ ရှူးဇော် ... အီးဇော်၊ ရှူးဇော် ... အီးဇော်"

ဘယ်နှခေါက်မှန်းမသိ၊ မျက်စိစုံမှိတ်လျက် ခေါင်းကို တွင်တွင်ယမ်းတော့ နားရွက်သာသာ သူ့ဆံပင်လေးတွေက သူ့ပါးနှစ်ဖက်ကို အပြန်ပြန် ရိုက်နိပ်လျက်၊ အသံစူးစူးချိုချိုလေးက ပြင်းရှစွာ ထွက်ပေါ်လျက်။ ခုလောက်ဆို အိမ်ရှင် ကိုရိုးယားအမျိုးသမီး အသည်းထဲကယားပြီး ကျလိ ကျလိ ဖြစ်နေလောက်ပါပြီ။

"လာပြီ ... လာပြီ"

သံပြိုင်ထူးသံနှင့်အတူ တဘုတ်ဘုတ်ပြေးလာကြရသည်။ ရှူးဇော်နှင့် အီးဇော် ... အဲ ... မှားလို့၊ ဌေးဇော်နှင့်



ထူးဇော်တို့ ဝင့်ကလည်း မသေးပါလား။ နိုင်ငံခြားသားအိမ်မှာ ဒေါ်လာမက်ပြီး ခြံအလုပ်သမားလုပ်ရတာ ခြံပိုင်ရှင်သူဌေးမကြီး ဒုက္ခပါ ရောခံနေရတော့ သူတို့လခတောင် တိုးဖို့ကောင်းနေပြီလေ။

"ကျုပ်ကိုတွဲ့ မထနိုင်တော့ဘူး၊ ဖိနပ်မကိုင်နဲ့ အားနာတယ်၊ ကျုပ်ဘာသာကိုင်မယ်၊ ကြိုးခွေကိုင်၊ ချိုင်းတစ်ဖက်စီကတွဲထူလေ၊ အိမ်ထိပို့ပေး၊ ဟိုကားပေါ်က လူကြီးမင်းကိုလည်း မျက်စောင်းထိုးခဲ့ကြဦး၊ ဖနောင့်လည်း ပြခဲ့ကြသိလား။ ကျုပ်တော့ ကျိန်ဆဲလိုက်ပြီ။ မိန်းမဆိုးဆိုး ရပါစေတော်"

ဌေးဇော်နှင့် ထူးဇော်က ပြုံးစိစိ။ မျက်စောင်းတကယ်လှည့်ထိုးကြသည်မို့ ဖြိုး အံ့လည်းသြ၊ ရယ်လည်းရယ်ချင်၊ ဒီနှစ်ကောင် ... ဒီမယ်မင်းကြီးမလေး သည်းညည်းကို ဘာကြောင့်ခံကြမှန်း တွေးမရ။ ယောကျာ်းလေးနှစ်ယောက်၏ ပခုံးတွေပေါ် လက်တင်ကာ ခြေကွေးလျက် ခိုစီးလိုက်ပါသွားသော မနိုင်စိန်မလေးကိုလည်း အမြင်ကတ်။ နောက်တစ်ခါ ဒီကုမ္ပဏီကို ကိစ္စနှင့်လာလျှင် ခြံတံခါး ဘဲလ်ဆင်းနိပ်ဖို့ ခိုင်မာစွာ ဆုံးဖြတ်ချက်ချသည်။

တောက် ... ကလေးမဟုတ်၊ လူကြီးမဟုတ်၊ သူငယ်ဆိုလျှင်လည်း နပ်စားနေပေါ့၊ ဆီးထုပ်စားရမှန်းသိကတည်းက သူငယ် မကတော့သည့်သူကြီး။ အမြင်ကတ်လိုက်ပါဘိ။

✦ ❦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

ဒီတစ်ခါ ဒီခြံကိုလာရတာကျတော့ တံခါးဖွင့်ဖို့အတွက် ပြဿနာမရှိတော့ပါ။ ခြံတံခါးက ဟင်းလင်းကြီးပွင့်နေသည်။ ဤခြံမှာနေသော ကိုရီးယားလူမျိုး၏သမီးလေး မွေးနေ့ပွဲကျင်းပသည့် ပါတီအခမ်းအနားလေး။ ဖြိုးတို့က ဒီကုမ္ပဏီ၊ ဒီမန်နေဂျင်းဒါရိုက်တာနှင့် စီးပွားရေးလုပ်ငန်းချင်းဆက်စပ်နေရသည်မို့၊ ဒီပါတီပွဲကို မပျက်မကွက် ဆင်နွှဲရသည်။ တန်ဖိုးကြီးမွေးနေ့လက်ဆောင်တစ်ခု ပေးရမည်။ မေမေက ကျောက်စိမ်းရင်ထိုးလေးတစ်ခုကို ကတ္တီပါဘူးလှလှလေးနှင့် ပြင်ဆင်ထုပ်ပိုးပေးလိုက်၏။

"ဒီဟာ မြန်မာ့ကျောက်စိမ်းလို့၊ ပြောဖြစ်အောင်ပြောနော်၊ ဘူးကိုဖွင့်ပြ၊ ပြန်ပိတ်ပြီးမှ ကလေးမလေးလက်ထဲထည့်၊ အနားမှာ သူ့အမေရှိနေရင် ယူသိမ်းလိုက်လိမ့်မယ်"

"မရှိရင်ရော"

"ရှိတဲ့အချိန်ထိစောင့်" ... တဲ့။

ဖေဖေက စီးပွားရေးလုပ်ငန်းတွေကို ဘယ်လိုပဲဦးဆောင်သည်ပြောပြော၊ အသေးစိတ် လူမှုဆက်ဆံရေးကျတော့



မေမေ့အမိန့်သည်သာ အတည်ဖြစ်၏။ မေမေ့စကားကို နားထောင်ရသည်။ မေမေက အောက်သက်ကျေ၍ အကွက်စေ့ထောင့်စေ့ မြင်တတ်ပြုတတ် ရှိလွန်းလှသည်လေ။

မြက်ခင်းစိမ်းစိမ်းမှာ စားပွဲဝိုင်းပုပုတွေ ခုံနိမ့်တွေ ချပြီး သက်သောင့်သက်သာ ထိုင်နိုင် စားနိုင်အောင် စီစဉ်ထားပုံက တစ်မျိုးတော့ ဆန်းသစ်၏။ အစားအသောက်တွေကို ကိုယ်တိုင်ယူစားစနစ်ဖြင့် ခင်းကျင်းထားသည်။ မိမိနှစ်သက်ရာကို ကြိုက်သလို ယူငင်စားသောက်နိုင်ဖို့ အလျှံပယ်ဖြစ်နေ၏။ အရက်ပုလင်းနှင့် အချိုရည် အချိုဘူးတွေကိုတော့ ဧည့်ခံနေသည့် ဌေးဇော်တို့အဖွဲ့က ဗန်းကလေးတွေ တကိုင်ကိုင်နှင့် ပရိသတ်ကြားထဲ တိုးဝင်ကာ လိုသလောက် တည်ခင်း၏။

"ဟော့ ... ရွှတ် ... ရွှတ်"

ခပ်အုပ်အုပ်ခေါ်သံ ကြားသည်မို့ ဘေးဘက်နောက်နား လှည့်ကြည့်မိ၏။ မရွှေစာ။ အဲလေ ... သူ့နာမည် ရွှေဖြိုးဆိုသော အမျိုးသမီး။ ဌေးဇော်ကို ခါတိုင်းလို "ရှူးဇော်"ဟု မခေါ်ဘဲ ရွှတ်၊ ရွှတ်ခေါ်ပေးတာကိုတော့ "မဆိုးဘူး" မှတ်ချက်ချရမလို ဖြစ်နေသည်။

"ဘာလဲ ရွှေဖြိုး၊ ကိုကာကိုလာလား"

ဌေးဇော်က အပြေးရောက်လာ၏။ တော်တော်ဩဇာကိုက်ပုံထောက်တော့ ဒီမိန်းမကို ဌေးဇော်တို့ ဘာကြောက်စရာရှိနေသလဲ မသိ။ တစ်ခုခုတော့ အနိုင်ကိုင်ထားပုံရ၏။ ဖြိုးက တကူးတက လှည့်ကြည့်နေမိတာကို မြင်လျက် သိလျက် မမြင်ချင်ယောင်ဆောင်ကာ အမူအရာတွေ ပိုနေသည်အတွက် မြင်ပြင်းကတ်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



"ပဲကိုများတယ်"

ဘယ်ဘဝက ရေစက်ပါလိမ့်။ ထိုမိန်းမကိုမြင်ကတည်းက မျက်စိနောက်၏။ ဘဝင်မကျ။ မုန်းချင် မျက်ချင်ရှိ၏။ သူ့ပုံစံ ဖရိုဖရဲနှင့် ဖိုသီဖတ်သီက မျက်စိထဲ ခားသိုင်းကဝင်သည်။ တကယ့်ကို စူးရှရှ။ မမြင်ရလျှင် အကောင်းဆုံး။ ဒီကြားတဲက သူ့မူယာမာယာများနေတာကိုပဲ မုန်းဖြစ်အောင်မုန်းရင်းဆက်ကြည့်နေဖြစ်သည်။

"ကိုကာကိုလာတင် ဘယ်ကမလဲ၊ အချိုရည်ဘူးက ဘယ်နှမျိုးရှိတာလဲ"

"ဆဲဗင်းအပ်၊ စပရိုက်၊ ပေါက်ကာ"

ဌေးဇော်က ရှောက်ရွတ်ပြနေ၏။ သူငယ်မက တခိခိ ရယ်နေသည်။ ဘယ်လိုကြီးလဲကွာ။

"အဲဒါတွေအားလုံး တစ်မျိုးကို တစ်ဘူးယူမယ်"

"ရွှေဖြိုး အကုန်သောက်မလို့လား"

ဌေးဇော်က သူ့ထက်ကြီးမှာ မုန်ပေမယ့် ဒီဘက်ခြံမှ အလုပ်သမားက ဟိုဘက်ခြံက သူဌေးသမီးကို (အဲသည်အလုပ်သမားတို့၏အလုပ်ရှင် နိုင်ငံခြားသားနေဖို့ ငှားထားသည့် ခြံနှင့်တိုက်ကိုလည်း ပိုင်ဆိုင်နေသေးသော) နာမည်ရှေ့မှာ "မ"မတပ်၊ ဘာမတပ် "ရွှေဖြိုး"ခေါ်ရဲတာက ဌေးဇော်တို့ပဲ ရိုင်းလို့လား၊ သူမကပဲ ခွင့်ပြုထားလို့လား။ ပထမဆုံးအခေါက်၊ ဒီခြံသို့ ဖြိုးရောက်စဉ်က ဌေးဇော်နှင့် ထူးဇော်က "ရွှေဖြိုး"ကို နာမည်ကြားဖူးရုံသာသာပဲ ရှိသေးကြောင်း၊ သူတို့ပြောစကားအရ သိရ၏။



ဒုတိယတစ်ခေါက်ရောက်တော့ ဌေးဇော်နှင့် ထူးဇော် နှစ်ယောက်သားအပေါ် ကုပ်ခွစီးမတတ်၊ တွဲလောင်းကြီးများတောင် ခိုလို့လိုက်ရပြီ။ ခုတစ်ကြိမ်မှာ "ရွှေဖြိုး"တောင် ခေါ်နေပြန်ပြီဆိုတော့ ရင်းနှီးမှုက မြန်လွန်း၏။

ဘယ်လိုမိန်းမသားပါလိမ့်။

"အကုန်လုံးတော့ တစ်ထိုင်တည်း ဘယ်ကုန်မလဲ၊ ကြွပ်ကြွပ်အိတ်တစ်လုံးလည်း ရှာပေးဦး၊ သိလား၊ ပိုတာတွေအိမ်သယ်သွားမလို့"

ဌေးဇော် ခွီးခနဲရယ်၏။ ရွှေဖြိုးထံမှ ခိခိသံလေးထွက်လာသည်။ ဖြိုး ... ကျွတ်ခနဲ စုတ်သပ်လိုက်မိသည်။ "ဘာကြီးလဲကွာ"လို့သာ ပြောလိုက်ချင်တော့သည်။ နိုင်ငံခြားသားတစ်ယောက် တည်ခင်းဧည့်ခံသည့်ပွဲကိုလာပြီး၊ အအေးဘူးတွေ အိမ်သယ်သွားဦးမည်ဆိုတာကတော့ ...

သူ့အိမ် သူ့ခြံကို ငှားနေသည့် နိုင်ငံခြားသားမို့ သူက ရင်းနှီးတာပဲပြောပြော၊ ဗိုလ်ကျသည်လို့ ဆိုချင်ဆို၊ ဒါဟာ မလုပ်သင့် မလုပ်ကောင်းသည့်အရာ၊ ရှက်စရာ။ နိုင်ငံခြားသားက ကိုယ့်မြန်မာလူမျိုးအပေါ် အထင်သေးသွားလျှင် လူမျိုးနှင့်ချီပြီး သိက္ခာကျမယ့်ကိစ္စ။ သူလည်း ဝယ်မသောက်နိုင်တာ မဟုတ်ဘဲနှင့်။ ဘယ်လိုဟာမလေးပါလိမ့်၊ ဒီကိစ္စ ဝင်မတားဘဲ လက်ပိုက်ကြည့်နေလို့ သင့်ပါ့မလား။ မြန်မာလူမျိုးတစ်ယောက်အနေနှင့် မြန်မာသိက္ခာကျမည့်အလုပ်ကို ဝင်တားမှဖြစ်မည်။ ကိုယ်ကိုတစ်ပတ်ကြီး လှည့်ပစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ"

ခေါ်ပြီးမှ ခြော် ... ဟု အသံတိတ်မြည်လိုက်မိ၏။ မရုပ်ပလာ မနိုင်စိန်ရွှေဖြိုးနားမှာ ထိုင်နေသော မာလာကို ခုမှ တွေ့လိုက်သည်။ ထုံးစံအတိုင်း အေးအေးဆေးဆေး သိမ်သိမ်မွေ့ မွေ့လေးမို့ အမြင်အေးရပါဘိ။ သူ့ဆံပင် ရှည်ရှည်ခဲခဲကြီးကို ကျစ်ဆံမြီးတစ်ချောင်းထဲကျစ်၍ ချထားသည်။ နဖူးပြေပြေပြောင် ပြောင်လေးက အုပ်လုံးသိမ်းထား၏။ နဖူးပေါ်မှာ တွန့်တန့်ခွေခွေ ဆံနွယ်ဝဲဝဲတစ်စတစ်မျှင်မရှိ။ ဆွတ်ဆွတ်ဖြူအသားလေးနှင့် ဆံပင်က မည်းနက်နက်၊ နဖူးဆံစပ်လေးတစ်ခုထဲကပင် ငေးကြည့်ယူ ရလောက်အောင်လှသည်။

ရင်စေ့လက်ရှည် ဇာအင်္ကျီလေးက ဘာရောင်လို့ ပြောဖို့ခက်၏။ သမင်ရောင်၊ အသားရောင်၊ ချောကလက်နု၊ ဘာနှင့်မျှ တိတိကျကျမဖြစ်။ အဲဒါတွေအားလုံးပေါင်းစပ်ထား သော အရောင်ဖျော့ဖျော့ ပြေပြေလေး လုံချည်လည်း ဆင်တူမို့ ဝမ်းဆက်ပေါ့။ အသားဖြူသူတွေ အရောင်နုဝတ်လျှင် သိပ်လှသည် ဟု ဖြိုးထင်၏။ တစ်ကိုယ်လုံးမှာ ဖြူဖျော့ကာ သိမ်မွေ့ယဉ်ကျေး သည့်ဘက်သို့ လှသွား၏။

"မာလာ"

လွှတ်ခနဲ နှုတ်ဆက်လိုက်မိသည်။ သူနှင့်ကိုယ့်ကို ဘယ်သူမှ မိတ်ဆက်ပေးမထားဘူးပေမယ့် သူ့ကို ခုမှ ဒုတိယ အကြိမ် တွေ့ဖူးရတာပေမယ့် ဘာကြောင့်မှန်းမသိ ရင်ထဲမှာရင်းနှီး နေသည်။ မာလာ့ကို ရင်အေးဖွယ်ပုံစံလေးနှင့် တွေ့ရမှ ရွှေဖြိုး ဆိုသည့် အမျိုးသမီးထံ အကြည့်ပြန်ရောက်၏။



ဆံပင်ကိုကစပြီး ဖိုးရိုးဖားရား။ သူ့ဆံပင်တွေက မဖြောင့်မစင်း၊ ခွေလိပ်လိပ်၊ ငယ်ထိပ်ဆီမှစ၍ ကျောလယ်ဆီသို့ ကျချင်တိုင်းကျနေသည်။ နဖူးကိုလည်း မမြင်ရ။ နဖူးတစ်ခုလုံး ပျောက်နေအောင်ဖုံးသည့် ဆံပင်အုပ်စုကဖုံး၊ နားရွက်ဖုံးသည့် အုပ်စုကဖုံး၊ ကျောပေါ်မှာတချို့၊ ရင်ညွှန့်မှာတဝဲဝဲ။ အင်္ကျီက အပြာရောင်၊ အပြာနုနုပေမယ့် ငွေချည်မျှင်တွေ ထည့်ရက်ထား သောဇာမို့ တောက်တောက်လက်လက်။ ဒီကြားထဲ ဇာပွင့်တွေပေါ် မှာ ဘော်ကြယ်နှင့် ပုလဲလုံးတွေ လျှောက်သီထားသေးသည်။ အင်္ကျီလက်ဖျားက တံတောင်ဆစ်နားမှာ ရပ်သွားကာ ပုလဲကြိုး တွေက တန်းလန်း ကန်းလန်း၊ ဘာပုံစံခေါ်ရမှန်းမသိဘဲ ရှုပ်ပွ နေကာ အဝတ်ပုံကြီးပေါ်မှာ ခေါင်းထွက်နေသလို အကြည့်ရဆိုးလှ ပါပေ၏။

"ဒီမှာ မရွှေဖြိုး"

"ဟောတော့ ... တို့နာမည်ကို သူ သိနေတယ် ဆန်းတပြား ပြား"

"ဒါက အရေးမကြီးပါဘူး၊ ခင်ဗျား အအေးဘူးတွေ ကြွပ် ကြွပ်အိတ်နဲ့ ထည့်သယ်မှာတော့ မကောင်းဘူးထင်တယ်၊ ဒွေးဇော် ... မင်းကလည်း လုပ်မပေးနဲ့"

"အဲဒီလိုအမိန့်မျိုး ချမှတ်နိုင်ခွင့်ကို ပိုင်ဆိုင်သော လူကြီး မင်းက ကျွန်မရဲ့ဘိုးအေကြီးများလားရှင်"

"အာပလာတွေ အာမနေနဲ့။ မသင့်တော်လို့ ပြောတာ၊ နိုင်ငံခြားသားတွေက ဘယ်လိုထင်မလဲ၊ မြန်မာတစ်မျိုး လုံးကို အငတ်တွေလို့ ထင်သွားမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဝတ်လည်း ဝတ်တာပဲ၊ အထင်မမှားပါဘူး၊ ထင်ရှာပါစေ၊ တခြားမြန်မာတွေ မဝတ်ပေမယ့် ကျွန်မက ဝတ်တယ်၊ အစားခုတ်တယ်"

"ကျွတ် ... စိတ်ပျက်တယ်ကွာ၊ မင်း ဝယ်မသောက်နိုင်လို့လား"

"မသောက်နိုင်လို့"

"မဟုတ်တာတွေ မပြောနဲ့"

"ဟုတ်တာ ပြောတာ၊ ဒီအချိုရည်ဘူးတွေက သရက်ကွင်းတွေလို မောင်းတစ်လုံး လှည်းပေါ်တင်ပြီး လျှောက်ရောင်းတာမျိုးမှ မဟုတ်တာ၊ အိမ်ရှေ့မှာ လာမရောင်းဘူး၊ သွားဝယ်ရတာ"

"သွားဝယ်ပေါ့"

"ဘာနဲ့သွားရမလဲ"

"မင်းက ကားမစီးနိုင်တဲ့ လူတန်းစားလား"

"ကားတစ်စင်းတော့ ပိုင်ပါတယ်၊ ယာဉ်မောင်းက မမြဲဘူး"

မည်းသည်းညည်း မခံနိုင်လို့ ထွက်တာနေမှာပေါ့ဟု ကျိတ်ပြောဖြစ်၏။

"တစ်လခြောက်ထောင်ပေးတာတောင် ထမင်းတစ်နပ်ကျွေးရတယ်၊ လက်ဖက်ရည်တစ်ကြိမ် တိုက်ရတယ်၊ ငါးနာရီကကျော်သွားရင် အိုဗာတိုင်ပေးရတယ်၊ ဒီလိုအလုပ်မျိုး ရွှေဖြိုးတို့ လုပ်လိုက်ချင်တယ် သိလား ...

"ဒီကြားထဲက တစ်ယောက်တည်းလွတ်ရင် တက္ကစီဆွဲတယ်၊ ဆီနိုးတဲ့ခေတ် မဟုတ်တော့ဘူး၊ တက္ကစီဆွဲ လူ



တင်တဲ့ခေတ် ဖြစ်နေပြီ သိလား၊ သူ့ ရမ်းသမ်းတင်လာတဲ့ ပါစင်ဂျာက ဘိန်းဖြူတွေ သယ်လာရင် ဘယ့်နှယ်လုပ်မလဲ၊ မကောင်းတဲ့မိန်းမ ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ ...

"သွားလေရာ လိုက်ပြန်တော့လည်း အချိန်ကုန်တယ်၊ လောကမှာ လူတွေဟာ ပိုက်ဆံချမ်းသာလေ၊ အချိန်ဆင်းရဲလေ၊ သိရဲ့လား"

အဲဒီတစ်ခွန်းကိုတော့ ထောက်ခံ၏။ ကိုယ်တိုင်ပိုက်ဆံချမ်းသာသလောက် အချိန်ဆင်းရဲနေရသူဖြစ်၏။

"စိတ်ပုပ်တဲ့ဒရိုင်ဘာဆိုရင် ပိုင်ရှင်ပါလာတာနဲ့ ဂူးခနဲဝေါခနဲ ကားကြိုကားကြား တိုးဝင်ဆောင့်ဝင်၊ ကပ်ရှောင်၊ သီသီလေးပွတ်၊ ဘုရား ... ဘုရား ... သမ္ဗုဒ္ဓေရွတ်ရတာ ကုသိုလ်ရပေမယ့် နှလုံးသွေးရပ်ပြီး သေနိုင်တယ်"

မျက်စိတမှိတ်မှိတ်နှင့် ရင်ဖိပြနေပုံက ကလေးလိုလိုခွေးလိုလို မသိမ်မမွေ့ ရှိလှ၏။

"ဒရိုင်ဘာ မရှိတော့ ကိုယ့်ဘာသာမောင်းမှ ရတာ၊ သွားစရာခရီးပေါင်း တစ်ရာလောက် တင်ပြမှ မေမေက တစ်ခရီးလွှတ်တာ၊ အအေးဘူးသွားဝယ်ဖို့များဆို မလွှတ်ကြီးထဲက၊ အဲဒါကြောင့် ဝယ်မသောက်နိုင်ကြောင်းပါ"

"မသောက်နိုင်လည်း မသောက်နဲ့ပေါ့ကွ"

"ဒီမှာလည်း ပိုနေတဲ့တူတူ"

"သူ့ဘာသာပိုတာ၊ မင်းနဲ့ ဘာဆိုင်လဲ"

"မဆိုင်ဘူးလား"

"လုံးဝပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလည်း ..."

"မင်း လုံးဝယူမသွားနဲ့နော်၊ မင်းအစား ငါ ရှက်လွန်းလို့ ကိုယ့်မျက်နှာကိုယ် ငရဲမီးနဲ့ ပက်ဖြစ်လိမ့်မယ်"

"ဟုတ်ကဲ့ ... ယူဖြစ်အောင် ယူပါ့မယ်၊ ပက်ဖြစ်အောင် ပက်လိုက်ပါတော့"

"တောက် ... မင်းကွာ၊ ဘယ်လိုမိန်းမလဲ"

"ရှင် အထင်မကြီးတဲ့ အုပ်စုထဲကပါပဲ"

ဒေါသက အလုံးလိုက်ဆောင့်ဆို၏။ ဒီသူငယ်မ ကိုယ့်ညီမ ကိုးဆယ့်ကိုးဝမ်းလောက် ကွဲလျှင်တောင် အစ်ကိုပါဝါ သုံးပြီး နာရင်းနာနာတီးချင်၏။ သူစိမ်းတစ်ရံစာမို့လို့သာ ကိုယ်နှင့် မဆိုင်လွန်းသည်မို့ ရိုက်နှက်ဆုံးမဖို့ ခက်နေသည်။

"ဒွေးဇော် ... မင်း ထည့်မပေးသင့်ဘူး၊ မင်းထည့်ပေးရင် ငါ မင်းမဒမ်နဲ့တိုင်မယ်"

မနက်မိုးလင်းတာနှင့် "ဝွတ်မောနင်းမဒမ်"လုပ်ဖို့သာ ကြိုးစားနေကြသူတွေမို့ သူတို့ကြောက်တာနှင့် ခြောက်ရ၏။

"ရှင်က ဘယ့်အတွက်ကြောင့် ဝင်ရောက်နှမြောနေရတယ် မစဉ်းစားတတ်အောင်ပဲ"

"နှမြောလို့ မဟုတ်ဘူးကွ ရှက်လို့။ နိုင်ငံခြားသားတွေက တို့မြန်မာတွေကို အငတ်တွေ ထင်သွားမှာရှက်လို့"

"ဩော် ... အဲဒီလို မျိုးချစ်စိတ်နဲ့ တားမြစ်တော့လည်း လက်သင့်ခံဖွယ်ပါပဲ၊ ရှုံးစော်ရေ ... မထည့်နဲ့တော့၊ ခုလောလောဆယ်သောက်ဖို့ပဲ ကိုကာကိုလာတစ်ဘူးယူမယ်၊ မာလာ ဘာသောက်မလဲ"



"စပရိုက်"

"စပရိုက်တဲ့"

ဒွေးဇော်က အချိုရည်နှစ်ဘူး ချပေးသည်။

"အပေါ်ဆုံးထပ်မှာ ဒစ်စကိုဖွင့်နေပြီ"

"ဟုတ်လား ... ဒါဆို သွားရောက်ဆင်နွှဲမှ သင့်ပေမယ်"

စကားပြောပုံကိုက ပွဲထဲက ပုဏ္ဏားလိုလို ... ဟု ချဉ်စုတ်စွာ တွေးဖြစ်၏။ ဖြိုးနှာခေါင်းရှုံ့လိုက်သည်။

"နေခဲ့ရဲလား မာလာ"

"ရပါတယ်၊ ခဏကြာတော့ ပြန်လိုက်မယ်၊ ရွှေဖြိုးကို မစောင့်တော့ဘူး"

"အိုကေ ... မပြန်ရဲရင်လည်း ရှုံးစော်ကို လိုက်ပို့ခိုင်းပေါ့"

"ရပါတယ်၊ ဒီလောက်ကပ်နေတာ၊ ဒါသောက်ပြီးရင် ပြန်မယ်"

"ဒါဆို သွားပြီ"

မတ်တတ်ထရပ်မှ မျက်စိပိုနောက်ရတော့သည်။ ခန္ဓာကိုယ်အောက်ပိုင်းမှာ ဝတ်ထားတာ စကတ်လား ဂါဝန်တစ်ဆက်တည်းပဲလားတောင် မပြောတတ်အောင် ရှုပ်ယှက်ခတ်နေ၏။ ဇာစတွေက တဖွားဖွား၊ ပုလဲကြိုးတန်းလန်း တန်းလန်းတွေက တလွှားလွှား၊ မိန်းကလေးရယ်လို့ ခါးနေရာမှာ သေးသေးကျင်ကျင် ဖြစ်နေတာမျိုးလည်းမရှိ၊ အဝတ်အစားက ပွစိကြီးနှင့် တိုးနယားကြီးတစ်ကောင်လိုလို၊ တကယ့်ကို ရုပ်ပျက်ဆင်းပျက်၊ ဖရိုဖရဲ ဘိုသီဘတ်သီ မသပ်မရပ်။ အဝတ်နှင့်လုပ်ထား၍ လူဝင်နေသော တိရစ္ဆာန်ရုပ်ကြီးတစ်ကောင် ယိမ်းနွဲ့ကပြဖို့ ကျုံးထလိုက်ပြီး၊

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို တစ်ပုံတစ်ပင်ကြီးမို့ ဒီမိန်းမ ဘယ်လောက်ပိန်လို့ ဘယ်လောက်ဝမှန်းတောင် အကဲခတ်ရခက်ခက်။ အနည်းဆုံး အိမ်မှာထားသည့် တိုရှီဘာရေခဲသေတ္တာအကြီးစားလောက်တော့ ထွားကျိုင်းနေတော့သည်။

✦ ❦ ✦

"နာမည်က မာလာနော်"

"ဟုတ်ပါတယ်"

"တို့ကို မှတ်မိလား"

"မှတ်မိပါတယ်၊ အားလည်းနာနေတာ၊ တောင်းလည်း တောင်းပန်ချင်နေတာ"

ဖြိုးက သူ့ခုန်မှထကာ မာလာ့နား ရွှေ့လာထိုင်လိုက်သည်။ ခုံတစ်ခုလုံး မွေးအိကြိုင်လှောက်နေ၏။ စောစောက ဖရိုဖရဲမလေး ထိုင်သွားသည့် ခုံပါလား။

"မွှေးနေလား၊ ရွှေဖြိုးက တစ်နေရာရာမှာ ထိုင်တော့မယ်ဆိုရင် သူထိုင်ရမယ့်နေရာကို ရေမွှေးအရင် ဆွတ်တယ်"

"သူ ခေါင်းကောင်းရဲ့လား"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"ခပ်ကြောင်ကြောင်နဲ့မို့"

"ရွှေဖြိုးက သဘောကောင်းပါတယ်"

"ထားပါတော့၊ မင်းကတော့ အကောင်းမြင်ဝါဒသမားလေး ထင်ပါရဲ့"



"ဟိုတစ်ခါ တံခါးဖွင့်ထားတာပဲ ဝင်ပါတော့လား၊ မဝင်ချင်ရင်လည်း ပြန်ပိတ်လိုက်တော့မယ်လို့ စကားမာမာနဲ့ ပြောမိတာ တောင်းပန်ချင်လို့ပါ"

"ရပါတယ်၊ တို့မှ ဗွေမယူတာ"

"မှန်ချလိုက်မှ ဦးကြယ်တာရာဖြိုးမှန်း သိလိုက်တော့ အရမ်းအားနာသွားတာပဲ၊ ပထမတော့ ကားစတီယာရင်နောက်မှာ ထိုင်နေတဲ့သူဟာ ယာဉ်မောင်းတစ်ယောက်ယောက်လို့ပဲ ထင်မိတယ်။ ယာဉ်မောင်းတွေကလည်း ဆိုးတယ်၊ ဘဲလ်နှိပ်ရမယ်ဆိုတာ သိရက်နဲ့ ကားပေါ်က ဆင်းရမှာပျင်းပြီး ဟွန်းပဲတီးကြတာ၊ ဘဲလ်သာနှိပ်ရင် မာလာတို့အိမ်မှာ ဘာသံမှ လာမပြည်ဘူး ...

"တစ်ခါတလေကျရင် မာလာတို့ကို စချင်နောက်ချင်အကြည့်မျိုးနဲ့ ရိသဲသဲကြည့်ချင် ကြည့်သွားတာ၊ သိပ်အခံရခက်တာပဲ၊ အဲဒါကြောင့် မျက်နှာထားတင်းတင်းထားရတာ သိပ်အားနာသွားတာပဲ၊ မာလာ့ကို ခွင့်လွှတ်ပါနော်"

သူ့ဝါကျရှည်ကလေး ဆုံးသည်ထိ ပြုံး၍နားထောင်ပေးလိုက်သည်။

"တို့ကို ကြယ်တာရာဖြိုးမှန်း ဘယ်လိုသိလဲ"

"ဦးကြယ်တာရာဖြိုးက နာမည်ကြီးပဲ"

ဖြိုး တမင်ဂုဏ်ယူလိုစိတ်နှင့် မေးလိုက်ဖြစ်သော ကိုယ့်အတွက်ကို ကိုယ်ရှက်ပေမယ့် တကယ်တမ်းကျတော့လည်း ဂုဏ်ယူဖြစ်သည်သာ။ ဒီလို မာနထားတတ်အောင် မေမေပဲသင်ပေးထားခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



"ရည်းစားထားဖို့ မိန်းမယူဖို့ မလောပါနဲ့ သားရယ်၊ ယောကျ်ားဆိုတာ ဘယ်တော့မှ ခေတ်မကုန်ဘူး၊ ကိုယ်က အသက်ခြောက်ဆယ် ဖြစ်နေပစေ လူပျိုကြီးဖြစ်ဖြစ်၊ မုဆိုးဖိုဖြစ်ဖြစ်၊ ဆယ့်ရှစ်နှစ်သမီး ယူချင်လည်း ရနိုင်တာပဲ။ ကျွေးမွေးထောက်ပံ့နိုင်တဲ့ စည်းစိမ်သာရှိပစေ။ ကျွေးနိုင်ရင် မိန်းမရတာပဲလို့မှတ်။ ကျွေးနိုင်ဖို့အတွက် အရွယ်ရှိတုန်း စီးပွားကိုသာ ကျုံးရှာ"တဲ့။

ဖြိုးမှာ အတ္တတွေ ဝင်ခဲ့သည်။ မာနတွေ မြင့်ခဲ့သည်။ ဒါတွေမကောင်းမှန်းသိပေမယ့် ဖြိုးမဖျောက်နိုင်ခဲ့ချေ။ လူသားလေ။ ပုထုဇဉ်။ ဖြိုးကို ဦးကျော်ဖြိုး၊ ဒေါ်ခင်ဦးမေသားမှန်း သိကြသူ လူကြီးမိဘတိုင်းလိုလိုက သမက်တော်ဖို့ စိတ်ဝင်စားကြသည်။ ဦးကျော်ဖြိုးနှင့် ဒေါ်ခင်ဦးမေတို့၏သတင်းက မွှေးပေ၏။ မဟုတ်တာမမှန်တာ မလုပ်ခြင်း၊ ရိုးသားကြိုးစားခြင်း၊ စိတ်ကောင်းနှလုံးကောင်းရှိကြခြင်း၊ ဘိုးဘေးဘီဘင် အစဉ်အဆက်မှ ချမ်းသာကြွယ်ဝလာခဲ့သည့် သူဌေးမျိုးရိုးဖြစ်ခြင်း၊ ပညာတတ်၍ စီးပွားအရှာတော်ခြင်းတို့အပြင် ဦးကျော်ဖြိုးကိုယ်တိုင် အသောက်အစား၊ လောင်းကစားကင်း၍ ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ ဇနီးသည်အပေါ်မှာ ခုချိန်ထိ ညာတာကြင်နာစွာ မဖောက်မပြားရှိခြင်းတို့ကလည်း တစ်ဦးတည်းသော သားအတွက် နမူနာကောင်းတွေ ဖြစ်နေရတော့သည်။ ဖြိုးသည် ယောကျ်ားလေးပေမယ့် လူကြိုက်များခဲ့ရ၏။ သမီးရှင်တွေသာ မျက်စိကျသည်မဟုတ်၊ သမီးတွေကိုယ်တိုင်လည်း လိုက်လိုက်လျောလျော ရှိလှသည်။ ခင်ချင်သည်။ ရင်းနှီးချင်သည်။ ကြွယ်တာရာဖြိုးဆိုသည့် နာမည်က ဆယ်ကျော်သက် နှစ်ဆယ်



ကျော်သက် မိန်းမသားလောကမှာ ရေပန်းစားပါ၏။ ဒါကို ဖြိုးက ဂုဏ်ယူစွာပင့်ချီထားသည်။ မေမေ့မှာစကားအတိုင်း မိန်းမယူဖို့ ရည်းစားထားဖို့ ဆန္ဒမစော။ တက္ကသိုလ်မှာ ရည်းစားမထားခဲ့ဖူးဘဲ ဘွဲ့ရလာသော ယောကျ်ားတစ်ယောက်ကို ပြပါဆိုလျှင် ဖြိုးဆိုမှ ဖြိုးတစ်ယောက်တည်း ရှိမည်ထင်၏။

ရည်းစားဆိုတာ ဖြိုးအတွက် ဘယ်တော့မှ နောက်မကျစွာ၊ လွယ်ကူစွာရရှိနိုင်သော အရာဟု ဖြိုးမြင်၏။

"မာလာ့ကို စိတ်မဆိုးဘူး မဟုတ်လား"

"မဆိုးပါဘူး၊ စိတ်ဆိုးလောက်အောင် ရင့်သီးခြင်းမှမရှိတာ"

"ကျေးဇူးတင်ပါတယ်"

မာလာက ရွှေဖြိုး မဖောက်မသောက်ဘဲ ချထားခဲ့သည့် ကိုလာကိုလာဘူးကိုဖောက်၍ ဖြိုးဆီ လှမ်းပေးလိုက်သည်။

"ကျေးဇူး"

ဖြိုး ပြုံးလိုက်ပြလိုက်သည်။ ယူသောက်ရင်းက မာလာ့ကို တစိမ့်စိမ့်ကြည့်ဖြစ်ပြန်၏။ အားနာတတ်ဖို့ သိပ်စိတ်ကူးမရှိသော ဖြိုးက ခပ်ရဲရဲပင်ကြည့်၏။ မာလာ မျက်လွှာကလေးချလေမှ အားနာရကောင်းမှန်း သိတော့သည်။ ကြည့်လေ မျက်စိအေးလေ၊ ဘဝင်ကျလိမ့်မည်ထင်သည်။ တိုရီဘာရေခဲသေတ္တာလောက် လုံးပတ်နှင့် အပွအယောင်းကြီးမျိုးတွေသာ တွေ့မြင်မျက်စိနောက်နေရသော အချိန်မှာ ဒီလိုမြန်မာဆန်ဆန်ပုံစံလေးက ရှားပါးနေ၏။ ရိုးလွန်းလို့ ပြန်လည်ဆန်းသစ်ကာ နောက်ဆုံးပေါ် အဖြစ် စွဲမက်ချင်ဖွယ် ဖြစ်နေပြီ။ ပြီးတော့ အနောက်တိုင်းယဉ်

www.burmeseclassic.com

www.burmeseclassic.com



ကျေးမှုမှာ၊ ယောကျ်ားတွေက မိန်းမထိုင်ဖို့ ကုလားထိုင် ဆွဲထုတ်ပေးရ၊ ဆွယ်တာခြုံပေးရ ... ရှိ၏။

မြန်မာ့ယဉ်ကျေးမှုကတော့ မိန်းမသားဟူသည့် မိခင်နှင့်တူသောမယား၊ နှမနှင့်တူသောမယား၊ အဆွေခင်ပွန်းနှင့်တူသောမယား၊ ကျွန်နှင့်တူသောမယားမျိုး ဖြစ်စေဖို့ ဦးတည်၏။ အဲသည်အမျိုးအစားအားလုံးမှာ တူညီသောအချက်တစ်ခုရှိသည်။ ဝေယျာဝစ္စမှန်သမျှ မိန်းမက ပြုစုဆောင်ရွက်ရခြင်းပင်တည်း။

"ယောကျ်ားအလုပ်"ဟု သတ်မှတ်ထားသောကိစ္စတွေမှာ ဘယ်လောက် ပင်ပန်းလို့မှ မညည်းညူသော ဖိုးက ခုလိုဝေယျာဝစ္စ အသေးအဖွဲကလေးတွေကျလျှင် လုပ်ရမှာ သေလုအောင်ပျင်း၏။ သူများလုပ်ပေးတာ ခံယူချင်စိတ် အမြဲရှိ၏။ မာလာလေးကို အကြိုက်တော့ တွေ့နေပါပြီလေ။

"ဒီကိုလာကြတဲ့မိန်းမတွေ တစ်ယောက်မှ ထဘီမပါဘူး"

"ရှင်"

"ဆောရီး ... တို့ပြောတာ မှားသွားတယ်၊ စကတ်နဲ့ဂါဝန်တွေချည်းပဲ၊ ခုခေတ်မှာ ဂါဝန်တွေဝတ်လာကြတာ မျက်စိနောက်ဖို့ သိပ်ကောင်းတာပဲ၊ မာလာ တစ်ယောက်ပဲ မြန်မာထဘီကို သပ်သပ်ရပ်ရပ် ဝတ်လာတယ်၊ ဝတ်စုံတွေထဲမှာ မြန်မာဝတ်စုံဟာ မိန်းမသားတစ်ယောက်ရဲ့အလှကို ပေါ်လွင်စေဆုံးပဲ"

မာလာက ခေါင်းလေးငုံ့နေရာမှ မျက်လွှာပင့်ကြည့်၏။ အသိဉာဏ်ရှိ နားလည်နေသော ပုဂ္ဂိုလ်တစ်ဦး၏ ဆုံးမသြဝါဒကို နာယူနေသည့်ပုံစံလေးပေါက်၏။



"မြန်မာမလေးတွေ ထဘီကို စွန့်လွှတ်ကြတာ သိပ်ရင်နာစရာကောင်းတာပဲ။ မာလာကတော့ ဂါဝန်တွေ စကတ်တွေကို မကြိုက်တဲ့ ရှားပါးသူလေးပေါ့နော်"

မာလာက ပြုံးလိုက်သည်။

"သိပ်မကြိုက်ဘူး၊ ဝတ်ကြည့်ချင်စိတ်တော့ ရှိပါတယ်"

"မရှိနဲ့၊ မရှိနဲ့၊ မာလာ့ကျက်သရေလေး လျော့သွားမယ်။ ဂါဝန်ဝတ်မိန်းမတွေကို နားကွင်းတပ်ဆံရှည်ကောင်လေးတွေတော့ ကြိုက်ချင်ကြိုက်မယ်၊ ကိုယ်တို့လို လုပ်ငန်းခွင်ထဲရောက်ပြီး လူကြီးတစ်ပိုင်းဖြစ်နေတဲ့ သူတွေအတွက်တော့ မျက်စိနောက်စရာ"

"ဦးကြည်တာရာဖြိုးတို့လို လူမျိုးပေါ့နော်။ လူကြီးတစ်ပိုင်းဆိုတာ"

"ဟုတ်တယ်၊ လူကြီးတစ်ပိုင်း ဖြစ်လာတာ သိပ်စိတ်ပျက်တာပဲ၊ တစ်ခါတလေတော့ ကလေးဘဝလေးကို ပြန်လည်တမ်းတမိပါတယ်၊ အရမ်းလွတ်လပ်တယ်၊ ဖြူစင်တယ်၊ ဟန်ဆောင်ခြင်းကင်းတယ်၊ ပွင့်လင်းတယ်။ ကြီးလာတော့လည်း ဒါတွေအားလုံးကို ထိန်းသိမ်းရတော့ ဖြူစင်မှုမှိန်သွားတယ်၊ ဒါပေမဲ့ ကလေးပြန်လုပ်မလားလို့ မေးလာရင်လည်း မလုပ်နိုင်တော့ဘူး"

"ဘာဖြစ်လို့လဲ၊ မာလာကတော့ ကလေးပြန်ဖြစ်လို့ရရင် ဖြစ်ချင်တယ်"

"ကိုယ်တော့ မဖြစ်ချင်ဘူး၊ စာတွေပြန်ကျက်ရမှာ၊ ဆယ်တန်းပြန်ဖြေရမှာကို ပိုကြောက်တယ်၊ တက္ကသိုလ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သားဘဝလေးတစ်ခုပဲ ပြန်လိုချင်တယ်။ ကိုယ်က ကလေးဆိုတော့ လူကြီးတွေအပြစ်တင်ရင်လည်း ခံရတယ်၊ ကိုယ်က လူကြီးဆိုတော့ လက်အောက်ငယ်သားကို အပြစ်တင်ခွင့်ရှိတယ်”

ဖြိုး ရယ်လိုက်သည်။ ရယ်ရင်းက မာလာ့ကို တစူးစေးစေးကြည့်ဖြစ်၏။ အသားဖြူနေတာလေးကကိုပဲ တစ်ပန်းသာလှပြီး မျက်နှာပြင်ပေါ်ကပစ္စည်းတွေ မကောင်းချင်နေပစေပေါ့၊ မျက်ခုံးပါးရင် ဆွဲလို့ရတယ်၊ မျက်တောင်မကော့လည်း အတုတပ်၊ နှုတ်ခမ်းပုံမလှလည်း ပုံချပြီးဆိုး၊ နှာတံတောင် မိတ်ကပ်နဲ့ဖော်ယူလို့ ရတာပဲ။

ပါတီပွဲလေးက အေးဆေးငြိမ့်ညောင်းနေ၏။ နိုင်ငံခြားသား ပါတီပွဲဆိုပေမယ့် မြက်ခင်းမှာတော့ စကားသံတွေပဲရှိသည်။ အင်္ဂလိပ်သီချင်း၊ စကားလုံးမပါဘဲ တေးသွားချည်းသက်သက် ငြိမ့်ငြိမ့်ညောင်းညောင်းလေးကို ခပ်တိုးတိုး ဖွင့်ပေးထားသည်။ မိမိနှစ်သက်ရာကို ကြိမ်ဖန်တလဲလဲ ယူစားနိုင်၏။ တည်ခင်းဆောင်ရွက်သူများထံမှ အဖျော်ယမကာများကို စိတ်ကြိုက်ယူသောက်နိုင်၏။ များသောအားဖြင့် လူလတ်ပိုင်း၊ လူကြီးပိုင်းတွေပဲ သက်သောင့်သက်သာထိုင်ရင်း စီးပွားရေးကိစ္စ၊ ရင်းနှီးလျှင်ရင်းနှီးသလို လူမှုရေးကိစ္စတွေ ဆွေးနွေးပြောဆိုနေကြသည်မို့ စကားဝိုင်းအုပ်စု၊ အုပ်စုလေးတွေ ဖြစ်နေသည်။

တချို့အုပ်စုက နိုင်ငံခြားသားတွေချည်း။ တချို့အုပ်စုက နိုင်ငံခြားသားနှင့်မြန်မာ၊ တချို့အုပ်စုကျတော့ မြန်မာတွေချည်း။ ဆောက်လုပ်ရေးပစ္စည်းမျိုးစုံ၊ အိမ်တွင်းတပ် လျှပ်စစ်ပစ္စည်းမျိုးစုံ



တင်သွင်းရောင်းချသည့် ကုမ္ပဏီမို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်တော်တော်များများနှင့် ဆက်သွယ်ရသည်။ မြန်မာမိတ်ဆွေတော်တော်များသည့် နိုင်ငံခြားသားမို့ ဤပွဲမှာ မြန်မာတွေ တော်တော်များသည်။ လူကြီးပိုင်းက ခြံထဲမှာပဲ စားရင်းသောက်ရင်း စကားပြောနေကြ၏။ လူငယ်ပိုင်းကတော့ နှစ်ထပ်ခွဲတိုက်ကြီး၏အပေါ်ဆုံးထပ်၊ အိမ်တစ်ခြမ်းလေးထဲသို့ အကုန်ရောက်သွားကြပြီဖြစ်၏။

အဲသည်မှ မြူးကြွသော အနောက်တိုင်းတေးသံတွေ ပျံ့လွင့်နေ၏။ ခုန်ပေါက် ကနေကြမှာ သေချာသည်။

“ရွှေဖြိုးဆိုတဲ့ ယောကျ်ားနာမည်နဲ့ မိန်းမတော့ ဘယ်လောက်များ သောင်းကျန်းနေလိုက်မလဲ”

အတွေးထဲသို့ ရောက်ဖြစ်အောင် ရောက်လာတာကို မောင်းထုတ်ပစ်ရ၊ မျက်ခုံးနှစ်ခု စက္ကန့်ပိုင်းမျှ အတွန့်ကျိုးသည်ကို မာလာက မြင်ဖြစ်အောင်မြင်၏။

“ဦးကြယ်တာရာဖြိုး နေကောင်းရဲ့လား”

“ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ”

“မျက်နှာပျက်သွားသလားလို့”

“သြော်”

ကြည့်စမ်း ...။ ကိုယ့်မျက်နှာ ကွက်ခနဲပျက်တာကို သူ သိသည်။ သူ ... ဒီလောက် ကိုယ့်ကို ဂရုတစိုက်ရှိနေသည်။ မိန်းမသားတွေက အိမ်ဦးနတ်တော်ဖို့၊ သမီးရှင်တွေက သမက်တော်ဖို့ ကိုယ့်ကို စိတ်ဝင်တစား ရှိကြတာကို ကိုယ်ဂုဏ်ယူစွာ ပီတိစားနေမိတာလည်း အမှန်ပါ။ အဲဒါကိုပဲ အမြဲတစေကျေနပ်နေ... သူမို့ ကိုယ့်ကို စိတ်မဝင်စား၊ ကိုယ့်ကိုဆန့်ကျင် ... အဲ...ပိုဆို

www.burmeseclassic.com

www.burmeseclassic.com



လျှင်တောင် ကိုယ်က ငြိုငြင်ရမလို ဖြစ်နေရသည့် အခြေအနေလေ။ ခု ... သူမကလေးက ကိုယ့်မျက်နှာ တစ်ချက်ပျက်တာသိသည်ဆိုတော့ ကျေနပ်ကြည်နူးချင်ဖွယ်။ သူမကလေးက ကိုယ့်ကို ဒီ့လောက် စိတ်ဝင်တစားရှိနေမှ ကိုယ်ကလည်း ကျေးဇူးတင်စွာ လူမှုရေးကျေညက်စွာ သူ့ကို ပြန်လည်စိတ်ဝင်စားရမည်ပဲပေါ့။

ပြီးတော့ ...

ဝန်ခံရလျှင် ရှက်စရာကောင်းမလားမသိ။ ဖြိုး အိမ်ထောင်ပြုတော့ဖို့ စိတ်ကူးစပြုပြီလေ။ မမေကလည်း “ရှာတော့” ဟု ပြောသည်။ “မမေ ရှာတွေ့လျှင်လည်း ပြောမည်”... တဲ့။

“ယောကျ်ားလေးတစ်ယောက်ဟာ နှစ်ဆယ့်ခုနစ် နှစ်ဆယ့်ရှစ်လောက်မှာ အိမ်ထောင်ပြုတာ အကောင်းဆုံး”... တဲ့။

“နှစ်ဆယ့်ခုနစ် နှစ်ဆယ့်ရှစ်လောက်မှာ အိမ်ထောင်ပြုနိုင်ဖို့ နှစ်ဆယ့်ခြောက်၊ နှစ်ဆယ့်ခုနစ်လောက်မှာ ကိုယ့်အိမ်ထောင်ဘက်ကို သတ်မှတ်သင့်တယ်”... တဲ့။

“ရည်းစားထားတော့”... တဲ့။

“တစ်နှစ်လောက် ရည်းစားဖြစ်မှ အဲဒီရည်းစားဟာ ကိုယ်တစ်သက်လုံး တူတူနေနိုင်တဲ့သူ ဟုတ်မဟုတ် ဆုံးဖြတ်နိုင်မယ်”... တဲ့။

ခု ... ဖြိုးအသက် နှစ်ဆယ့်ငါးနှစ်ပြည့်ပြီးပြီ။ နှစ်ဆယ့်ခြောက်ပေါ့။ ဒီအချိန်လောက်မှာ ကိုယ်နှင့် သင့်လျော်ရာရာ ကြည့်ရှု၊ တွေ့လျှင် ခွင့်တောင်း၊ တစ်ဖက်သားမိန်းမသား စဉ်းစားဖို့အချိန်ပေး၊ သူနှင့် ကိုယ်နှင့် ရည်းစားဖြစ်တာ တစ်နှစ်လောက်ကြာတော့ လက်ထပ်ကြ။ ဖြိုးက စီမံကိန်းသမားပါ။ အရာရာကို



စနစ်တကျ စီစဉ်ပြီးမှ အကောင်အထည်ဖော်တတ်သည်။ ဖြစ်ကတတ်ဆန်းမရှိ။ ဦးနှောက်သည် သူ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း အမြဲတစေ ဝန်ပိနေရရှာ၏။

“ခေါင်းကိုက်သလားဟင်၊ ဘီယာများ နည်းနည်းများသွားသလား”

ဖြိုးရယ်လိုက်သည်။

“ခြောက်ဘူးလောက်ထိ အေးဆေးပါ၊ ကိုယ့်အလုပ်ကိုက စီးပွားရေးသမားချင်း အမြဲတွေ့ဆုံပြောဆို စားသောက်နေရတယ်၊ အပြင်းစားလည်း မသောက်ချင်ဘူး၊ ဒီတော့ ဘီယာဟာ ကိုယ့်အတွက် ရေလိုပါပဲ၊ ရေထက်တောင် ပိုသောက်နိုင်ပါသေးတယ်၊ ရေကို ဘယ်သူမှ နှစ်ပုလင်း ကုန်အောင် မသောက်နိုင်ဘူး ...

“ထားပါလေ ... ကိုယ် တစ်ခုမေးချင်လို့ ရိုင်းရာများ ကျမလား၊ ဖြေချင်မှဖြေပါ၊ ရိုင်းသွားရင်လည်း ခွင့်လွှတ်ပါ”

“ဟုတ်ကဲ့ ... မမေးသင့်တဲ့ မေးခွန်းကို မေးတယ်လို့ထင်လည်း စိတ်မဆိုးပါဘူး၊ မသကာ မပြောရုံပေါ့”

“ကောင်းတယ် ... ကိုယ် မေးပြီနော်၊ မာလာက ဒီလိုပွဲမျိုးတွေကို သွားနေကျလား”

မာလာက ပြုံး၍ခေါင်းခါ၏။

“ဘယ်ပွဲ ဘယ်ခြံမှ မသွားပါဘူး၊ ဒီခြံတစ်ခြံထဲ ဒီခြံက ဒေါ်လေးပိုင်တာလေ၊ သိတယ် မဟုတ်လား၊ ဒေါ်လေးဆိုတာ ရွှေဖြိုးရဲ့အမေ”

www.burmeseclassic.com

www.burmeseclassic.com



"သိတယ်"

"ဒီခြံက လုပ်သမျှပွဲတိုင်း မာလာတို့ညီအစ်မ လာလေ့ရှိပါတယ်၊ ဒွေးဇော်တို့ ထူးဇော်တို့နဲ့လည်း ခင်နေတော့ တစ်ခါတလေ လိုအပ်ရင်လည်း ဝိုင်းလုပ်ပေးလိုက်တယ်၊ ဒီနိုင်ငံခြားသားက ခြံထဲမှာ သိပ်မှမဆူတာ။ အေးဆေးပဲ။ ဆူဆူပူပူသမားတွေက အပေါ်ထပ် တက်သွားကြပြီ"

ရွှေဖြိုး ဆိုသော မိန်းမ၏မျက်နှာကို ကွက်ခနဲမြင်မိပြန်၏။ ဆူဆူပူပူသမားတွေထဲ ရောနှောခုန်ပေါက်နေပြီပေါ့။ သူ့ဂါဝန်လား စကတ်လားမသိသော အဆင်တန်ဆာကြီး ဖိုးရိုးဖားရားနှင့် တိုးနယားကြီး ယိမ်းထိုးသလို ဘယ်လောက်အမြင်ကတ်ဖွယ် ဖြစ်နေလေမလဲ။

"ပြီးတော့ ဖေဖေလည်း လာကူရတယ်လေ"

"မာလာ့ ဖေဖေ"

"ဟုတ်ပါတယ်၊ ဖြစ်တော့ ဖြစ်ခဲ့တယ်ပေါ့၊ တချို့မြန်မာလူငယ်တွေ အပေါ်ထပ်လည်းမတက်၊ ခြံထဲမှာ နည်းနည်းပါးပါး ပွဲဆူရင် ချော့မော့ရတာပေါ့၊ နည်းနည်းပါးပါးပွဲထိန်းဖို့ လူကြီးတစ်ယောက်အနေနဲ့ ရှိပေးတာပါ၊ အဲဒါကြောင့် မာလာတို့ညီအစ်မ လာကြတာ"

"ညီအစ်မ ..."

"ဟုတ်တယ်၊ ရွှေဖြိုးက မာလာနဲ့ ညီအစ်မတစ်ဝမ်းပဲကွဲတာ။ ဖေဖေနဲ့ ဒေါ်လေးက မောင်နှမအရင်း၊ ရွှေဖြိုးက မာလာ့ထက် ခြောက်လလောက်ငယ်တော့ မာလာ့ညီမပေါ့၊ ညီအစ်မဆိုပေမယ့် ရွှေဖြိုးက ချမ်းသာပြီး မာလာက ဆင်းရဲပါတယ်"



"ညီအစ်မဆို ..."

"ညီအစ်မတိုင်း ကံချင်းဘယ်တူနိုင်ပါ့မလဲ။ ဒေါ်လေးရဲ့ ခင်ပွန်းက အရမ်းချမ်းသာပါတယ်၊ ဒေါ်လေးတို့ ဖေဖေတို့က ဆင်းရဲတယ်၊ ရွှေဖြိုးဖေဖေနဲ့ လက်ထပ်မှ သူဌေးကတော်ဖြစ်ရတာဆိုတော့ ရွှေဖြိုးတို့ စည်းစိမ်က မာလာတို့နဲ့ မဆိုင်ဘူးလေ။ ခုလည်း မာလာတို့သားအဖက ရွှေဖြိုးတို့ဆီမှာ မှီခိုသူပါ"

"အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ ဒေါ်လေးကလည်း သဘောကောင်းတယ်၊ ရွှေဖြိုးကလည်း ကောင်းပါတယ်"

"စရိုက်ချင်း မတူဘူးနော်"

"ရွှေဖြိုးက နည်းနည်းပါးပါး ခေတ်မီတာပါ"

"ခေတ်မီတာ မဟုတ်ဘူး၊ ခေတ်ဆန်ပြီး ခေတ်ရှေ့က ကြိုပြေးနေတာ ခင်ဗျား ညီမ"... ဟု ပြောချင်၏။ အဒေါ်နှင့် ညီမအပေါ်မှာ ကျေးဇူးတင်ကာ အကောင်းမြင်နေသည့် သဘောဖြူမလေးအပေါ် ဖြိုး ခင်မင်စိတ်တွေ ဖြစ်ထွန်းရတော့သည်။ ခေါင်းခေါက်ရွေးမည် ... ဟူသည့် စိတ်ကူးကြောင့် မာလာလေးကို ခေါင်းခေါက်ခံစာရင်းထဲထည့်ဖို့ ရင်ထဲမှာ ကျိတ်တေးလိုက်သည်။ အားနာသလိုလိုတော့ရှိသား။ သို့ပေမဲ့ သူသိနိုင်တာမှတ်လို့။

"ခင်ဗျားကို ကျွန်တော် ခေါင်းခေါက်မယ့် စာရင်းထဲမှာ ထည့်လိုက်ပြီ"... လို့ ကိုယ်ကလည်း သွားပြောမှာမှမဟုတ်တာ။ တခြား မည်သူမျှလည်း ကုန်းသွားမတိုက်နိုင်ပါ။ ကုန်းတိုက်နိုင်မည့်ကြားလူဆိုလည်း ကိုယ်က ရင်ဖွင့်ပေါက်ကြားစေမှာမှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



"မာလာ ကျောင်းနေလား"

မေးပြီးမှ အားနာသွားမိသည်။ ခုမှသိရသော မိန်းမသားတစ်ယောက်အပေါ်၊ ကိုယ့်ဘာသာ စိတ်ကူးယဉ်ပြီး မေးခွန်းတွေ ထုတ်နေမိသည်။ ကလေးမလေးသာ ဆတ်ဆတ်ကြဲဆိုလျှင် ရိပ်မိသိရှိပြီး ဆတ်ဆတ်ခါသွားနိုင်သည်။ မိန်းမသားသိက္ခာကလေး ကျသွားနိုင်သည်။ မိန်းမသားမာနလေး ကျိုးပဲ့သွားနိုင်သည်။ ဖြိုးမှာ အဲသည်လို စာနာမှုလေးတွေရှိသည်။ အဲဒါကြောင့်မို့ ကိုယ့်ကိုယ်ကိုယ် "လူကောင်း"... ဟု ထာဝရယုံမှတ်သည်။ ကိုယ့်အိမ်ထောင်ဖက်ကို ကိုယ်က ဦးနှောက်နှင့် စဉ်းစားရွေးချယ်မည် ... ဆိုပေမယ့် အဲသည်လို စိစစ်ပြီးမှ ရွေးချယ်မှာကို မိန်းမသားမသိပါစေနှင့်။

သူမအတွက်ပါ။ ရှက်ရှာမှာစိုးလို့ပါ။

"ရွှေဖြိုးနှင့် တူတူပဲ၊ ဒုတိယနှစ်တွေပါ"

"ဒါဆို နှစ်ဆယ်စီလောက် ရှိကြဦးမှာပေါ့"

"နှစ်ဆယ့်တစ်စီပါ၊ မာလာက ပြည့်တော့မယ်၊ ရွှေဖြိုးက ဝင်ကာစရယ်"

"အသက်တူတူ စိတ်ဓာတ်ရင့်ကျက်ပုံချင်း အရမ်းကွာတယ်နော်"

"ဒါကတော့ အခြေအနေအရပါ၊ ရွှေဖြိုးက ကံကောင်းတယ်လေ"

"မာလာကရော ကံဆိုးလို့လား"

"ဆိုးတယ်တော့ မဟုတ်ပါဘူး၊ မကောင်းတာပေါ့"

"မာလာ့ မေမေရော"



"ဆုံးတာကြာပြီ၊ မာလာက ဒေါ်လေးအဆုံးအမနဲ့ ကြီးပြင်းရတာ၊ ဒေါ်လေးက မာလာတို့သားအဖကို ငယ်ငယ်ကတည်းက စောင့်ရှောက်လာတာပါ"

"ရွှေဖြိုးရဲ့အဖေကရော"

"မရှိဘူးလေ"

"ဆုံးပြီပေါ့"

"မဟုတ်ဘူး၊ အသက်ရှိထင်ရှား ရှိနေပါသေးတယ်၊ လူသာ တူတူမရှိတာ"

"မိဘချင်းက ကွဲနေတာလား"

"ဆိုပါတော့၊ မကွဲဘူးပြောလည်း ရပါတယ်၊ ရွှေဖြိုးအတွက် အရမ်းထောက်ပံ့ပါတယ်"

သူ့ဆွေမျိုးသားချင်း အကြောင်းလေးတွေဆို မကောင်းမပြောချင်၊ ကောင်းတာလေးတွေပဲ ရွေးပြောချင်နေသည့် သဘောဖြူမလေးဟူ၍ ခင်မင်မှုတစ်ရပ် တိုးရပြန်သည်။ မာလာ စကားပြောပုံက ဖြူစင်ရိုးသားနေ၏။ အထွေအငေါ့နှင့် အဆိုးမြင်ဝါဒမပါ။ သဘောကောင်း မနှောကောင်းဆိုတာ အကြာကြီးအကဲခတ်ဖို့မလို၊ တစ်ထိုင်တည်းလောက်မှာကို သိသာနေသည်။ သူ ... ဖြူစင်သူ ဖြစ်ချင်လွန်းလို့ တကူးတက ဟန်ဆောင်နေတာပါဆိုလျှင် သူ့ဟန်ဆောင်မှုကို အကယ်ဒမီပေးရပါတော့မည်။ ပိရိသေသပ်လွန်းလို့ပါ။ ဖြစ်နိုင်တာကတော့ တကယ့်ကို ရိုးရိုးစင်းစင်း သမားလေး။

"မာလာ့ဒေါ်လေးက သူ့သမီးတော့ သူ မဆုံးမဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



“ဒေါ်လေးက ဘယ်လိုနေ ဘယ်လိုထိုင်လို့ စည်းကမ်းချပြီး ဆုံးမတာမျိုးမဟုတ်ပါဘူး။ လောကသဘာဝ ဘယ်လိုရှိတယ်၊ ယောကျ်ားတွေက ဘယ်လို၊ မိန်းမတွေက ဘာသဘောထား၊ သမီးယောက်မတို့ ယောက္ခမတို့ကျတော့ ဘယ်လိုပေါ့လေ၊ အဲဒါမျိုးတွေ ပြောပြတာပါ ...

“အဲဒီပေါ် မူတည်ပြီး မာလာလည်း မာလာယူချင်တဲ့နည်းကိုယူ၊ ရွှေဖြိုးလည်း သူယူချင်တဲ့နည်းကိုယူ၊ တစ်ယောက်တစ်မျိုးပေါ့လေ”

လောကသဘာဝတွေ ပြောပြလို့ မာလာကတော့ သဘောပေါက်ပြီး ရွှေဖြိုးက ကန့်လန့်စိတ်ဝင်သွားတာလည်းဖြစ်နိုင်၏။

“ကိုယ် ... မာလာ့ကို မိတ်ဆွေရင်းချာလို ခင်ချင်တယ်၊ ဖြစ်မလား”

မာလာက ပြုံးလေ၏။

“ဒီလောက် မေးခွန်းတွေကို ဖြေခဲ့တာဟာ မိတ်ဆွေရင်းချာလိုခင်ပြီးသားမို့ မဟုတ်ဘူးလား”

“ဟုတ်သားပဲ၊ တို့ရဲ့တောင်းဆိုချက်က နောက်ကျသွားတယ်”

“မာလာကလည်း ဦးကြွယ်တာရာဖြိုးကို လေးစားအပ်သော အစ်ကိုကြီးတစ်ယောက်လို သဘောထားပါတယ်”

“ဦးကြွယ်တာရာဖြိုးလို့ပဲ ခေါ်နေတော့မှာလား”

“လေးစားလို့ပါလို့ ပြောပြီးပြီလေ”

“မာလာက တို့ထက် လေးငါးနှစ်လောက် ငယ်တယ်”



“အစ်ကိုကြီး ခေါ်စေချင်လို့လား”

“ဆန္ဒရှိရင်ပေါ့”

“ရှိပါတယ်၊ ကိုယ့်ထက် လေးငါးနှစ်လောက်ကြီးတဲ့ လေးစားအပ်သော ပုဂ္ဂိုလ်ကြီးကို အစ်ကိုကြီးလို့ခေါ်တာ ပိုပြီး သင့်တော်ပါတယ်၊ ဒါပေမဲ့ ကိုဖြိုးဆိုရင်လည်း ကောင်းတာပါပဲ”

“ကိုယ်တို့ ခင်သွားပြီးပြီနော်”

“ဟုတ်ကဲ့”

“ဖုန်းဆက်လို့ ရမလား”

“အဲဒါကျတော့ တစ်ခါတလေပေါ့နော်၊ ဒေါ်လေးကို အားနာလို့ပါ၊ မာလာ့မှာ အခွင့်အရေးတော့ ရှိပါတယ်၊ မာလာက သိတတ်ချင်တာပါ”

“အိမ်လာလည်ဖို့ရော”

“အဲဒါလည်း ဒေါ်လေး နည်းနည်းပါးပါး မျက်စိနောက်မှာ စိုးတာပါပဲ၊ ဒါပေမဲ့ လာလို့တော့လည်း ရပါတယ်၊ ဒေါ်လေးက မတားမြစ်ပါဘူး၊ ခွင့်ပြုပါတယ်”

“အင်း ... ရှိတော့ရှိတယ် ရှားတယ်ဆိုတာမျိုး ဖြစ်နေပြီ”

“ဒေါ်လေးက ဘာမှမပြောပါဘူး၊ မာလာက ဆင်ခြင်တာပါ”

“မာလာ ... ဒီလိုပဲ မြန်မာအင်္ကျီလေးတွေ အမြဲဝတ်လား”

“အမြဲဝတ်ပါတယ်”

“ဘာဖြစ်လို့လဲ”

“ဟင် ... ဘယ်လိုဖြေရမလဲ မသိဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ ဘလောက်စ်မဝတ်တာလဲလို့"

"ရယ်ဒီမိတ်တွေ အရမ်းဈေးကြီးလို့ မဝယ်နိုင်တာလည်း ပါပါတယ်"

"မာလာ့ ဒေါ်လေးက ဝယ်မပေးဘူးလား"

"ဒေါ်လေးက ဘယ်သူ့မှ ဝယ်မပေးပါဘူး၊ ပိုက်ဆံပဲပေး ပါတယ်၊ ကိုယ့်ဘာသာ ကြိုက်ရာဝယ်စနစ်ပေါ့"

မာလာလေးက မြန်မာအင်္ကျီဝတ်နေချိန်မှာ ဟိုအမျိုးသမီးကတော့ တိုးနယားဂါဝန်ကြီးတွေဆီ မျက်စိဝဲနေတာပဲဖြစ်မည်။

"ပြီးတော့ ... မာလာက မြန်မာဝတ်စုံကိုလည်း ပိုကြိုက်လို့ပါ"

"လှတယ်"

"နည်းနည်းတော့ ကျပ်တယ်"... ဆိုတာလေး ဖြည့်မပြောမိဖို့ အထူးထိန်းချုပ်လိုက်ရသည်။ တစ်ထိုင်တည်း ရင်းနှီးမှုက နည်းနည်းပါးပါးတောင် လွန်လွန်းနေပြီလေ။

"ကျေးဇူးတင်ပါတယ်၊ ဆောင်ပုဒ်လေးတွေ ခေါ်မလား၊ တချို့အိမ်တွေမှာ ချိတ်ဆွဲဖို့ စာတန်းလေးတွေရှိတယ်လေ။ ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရတာလေးနဲ့ ဝအောင်စား၊ တွေ့တဲ့သူနဲ့ တည့်အောင်ပေါင်း၊ ရောက်တဲ့အရပ်မှာ ပျော်အောင်နေ၊ ပြိုင်လာလျှင် အရှုံးပေး၊ နှလုံးအေးတဲ့ဆေး ... ဆိုတာ"

ဖြိုး ရယ်ရပြန်၏။ ဒီမာလာလေးနှင့် မိတ်ဆွေဖြစ်ရတာ တကယ်ပဲ နှလုံးအေးတဲ့ဆေးတစ်ခွက်ကို မှီဝဲရသလိုရှိချေ၏။ သူ့အလှကလေးကလည်း ရွှေရင်ကို အေးစေသည်။ မျက်နှာ



ပြင်ပေါ်ရှိ ပစ္စည်းတွေက အကောင်းစားကြီးတွေ မဟုတ်လှ။ မျက်နှာအခွံမှာ ပြားပြားဝိုင်းဝိုင်းနှင့် ခပ်ကြီးကြီးပေမယ့် အသားဆွတ်ဆွတ်ဖြူနေတာကိုကပဲ တပန်းသာလှပြီလေ။ ဟိုသူငယ်မကတော့ ဒွေးဖော်တို့ပြောသလို ညိုဝါဝါတောင်မဟုတ်။ ဒီနေ့ဆို ကြေးနီရောင်တောက်နေ၏။ ဘယ့်နှယ် အသားရောင်မှန်းမသိ။

အသားရောင်က မဖြူပေမယ့် သူ့မျက်နှာပြင်မှာ ဝက်ခြံ၊ မှဲ့ခြောက် စတာမျိုး အလျင်းမရှိ၊ အသားပြင်ကိုက ချောမွတ်ညက်နေကာ ဘဲဥပုံခပ်သွယ်သွယ် မျက်နှာလေးထဲမှာ ကကြီးနဖူးလေးက ခပ်ပြေပြေ။

နှာတံစင်းစင်း မျက်ခုံးသွယ်တန်းနက်နက်ကလေးနှင့် မျက်ဝန်းကလေးတွေ ရယ်နေကြတာကို အသေးစိတ်မြင်ယောင်မိတာကိုပဲ စိတ်တိုရပြန်၏။

အတွေးစတွေသိမ်းပြီး မာလာ့ဆီပဲ ပြန်ပို့ရသည်။ မာလာ့ကို မေမေမြင်လျှင် ဘာပြောမလဲ။ ဖေဖေမြင်လျှင် ဘာပြောမလဲ။

"တို့ပြန်ချင်ပြီ၊ နိုင်ငံခြားဖုန်းတစ်ခု ပြန်စောင့်စရာရှိတယ်၊ မာလာ နေဦးမှာလား"

"ပြန်တော့မယ်၊ စားတာသောက်တာက ပြီးသလောက်ဖြစ်နေပြီပဲ၊ ဘာမှကူလုပ်စရာလည်း မလိုတော့ဘူး"

"နိုင်ငံခြားသားဧည့်ခံပွဲများ မာလာတို့က လာကူလုပ်ပေးရတယ်လို့၊ ကြံကြီးစည်ရာ"

ဖြိုးက ပြောပြောဆိုဆို မတ်တတ်ထရပ်ကာ ခါးကို ဆန့်လိုက်၏။ သူ နှုတ်ဆက်ရမည့်သူများဆီ ဝေ့ဝဲကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေးက သူ့အိမ်ငှားနဲ့ ဆွေမျိုးလို ဖြစ်နေတာ"

"ကိုရီးယားနဲ့"

"ဟုတ်တယ်၊ နေလာတာလည်း လေးနှစ်ဆက်တိုက်လေ။ မြန်မာနဲ့ နိုင်ငံခြားသားဆွေမျိုးလို ခင်သွားတာ၊ ဒေါ်လေးနဲ့ သူ့အိမ်ငှားပဲ ရှိသေးတယ်"

"ဘယ်ဘာသာနဲ့ ပြောကြလဲ"

"အင်္ဂလိပ်လို"

"မာလာ့ ဒေါ်လေးက ..."

"ဒေါ်လေးက အင်္ဂလိပ်စကားပြောနိုင်ပါတယ်၊ ရွှေဖြိုးအဖေ ရှိကတည်းက စပီကင်(Speaking)တက်ထားတယ်တဲ့"

"မာလာရော"

"ဟင့်အင်း ... ရှက်တာနဲ့ပဲ ပြောမထွက်ပါဘူး"

"ရွှေဖြိုးရော"

မေးမိပြန်ပါပြီ ... ဟု ကိုယ့်ပါးစပ် ကိုယ်ရိုက်ချင်စိတ်နှင့် နှုတ်ခမ်းတောင် ကိုက်လိုက်မိသလားထင်၏။

"ရွှေဖြိုးလည်း မွတ်လို့ပဲ"

"ဟုတ်မှာပါ"

စိတ်ထဲပျက်သွားရသည်။ အပေါ်ထပ်က မြူးကြွသံစဉ်တွေထဲ ခုန်ပေါက်ကနေမည့် မိန်းမဟာ အင်္ဂလိပ်စကားမွတ်နေခြင်းဖြင့် သူ့အတွက် ပညာတစ်ရပ် တိုးလေခြင်းရယ်လို့ ဂုဏ်ယူစရာမရှိပါ။ သူ ... ကဲချင်တိုင်း ကဲနိုင်ဖို့အတွက် ပံ့ပိုးမှုတစ်ခုသာ ဖြစ်နိုင်၏။ အင်္ဂလိပ်လိုပြောမှ လူရာဝင်သည်ထင်သော အသိုင်းအဝိုင်းမှာ၊ ပြီးတော့ တကယ့် နိုင်ငံခြားသားစစ်စစ်တွေ



ကြားထဲမှာ ဒီမိန်းမ တရွှတ်ရွှတ်မှုတ်ပြီး ဘယ်လောက်များ ခုန်ပေါက်မြူးကြွ သောင်းကျန်းမှုများ ပြင်းထန်နေလိမ့်မလဲ။

"လိုက်ပို့ခဲ့ရမလား"

"ကိုဖြိုးဆန္ဒရှိရင်လေ"

"အိမ်ထိလား"

"ကိုဖြိုး ဆန္ဒရှိရင်လေ"

နှစ်ယောက်သား ရယ်ဖြစ်၏။ ဖြိုးက နှုတ်ဆက်ရမည့်သူတွေကို လျှောက်နှုတ်ဆက်သည်။ ပြီးတော့ မာလာနှင့်တူတူ ယှဉ်လျက် မာလာတို့ခြံပေါက်ဝဆီ ပို့ပေးသည်။ ဖြိုးကို အဲသည်လောက်ကလေးတောင် မိန်းမသားတစ်ဦးနဲ့ယှဉ်တွဲရှိနေတာမျိုး မတွေ့ဘူးသည်မို့ ပြူးတူးပြဲတဲ စိုက်ကြည့်သူတွေက ကြည့်၏။ ဖြိုး ... ကိုယ့်ကားပေါ် ကိုယ်ရောက်တော့ စိတ်လက်တွေက ပေါ့ပါးလန်းဆန်းနေ၏။ ဆယ်ကျော်သက်ကလေးလို ငယ်စိတ်ငယ်သွေးဝင်ကာ လေကလေးတောင် ချွန်မိ၏။

အမှတ်မထင် တိုက်ဆိုင်ခြင်းဟာ ရေးရေစက်ပေလားမသိ။ မာလာလေးက အတွေးထဲမှာ ပါလာသည်။ ရင်အေးရပါဘိခြင်း။ မြန်မာဝတ်စုံနှင့် မိန်းကလေး။ တကယ့် မြန်မာမလေး။ အသားအရေ ဖြူဖြူဖွေးဖွေးနှင့်။ မကြာမီ ဘွဲ့လေးတစ်ခုတော့ ရရှာမည်။ ပိုက်ဆံမချမ်းသာတာကို ပိုလို့သဘောကျသည်။ ဒါမှ ကိုယ့်ဩဇာကိုက်မှာ။ ရိုကျိုးနာခံမှာ။ ချမ်းသာနေလျှင် သူကလည်း သူ့မာနနှင့်သူ အပြိုင်အဆိုင်တွေ ရှိဦးမည်။

ကျေနပ်ကြည်နူးဖွယ်လေးပါလား မာလာရေ။

✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

"မာလာ"ဆိုသော ကိုယ့်နာမည်ကစလို့ ကိုယ်စိတ်ပျက်ရသည်။ ခေတ်မီသလိုလိုနှင့် တောဆန်သည်ဟုထင်၏။ ခေတ်ကလည်းမီချင်၊ မီလည်းမမီတတ်၊ တောင်မရောက်မြောက်မရောက်နှင့် မှည့်ထားသောနာမည်ဟုထင်၏။ သည်နာမည်ကို ပြောင်းပစ်ချင်သည်။

"သွားလေသူ သမီးမေမေကိုယ်တိုင် မှည့်ခဲ့တဲ့နာမည်လေး သမီးရယ်၊ သမီးလေးက စံပယ်ပန်းလေးလို ဖွေးဖွေးဆွတ်ဆွတ်နဲ့ လှလွန်းလို့တဲ့။ မာလာဆိုတဲ့နာမည်လေးက ကောင်းသားပဲ၊ ဘုမမှမဟုတ်တာ၊ သမီးက ဘာလို့မကြိုက်တာလဲ"... တဲ့။

အဖေစိတ်မကောင်းတာနှင့် မပြောင်းဖြစ်တော့တာပါ။ အဖေ့ကို သနားသည်။ ချစ်တာထက် သနားတာကပို၏။ အဖေ့တစ်ယောက်တည်း သီးသန့်ဆိုလျှင် ဒီလောက် သနားချင်မှသနားမည်။ ဒေါ်လေးနှင့်ယှဉ်၍သာ သနားနေရခြင်းဖြစ်၏။ ဒေါ်လေးက ကျိုကျိုတက်အောင် ချမ်းသာပြီး အဖေက မွဲတေလန်နေ၏။ မောင်နှမအရင်း။ စည်းစိမ်ဥစ္စာနှင့် အကျိုးပေးက ဒီလောက်



ကွာသည်။ တကယ်ဆို တစ်မိဝမ်းဆင်းချင်းတူတူ ဒေါ်လေးလောက် မဟုတ်တောင် တန်းတူနီးပါး ကံကောင်းပါတော့လား။

"ကိုစောနောင်က အရမ်းချမ်းသာတာ၊ တင်တင်ဦးကလည်း တွေ့တဲ့အတိုင်း၊ တော်တော်လေး လှတယ်လေ။ အနေအထိုင်လေးကလည်းလိမ္မာ။ အိမ်တွင်းမှုကလည်း နိုင်နင်း၊ ကိုစောနောင်အမေ ကိုယ်တိုင်ကလည်း သဘောကျ၊ သူဌေးချွေးမ သူဌေးကတော်ဖြစ်တော့ ချမ်းသာပြီပေါ့ကွယ်"

အဖေက ငြိမ်းအေးလွန်းသည်။

လွန်လွန်းအောင်ကို အေးသည်။ အေးသည့်ဘဝမှာ ကိုယ့်တစ်ဝမ်းတစ်ခါးအတွက် လုပ်ကိုင်စားဖို့ မတတ်သည်ထိကို အေး၏။ မာလာ မှတ်မိသလောက် အဖေ ဘယ်စီးပွားရေးတစ်ခုကိုမှ ဖောက်ချပြီး မလုပ်ခဲ့ပါ။ မိသားစုစားဝတ်နေရေးအတွက် အဖေ ပိုက်ဆံမရှာခဲ့ပါ။ အမေကချည်း အလုပ်မျိုးစုံလုပ်၍ ရှာခဲ့ဖွေခဲ့ရ၏။ ဒေါ်လေးကလည်း ထောက်ပံ့၏။ ယောက်မထောက်ပံ့မှုပေါ်မှာ ရင်းနှီးကာ၊ တစ်ခါတလေတော့လည်း အရင်းထဲမရောက်မီ ဝမ်းစာဖြစ်သွားတာမျိုးနှင့် အမေကပဲ မိသားစုစားဝတ်နေရေးကို ဖန်တီးခဲ့ရသည်။ အမေနှင့်ယှဉ်တော့ အဖေက လုံးဝသနားဖွယ်မရှိ။

"မိန်းမတစ်ယောက်ကိုချစ်ရုံ ထိုင်ချစ်နေတတ်ပြီး၊ ပြောသမျှ ဆိုသမျှ ထုမလား ဆဲဝံ့မကား သည်းညည်းခံ၊ ဒီလောက်သာတတ်တဲ့ ယောကျ်ားမျိုးကို တစ်သက်ရှောင်ပါအေ"... တဲ့။

"အပြင်ထွက်ပြီး ပိုက်ဆံရှာပါလား ဆိုတော့လည်း မရှာတတ်၊ ဒါဖြင့် ကျုပ်ထွက်ရှာမယ်၊ ရှင်က ထမင်းလေးတစ်

www.burmeseclassic.com

www.burmeseclassic.com



နပ်တော့အဆင်သင့်ချက်ထားပါဆိုတော့ စိတ်ဆိုးတယ်၊ ဆိုးသာဆိုးတာ အမေ့ကို ရန်မလုပ်ပါဘူး ...

"အဝတ်ကျတော့ရော၊ အမေလျှော်မပေးမချင်း မချွတ်တမ်းဝတ်တော့တာပဲ၊ ကြေးထုတက်ပြီး စုတ်ထွက်ကုန်ရင် ဖျာလိပ်ပတ်နေမယ့်လူမျိုး၊ ဝယ်မပေးလည်း မပူဆာဘူး၊ အေးတော့ အေးပါရဲ့ သူအေးတာက ပူတာထက်ဆိုးတယ်"တဲ့။

"မိန်းမဆိုတာ အပြင်ထွက်ပြီး ဝင်ငွေရှာရသည်ဖြစ်စေ၊ မရှာရသည်ဖြစ်စေ၊ အိမ်မှုကိစ္စတော့ ဘယ်တော့မှမလွတ်ဘူး၊ ပိုက်ဆံအများကြီးရှာနိုင်လို့ ကူဖော်လောင်ဖက် ထားနိုင်လည်း ဈေးဝယ်တာနဲ့ စီမံရတာနဲ့တော့ ကျန်တာပဲ၊ အိမ်ဖော်က မီးပူတိုက်ပေးရင် မိန်းမက ဗီရိုထဲသွားထည့်ပေးရမှာပဲ ...

"ဝတ်ဖို့အင်္ကျီထုတ်မပေးရင် တမင်ရွဲ့သလားမှတ်ရတယ်၊ ဖွထားတာ၊ ပုဆိုးပုံမှာ စွပ်ကျယ်ရောက်၊ ရှပ်အင်္ကျီထဲ ပုဆိုးရောက်နဲ့၊ အဲဒါကို အိမ်ဖော်ရှင်းခိုင်းလို့ မသင့်တော်ပေဘူး၊ ကိုယ့်ဘာသာ လုပ်ရတယ်"... တဲ့။

မာလာတို့ ဆင်းရဲမွဲတေလှသည် ဆိုပေမယ့် ပျဉ်ထောင်အိမ်ကလေးနှင့် ဧည့်ခန်းမှာ ကြိမ်ဆက်တီလေးနှင့် အဖေ့အတွက် အဝတ်ဗီရိုတစ်လုံး၊ မာလာတို့သားအမိအတွက်တစ်လုံး၊ ရေဒီယိုကက်ဆက်ကလေးက တစ်လုံးရှိသေးသည်။ ဒေါ်လေးဝယ်ပေးထားတာတွေပါ။

အိမ်ထဲမှာသာဈေးဖိုးမရှိလို့ ဆန်ညံ့ထမင်းကို ငါးပိရည်ဆမ်းစားချင် စားနေရမည်။ အများအမြင်မှာတော့ သပ်သပ်ရပ်ရပ်ကလေး။



"နီဂိုးချုပ်လိုက်တော့ သမီးရယ်၊ ပိုက်ဆံ အရှာကောင်းတဲ့သူဌေးကိုသာ ရှာယူပါ။ ကိုယ့်ယောကျ်ားဖြစ်လာရင် သူဌေးရလည်း ကိုယ်ကကျွန်ပဲ၊ အစုတ်အပြတ်ရလည်း ကိုယ်ကကျွန်ပဲ၊ ကျွန်ဖြစ်ရတဲ့ကြားထဲက ထမင်းဖိုးထွက်ရှာရရင် နွားလပ်ဖြစ်ရမယ်ဦးမယ်၊ ဒါပဲ ... ဒါပဲ၊ အမေပြောတာမှတ်"... တဲ့။

"တခြားမကြည့်နဲ့၊ ညည်းဒေါ်လေးကိုကြည့်"တဲ့။

မှန်လိုက်လေ။ ဒေါ်လေး ယောကျ်ားအရတော်လို့ သူဌေးမကြီး ဖြစ်ရတာလေ။

"အချစ်ဆိုတာ ရည်းစားဘဝမှာ ပျော်ဖို့သက်သက် ခဏခံစားရတဲ့ သာယာမှုပဲ သမီးရဲ့။ အိမ်ထောင်ရယ်လို့ ဖြစ်လာတဲ့အခါမှာ စားဝတ်နေရေး မပြေလည်ရင် အဲဒီအချစ် ဘယ်လိုက်ရှာရမှန်းတောင် မသိဘူး။ ပျောက်ပျက်သွားလိုက်တာ တစ်စစီလိုက်ကောက်ချင်လို့တောင် အပဲ့အရွဲ့ အစအန မကျန်ဘူး၊ အလကားပါ။ အချစ်ဆိုတာ တကယ့်ကို အလကား။ ညည်းအမေလောက် ကျုပ်ကိုချစ်တဲ့သူ ရှိဦးမလား ...

"ကိုစောင်နောင်က ညည်းဒေါ်လေးကို ဘယ်မှာချစ်တော့လို့လဲ။ ဒါပေမဲ့ ကျုပ်က ဆင်းရဲစုတ်ပြတ်သလောက် တင်တင်ဦးက စည်းစိမ်နဲ့ နေရတယ်၊ တကယ်တော့အေ အချစ်ဆိုတာ တကယ့်အလကားမှ အလကား၊ ကိုင်တွယ်ဖဲ့ရွဲ့ပြီး စားလို့ရတာလည်း မဟုတ်ပါဘူး"... တဲ့။

အမေ ... ဘဝနှင့်ရင်း၍ရခဲ့သော ဒဿနတွေ မာလာ့နားထဲမှာ ငုတ်စိုက်ထားသလို၊ တင်းတင်းကျပ်ကျပ်နာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျင်ကလေး စွဲထင်နေခဲ့တာ မာလာ့ တစ်သက်လုံးပါပဲ။ အမေဆုံးတော့ ဒေါ်လေးက အတူလာနေဖို့ခေါ်၏။

"မာလာလေးလည်း ရွှေဖြိုးနဲ့ ကျောင်းတူတူတက်ရအောင်"... တဲ့။

အဲသည်ကတည်းက မာလာ ဒေါ်လေးအိမ်ပေါ်ရောက်သည်။ ဒေါ်လေးတို့ တိုက်ကြီးပေါ်မှာ နေရသည်။ ကျောင်းကိုကားစီး၍ တက်ရသည်။ ဒေါ်လေးထံမှ မုန့်ဖိုးရသည်။ ဒေါ်လေးကို ကျေးဇူးတင်ပါသည်။ သို့ပေမဲ့ နေ့ရှိသရွေ့ ဒေါ်လေးနှင့်ယှဉ်ပြီး အဖေ့ကိုသနားမိသည်။ ရွှေဖြိုးက သူဌေးသမီးပေမယ့် အရင်းအခြာမရှိသူမို့ တစ်ဝမ်းကွဲအစ်မကို ချစ်ရှာ၏။ အဆင့်အတန်းခွဲခြားတာမျိုးမရှိ။ ညီအစ်မပေမယ့် အသက်ချင်းမကွာလှသည်မို့ သူငယ်ချင်းလိုနေသည်။ သူငယ်ချင်းပေါင်း ပေါင်းလျက်၊ ဘာမဆိုဆိုးတိုင်ပင် ကောင်းတိုင်ပင်ရှိ၏။ အဖေမသိစေချင်တာ၊ ဒေါ်လေးမသိစေချင်တာတွေ ညီအစ်မနှစ်ယောက် သိုသိုသိပ်သိပ် ဖုံးဖုံးဖိဖိရှိသည်။ စည်းလုံးသည်။

ဒီအတွက် ရွှေဖြိုးကို ကျေးဇူးတင်ရပါ၏။ သို့ပေမဲ့ ကိုယ့်ကိုယ်ကိုယ် သနားရတော့သည်၊ ကိုယ့်ကံဟာ ရွှေဖြိုးကံနှင့်စာတော့ ဆီးစေ့နှင့် မြင့်မိုရ်တောင်လောက် ကွာခြားနေသည်။ ရွှေဖြိုးလို ကံကောင်းသည့် သားသမီးမျိုးကို မွေးထုတ်လျက် ကိုယ့်မျိုးဆက်ကလေး တည်တံ့စေဖို့ရာမှာ ဒေါ်လေးလို ကံကောင်းမှဖြစ်မည်။ မာလာကိုယ်တိုင် ဒေါ်တင်တင်ဦးလိုဖြစ်မှ၊ မာလာ့ရင်သွေးကလေးတွေကျ ရွှေဖြိုးလို ဖြစ်လာမည်။ ဒေါ်လေးလိုယောကျ်ားမရှိတော့ရော ဘာအရေးလဲ။ အချစ်ဆိုတာ သမီးရည်းစား



ဘဝမှာ ခဏပျော်ဖို့ ခံစားကြတဲ့ သာယာမှုအသေးအဖွဲလေးမို့ မာလာ့လက်ထပ်ရေးမှာ အရေးမပါသောကဏ္ဍသာလျှင် ဖြစ်ချေ၏။

"ဟိတ် ... ဈေးမွှေမယ်၊ လိုက်မလား"

"မလိုက်ချင်ဘူး"

"ဟာကွာ ... ဘာဖြစ်လို့လဲ"

"မျက်စိရှေ့မှာ လိုချင်တာတွေ တွေ့နေရင် စိတ်ဆင်းရဲမယ်၊ ကိုယ့်ဘဝကိုယ် စိတ်ပျက်မယ်၊ အမေယောကျ်ားယူညံ့တယ်လို့ အပြစ်တင်ရမလား၊ အဖေ ပိုက်ဆံမရှာဘူးလို့ အပြစ်တင်ရမလား၊ ဘယ်သူ့မှ အပြစ်မတင်ချင်တာနဲ့ ကိုယ့်ဘဝကိုယ်ပဲ မကျေနပ်၊ ပစ္စည်းမဲ့ဒေါသတွေထွက်၊ ကွန်ပလက်(Complex)ဝင်တယ် ရွှေဖြိုးရဲ့"

"ဟယ် ... မာလာရယ် ဖြစ်စရာလား"

"ရွှေဖြိုးတို့ ဒေါ်လေးတို့ကျေးဇူးက တို့အပေါ်မှာ ရှိသင့်တာထက် အများကြီးပိုပုံနေတာနော်၊ ကျေးဇူးကန်းတာမဟုတ်ဘူး၊ ဒီရင်ထဲက ခံစားမှုကလည်း သူ့ဘာသာဖြစ်တာဖျောက်လို့မရဘူး"

မာလာ့ကို ရွှေဖြိုး အရမ်းနားလည်သည်။ မာလာနှင့်ရွှေဖြိုးက သူငယ်ချင်းဆိုလည်းဟုတ်၊ ညီအစ်မဆိုလည်းမှန် အလွန်အမင်းရင်းနှီးကာ တစ်ယောက်နှင့်တစ်ယောက် နားလည်ကြလွန်းသည်။ ရွှေဖြိုးအပေါ် မာလာ နားလည်ပေးရတာတွေလည်းအများကြီးပါ။

ဒေါ်တင်တင်ဦးက မုန့်ဖိုးပေးရာတွင် မာလာ့အတွက် မနည်းလှပါ။ သို့ပေမဲ့ ထိုမနည်းလှသော မုန့်ဖိုးသည် အလျှံပယ်

www.burmeseclassic.com

www.burmeseclassic.com



သုံးဖြုန်းနေဖို့ထိတော့ မလောက်ငပေ။ မာလာက ထပ်မတောင်းချင်၊ သင့်တာထက် ပိုနေပြီ။ ရွှေဖြိုးကတော့ ဗီရိုထဲ သူ့မိခင်ပိုက်ဆံထားသည့်နေရာမှ စိတ်တိုင်းကျ ယူသုံးခွင့်ရထားသူဖြစ်၏။ ရွှေဖြိုး၏သုံးနိုင်စွဲနိုင်နှုန်းကို မာလာ ဘယ်လိုလိုက်လို့ မီမှာလဲ။ ဤနည်းနှင့် မာလာ ပါတိတ်ကြိုက်မလေး၊ တရုတ်ပိတ်ကြိုက်မလေး ဖြစ်လာသည်။ မြန်မာအင်္ကျီရင်စေ့လက်တို၊ လက်ရှည်လေးတွေက ဘလောက်စ်ပွပွကားကားကြီးတွေ ချုပ်တာလောက် ပိတ်စမကုန်၊ နိုင်ငံခြားမှဝင်လာသော ဖာအံထပ်ထပ်နှင့် ရယ်ဒီမိတ် (Ready Made အသင့်ဝတ်)တွေလောက် ပိုက်ဆံမကုန်။ ပြီးတော့ ချပ်ချပ်ရပ်ရပ်ရှိတာ ကိုယ်လုံးအလှလည်း ပေါ်လွင်၏။

ဘလောက်စ်တွေ၊ ဂါဝန်တွေ၊ စကတ်တွေ၊ ပတ်ထဘီတွေ၊ စကတ်ထဘီတွေကြားထဲမှာ အရိုးဆုံးမို့ အဆန်းဆုံးပြန်ဖြစ်ကာ အမြင်ထူးပြီး ရှားပါးအလှလေးလည်း ဖြစ်ရသည်။ မြန်မာဆန်ပါပေ့ ... ဆိုသည့် ချီးကျူးမြှင့်တင်မှုကိုလည်း ခံရသည်။ အဘက်ဘက်မှ အဆင်ပြေသည်မို့ မာလာသည် သိပ်ဈေးမကြီးသော ပါတိတ်ဝမ်းဆက်ကလေးတွေ၊ တရုတ်ပိတ်ဝမ်းဆက်ကလေးတွေ၊ ရှမ်းပိုးပွင့်ရိုက် ဝမ်းဆက်ကလေးတွေနှင့် တင့်တယ်နေရတော့သည်။

"မာလာက ဗမာအင်္ကျီလေးတွေချည်း ဝတ်တယ်နော်"

သူများတွေပြောလာလျှင် မာလာ ပြုံးနေလိုက်သည်။

"မာလာက မြန်မာအင်္ကျီပဲ ကြိုက်တယ်၊ ချပ်ချပ်ရပ်ရပ်ရှိတယ်၊ ပွပွယောင်းယောင်းဆိုရင် မာလာက စိတ်အိုက်တတ်လို့"



"ကိုယ်လုံးအလှလေး ပေါ်တာပေါ့"

"ဒီလောက်ထိတော့ မရည်ရွယ်ပါဘူး၊ မာလာကိုက ချပ်ရပ်တာကို သဘောကျတာပါ"

"လူကြီးကြိုက်ပေါ့၊ သားရှင်တွေ မျက်စိကျမယ်"

"ကျွတ်ကျသွားရင်လည်း ကောက်တပ်ကြမှာပါ၊ မာလာက ရွေးချယ်ခံစာရင်းထဲထည့်ပြီး ပါဝင်ယှဉ်ပြိုင်မှာမှ မဟုတ်ဘဲ"

"ဟင်း ... အပျိုကြီး လုပ်မလို့လား"

"စိတ်ကူးမရှိပါဘူး၊ နှလုံးသားက လှုပ်ရှားလာတဲ့တစ်နေ့မှာ အချစ်ကို ကိုးကွယ်မှာပါ"

သည်ဝါကျတွေကို လူကြားထဲမှာ ပြောပြခဲ့ပေမယ့် မာလာ့အိမ်ထောင်ရေးအတွက် မာလာ ပုံစံတစ်ခုကို ချမှတ်ထားပြီးဖြစ်ပါသည်။ အိမ်ထောင်ရေးမှာ နှလုံးသားသည် အရေးမပါ။ ဦးနှောက်နှင့်သာ ရွေးချယ်ပါမည်ဟူ၍။

"ပြောရင် ရွှေဖြိုးက မာလာကို အထင်သေးမလား မသိဘူး၊ ပြောလည်း ပြချင်တယ်၊ မကဲ့ရဲ့နဲ့နော်"

မာလာက ရှက်ကိုးရှက်ကန်းလေး ပြောလိုက်သည်။

"ဘာလို့ကဲ့ရဲ့ရမှာလဲ၊ ကောင်းရင် မြှောက်တောင်ပေးဦးမှာ"

"ဒါဖြင့်လည်း မြှောက်ပေးတော့"

"မြှောက်မယ်၊ ပြောတော့"

"မာလာ အပျိုကြီးလုပ်ဖို့ လုံးဝစိတ်မကူးဘူး"

"ဟာ ... ဟ"

ရွှေဖြိုးက မအောင့်နိုင်စွာ ရယ်ချ၏။

"မရယ်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... ဆက်ပြော"

"မာလာ ကောင်းကောင်းနေချင်တယ်၊ ရနိုင်ခဲ့တဲ့ လူ့ဘဝကြီးကို ရောက်လာပြီးမှ ဆင်းရဲတွင်းထဲမှာ ရုန်းကန်နေရရင် လူဖြစ်ကျိုး ဘယ်နပ်တော့မလဲ"

"ဒီတော့ ဘာလုပ်ချင်လဲ"

"သူဌေးကိုယူမယ်၊ သူဌေးတစ်ယောက်ယောက်နဲ့ နီးစပ်ပြီး လက်ထပ်ခွင့်ရဖို့ မာလာ ကြိုးစားမယ်၊ ပြီးတော့ အိမ်ရှင်မပီသစွာ တစ်သက်လုံး သစ္စာရှိမယ်၊ မာလာတို့ သားအဖရဲ့ ဆင်းရဲသားမျိုးဆက်ကို မာလာ့လက်ထက်မှာ ဖြတ်ချခဲ့မှုကို ဖြစ်မယ်"

"အဲဒီသူဌေးက သစ္စာမရှိရင်ရော"

ရွှေဖြိုး အံကလေးကြိတ်၍ ပြောလိုက်သည်။

"ဒီတော့လည်း ဒေါ်လေးလို ကိုယ့်အတွက် ကျန်အောင် ယူထားလိုက်မှာပေါ့"... ဆိုသည့် ဝါကျကို မာလာ ပြောမထွက်ပါ။ မပြောသင့်ဘူးဟု ထင်သည်။ ခုကိုပဲ ရွှေဖြိုးက မျက်ကြောလေး တင်းနေပြီ။

"ဒီတော့လည်း ကံပေါ့ကွယ်"

သူငယ်ချင်းညီအစ်မက စကားပြောလျှင် နင်တွေငါတွေနှင့် ပြောသည့်အခါ ပြော၏။ တစ်ခါတစ်ရံ ကိုယ့်နာမည်လေးတွေ ကိုယ်ထည့်ပြောပြီး ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ပြောကျင့်လည်းရှိသည်။ မာလာက ပို၍သိမ်မွေ့သေးသည်။ ရွှေဖြိုးကမှ တစ်ခါတလေ၊ သူ စိတ်ဆောင်လျှင် ဆောင်သလို ဝုန်းဝုန်းဒိုင်းဒိုင်းလေးတွေ ရှိတတ်သေးသည်။



"ရွှေဖြိုး ... မာလာ့ကို အထင်သေးလား"

"ဟင့်အင်း"

ရွှေဖြိုးက သနားလို့တောင် သွားရသေးသည်။ မာလာ့ရှေ့မှာ ဒေါ်တင်တင်ဦးကို တွေ့နေရသည်။ ရွှေဖြိုးကို တွေ့နေရသည်။ သူ့သမီးကလေးဟာ သူ့လို အားငယ်စိတ် သိမ်ငယ်စိတ်နှင့် ကိုယ့်ဘဝကိုယ် မကျေမနပ် ဖြစ်နေရမှာမျိုး သူ စိုးရိမ်ရှာမည်လေ။ သူ့သမီးကလေးကို ရွှေဖြိုးလို စိတ်သွားတိုင်းကိုယ်ပါထင်တိုင်းကြံနိုင်ခွင့်မျိုး သူပေးချင်မည်လေ။ ပြီးတော့ ... သူကိုယ်တိုင် မေမေ့နေရာမျိုးမှာ နေရမည်ဆိုလျှင်လည်း နေချင်ပုံပါ။

"မိန်းမဆိုတာ ယောကျ်ားရသွားတဲ့ဘက်နဲ့ တိမ်ညိုမည်းကြီးထဲကျသွားတဲ့ လမင်းလေးလို လပေပုပ်ဖမ်းခံရသလို အနှောင်အဖွဲ့ အမှိုင်းအမှုန်ထဲ ကျရောက်သွားရတာပဲ။ တချို့က ဝေယျာဝစ္စတွေနဲ့ မှုန်မှိုင်းနေတယ်၊ တချို့က စီးပွားရေးနဲ့ပဲ မှောင်နေတယ်၊ တချို့က လူမှုရေးနဲ့ မှုန်ရီနေတယ်။ တစ်ခုမဟုတ် တစ်ခုပဲဆိုတော့ အဲဒီ မှိုင်းမှုန်ပြာရီထဲမှာ ဆင်းရဲနွမ်းပါးစွာ အမှောင်ကျနေရမှာနဲ့စာရင် စည်းစိမ်နဲ့ပဲ မှိုင်းမှောင်နေတော့မယ်"

ပြောပြီး မာလာက ရှက်ကိုးရှက်ကန်းလေး ရယ်နေသည်။ သူ့လက်ကလေးတစ်ဖက်က သူ့နှုတ်ထွက်စကားတွေကို မလုံမလဲ လိုက်ဖုံးနေ၏။

"သူဌေးဆိုတဲ့ လူကောင်းတစ်ယောက်ကို အားကိုးနိုင်ခွင့်ရဖို့အတွက် အဲဒီသူဌေးက ကိုယ့်ကို မျက်စိကျအောင် ကိုယ်က ဗိုင်းကောင်းကျောက်ဖိလေးလည်း နေပေးရမ၏

www.burmeseclassic.com

www.burmeseclassic.com



ဆုံနိုင်ဖို့ အခွင့်အလမ်း ရေးတေးတေးမြင်ရင်လည်း လမ်းကြောင်းထင်ရှားသွားအောင် ကိုယ်ကပဲ ကြိုးစားရမယ်၊ မာလာ အဲဒီအတွေးအခေါ်တွေ ခေါင်းထဲရှိနေတာ ရက်စရာကောင်းလားဟင် ... ရွှေဖြိုး"

"မကောင်းဘူး"

"မာလာ့ကို အထင်သေးလား"

"မသေးဘူး"

"ကဲ့ရဲ့လား"

"ဟင့်အင်း"

"တစ်ခုခုတော့ ပြောဦးလေ"

"မာလာ ကောင်းကောင်းနေနိုင်ဖို့ ကောင်းကောင်းသုံးစွဲစားသောက်နိုင်ဖို့၊ ရနိုင်ခဲ့တဲ့ လူ့ဘဝသက်တမ်းတိုလေးထဲမှာ စည်းစိမ်နဲ့ နေနိုင်ဖို့အတွက် သူဌေးတစ်ယောက်ရရေးစီမံကိန်းကလွဲပြီး တခြားမရှိနိုင်တော့ဘူးလား"

"မရှိနိုင်ဘူးထင်တယ်"

"ကိုယ့်အားကိုယ်ကိုးပြီး ကြိုးစားမယ်"

"သုညကစပြီး သူဌေးကြီးတွေ တက်ဖြစ်သွားကြတာ တစ်သောင်းတစ်ယောက်၊ တစ်သိန်းတစ်ယောက်ပါ ရွှေဖြိုးရယ်၊ ကိုယ့်အားကိုယ်ကိုးပြီး တက်သွားနိုင်တာကို ပြောတာနော်၊ အချောင်ရရင်တော့ တစ်မျိုးပေါ့၊ မာလာက အချောင်လည်း မလိုချင်ပါဘူး၊ ကြိုးစားလို့ ဖြစ်ထွန်းမယ့် စာရင်းထဲလည်း ပါမယ်မထင်ဘူး"

"ဥပမာ ... မေမေ ကူညီပံ့ပိုးမယ်"



"အဲဒီထိလည်း မာလာ မျှော်လင့်မထားပါဘူး"

"တို့ရမယ့်ထဲက တစ်ဝက်တိတိ ခွဲပေးမယ်"

"ဟင့်အင်း"

"ယောကျ်ားယူမှ ဖြစ်မယ် ဆိုပါတော့"

"ရွှေဖြိုး စဉ်းစားကြည့်လေ၊ ဒေါ်လေးလည်း ပြောပါတယ်၊ မိန်းမတွေက လောကထဲမှာ တစ်ယောက်တည်းနေလို့မရဘူးတဲ့၊ ပိုက်ဆံ ဘယ်လောက်ရှိရှိ၊ ပညာဘယ်လောက်တတ်တတ်၊ ယောကျ်ားမရှိရင် လူရိုသေ ရှင်ရိုသေမဖြစ်ဘူးတဲ့၊ အဲဒါကြောင့် အစ်ကိုနဲ့တူတူနေမှဖြစ်မယ်၊ အစ်ကိုအုပ်ထိန်းသူရှိပါတယ် ဆိုတာမျိုး ဖြစ်ချင်တာလို့ ဖေဖေ့ကို ပြောခဲ့တာလေ"

"ဒါတော့ ဟုတ်တာပေါ့"

"အိမ်ဦးနတ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကိုလည်း မရှာမဖြစ်ရှာရမယ့်တူတူလေ"

ရွှေဖြိုးနှင့်တော့ ဆန္ဒချင်းမညီချေ။ သို့ပေမဲ့ ရွှေဖြိုး မဝေဖန်ခဲ့ပါ။ မာလာ့မှာ သူ့ခံစားချက်နှင့်သူ၊ သူ့သိမ်ငယ်စိတ်နှင့်သူ၊ အားငယ်ချင်သည့် နေရာတွေမှာ အားငယ်ပြီး မာနရှိသည့် နေရာတွေမှာ ရှိနေမှာဖြစ်သည်။ ကိုယ်နှင့် ဆန္ဒချင်းမညီပေမယ့် မာလာ့ဆန္ဒက တားမြစ်လောက်အောင် ဆိုးဆိုးဝါးဝါးကြီးလည်း ဟုတ်မှမဟုတ်တာ။

"အချစ်ကို ထည့်မတွက်တော့ဘူးလား"

"ဟင့်အင်း ... အချစ်ဆိုတာကို သိပ်မယုံကြည်ပါဘူး ရွှေဖြိုးရယ်၊ ယောကျ်ားတွေ ချစ်တယ်ဆိုတာလည်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်သားကို ချစ်တာလား၊ သူတို့ကိုယ်သူတို့ ချစ်တာလား သိပ်မသေချာပါဘူး၊ အဖေ့ကိုကြည့်လေ”

ဒီအဖေ ဒီအမေမှ ပေါက်ဖွား၍ ဒီအဒေါ်အိမ်မှာမှီခို၊ ဒီညီမနှင့် ဆွေမျိုးစပ်နေရသော မာလာ၏ရင်ထဲမှာ စူးနစ်ခိုင်မြဲနေသည့် ခံစားမှုသည် ဒီလောက်တော့ ခါးသီးတန်ရာပါပေ၏။

“မာလာ့ကို မွေးလာတော့ အိမ်မှာကူဖော်လောင်ဖက်လည်း မရှိဘူး။ ဆေးရုံတက်တုန်းက ဒေါ်လေး ထမင်းပို့လို့စားရတာတဲ့။ အိမ်ပြန်ရောက်တော့ မိန်းမနဲ့သမီးကို ချစ်လွန်းလို့ဆိုပြီး အနားကမခွာဘူး၊ တကယ်မခွာတာ။ မိန်းမ နေကောင်းလားလို့ နဖူးကို ငါးမိနစ်တစ်ကြိမ်လောက် စမ်းတယ်၊ ကလေးကိုလည်း ငုံ့နမ်းလိုက်ရတာ တစ်မိနစ်တစ်ကြိမ်လောက် ရှိမယ်တဲ့ ...

“လူပိုမရှိတဲ့အိမ်မှာ မိန်းမက မီးနေသယ်ဖြစ်နေတော့ ထမင်းလေးတစ်အိုး ထတယ်ပါလား၊ သူလည်း ဘာအလုပ်မှ ရှိတာမဟုတ်ဘူး၊ ပိုက်ဆံကတော့ ဒေါ်လေးပေးထားလို့ရှိတယ်တဲ့၊ အချိန်တန်တော့ မီးနေသယ်က ဗိုက်ဆာရော၊ ကိုဘဦး ထမင်းဆာပြီဆိုတော့ ...

“ငါလည်း ဆာပြီတဲ့။ ထမင်းရအောင် ဘယ်လိုမှ ထမလုပ်ဘူး၊ မချက်ချင်ရင်တော်င် သွားဝယ်ပေါ့။ အမေက မီးတွင်းထဲမှာ အော်ငိုတာ ဟိုဘက်အိမ် ဒီဘက်အိမ်က ကလေးသေလို့ ငိုတယ်မှတ်ပြီး ပြေးလာရတယ်တဲ့”

“နောက်တော့ ဘယ်လိုစားဖြစ်သွားလဲ”



“အဖေပဲ သွားဝယ်တယ်၊ ထမင်းရော ဟင်းရော၊ ဒါတောင် ဝယ်ရတာ ရှက်လွန်းလို့တဲ့၊ ချိုင့်ကိုင်ရတာလည်း ရှက်တယ်တဲ့၊ ဝယ်နေမကျတော့ ကြောင်အမ်းအမ်းကြီးတဲ့၊ ဝယ်လာတဲ့ဟင်းကလည်း သူစားချင်တဲ့ဟင်း၊ ဝက်သားနဲ့ ခရမ်းချဉ်သီးနဲ့အစပ်ချက်၊ အအီပြေဖို့ ချဉ်ပေါင်ရွက်ကြော်၊ အရေမပါဘူးတဲ့”

ရွှေဖြိုးက အော်ရယ်ပေးလိုက်သည်။ အဲဒီ ဘကြီးတစ်ယောက် ရိုးလွန်းအားကြီးပြီး အ,သလိုဖြစ်တော့ နံ့တဲ့အဆင့်ထိ လျှောဆင်းရာမှာ ဘီးတပ်ဆီထည့်ပြီး တွန်းချသလိုဖြစ်တာက “အပျင်းထူခြင်း” လေ။

“ထမင်းဝယ်လာပြီး စားပြီးတော့လည်း မိန်းမနဲ့ကလေးနားပဲ ထိုင်နေတာပဲ။ အနီးကမလောက်တော့ အမေပဲ မီးတွင်းထဲ ထလျှော်ရတယ်တဲ့”

“မာလာ့မေမေက မလျှော်ခိုင်းဘူးလား”

“ခိုင်းတယ်၊ မလျှော်တတ်ဘူးတဲ့”

“မလျှော်ဘူးလား”

“ဟင့်အင်း”

မေမေ ပြောဖူးပါသည်။ သူ့အစ်ကိုဦးက သားကြီးမို့ အဘွားက အချစ်လွန်ပြီး ဘာမှမခိုင်းရက်လောက်အောင် ပေါ်ကြော့ထားခဲ့တာတဲ့။ ပင်ကိုအပျင်းထူနှင့်ပေါင်းတော့ ဘာမှမလုပ်ချင်မလုပ်တတ် မလုပ်ဖြစ်တော့ဘူးပေါ့တဲ့လေ။

“မိန်းမနဲ့ ကလေးကိုတော့ စက္ကန့်မလပ် ထိုင်ချစ်နေတာပါပဲ။ ဒီတော့ ယောကျ်ားတွေ ချစ်တယ်ဆိုတာ ဘာကိုချစ်

www.burmeseclassic.com

www.burmeseclassic.com



တာလဲ၊ ဘယ်လိုချစ်တာလဲ၊ သူတို့အချစ်ကို ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုရမလဲ၊ မိန်းမကို ချစ်လွန်းလို့ မိန်းမလျှော် ပေးတဲ့အကြိမ် ဝတ်ချင်တယ်ဆိုတဲ့ ယောကျ်ားတွေရဲ့အချစ် ကို ဘယ်ရှုထောင့်က ယုံကြည်ပေးရမလဲ ရွှေဖြိုးရယ်၊ ရွှေဖြိုး ကဲ့ရဲ့ချင်ကဲ့ရဲ့၊ မာလာ့မှာ အချစ်မရှိဘူး၊ ဘယ် သူ့စိမ်းကိုမှလဲ မချစ်ချင်ဘူး၊ သူစိမ်းယောကျ်ားတစ်ယောက် ရဲ့အချစ်ကို ...

"ညာတာ ကြင်နာခြင်းကြီးစွာနဲ့ ခံယူရရှိလိမ့်မယ် လို့လည်း ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး၊ မာလာ့အတွက် တော့ အိမ်ထောင်ရေးမှာ အချစ်မလိုဘူး၊ အချစ်မပါလို့ ရတယ်၊ ပါလည်း သိပ်အကြောင်းထူးမယ် မထင်ဘူး။ အဓိကကျတာက ...

"စားဝတ်နေရေး ဖူလုံဖို့နဲ့ လူ့သက်တမ်းတိုတိုလေး ထဲမှာ မကြောင့်မကြ နေသွားနိုင်ဖို့ပဲ၊ သုံးချင်တာသုံး၊ လှူချင်တာလှူ၊ အဖေ့ကိုလည်း ကောင်းကောင်းထားနိုင် ချင်တယ်၊ ဒီလောက်ပဲ"

ရင်ထဲကအတွေးနှင့် ခံယူချက်တွေကို ရွှေဖြိုး တစ် ယောက်ကိုပဲ မာလာ ဖွင့်ပြောခဲ့သည်။ ဒေါ်လေးကိုလည်း မပြော ပါ။ ဒေါ်လေးရှေ့မှာ ပြောမိလျှင် မျက်နှာပူ အားနာစရာကိစ္စတွေ ရှိသည်။ အဖေ့ကိုလည်း မပြောပါ။ စင်စစ် ... ဤခံယူချက်ကြီး စွဲမြဲလာရတာကိုက အပျင်းထူသော အဖေ့အပေါ်မှာ မြစ်ဖျားခံခဲ့ သည်။ အဖေ့အကြောင်း မပါဘဲ ဤကိစ္စကို ဆွေးနွေးလို့မရသည် မို့ ဘယ်ပြောလို့ ဖြစ်မှာလဲ။ ခံယူချက် ဘယ်လိုပဲရှိရှိ၊ အဖေ့



အကြောင်းကို အမေက ဘယ်လိုပဲ ပြောခဲ့ ပြောခဲ့၊ ပြောသမျှလည်း အမှန်တွေချည်းမို့ လက်ခံခဲ့ပေမယ့် ...

မာလာ့အဖို့ အဖေဟာ အဖေပါပဲ၊ အဖေ့ကိုချစ် သည်။ အဖေ့ကို အမေ အပြစ်တင်တာတွေ မှန်သည်ဟု အမေ့ဘက် လိုက်ပေမယ့် ကိုယ်တိုင်ကတော့ အဖေ့ကို အပြစ်မတင်ရက်ခဲ့ပါ။ အဖေစိတ်ချမ်းသာစွာ ဘာမှမလုပ်မကိုင်ရဘဲ နေစေချင်သည်။ ကိုယ်အိမ်ထောင်သည်ဘဝရောက်လျှင် အဖေ့ကို အိမ်ဦးခန်းမှာ ဘာမျှမလုပ်စေရဘဲ ဇိမ်နှင့်ထိုင်စားရဖို့ ထားခွင့်ရချင်၏။ အဖေ့ကို အမေက အရည်အချင်းမရှိဘူးဟု ပြောခဲ့တာမှန်သည်ဟု ရင်ထဲမှာ လက်ခံခဲ့ပေမယ့် မာလာ အဖေ့ကို အားကိုးမှာပဲဖြစ်၏။ ချစ်စရာ အားကိုးစရာ အနေနှင့်လည်း ဒီအဖေတစ်ယောက်ပဲ ရှိပါလေ၏။

ဒီအကြောင်းတွေ မာလာက ရွှေဖြိုးကို မကြာခဏ ပြောရင်း ကိုယ့်ရင်ထဲက အတွေးကျပ်ကျပ်လေးတွေကို ပါးကျဲစေ ရပါ၏။

"အဖေက ဘာမှမလုပ်ဘူးပဲထား၊ အိမ်ဦးခန်းမှာ ငုတ်တုတ် ကြီးရှိနေရင်ပဲ မာလာ အားရှိလှပြီ"

"အဲဒီလို အဖေကို ပြုစုချင်တဲ့စိတ်ကြောင့် မာလာ အိမ် ထောင်ရေး ကံကောင်းမှာပါ၊ မိဘအပေါ် ကျေးဇူးသိတတ် တဲ့ သားသမီးဟာ အိမ်ထောင်ရေးမှာ အမြဲ အောင်မြင်တယ်"

"ရွှေဖြိုးလည်း အဲဒီလို သိမ်မွေ့နော်"

မာလာ မရဲတရဲ ပြောကြည့်၏။ ရွှေဖြိုးက မဲ့ပြုံးတစ် ချက်ကို ဖွင့်သည်။ ရွှေဖြိုးက အဖေမုန်းဝါဒသမား မဟုတ်ပေမယ့် အမေ့ဘက်ပင်းကာ အဖေ့ကို စိတ်ဆိုးနေသူ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အမေက ပြောခဲ့တယ်၊ ယောက်ျားဆိုတာ ဘယ်တစ်ယောက်မှ စင်းလုံးချော မကောင်းဘူးတဲ့။ တစ်ယောက်တစ်မျိုး လူဆိုးကြီးပဲတဲ့။ မာလာတို့အဖေက ဝေယျာဝစ္စလည်းမလုပ်၊ ပိုက်ဆံလည်းမရှာဘူး"

"ဒါပေမဲ့ သစ္စာရှိတယ်လေ၊ ဇနီးနဲ့သမီးကို သိပ်ချစ်တယ်လေ"

"ရွှေဖြိုးတို့အဖေကျတော့ ရွှေဖြိုးတို့သားအမိ တစ်သက်လုံး ဘာမှမလုပ်ဘဲ ထိုင်စားနိုင်အောင်၊ ဆွေမျိုးဉာတကာလည်း စောင့်ရှောက်ကူညီနိုင်အောင်၊ အိမ်ဖော်တွေထားပြီး ဇိမ်နဲ့နေနိုင်အောင် စည်းစိမ်ချမ်းသာ၊ စိန်ရွှေငွေတွေ အများကြီးထားခဲ့တယ်လေ"

"ဒါပေမဲ့ သစ္စာမရှိဘူး၊ ဇနီးကိုမချစ်တော့တာ ထားပါတော့၊ ပြောကြကြေးဆို လင်မယားဟာ သူစိမ်းသက်သက်တွေ၊ ဆွေမျိုးမှ မတော်တာ၊ ပြတ်နိုင်တယ်ထား၊ ရွှေဖြိုးက သူ့သမီးအရင်းခေါက်ခေါက်ပါကွ"

"အဲဒါကို ပြောမလို့ပါ၊ ရွှေဖြိုးဖေဖေက ရွှေဖြိုးကို ရက်စက်ချင်တာတော့ ဘယ်ဟုတ်ပါ့မလဲ၊ ဒေါ်လေးနဲ့ သံယောဇဉ်ပြတ်တော့ ရွှေဖြိုးက အမေနဲ့ကျန်ခဲ့တာမို့ အဖျားခတ်ပါဝင်သွားတာပါ"

"ထားပါတော့"

"အမေ့စကားအရပေါ့နော်၊ ယောက်ျားဆိုတာ တစ်ယောက်တစ်မျိုး ဆိုးကြတာချည်းပဲဆိုတဲ့အထဲမှာ ရွှေဖြိုးအဖေဆိုးပုံက ရွှေဖြိုးတို့သားအမိ စည်းစိမ်နဲ့ကျန်ရစ်ခဲ့တာမို့ အများကြီးတော်ပါတယ်လို့ ..."



"ကိုယ့်အဖေ ကိုယ်စိတ်မနာဘဲ တစ်နေ့မှာ အိမ်ဦးခန်းတင်ပြီး ရှိသေပူဇော်နိုင်ဖို့ စိတ်ထဲမှာ အမြဲထားကွာ"

ရွှေဖြိုး မဲ့ပြုံးတစ်ချက် ပြုံးပြန်၏။

"မာလာကတော့ အဲဒီ စိတ်ကောင်းလေးကြောင့် တစ်နေ့မှာ မာလာ့ဆန္ဒတွေ အကောင်အထည်ပေါ် အောင်မြင်မှာပါပဲ"

"ရွှေဖြိုးလည်း သဘောကောင်း မနောကောင်းပဲဟာ၊ သူငယ်ချင်းတွေ ဆွေမျိုးတွေကြားထဲဆို မာလာ့ထက်တောင်ပိုပြီး သဘောကောင်းသေးတယ်၊ အနစ်နာလည်းခံတယ်၊ ကူညီတယ်"

"အင်း ... အဖေကို စိတ်ဆိုးနေတာတစ်ခုကြောင့် အဲဒီငရဲကို ဘယ်ပုံစံနဲ့ လှည့်ခံရမလဲဘဲ တွေးကြောက်တယ်"

"ဒါဆိုလည်း ဒေါသပြေလိုက်လေ"

"ဖြေတာပဲ၊ မပြေဘူး။ ခုဆို ဖုန်းမဆက်တာတောင်ကြာပြီ"

"ရွှေဖြိုးကရော"

"မဆက်ပါဘူး"

"ကိုယ်က လူငယ်၊ စ,ဆက်မှပေါ့"

"သူကလူကြီး၊ စ,ဆက်ပစေ"

"သူလို့မပြောနဲ့လေ"

"ဖမည်းတော်ကြီးက ဖုန်းဆက်မှ ပြန်ပြောတော့မယ်၊ သမီးတော်ကတော့ စ,မဆက်ရေးချ ဝစ္စပေါက် ဝဆွဲ နောက်ပစ် မဆက်"

www.burmeseclassic.com

www.burmeseclassic.com



မာလာက ရွှေဖြိုးကို လှမ်းရိုက်လိုက်သည်။ တခိခိ ရယ်၏။ ရွှေဖြိုးလည်း ရောရယ်သည်။ ဖြစ်နိုင်လျှင် ဒီရွှေဖြိုးဆိုတဲ့ ငယ်နာမည်ကြီးကိုတောင် ဖျောက်ချင်တာ။ ဖေဖေ ခေါ်ခဲ့တာလေ။ ခုတော့လည်း လူတကာကလည်း ဝိုင်းခေါ်၊ ကိုယ်ကိုယ်တိုင်ကလည်း နှုတ်ကျိုး။ ရွှေဖြိုး။ ရွှေဖြိုးနဲ့။ စိတ်ကြီးများတောင် ပျက်ပါရော။ တကယ်ဆို ရွှေဖြိုးနာမည်အပြည့်အစုံလေးက သိပ်လှတာ။ မေမေမှည့်တာ။ အဲဒါ ဖေဖေဖျက်ဆီးပြီး ရွှေဖြိုးလုပ်သွားတာ။ ကိုယ့်နာမည် အပြည့်အစုံကိုတောင် ကိုယ်မေ့နေလို့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် မိသားစုသန်းခေါင်စာရင်းထဲ ပြန်ဖတ်ကြည့်ရသည်။ နာမည်လေးက လှတပတလေ။

"ရွှေရည်သွန်းဖြိုး"... တဲ့။

✦ ✦



## အခန်း(၄)

"မြန်မာအစားအစာ ကောင်းကောင်းစားချင်သည်" တဲ့။

"မြန်မာထမင်းဟင်းလား၊ မြန်မာမုန့်တွေလား"

"ဟင့်အင်း ... အဲဒါတွေ ဟိုတစ်ခေါက်တုန်းက စားပြီးပြီ။ မြန်မာပြည်မှာ ရက်စတော့ရင့်တွေ အများကြီးရှိနေပြီ မဟုတ်လား၊ အဲဒါတွေက ချက်ပြုတ်တဲ့ အစားအစာကို ပြောတာ၊ မြန်မာစားသောက်ဆိုင်များမှ ချက်ပြုတ်သော တရုတ်စာ"

အဲသည် ဂျပန်ပုဂ္ဂိုလ်တစ်ဦးဟာ အစားအသောက် တော်တော်လေးမက်၏။ ရန်ကုန်သို့ တစ်နှစ်တည်း သုံးခေါက်လာရသည်။ ဖြိုးတို့ကုမ္ပဏီနှင့် လုပ်ငန်းချင်းဆက်သွယ်နေသည်မို့ ဖြိုးတို့သားအဖနှစ်ယောက် အထူးသဖြင့် "ဖြိုး"က ဧည့်ခံရ၏။ ပထမဆုံးအခေါက်တုန်းက ဆမ်းမစ်ပါ့က်ဗျူး(Summit Park View)မှာ တည်းခိုပြီး၊ အဲသည်လို ရောမဟိုတယ်ကြီးတွေဆီသို့ တစ်နေ့တစ်နေရာ လိုက်စားသည်။ ဒုတိယအခေါက်မှာကျတော့ သူပဲ

www.burmeseclassic.com

www.burmeseclassic.com



ကတ်ကတ်သပ်သပ် စုံစမ်းလာခဲ့နိုင်ပါဘိခြင်း။ ဖြိုးတောင် မကြားဘူးသေးသော မြန်မာထမင်းဆိုင် သပ်သပ်တွေကို သူက နာမည်ထုတ်ပြောပြီး သွားစားခဲ့သည်။ ချဉ်ရည်ဟင်းလည်းစား အုန်းနို့ခေါက်ဆွဲလည်းစားနှင့် ဗိုက်ပျက်ပြီး ဝမ်းတွေသွားလို့တောင် ဆေးကုလွတ်လိုက်ရသေးသည်။

ခုတစ်ခေါက်ကတော့ တည်းခိုခန်းမပါသော စားသောက်ဆိုင်သီးသန့်တွေမှ အချက်အပြုတ်များ ... တဲ့၊ သိမ်ကြီးဈေးခေါင်မိုးပေါ် တင်ပေးလိုက်ရုံနှင့် တစ်နေ့ တစ်ဆိုင် ကြိုက်သလိုစား၊ လိုအင်ဆန္ဒပြည့်ဝစေနိုင်မည်။ ဒီ့ထက်မက ရက်ကြာရှည်နေသေးလျှင်တော့လည်း နေရာအနှံ့ပေါ့လေ။

"ဒီနေ့ ဘယ်သွားမလဲ"

တစ်နေကုန် လုပ်စရာရှိသော အလုပ်ကို တကယ်လုပ်ပါ၏။ ညနေမှောင်တာနှင့် ရှိသမျှအလုပ် အကုန်လုံး ခေါင်းထဲမှာ တစ်စတစ်မျှင် မကျန်အောင်ထုတ်ပြီး စားသောက်ဖို့ပဲ သူ့မှာ စိတ်ကူးရှိတော့သည်။ အဲသည်အချိန်မှာ အလုပ်အကြောင်း သွားပြောလျှင်ရတောင် စိတ်ဆိုးလေ၏။

"ခင်ဗျားတို့ မြန်မာတွေ အဲဒါခက်တာပဲ၊ ကိုယ့်နားချိန်မှာ အလုပ်ကိုခေါင်းထဲသွင်းတော့ အလုပ်ချိန်မှာလည်း နားဖို့ စိတ်ကူးဝင်လာလိမ့်မယ်"... တဲ့။

အတုယူစရာပဲဟု ဖြိုး မှတ်ထားလိုက်ရလေ၏။ ဖြိုးမှာတော့ မြန်မာထမင်းဟင်းစစ်စစ်၊ ချဉ်ရည်ဟင်းနှင့် ငါးပိတို့စရာ ကြိုက်တတ်သူမို့ ဟိုတယ်စာတွေ နေ့တိုင်းလိုက်စားနေရတာ အီလှည်ီလှပါပြီ။



"ကောင်မလေးတွေ သီချင်းဆိုတဲ့ဆီ သွားမယ်"

သူကလည်း အလာကြီး။ သူ ဒီညတော့ ပန်းကုံးစွပ်ခြင်းမှာ ငွေဖြုန်းတော့မည်ထင်၏။

✦ ❦ ✦

ဂုဏ်ခံရပါလျှင် ...

ဖြိုး နည်းနည်းပါးပါး ရှက်နေသည်။ မြန်မာမိန်းကလေးပါ ... ဟု ကိုရွှေဂျပန်ကြီး သိထားသော မြန်မာမကလေးက ကိုယ်ကျပ်ဂါဝန်လေးနှင့်။ ဒူးကိုဖုံးသည်ဆိုရုံ ဒူးတိလေးနှင့်။ ခက်တာက သူတို့ဆိုနေသော သီချင်းကို ကြိုးကြီးချိတ်လုံချည်ဝတ်ဖို့လည်း မလွယ်။ သီချင်းက မြူးကြွသည်။ ခုန်သွက်သည်။ အဆိုတော်မလေးက သီချင်းဆိုရင်း ခြေထောက်တစ်ဖက်ကိုဆောင့်ရ၏။ နှစ်ဖက်လုံး စုံခုန်တာလည်းပါသည်။ ခန္ဓာကိုယ်ကို ခါးနေရာမှာ ဖြတ်ပစ်လိုက်ပြီး အပေါ်ပိုင်းက တစ်မျိုးတွန့်၊ အောက်ပိုင်းက တစ်မျိုးလိမ် အဲသည်လိုလည်း လုပ်ရ၏။ လက်နှစ်ဖက်ကလည်း ဆန့်လိုက် ကွေးလိုက် ကောက်လိုက်။ အပေါ်မြှောက်လိုက်၊ အောက်စိုက်လိုက်၊ ခေါင်းခများလည်း အေးအေးဆေးဆေး မနေရ။

ဘယ်တော့ လည်ပင်းရိုးကျိုးမလဲ စိတ်ပူစွာစောင့်ကြည့်နေရသည်။ ဦးခေါင်းတစ်ခုလုံးကို သယ်မ,ထားရသည့် ရိုးညှာတံနှင့်တူသော လည်တိုင်သည် ရှေ့နောက်ဝဲယာအဆက်အောက် ချာလပတ်ယမ်းအောင် ခါနေရသည်မို့ နှာခေါင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ရှုသွင်းလိုက်သည့် အောက်ဆီဂျင်တွေ အဆုတ်ဆီသို့ ဘယ်လမ်းကြောင်းမှ သွားကြမည်တောင် တွေးလို့မရ။ ကိုရွှေဂျပန်ကြီးကတော့ ပါးစပ်မပိတ်နိုင်အောင် သွားအဖော်သားနှင့် သဘောအကျကြီးကျလျက် ရှိလေ၏။

"ပန်းကုံးစွပ်မယ်"

ပြောတော့သာ ပန်းကုံးစွပ်မယ်၊ ပန်းအိုးကြီးလည်း မ,ပြီး အဆိုတော်မလေးရှေ့မှာ သွားချသည်။ ကောင်တာပေါ်မှ အရုပ်ကြီးကို "ဒါဘယ်လောက်လဲ"မေးပြီး အဲသည်အရုပ်ကြီးလည်း သွားပေး၏။ နောက်ပိုင်းမှာတော့ ပါသမျှငွေလည်း တော်တော်ကုန်ပြီထင်သည်။ နှင်းဆီခက်ကလေးတွေပဲ ဝယ်တော့ကာ တစ်ခက်ချင်း တစ်ခက်ချင်း တက်တက်ပေးနေပြန်သည်။ ဖြိုးစိတ်ညစ်ညူး နောက်ကျိစွာ စားသောက်ရင်း အခုသီဆိုနေကြသည့် မိန်းကလေးတွေဟာ မြန်မာမကလေးတွေမဟုတ်ရင် ဘယ်လောက်ကောင်းမလဲဟု တွေးဖြစ်နေတော့သည်။

"ကျေးဇူးပြု၍ နားဆင်ပါရှင်"

အဲဒါမျိုးကြားရလျှင် ခါတိုင်းဆိုနေကျ အဆိုတော်မဟုတ်သော သူတစ်ယောက်ယောက် နာမည်ကြီးအဆိုတော်တစ်ယောက်ယောက် ဆိုတော့မည်ထင်သည်။ တစ်ခါတစ်ရံမှာ ဟိုတယ်မှာ ဆိုနေကျမဟုတ်သော နာမည်ကြီးအဆိုတော်တွေ လာစားသောက်ခိုက်နှင့်ကြုံလျှင် သီဆိုချီးမြှင့်ပေးဖို့ ဟိုတယ်မှ မေတ္တာရပ်ခံပေးတတ်သည်။

"ယခုလာရောက်အားပေး စားသောက်ချီးမြှင့်နေကြသော ပရိသတ်တွေထဲမှာ ..."



ဘယ်အဆိုတော်များ ရောက်နေသလဲ ... ဟု ဖြိုးကိုယ်ကိုမတ်၍ ခေါင်းကို ဝေ့ဝဲကြည့်လိုက်သည်။

"ရွှေရည်သွန်းဖြိုး ... တဲ့"

ကြားထဲမှ မေတ္တာရပ်ခံသော စကားတွေကို မကြားလိုက်ရပါ။ ရွှေရည်သွန်းဖြိုးဆိုတာပဲ ကြားလိုက်ရသည်။ ဖြိုးကသီချင်းဝါသနာပါသူမို့ အဆိုတော်အားလုံးကိုသိသည်။ ရွှေရည်သွန်းဖြိုးဆိုသော နာမည်ကိုတော့ ဖြိုး မကြားမိသေးပါ။ နာမည်မကြီးသေးဘူးလား။ အဲဒါဆိုလျှင်လည်း သူ့ကိုချီးမြှင့်ပေးဖို့ ဘာကြောင့်ခေါ်တင်ရသလဲ။

"ဟိုက်"

လန့်ဖျပ်တောင် သွားရသည်။ လက်စသတ်တော့ မရွှေဖြိုး၊ ထုံးစံအတိုင်း သူ့တစ်ကိုယ်လုံး ရှုပ်ပွနေသည်။ ဂါဝန်လား စကတ်လားမသိ၊ ခပ်ပွပွ ခပ်ကားကားကြီးက ခြေသလုံးအလယ်နားလောက်ဆီမှာ ပွပွကြီးဝဲလျက် အပေါ်ပိုင်းမှာ ထုံးစံအတိုင်း အတိုတစ်ထပ် ထပ်ဝတ်ထားတော့ ကိုယ်အပေါ်ပိုင်းမှာ အင်္ကျီက နှစ်ထပ်လား သုံးထပ်လားမသိ ပွယောင်းကြီး၊ ဇာမျှင်တွေကလည်း သူ့ဒီဇိုင်းပေါ်လွင်စွာ အသွယ်သွယ် အချောင်းအချောင်း၊ ဖရိုဖရဲကျချင်တိုင်းကျလျက်၊ ကျောလယ်လောက်ရောက်နေသည့် ဆံပင်တွေကို ဖားလျားချရာမှာ ဒီတိုင်းမချဘဲ စပရင်ခွေလို အလိမ် အလိမ်လုပ်ပြီး ချထားတော့ ပိုလို့တောင် အရုပ်ဆိုးကာ ဖြိုးမျက်စိထဲတော့ သရဲမလား ထင်တော့သည်။

"ဖြောင်း ... ဖြောင်း"

www.burmeseclassic.com

www.burmeseclassic.com



ဘာစိတ်ကူးပေါက်မှန်းမသိသော ကိုရွှေဂျပန်က
လက်ခုပ်တွေ ထတီးနေသည်။

"သီချင်းဆိုဖို့ကောင်းတယ်"

"ခု ဆိုနေတာပဲ"

"မဟုတ်ဘူး၊ ဆီးရီးထုတ်ဖို့ပြောတာ၊ စတိတ်ရှိုးဆိုဖို့ပြော
တာ၊ အသံက အရမ်းကောင်းတာပဲ"

"သူက ဟိုတယ်တွေမှာ ဆိုနေကျလား"

"မဟုတ်ဘူး၊ လျှောက်စားနေကျ၊ သူ့အသံကောင်းမှန်း
ဆိုတတ်မှန်းသိတော့ သူ့ကိုမြင်ရင် သိတဲ့လူတွေက ပွဲထ,ထ
တောင်းတယ်"

"ဆိုတာပဲလား"

"ဆိုတာများတယ်"

"တော်တော်ကောင်းတယ်"

"အင်း"

နောက်နားမှ စားပွဲဝိုင်းဆီက ဝေဖန်သံကို ဖြိုး
ကြားလိုက်ရသည်။ ဖြိုးကတော့ မျက်စိနောက်ခတ်ခံကြောင့်
သေသေချာချာတောင် နားစွဲအောင် နားမထောင်ဖြစ်ပါ။

"ကောင်းတယ်"

ဂျပန်ကြီးက တံတောင်ဆစ်နှင့်တွတ်၍ ပြောမှပဲ
သူ့ဘက် တည့်တည့်လှည့်ကြည့်လိုက်ဖြစ်တော့သည်။

I know, she is waiting
I know, she waits for me
under the lover's moon.



သည်သီချင်းကို ဖြိုး သိပ်ကြိုက်ပါသည်။ အိမ်မှာ
ရေချိုးရင်းဆိုဖြစ်သည်။ သူ ဆိုနေတာ တော်တော်လေးကောင်း
ပါသည်။ လေယူလေသိမ်း၊ အင်္ဂလိပ်အသံထွက်လည်း ကောင်း၏။
ပင်ကိုသံကလည်း ချို၏။ အဆိုပညာကိုလည်း တတ်ကျွမ်းပုံရ
သည်။ သူ့မျက်နှာပေးကလည်း သရုပ်ဆောင်တစ်ယောက် ဖြစ်
နိုင်ချေရှိ၏။ သူ ဘာဖြစ်လို့ ဆီးရီးမထုတ်ပါလိမ့်။ မြန်မာသီချင်း
ဆိုလျှင်ရော သူ ဘယ်လိုနေမလဲ။

"နောက်တစ်ပုဒ် ... နောက်တစ်ပုဒ်"

လှမ်းကြည့်လိုက်တော့ ပွဲတောင်းနေသည့် စားပွဲ
ဝိုင်းမှာ သူတို့အရွယ် လူငယ်ကောင်လေးနှင့် ကောင်မလေးတွေ
ချည်း။ သူကိုယ်တိုင်တောင် အဲဒီစားပွဲမှ ထွက်လာခဲ့တာဖြစ်နိုင်
သည်။ အင်္ဂလိပ်သီချင်း ဆိုနေစဉ်က ရောက်လာသော သူ့လည်
ပင်းမှ ပန်းကုံးတွေကို သူ ဖြုတ်၏။

"ဂစ်တာတီးတတ်အောင် သင်ပေးခဲ့တဲ့ ကျွန်မဆရာ
အတွက်"

ပြုံးပြုံးလေးပြော၍ ဦးညွှတ်ကာ နောက်ပိုင်းမှာ
ခေါင်းငုံ့ပြီး ဂီတာတီးနေသူတစ်ဦးထံသို့ ရှိသမျှ ပန်းကုံးတွေ
အကုန် သူ စွပ်ပေးလိုက်သည်။ လက်ခုပ်သံတဖြောင်းဖြောင်း
ထွက်လာပြန်၏။ ဖြိုးက ဂီတာဆရာကို လှည့်ဆန်၍ ကြည့်လိုက်
သည်။

"သြော် ..."

ဆရာက ဒီမှာလာတီးနေတာပဲ။ ဖြိုးဆရာလည်းဖြစ်
သော ထိုအနုပညာရှင်သည် သူ့အနုပညာဖြင့် ငွေရအောင်ရှာ

www.burmeseclassic.com

www.burmeseclassic.com



တတ်သူဖြစ်၏။ ဂစ်တာတီးသည့်နေရာမှာတော့ မြန်မာပြည်မှာ သူ့လိုလူမျိုး၊ တန်းတူရည်တူဆိုလို့ သုံးယောက်လောက်ပဲရှိမည် ထင်သည်။

"ဂစ်တာသင်တန်းဖွင့်ပါ ဆရာ"

ဘယ်လိုပြောပြောမရ။ ဖြိုးတို့လို မကင်းရာ မကင်း ကြောင်း ခင်သူမင်သူတွေကို မေတ္တာနှင့် သင်ပေးသည်။ တစ်ဖက် မှ စေတနာရှိသလောက် ကန်တော့တာကိုတောင် မျက်နှာကြီးရဲ ပြီး အရှက်သည်းစွာ အကြောက်အကန် ငြင်းတတ်သည်မို့ သူနှင့် အပြိုင် ဖွတ်ငြင်း၍ ပေးရသည်။

ထိုဆရာ ... ဆင်းရဲရှာပါသည်။

"ဝိုင်းတစ်ခုခုမှာ ဝင်တီးပါ ဆရာ"... ဟု ပြောဖူး၏။

"တာဝန်တစ်ခုလို ပုံသေကားကျကြီး မလုပ်ချင်လို့ ပါ"... တဲ့။ ဆရာ့မှာ ဝင်ငွေပုံမှန်မရှိပါ။ ဆရာ့ပညာကို သိထား သော နာမည်ကြီးတီးဝိုင်းများ၊ ဆရာတပည့်ဖြစ်ပြီးမှ ယခု နာမည်ကျော်နေပြီဖြစ်သော အနုပညာသမားများက ရံဖန်ရံခါ ဆရာ့ဆီမှာ အကူအညီတောင်းလျှင် ဆရာလိုက်ကူညီသည်။ ထိုသို့ရရှိသော ရံဖန်ရံခါဝင်ငွေသည်သာလျှင် ဆရာ့စားဝတ်နေ ရေးစရိတ်ဖြစ်၏။ အဲသည်ဆရာကို ကျေးဇူးသိတတ်စွာ သူရသမျှ ပန်းကုံးတွေ သွားစွပ်ပေးခြင်းဖြင့် ကန်တော့သော သူ့စိတ်ဓာတ် ကို "တစ်မှတ်"တော့ ပေးဖြစ်လိုက်ပါပြီ။

"ဝေးများဝေးရင်"

အော်သံက တစ်ခဲနက် ထွက်လာသည်။ သူ ဘယ် သီချင်းဆိုလျှင်ကောင်းသည် တော်သည်ဆိုတာ အဲသည်အဖွဲ့က



သိပြီးသား ဖြစ်နေပုံရသည်။ ဖြိုး လည်ပင်းကို ဆန့်ထုတ်ဖြစ်လိုက် ၏။ ကိုရွှေဂျပန်ကြီးနှင့် ညှော်ဝတ်ကျေ စကားပြောနေဖို့ စိတ် လုံးဝမပါတော့ချေ။ သူကလည်း ဖြိုးဘက်ကိုတောင် ယောင်လို့မျှ မလှည့်တော့ပါ။

"ဝေးများဝေးရင်"... ဆိုသည့် သီချင်ကို တေးရေး "ဖိုးချွား"ရေးဖွဲ့၏။ ဖြိုးစိတ်ထင် ပထမဆုံးစဆိုသူက "ဂျက်မြ သောင်း"ဖြစ်မည်။ သူ့အရင်ဆိုသူ မကြားဘူးပါ။ နောက်တော့ ဟေမာနေဝင်းလည်း ဆိုသည်။ ကိုမို့လည်း ဆိုသည်။ ဒီသီချင်း ကို ဘယ်သူဆိုဆို ဖြိုးကြိုက်၏။ မူလသီချင်းကိုပဲ ကြိုက်ပြီးသားမို့ ဖြိုးအသည်းစွဲ။

ဖြိုး အိမ်မှာ ရေးချိုးရင်း သက်သောင့်သက်သာ အလုပ်တစ်ခုခုကိုလုပ်ရင်း သီချည်းညည်းပြီဆိုလျှင် ဒီသီချင်းကို ညည်းဖြစ်၏။ မေမေက ...

"သီချင်းညည်းချင်တာအတွက် ဒီသီချင်းကို မသုံး ပါနဲ့သားရဲ့၊ ဒီသီချင်းက ရင်ခေါင်းထဲကလာတဲ့အသံနဲ့ ဆိုရတဲ့ သီချင်း၊ နှုတ်ခမ်းနှစ်လွှာထဲက အပေါ်ယံထွက်လာရင် သီချင်း တန်ဖိုး လျော့ရှာမယ်"... ဟုတောင် ပြောယူရသည်။ မေမေလည်း ကြိုက်၏။ ဒီသီချင်းကို ယခု မရွှေဖြိုးက အကျအန ဆိုနေပါပ ကော။ ဖြိုး အာရုံစိုက်လိုက်သည်။

"ကောင်းပါ့"

ကျိတ်ချီးကျူးကာ နောက်ထပ်တစ်မှတ် ထပ်တိုး ဖြစ်တော့ သူငယ်ချင်းတွေကြားထဲမှာလို ရယ်စရာပြောရလျှင် "ညီမလေး နှစ်မှတ်ရသွားပြီကွယ်"... ပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



“ချစ်သူလေးရယ် ကိုယ့်အသည်းကို
ရက်ရက်စက်စက်
ခွဲမသွားနဲ့၊ ခွဲမသွားနဲ့ ...
ပြောင်လဲတိုင်း မပြောင်းလဲနဲ့
ဘယ်တော့မှ မင်းမမုန်းနဲ့အချစ်ရယ်
မင်းနဲ့တို့ ဝေးများဝေးရင်
အိုး ... သေချာတယ် ကိုယ့်အသက်တိုလိမ့်မယ် ...

ဖြိုး ... အသက်ရှူဖို့တောင် မေ့ရပါလေ၏။ မစ္စတာမတ်ဆုမိုတိုက တံတောင်ဆစ်နှင့် လှမ်းတွက်မှ သေငယ်သေခြင်းမှ ပြန်လည်ရှင်သန်ရလေ၏။

“ပန်းကုံးသွားဝယ်ဖို့ ပိုက်ဆံမရှိတော့လို့ နည်းနည်းပေးပါ၊ မနက်ဖြန်မှ ပြန်ပေးမယ်”... တဲ့။

နိုင်ငံခြားသားကတောင် ငွေချေးပြီး ပန်းကုံးလက်ဆောင်ပေးလိုစိတ် ဖြစ်ရတဲ့အထိ၊ ဖြိုး ပြုံး၍ လက်ဝါးလေးကာပြလိုက်သည်။ သွားဝယ်ပေးမယ်ဟု ပြော၏။ မစ္စတာမတ်ဆုမိုတိုက“သုံးကုံး”ဟု ပြောလိုက်သည်။ ကိုယ်တိုင်တောင် တစ်ကုံးလောက်တော့ စွပ်လိုက်ချင်သား။ ဖရိုဖရဲမ စိတ်ကြီးဝင်ကာသွေးနားထင်ရောက်သွားမှာစိုး၏။

“ဘာဆိုင်လို့လဲ၊ ဒါ သူ့အနုပညာကို ချီးမြှင့်တာပဲ”

ရင်ထဲမှာ ကိုယ့်ဆင်ခြေ ကိုယ်တက်သည်။ ကိုယ့်ဘာသာပဲ ပယ်ချလိုက်နိုင်၏။ မစ္စတာမတ်ဆုမိုတိုက ပန်းကုံးတွေ သွားစွပ်နေသည်။ သူမ ဒီတစ်ခါလည်း သူ့ဆရာကိုသွားကန်တော့ဦးမှာပဲလား သိချင်စိတ်ပြင်း၏။



“ကောင်းလိုက်တဲ့ အသံကွာ၊ ဖီးကလည်းအပြည့်”

“ဒါမျိုးက ရှိးနေပြီ၊ ရုပ်ရှင်သာရိုက်ရင် အကယ်ဒမီဆယ်ထပ်လောက်ကွမ်းမယ့်မိန်းမ၊ သရုပ်ဆောင်က ဘာကောင်းသလဲ မမေးနဲ့”

“ဘယ်လိုသရုပ်ဆောင်တာလဲ”

“လူတစ်ယောက်ကို ချစ်ချင်ဟန်ဆောင်တာ၊ မုန်းချင်ဟန်ဆောင်တာ၊ သူ့ရင်ထဲမှာ အချစ်လည်းမရှိဘူး၊ အမုန်းလည်းမရှိဘူး၊ ရင်ထဲဗလာ။ အဲဒါ သူ ဟန်ဆောင်ပလားဆိုပီပြင်လွန်းလို့ ကော့နေအောင် ခံရတဲ့သူတွေ ငါသိသလောက်သုံးယောက်ရှိသွားပြီ”

“ပညာသည်ပေါ့လေ”

“ကဝေဆယ့်နှစ်ကြိုးက ကြိုးတော်ခေါ်ရတယ်”

“သွားပြီပေါ့”

“ဘယ်လဲ”

“ဒူ ... ပျက်စီးတာကို ပြောတာ”

“အဲဒါတော့ ဆတ်ဆတ်ထိ မခံဘူး ပြောတာပဲ”

“လူတစ်ယောက်ရဲ့အသည်းကိုခွဲဖို့၊ မုန်းဟန်ဆောင်ဖို့အတွက် ချစ်ဟန်အရင်ဆောင်ရမယ်၊ ချစ်ဟန်ဆောင်ဖို့အတွက် ရည်းစားဖြစ်ရမယ်၊ သူများရည်းစားအဖြစ်ခံရတဲ့မိန်းမဟာ လက်ကလေးမှ အကိုင်မခံရဘူးတဲ့လား”

“သေချာချင်ရင် ဖန်ကြည့်မလား”

“ကြည်ညိုဖွယ်အတွေးအခေါ်ပဲ”

“သိပ်တော့ မလွယ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"တချို့က ခက်မှကြိုက်တယ်ဆိုပဲ"

"လောင်းကြေး"

"သဘော"

"ဝမ်းတေဘယ်လ်"

"ဒီလောက်နဲ့တော့ အပင်ပန်းမခံတော့ဘူး"

"ခင်ဗျား ပြောလေ"

"ခု ... ကျုပ်စီးနေတဲ့ ပါဂျရိုး"

"ဟာ ... မလုပ်နဲ့၊ ကျုပ်က ပါဂျရိုးစီးချင်တာ၊ ခုမှ စပယ်ယာဘီးတစ်လုံးက စ,စုနေတဲ့ကောင်"

"ကောင်းပြီလေ ... ခင်ဗျားရှုံးရင် ဝမ်းတေဘယ်လ်ပဲကျွေးပါ၊ ကျုပ်ရှုံးရင်"

မစပ်စုဘဲ မနေနိုင်လွန်းတော့ပြီမို့ ဖြိုးမြင်သာထင်သာကြီးကို သမင်လည်ပြန် လှည့်ကြည့်လိုက်တော့သည်။ မူရင်းအသက်က လေးဆယ်နားနီးနေနိုင်ပါပြီ။ အပြင်အဆင်က နှစ်ဆယ်ကျော်အစိတ်ပိုင်းတို့နှင့် သူမသာကိုယ်မသာမို့ သူ့အသက်ကို သုံးဆယ်လောက် မှန်းနိုင်သည်။ လေးဆယ်နားနီးလို့ တွေးမိရတာတောင် သူ့ကုပ်ပိုးထူထူအိအိကြီးကြောင့်ဖြစ်၏။ ဤကဲ့သို့သော ကုပ်ပိုးမျိုးကို ပိုင်ဆိုင်သူသည် "သူဌေးစာရင်း"ဝင်ဟု ဆိုလျှင်တောင် သူ့ကြွယ်ဝမှုကို ကိန်းဂဏန်းနှင့်တွက်ချက်ကြည့်ဖို့ ခက်ခဲပါလိမ့်မည်။

ရိုးရိုးကြီးပြောချရလျှင် တော်တော်ဌေးမည့် သူဌေးမင်း။ ဘယ်လိုစီးပွားရေး အကွက်အကွင်းတွေထဲရောက်ပြီး ရတနာကြောကြီး အိမ်ထဲလာစီး၊ ရွှေတွင်းကြီး ဖင်ခုထိုင်၊ ပဒေသာပင်



အိမ်ရှေ့ပေါက်နေသည့် ပုဂ္ဂိုလ်လိုလူမျိုး ဖြစ်နေလိမ့်မည်မသိ။ ဖြိုးတို့လည်း တော်တော်ချမ်းသာပါသည်။ သိန်းကို ထောင်ကြီးချီ၍တန်သောအိမ်မှာ စမတ်တကျ နေနေနိုင်သည်။ ထိုအိမ်ကို နိုင်ငံခြားသား ငှားစားပြီး ကိုယ်က အဲသည်ထက် နည်းနည်းပါးပါးနိမ့်သောအိမ်မှာ ဆင်းနေဖို့မလိုသေး။ အဲသည်အိမ်ကို နိုင်ငံခြားသား ငှားစားလျှင် ရနိုင်မည့်ဝင်ငွေထက် နှစ်ဆသုံးဆ၊ လေးငါးဆဆိုသလို ဖြိုးတို့ကုမ္ပဏီက ဝင်နေသည်။

သို့ပေမဲ့ ...

ကုပ်ပိုးနှင့် ပုဂ္ဂိုလ်ပေါက်စ၏ ကြွယ်ဝမှုကိုတော့ ဘယ်လိုမှ လိုက်မီနိုင်မည်မထင်ပါ။ ဟို ... ရွှေရည်သွန်းဖြိုးဆိုသော မတန်မရာနာမည်နှင့်မိန်းမဆိုလျှင် နည်းနည်းပါးပါး ပိုညံ့သည့်အိမ်မှာနေပြီး ပိုကောင်းသောအိမ်ကြီးကို နိုင်ငံခြားသားငှားစားထားရတာ၊ ဟို ... ဓနရှင်ပေါက်စ၏ ဓနအင်အားနှင့် ကွာခြားတော့မည်။ မချော ကျောက်စာတိုင်မို့ မယိုင်မယိမ်းနေနိုင်ပါမည်တဲ့လား။

"ခင်ဗျားတို့မိန်းမသားတစ်ယောက်ကို ထမင်းတစ်ပွဲလေးနဲ့တော့မလဲကြပါနဲ့၊ ကိုယ့်မြန်မာအမျိုးသမီးချင်းချင်း" ဟုတော့ တားချင်သား။

"ကျုပ်ရှုံးရင် ခင်ဗျားကလည်း မော်တော်ဆိုင်ကယ်တစ်စီးလိုချင်နေတယ်ဆိုတော့ ချင်းချီတစ်စီး ဘရင်းနယူး (**Brand new** အသစ်စက်စက်) ကုမ္ပဏီကထုတ်ပေးမယ်ဗျာ၊ ကျေနပ်လား"

"အိုကေ"

"စားရချီသေး"

www.burmeseclassic.com

www.burmeseclassic.com



"စီးရချိသေး"

နှစ်ယောက်သား ရယ်လိုက်ကြသည်။ ဖြိုးက သက်ပြင်းမောကိုချရ၏။ ရွှေဖြိုးမှာ အန္တရာယ်တော့ရှိနေမည်။ အင်းလေ ... သူကလည်း အရှောင်အတိမ်း ဂျက်စီဂျိမ်းဆိုသလို အတွေ့အကြုံနဲ့ မိန်းမမျိုးဖြစ်မှာပါ။

"ဖြိုးစန် ... အဲဒီမိန်းကလေးနဲ့ မိတ်ဆက်ချင်တယ်၊ ဘယ်လိုလုပ်ရမလဲ"

ဖြိုး နည်းနည်းတော့ အောင့်သွားသည်။ နိုင်ငံခြားသားဆိုတဲ့ဟာတွေ ကိုယ့်တိုင်းပြည်ထဲကို နှစ်ရှည်လများ နေပြီး မိသားစုလည်း ပါမလာဘူးဆိုလျှင် ဟိုမိန်းမနှင့် သိချင်ရတာ၊ ဒီမိန်းမနှင့် ဒိတ်ထွက်ချင်ရတာတွေ ဖြစ်လာတာလောက် ဖြိုး စိတ်ဆိုးဒေါသထွက်ရတာ မရှိတော့ချေ။ မြန်မာမကလေးများကလည်း နိုင်ငံခြားသားတွေ၏ အချိန်းအချက်ကို ပြတ်ပြတ်ငြင်းကာ ဘယ်လိုမှ မပတ်သက်စေရအောင် နေပြဖို့ကောင်း၏။ မိမိကိုယ်ခန္ဓာကို ရောင်းကုန်ပစ္စည်းသဖွယ် လုပ်ကိုင်စားသောက်နေကြသည့် မြန်မာမတွေကလည်း ကိုယ့်ဆီရောက်လာသည့် ဈေးဝယ်က နိုင်ငံခြားသားဖြစ်နေလျှင် မရောင်းဘဲနေသင့်၏။ ဒီလောက်တော့ ဆင်ခြင်ဖို့ကောင်းသည်။ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို အထင်သေး အမြင်သေး မခံနိုင်ဘူးလေ။

"ရမယ်မထင်ဘူး"

"သူ အဆိုတော် မဟုတ်ဘူးလား"

"မဟုတ်ဘူး"



အဆိုတော်ဆိုလျှင် ပြည်သူချစ်အနုပညာသည်မို့ သူ့ပရိသတ်ကို ကြည်ဖြူဖော်ရွေဖို့ရှိ၏။ ရိုးရိုးကျောင်းသူအရပ်သူကတော့ ကိုယ့်ကို မိတ်ဆက်လာသူက နိုင်ငံခြားသားဆိုလျှင် လုံးဝအသိအမှတ်မပြုဘဲနေလျှင် မကောင်းပေဘူးလား။

"မိတ်ဆွေဖြစ်ချင်လို့ မရဘူးလား"

"ဘာဖြစ်လို့ မိတ်ဆွေဖြစ်ချင်ရတာလဲ၊ သူက မြန်မာပြည်မှာ လူသိများတဲ့ နာမည်ကြီးတစ်ယောက် မဟုတ်ဘူး"

"သူ လှတယ်"

ဘုရားရေ ... ဟု တ,လိုက်ချင်၏။ ဒီစုတ်တီစုတ်ဖွားမကို လှသတဲ့။ ဖြိုး မျက်စိထဲမှာတော့ ဘယ်လိုမှ မလှ။ မျက်စိနောက်လှပါဘိ။ လှသူလေးတစ်ယောက် ရှိသည်လေ။ ယဉ်ယဉ်လေး။ အဲဒါလေးကို မေမေ့ဆီ တစ်နေ့လောက် အလည်ခေါ်ချင်ပါသေးသည်။

"လှတယ်လို့ မထင်ဘူးလား"

ဖြိုး ခေါင်းခါလိုက်သည်။

"သူ့မျက်လုံးလေးတွေဟာ အရမ်းလက်တယ်"

ဟုတ်မယ်မထင်ပါဘူး ... ဟု ပြောချင်၏။

"သူ့နှာတံဆင်းပုံလေးကလည်း ခပ်ဆန်းဆန်း"

ခပ်ပြေပြေဆင်းလာပြီး ဘေးဖျားနားမှာ နည်းနည်းကော့သွားတာ၊ နိုင်ငံခြားရုပ်ရှင်တွေထဲက မင်းသမီးကြီး နတ်တာလီဝုဒ်နှင့် နည်းနည်း ဆင်ချင်သလိုလိုတော့ အရှိသားပါ။

"နှုတ်ခမ်းလည်း လှတယ်"

နည်းနည်းထူနေတယ် ... ဟု ဝေဖန်ချင်၏။

www.burmeseclassic.com

www.burmeseclassic.com



"တို့မြန်မာလူမျိုးက နှုတ်ခမ်းပါးလေးနဲ့ လှလိုက်တာဆိုတာမျိုးပဲပြောတာ၊ နှုတ်ခမ်းထူရင် အောက်နှုတ်ခမ်းတွဲနဲ့ စကားက ခပ်များများ၊ ဘုရားကိုးဆူဆရာလုပ်စားဖို့ပဲကောင်းတယ်လို့ ဝေဖန်တာ" ... ဟု ပြောချင်၏။

"အထူးသဖြင့်က အသားရောင်"

သေလိုက်။ မစ္စတာမတ်ဆုမိုတိုရေ။ ကြေးနီရောင်တောက်နေတဲ့အသားကို ခေါ်မရုပ်တုအဖြစ်သာ သုံးလို့ရတော့မှာပေါ့။ မြန်မာမိန်းကလေးဆိုတာ အသားဖြူဆွတ်ဆွတ်၊ ဝါဝါဝင်းဝင်းကလေးတွေမှ ကြိုက်တာ၊ မင်းတို့ ဂျပန်မလေးတွေရဲ့အသားရောင်မျိုးဟု ပြောချင်၏။

"စွဲမက်စရာကောင်းတယ်"

ဟုတ်ကောင်း ဟုတ်နိုင်သည်မို့ ဒီအချက်ကိုတော့ မငြင်းချင်ပါ။

"မိတ်ဆွေဖြစ်ချင်တယ်၊ ဖြစ်လည်းမဖြစ်ချင်တော့ပါဘူးလေ"

"ဘာဖြစ်လို့လဲ"

"ကျွန်တော် ဒီတစ်ခေါက် ဂျပန်ပြန်ရင် လက်ထပ်ရမယ်၊ လက်ထပ်ရမယ့်မိန်းကလေး ဂျပန်မှာရှိတယ်"

တော်ပါသေးရဲ့။ ဆလံသလိုက်ပါပေရဲ့ မစ္စတာမတ်ဆုမိုတိုရေ။ သူ စိတ်ဝင်စားသွားပြီးမှ သူ့သံယောဇဉ် သူပြန်ရုပ်သိမ်းလိုက်တာ၊ မောင်မင်းကြီးသားကို ကျေးဇူးလည်းတင်ပါရဲ့။

နောက်ဘက်ဝိုင်းမှ အလောင်းအစားနှစ်ဦးက ထပြန်ကြသည်။ ဖြိုးတို့လည်း ပြန်ဖို့ပြင်ဆင်သည်။ သို့ပေမယ့် ဖိုသီဖတ်



သီမတို့အုပ်စုကတော့ ရယ်လို့ကောင်းတုန်း၊ စကားနိုင်လုလို့ကောင်းတုန်း၊ ယောကျ်ားလေးတွေပါပေမယ့် မိန်းမအုပ်စုကပိုတောင့်သောသူတို့အဖွဲ့ဟာ ရွယ်တူကလေးတွေပဲ ဖြစ်နေသည်။

"ဟင်"

ခုမှပဲ သူ့ကိုကြည့်ရင်း သူပြန်လည်ဝင်ရောက်သွားသည့်စားပွဲဝိုင်းကို စိတ်ရောကိုယ်ပါ သတိထားလိုက်မိသည်။ ဂါဝန်တွေ စကတ်တွေ ဘောင်းဘီရှည်တွေ ဖိုးရိုးဖားရားတွေထဲမှာ ကျောက်ဆစ်ရုပ်ကလေးတစ်ခု သက်မဲ့စွာ ငြိမ်သက်နေ၏။ တန်ဖိုးသိပ်ကြီးလိမ့်မည် မဟုတ်သော ဓာပြုအင်္ကျီလက်ရှည်ရင်စေ့ကျပ်ကျပ်လေးနှင့် ထဘီကိုတော့ မတွေ့ရပါ။ ချည်ချိတ်လေးများဖြစ်နေမလား။

ချစ်စရာ မာလာလေးရယ်၊ ဒီအုပ်စုဟာ မင်းနဲ့ ဘာဆိုင်သလဲ ကွယ်။

✦ ❦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

လောကမှာ ...

လူအမျိုးမျိုး စိတ်အထွေထွေဟု အဆိုရှိကြသည်။ မှန်လည်းမှန်၏။ လူတစ်ယောက်မှာ စိတ်ဓာတ်ကတစ်မျိုး။ တချို့က အစွဲအလမ်းကြီးကြသည်။ ဒါမှဒါ မဖြစ်မနေ။ ဖြစ်အောင်လည်း ကြိုးစားသည်။ မိမိဆန္ဒတစ်ခုဖြစ်မြောက်ရေး၊ ပန်းတိုင်ရောက်ရေး ဆိုသော အစွဲအလမ်းဖြင့်သာ လူ့ဘဝကိုရှင်သန်ကြသည်။ အသက်ရှင် ရပ်တည်ကြသည်။

ထိုသို့သောအမျိုးအစားထဲမှာ ဦးဘဦးပါသည်။ ညီမဖြစ်သူ ဒေါ်တင်တင်ဦးလည်း ပါသည်ဆိုတော့ ကိုယ်လုပ်ချင်တာတစ်ခုကို မဖြစ်မနေလုပ်ရမှ ဆိုသည့်အထဲ ခွေရည်သွန်းဖြိုးပါဝင်သည်။ မာလာဦး ပါဝင်သည်။ မေမေက ပန်းပွင့်ကလေးလို လှလွန်းလို့ဆိုပြီး "မာလာ"ဟု မှည့်ခဲ့သော မာလာက အခု ဝင်ဒါမီယာလိုရပ်ကွက်မျိုးမှာ ခြံနှင့်ဝင်းနှင့်(ကိုယ်ပိုင်မဟုတ်ပေမယ်) နေနိုင်နေပြီ။ ဒေါ်လေးပိုင်သောကားကို အဖေမောင်းသည်မို့ မားစီးဒီးဆိုသည့် သိန်းလေးဆယ်ဆိုလား ငါးဆယ့်ငါးသိန်းဆိုလား



တန်သည့် ကားကြီးကိုလည်း စီးဖူးပြီမို့ မာလာသည်လည်း "မာလာဦး" ဖြစ်ခဲ့ရပါပြီ။

"သမီးအမေက သမီးကို သိပ်ကောင်းစားစေချင်တာ၊ လှလွန်းလို့တဲ့။ မင်းကတော် စိုးကတော်ဖြစ်မယ့် ရုပ်ရည်ကလေးတဲ့။ အဖေတစ်ယောက်အနေနဲ့ ပြောရမယ့် စကားတော့ မဟုတ်ဘူး ...

"ဒါပေမဲ့ သမီးအမေ မရှိလို့ ဒါပဲအဖေ ဒါပဲအမေ အဖေမှာ မပြောသင့်တဲ့စကားကို ပြောရမယ်"

မာလာသည် အလွန်ယဥ်ကျေးသိမ်မွေ့စွာ ဗိုင်းကောင်းကျောက်ပိ ကြီးပြင်းခဲ့ရသူလေးဖြစ်သည်။ ဒေါ်လေးဖြစ်သူ ဒေါ်တင်တင်ဦးအိမ်မှာ လာရောက်မှီခိုနေရာတွင် အလိုက်ကောင်းဆိုး အလွန်သိသည်။ အိမ်မှာ အစစသုံးအတွက် အိမ်ဖော်တစ်ယောက်ပဲ ထားစေလျက် မာလာက လိုအပ်လျှင် လိုအပ်သလို ဖြည့်စွက်ကူညီသည်။ အိမ်ပေါ်ကိစ္စမှာပဲဖြစ်ဖြစ်၊ ခြံထဲကိစ္စမှာပဲ ဖြစ်ဖြစ်။ အလုပ်တစ်ခုပေါ်တိုင်း ဒီအလုပ်ကို ဘယ်သူလုပ်မှာပါလိမ့် ဆိုသည့် အတွေးမဝင်ပါ။ ရှိသမျှအလုပ် ကိုယ့်အလုပ်ချည်းပဲဟု သဘောထားသည်။ ဘယ်သူလုပ်လုပ် မလုပ်လုပ် ကိုယ်လုပ်မည်ဟူသော စိတ်ဓာတ်ရှိသည်။

မိတဆိုးမို့ ဖခင်၏နှုတ်ထွက်စကားသည် မာလာဦးအတွက် "ဗျာဒိတ်"တစ်ခု ဖြစ်လေ၏။

"ဖေဖေတို့က ဆင်းရဲတယ်၊ တင်တင်ဦးလေးလည်း ဆင်းရဲတာပဲ၊ ဖေဖေတို့မိဘတွေက မျိုးရိုးစဉ်ဆက်မှာ ဆင်းရဲသားမျိုးရိုးလို ဖြစ်ခဲ့တယ်၊ ဘိုးစဉ်ဘောင်ဆက် ဆင်းရဲခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



အဲသည်တုန်းက ဘာရယ်မဟုတ်၊ ချောင်းနားထောင်တာလည်း မဟုတ်ဘဲ အနားသို့ ရုတ်တရက် ရောက်လာပြီးကြားသွားသည့် ရွှေဖြိုးက ခွိခနဲဝင်ရယ်သည်။

"ဆင်းရဲလှချည်လား"

ဝင်ပြောပြီး ရယ်နေသည်မို့ ဘကြီးဦးဘဦးက ရောရယ်နိုင်ပေမယ့် မာလာဦးက တင်းခနဲတောင် မျက်ချင်၏။ နောက်မှ သက်သက်ဝင်ဟားတာမျိုး မဟုတ်ဘဲ အရယ်သန်အပျော်သန်၊ လောကကြီးတစ်ခုလုံးကို ရယ်စရာရှုထောင့်ကသာ မြင်နေတတ်သူ ရွှေဖြိုး၏သဘောကို နားလည်ကာ ကျေနပ်လိုက်ရတော့၏။

"ဆင်းရဲတယ် သမီးရယ်၊ ဒါမျိုးတွေ လောကကြီးမှာရှိတယ်၊ တချို့တလေဟာ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် နောက်ကိုပြန်ကြည့် ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ အဖိ၊ အဖော် ... တဲ့"

"ခွိ ... ဟုတ်ရဲ့လား ဘကြီးရဲ့၊ အဖော်ရယ်လို့ပါ"

"ဘကြီး ကြားဖူးတာကိုပြောရတာ၊ တစ်ယောက်မှ လူချမ်းသာမပါဘူး၊ ဆက်တိုက်ဆင်းရဲလာကြတာ၊ တချို့ကျတော့ ဆက်တိုက်ချမ်းသာလာခဲ့ကြတာ၊ အဲဒါ ... သူဆင်းရဲမျိုးရိုးကလည်း တစ်ယောက်တလေက စဖောက်ပြီး ချမ်းသာသွားတတ်တယ်၊ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်၊ ဆတ် ... တဲ့။ ချမ်းသာသွားရော"

"ကျွတ်" "ဆတ်"ဆိုတာကို ရွှေဖြိုး သဘောကျစွာ ရယ်၏။ မာလာဦးက "ထောင်တန်သည့်စကား ရယ်ပေါ့"... ဟု မျက်ချင်၏။ တင်းချင်၏။



"တချို့ကျတော့ ဆွေစဉ်မျိုးဆက် ချမ်းသာလာပြီးမှ ကိုယ့်လက်ထက်ကျမှ ဖောက်ပြီးမွဲသွားတာမျိုး၊ အဲဒါမျိုးကျတော့ လူမိုက်ခေါ်တယ်၊ မိုက်မိုက်မဲမဲဖြုန်းလို့ သားစဉ်မြေးဆက်ငတ်ပြတ်အောင်လုပ်ခဲ့တာ ...

"ဖေဖေတို့ရဲ့ ဆင်းရဲသားမျိုးရိုးဟာ တင်တင်ဦးလက်ထက်မှာ စပြီးပြောင်းလဲရတာ၊ တင်တင်ဦး ကျေးဇူးကိုဘယ်တော့မှ မမေ့ရဘူး၊ ရွှေဖြိုးကျေးဇူးလည်း တူတူပေါ့၊ ကိုယ့်ညီအစ်မချင်းပေမယ့် ရွှေဖြိုးဟာ မာလာရဲ့ကျေးဇူးရှင်ပဲ"

"သီတင်းကျွတ်ရင် ကန်တော့မလား"

ရွှေဖြိုးက မာလာ့နားကပ်၍ တိုးတိုးမေးလိုက်သည်။

"ဖျောက်အိုးနဲ့ပစ်မယ်"

မာလာက ရယ်၍ပြန်ဖြေ၏။ ဤသူငယ်ချင်းညီအစ်မက အဲသည်လောက်ထိ ချစ်ခင်ရင်းနှီးကာ ပြောမနာဆိုမနာဖြစ်ကြသည်။ ဦးဘဦး ဘာကိုပြောချင်လို့ ဒီလောက် စကားတွေအစပျိုးနေမှန်း ရွှေဖြိုး မသိပါ။ ကိုယ့်ကို ကျေးဇူးရှင်ကြီးတစ်ဆူလို အမွှန်းတင်နေတာကျတော့ ရွှေဖြိုး ရှက်သည်။

"မီးပန်းနဲ့မရှို့ရင်ပဲ တော်ပါပြီ"

ရယ်စရာပြောကာ စားလက်စ နေကြာစေ့အခွံတွေကို တဖွီးဖွီး စည်းမရှိကမ်းမရှိ ထွေးချကာ ထွက်သွားတော့သည်။ မာလာဦးက သူ့ညီအစ်မ၏အကျင့်စရိုက်ကို ချစ်စနိုးစွာ လိုက်ကောက်သိမ်းရင်း ဦးဘဦး ဆက်ပြောနိုင်ဖို့ လှည့်ကြည့်ပေးလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"သမီးဒေါ်လေးဟာ ဘာကြောင့် ချမ်းသာသွားတာလဲ၊ သူ့စွမ်းသူ့စနဲ့ ကြိုးစားလို့လား၊ သူ့အရည်အချင်းလား၊ လုပ်နိုင်ကိုင်နိုင်ဖို့ အရင်းအနှီး ဘယ်လောက် သူသုံးနိုင်လဲ ...

"ဘာတစ်ခုမှ မဟုတ်ဘူး၊ သူ လူချမ်းသာစာရင်းထဲ ဝင်သွားတာ၊ ရိုးရိုးနဲ့ ရှင်းရှင်းလေး၊ သူ သူဌေးနဲ့အိမ်ထောင်ကျတယ်"

"သမီးယောကျ်ားယူရင် သူဌေးရှာယူ"... ဟု ပွင့်ပွင့်ကြီး ဖွင့်မပြောဘဲ သမီးဖြစ်သူ မာလာဦး နားလည်မလားဟု ဦးဘဦး လူကဲခတ်သည်။

"သူဌေးကတော့ ဟုတ်ပါပြီ၊ အဲဒီသူဌေးဆိုတဲ့လူက ဦးဦးစောနောင်လို ..."

မာလာဦးက နားလည်၏။

"ဒါတော့ လူပေါ်မှာ တည်တယ်၊ သူဌေးတိုင်းဟာ အိမ်ထောင်ရေးဖောက်ပြန်ကြလိမ့်မယ်လို့ ဘုရားဟောမရှိဘူး၊ သူဌေးဖြစ်ဖြစ်၊ ဆင်းရဲသားဖြစ်ဖြစ်၊ သူ ဖောက်ပြန်ချင်တဲ့သူက ဖောက်ပြန်မှာပဲ၊ မဖောက်ပြန်ချင်တဲ့သူက မဖောက်ပြန်ဘူး၊ ကိုယ့်စိတ်နဲ့ကိုယ် ...

"ပြောရတာ သိပ်တော့မကောင်းဘူး၊ ဖေဖေက ငွေမက်လွန်းလို့တော့လည်း မဟုတ်ဘူးကွယ်၊ သမီးနားလည်နိုင်မယ်ထင်တယ်၊ သမီးကို ကောင်းစားစေချင်တာ၊ ခုလို အဒေါ်မှီခိုဘဝနဲ့တောင် ကိုယ့်မိသားစုနဲ့ ကိုယ်နေရတုန်းကထက် တော်တော်ဟုတ်လာပြီ ...



"ကိုယ့်ဘာသာဆိုရင် ဒီထက် ဟုတ်ပြီပေါ့၊ ဒီအတွက် ဘယ်သူ့ပစ္စည်းမှလဲ မတော်မတရား လိုက်ယူချင်စိတ်မရှိဘူး၊ ကိုယ့်ဘာသာ မှီခိုရာကောင်းကောင်း အရိပ်ကောင်းကောင်း ရှာတာပဲ၊ လူကဲ့ရဲ့လွတ်တယ်လို့ ဖေဖေ ထင်တယ် ...

"နောက်ဆုံးတစ်နေ့ ဖောက်ပြန်သွားတယ်ပဲထားဦး တင်တင်ဦးကိုကြည့်၊ စုစုပုံပုံနဲ့ ကျန်ခဲ့တာဆိုတော့ ဖေဖေတို့ကိုတောင် ခေါ်စောင့်ရှောက်နိုင်သေးတယ်၊ ကျန်ရစ်ခဲ့ရတာခြင်းတူတူ ...

"သူဌေးက စွန့်ပစ်သွားတော့ ကိုယ့်မှာ ကျန်ရစ်တယ်၊ ဆင်းရဲသားက စွန့်ပစ်သွားရင် ဝတ်ကျန်ရစ်ခဲ့မှာ၊ သမီးကမေးချင်မေးမယ်၊ ကိုယ့်ဘာသာ ကြိုးစားလို့ရော မရဘူးလားလို့"

"မမေးပါဘူး"... ဟု မာလာ မပြောတော့ပါ။ ပြောစရာမလိုဘူးလေ။ မေးစရာလည်း မလိုပါ။ မာလာ့မှာ သာမန်အရည်အသွေးမီ ဦးနှောက်တစ်ခုရှိသည်။ လျှမ်းလျှမ်းတောက်ကြီး မဟုတ်။ အဆက်အသွယ်ကောင်း၊ လုပ်ရည်ကိုင်ရည်ကောင်းဆိုတာမျိုးလည်း မပြည့်စုံ၊ အရင်းအနှီးလည်းမရှိ။ သုညမှစ၍ တစ်ရာထိ တက်သွားသူတွေ၊ တစ်သောင်းတစ်ယောက် တစ်သိန်းတစ်ယောက် ဆိုသလို ရှားပါးလိမ့်မည်။ မာလာသာ သုညမှစ၍ တက်ရလျှင် စွမ်းကုန် အားကုန် သုံးပါဦး နှစ်ဆယ် အစိတ်ထက် ပိုမရောက်ဟု ... ကိုယ့်ကိုယ်ကိုယ် ထင်ပါသည်။

စိတ်ဓာတ်ညံ့ဖျင်းတာတော့ မဟုတ်ပါ။ ကိုယ့်အကြောင်း ကိုယ်သိခြင်းပဲဟု မာလာခံယူ၏။ မာလာ့ထံမှ ဘာ

www.burmeseclassic.com

www.burmeseclassic.com



စကားတစ်ခွန်းမှ ပြန်မထွက်လာခြင်းကြောင့် ဦးဘဦး ပြောသမျှ လက်ခံနေသည်ဟု ဦးဘဦးက ယုံလိုက်၏။

"ဒါတွေအားလုံးဟာ ဖခင်တစ်ယောက်ရဲ့ စေတနာတွေပဲ သမီး။ ဖေဖေ မရှိတော့တဲ့အခါမှာ သမီး မပူမပင်မကြောင့် မကြ ကျန်ရစ်ခဲ့တာမျိုး ဖြစ်စေချင်တယ်၊ အဲဒါကြောင့် သမီးဟာ ..."

ဦးဘဦး မျက်စိကိုမှိတ်လိုက်သည်။ ကွယ်လွန်သူ ဇနီးကို တမ်းတ၏။

"ရှက်ရှက်နဲ့ပြောရရင် သူဌေးတစ်ယောက်ယောက်နဲ့ အိမ်ထောင်ရက်သား ကောင်းကောင်းမွန်မွန် ကျရမယ်၊ အဲဒီအတွက် ဖေဖေကလည်း စွမ်းဆောင်မပေးနိုင်ဘူး၊ သမီး ဘာသာပဲ ကြိုးစားရမယ်။ ဖေဖေ ပြောနိုင်တာ တစ်ခုက တော့ ...

"လင်ကောင်း သားကောင်း ရဖို့အတွက် ကိုယ့် ကိုယ်ကိုယ် အဖိုးတန်အောင်နေဖို့ပဲ၊ လိမ်လိမ်မာမာနဲ့ ဣန္ဒြေရှိ၊ ကျက်သရေရှိ၊ သိက္ခာရှိပေါ့နော်၊ ဖေဖေတို့ထား နိုင်တာ ဒီလိုဂုဏ်မျိုးပဲရှိတာ"

ဦးဘဦးက မီးဖိုဘက်ခန်းသို့ ဝင်သွားကာ ရေတစ် ခွက် ခပ်သောက်သည်။ မျက်နှာလည်းပူ၊ ရင်လည်းပူ၏။ သမီး ရဲ့အမေကိုလည်း အရမ်းလွမ်းသည်။ ဒီလောက်ပြောလျှင် သမီး မာလာ သဘောပေါက်လောက်ပါပြီ။

✦❦✦



"ငါတော့ ရင်ထဲမှာကို စွဲထားလိုက်ပြီကွာ"

"ကောင်းတာပေါ့"

"ဖေဖေပြောတဲ့လူမျိုး မရရင် အပျိုကြီးပဲလုပ်တော့မယ်၊ ရွှေဖြိုး ကလေးတွေ ထိန်းမယ်"

"ဟာ ... ဟ"

ရွှေဖြိုးက မရမ်းပြားတစ်ဖတ် ပါးစပ်ထဲထည့်ရင်း ပလုတ်ပလောင်းရယ်၏။

"ကျုပ်က ဒီတစ်သက် ယောကျ်ားယူဖို့ စိတ်ကူးမရှိဘူး"

"သူဖြင့် ရည်းစားတွေ များလှပြီ"

"တာဝန်ဝတ္တရားအရလေ၊ ရှင်က ရှင့်အဖေစကားကို အသည်းထဲစွဲသလို ကျုပ်လည်း ကျုပ်အမေစကား အသည်း ထဲစွဲတာပေါ့၊ သူတို့ဆွေမျိုးစုထဲက မိန်းမသုံးယောက် ယောကျ်ားတစ်ယောက်"

"ဦးဦးက လုမ်းဆူတယ်ဆို"

"လက်ဖက်ခြောက် ခတ်လိုက်ပါတယ်"

"ကြည့် ... ကိုယ့်အဖေကို"

"ဖေဖေရေ ... မဆူပါနဲ့၊ စိတ်လည်ရင် တစ်ယောက်တည်း အိမ်ပေါ်ပြန်တက်လာနိုင်ပါတယ် ... လို့ ပြောလို့တောင် ဖေဖေကဆူရင်းက ရယ်သေးတယ်၊ ခွေးမတဲ့"

သားအဖဆိုတာကတော့ ရေကို ဓားနှင့်ခုတ်သလို ပြတ်တောက်နိုင်ဖွယ် မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



"ဘဝပျက်သွားမယ်တဲ့၊ ဒါဟာ ဆော့ကစားစရာ မဟုတ်ဘူးတဲ့၊ ခုတောင် နာမည်ဘယ်လောက်ပျက်သွားပလဲတဲ့၊ မေမေနဲ့လည်း ရန်ဖြစ်ကြတယ်လေ၊ ဖုန်းထဲမှာ ဖေဖေက ပြောတယ်တဲ့၊ မင်းမကျေနပ်ရင် ငါ့ပါးလာရိုက်ပါလားကလေးကို ရက်ရက်စက်စက် စတေးရလားတဲ့၊ မေမေကလည်း ပြန်ပြောတာပဲ၊ ဖေဖေကြီး ပိုက်ဆံတော်တော်ကုန်သွားမယ် ဖုန်းနဲ့ရန်ဖြစ်ရတာ၊ ကျုပ်စိတ်ထင် ပေါင်နှစ်ရာကျော် သုံးရာလောက်များ ကျမလားပဲ၊ ဝမ်းသာလိုက်တာ"

ဦးစောနောင် ဒေါ်မိမိရွှေစင်နှင့် လက်ထပ်သည့်အကြောင်းတွေထဲမှာ နိုင်ငံခြားမှာ သွားနေချင်ခြင်းက အဓိကကျလျက် ရာခိုင်နှုန်းခြောက်ဆယ်လောက် ပါဝင်ခဲ့သည်။ ဒေါ်တင်တင်ဦးက မြန်မာပြည်မှ တစ်ဖဝါးမှမခွာလိုသူဖြစ်၏။ ဦးစောနောင်က အလှမ်းကျယ်သည်။ တစ်ကိုယ်ကောင်းဆန်တာလည်းပါသည်။ မြန်မာပြည်လူနေမှုအဆင့်အတန်းလောက်နှင့် မရောင့်ရဲနိုင်တာတွေပါသည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်မိသားစုနှင့် ကိုယ့်ယဉ်ကျေးမှုကို ချစ်မြတ်နိုးစိတ်က ပြည့်ပြည့်ဝဝမရှိ၊ ကိုယ်ကောင်းကောင်းနေ ကောင်းကောင်းစား၊ စက်မှုပိုထွန်းကားရာအရပ်မှာနေရမှ ပိုပြီး လူဖြစ်ကျိုးနပ်သည်ထင်သောသူဖြစ်၏။

ဒီတော့ ...

သူ တိုင်းပြည်ကိုလည်း စွန့်နိုင်သည်။ မိသားစုကိုလည်း ခွဲနိုင်သည်။ သို့ပေမဲ့ ဖခင်သည် သူ့သမီးအတွက်တော့ ဝေးတစ်နေရာမှ ဖခင်ဖြစ်နေသေးတော့သည်။ ဒေါ်မိမိရွှေစင် ... ဦးစောနောင်နှင့် လက်ထပ်ခြင်းကတော့ ခုခေတ်မှာ မယားပြိုင်



ဥပဒေပေါ်သည်မို့ သူအငယ်အနှောင်း မဖြစ်နိုင်တော့တာရယ်၊ ဒေါ်မိမိရွှေစင် ကိုယ်တိုင် နိုင်ငံခြားမက်မောသူ ဖြစ်နေတာရယ်၊ ဒေါ်မိမိရွှေစင်က နိုင်ငံခြားအဆက်အသွယ် ခိုင်မာစွာရှိနေတာရယ်။ နိုင်ငံခြား အဆက်အသွယ် ခိုင်မာစွာမရှိသော ဦးစောနောင်က အင်္ဂလန်နိုင်ငံမှ အလုပ်ပေးလက်ခံနိုင်သော ပညာရှိသည်။ ချမ်းသာသည်။ သူတို့နှစ်ယောက် နိုင်ငံခြားထွက် အလုပ်လုပ်နေထိုင်ခြင်းက သူတို့နှစ်ယောက်ထဲအတွက်တော့ ကောင်း၏။

ဒေါ်မိမိရွှေစင်က နွမ်းပါးသော သူ့ညီအစ်ကိုမောင်နှမတချို့ကိုတောင် ပြန်ထောက်နိုင်ခဲ့သည်။ ဒေါ်မိမိရွှေစင် အမျိုးတွေကကျတော့ တစ်မျိုး။ သူတို့ဆွေမျိုးစုသည် အလွန်တရာစည်းရုံး၏။ ပင်လယ်ရပ်ခြားကျတော့ ခွဲနေနိုင်သည့်။ ဘယ်လောက်ဝေးတစ်နေရာပဲ ရောက်နေ ရောက်နေ စည်းရုံးကြ၊ ချစ်ခင်ကြ၊ ထောက်ပံ့ကြည့်ရှုကြ၊ တစ်ယောက်ထိလျှင် တစ်ယောက်က ဆတ်ဆတ်ထိမခံနာကြ၊ ဝိုင်းဝန်းကြ၊ သူတို့ဆွေမျိုးထဲက ဘယ်လောက်မှားမှား၊ အဲဒါဟာ အမှန်၊ သူများတွေသည်သာအမှား။ ကိုယ့်ဘက်ကိုယ်ပင်းတာကျတော့လည်း တရားလွန်။ အဲသည်လိုမျိုးတွေမို့ ဒေါ်မိမိရွှေစင်ကို အပြစ်တင်ဖို့၊ မကောင်းဘူးတားဖို့ မည်သူ့မှာမှ စိတ်ကူးမရှိ။ အားပေးသူတွေချည်း ဖြစ်လေ၏။

"ခွေးမ ... တဲ့။ နင် တစ်နေ့ လင်ကောင်းသားကောင်းယူကာနီးကျရင် နင်လုပ်ထားတာတွေကြောင့် လင်မရဘဲနေမယ် ... တဲ့။ အဖေက သမီးကို ဆုံးမတာ။ ယဉ်ယဉ်ကျေးကျေးပဲ ... ဟဲ"

မာလာပါ ရောရယ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာစကား မပြောတာကြာတော့ ယောကျ်ားတို့၊ အိမ်ထောင်ပြုတို့၊ ခင်ပွန်းတို့ဆိုတဲ့ နည်းနည်းပါးပါး နားခံသာတဲ့စကားလုံးတွေ မေ့ကုန်ပြီ ထင်ပါရဲ့ကွာ"

"ပြတ်ပြတ်ပြောမှ နားထဲဝင်မှာပေါ့"

"ပြောလိုက်တယ်၊ မပူပါနဲ့ ဖေကြီးရေလို့၊ လင်ဆိုရင် ဟင်းထဲတောင် စပါးလင်ထည့်မချက်ပါဘူးလို့၊ မိတ်သလင်ဆိုလည်း မုန်းလွန်းလို့ ချင်းစိမ်းကလေးလို နေပါတယ်လို့ ပြောတာ ဖေဖေက နားမလည်ဘူးကွ၊ အံ့ရော"

"စကားပုံတွေလည်း မေ့ကုန်ပြီ ထင်ပါ့ရဲ့"

"ယောကျ်ားတို့အကြောင်းကို ကိုယ့်ဖခင်တစ်ဦးတည်းနဲ့ လုံလောက်စွာ သိသွားပါပြီလို့ ရယ်ရွှန်းပတ်ရွှန်း ပြောလိုက်တယ်။ ဖေဖေကတော့ ဘာမှပြန်မပြောတတ်တိုင်း ခွေးမ, ခွေးမပဲ တွင်တွင်ပြောတယ်"

ရွှေဖြိုး မျက်ရည်စ လှစ်ခနဲ သိမ်းလိုက်တာ မာလာမြင်၏။ ရင်ထဲ နင့်ခနဲ ဖြစ်သွားရသည်။ မာလာတို့က မိတဆိုးပေမယ့် သေကွဲမို့ ကြေကွဲရပေမယ့် နာကြည်းနာကျင်စရာမကျန်ပါ။ ရွှေဖြိုးကကျတော့ မိရောဖရော ရှိပါလျက် ရှင်ကွဲလေ။

"တကယ်ပဲ ကျုပ်က အပျိုကြီးလုပ်မှာ"

ရွှေဖြိုး မျက်နှာကို ပြင်လိုက်သည်။ ထုံးစံအတိုင်း ရယ်ရယ်ရွှင်ရွှင်ပုံစံလေးသို့ ပြောင်း၏။

"ရှင့်ကလေးတွေပဲ ပြန်ထိန်းရမှာ"

"ရွှေဖြိုးရယ် ... ငါကလည်း ဖေဖေလိုချင်တဲ့ပုံစံကို ရဦးမှပါ"



"ကြိုးစားရှာဖွေခြင်းအမှုကို ပြုပေါ့"

"အင်း ... အဘွားသာရှိရင် တို့နှစ်ယောက်လုံးကိုသတ်ပြီ"

ဦးဘဦးတို့ ဒေါ်တင်တင်ဦးတို့ မိခင်ကြီးရှိစဉ်ကဆိုလျှင် မြန်မာအလွန်ဆန်၍ မြန်မာ့ယဉ်ကျေးမှုကို အလွန်ထိမ်းသူဖြစ်လေ၏။ မိန်းမလေးတွေနော် ... လင်အကြောင်း သားအကြောင်း ပြောရင် အသေပဲ ... ဟု သူ့တူမသားချင်းတွေကို ဆူခဲ့ဖူးတာကြားဖူး၏။

"စည်သူသိုက်ဆိုတဲ့ လူကြီးကို ညည်း နည်းနည်းကလေးမှ ရင်မခုန်ခဲ့ဘူးလား"

"ဟင့်အင်း"

"အရင်လူတွေရော"

"ဟင့်အင်းပဲ"

"ပထမလူသုံးယောက်ကို ဘယ်လိုအကြောင်းပြချက်နဲ့ ဖြတ်ချခဲ့တာလဲ"

"စိတ်ကုန်ပြီလို့"

ရွှေဖြိုး ရယ်လိုက်သည်။

"ရည်းစားထားရတာ ပျင်းလာပြီကွာ၊ ခင်ဗျားက တော်တော်တုံးတဲ့လူပဲ၊ စကားပြောလည်း မကောင်းဘူးလို့"

"ဦးဦးစောနောင်သမီးမှန်း မသိကြဘူးပေါ့နော်"

"သုံးယောက်လုံးကို ဖြတ်ပြီးခဲ့တဲ့အထိ မသိကြဘူး၊ သူတို့သိထားတဲ့ ဦးစောနောင်သမီးက ရွှေဖြိုးလေ။ မရွှေဖြိုးသို့မဟုတ် ဒိုင်ယာနာပဲ။ ဦးစည်သူနဲ့ ခွဲတဲ့နေ့ကျမှ အတိအလင်း ကြေညာရတာ စောစောကတည်းက သိထားရင် တပ်လှန့်ထားသလို ဖြစ်မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ ... တစ်ယောက်တည်းများ သူများအိမ်ထဲမှာ ချဲဝံ့တယ်"

"မကြောက်ပါဘူးကွာ၊ အများနဲ့တစ်ယောက်မို့ ပိုတောင် မကြောက်သေးတယ်၊ သူတို့ကတစ်လှေကြီး ကိုယ်ကတစ်ယောက်တည်းဆိုတော့ သူတို့အလွန်ချည်းပဲ"

"ပြောတော့မယ် ကြဲကြဲဖန်ဖန်"

"တော်ပြီ ... ကိုယ့်အလုပ် ကိုယ်လုပ်ရဦးမယ်"

ရွှေဖြိုးက သူယူနေကျ လေ့ကျင့်ခန်းယူမို့ ပြင်လိုက်၏။

"ရွှေဖြိုး"

မာလာက ရွှေဖြိုးလက်ကို လှမ်းဆွဲလိုက်သည်။

"ပြော"

"ဦးကြယ်တာရာဖြိုး ဘယ့်နှယ်လဲ"

"အဟက်"

ရွှေဖြိုး ရယ်လိုက်တော့ မာလာက မျက်နှာလေး နီ၍ ရှက်သွားရသည်။

"နင်က ရင်ခုန်လို့လား"

"ရင်ခုန်တယ် ဆိုရင်တောင် သင့်တင့်လျောက်ပတ်သူတစ်ယောက်ကိုတွေ့လို့ ခုန်တာမျိုးပဲဖြစ်မယ်"

"နင်ကြိုက်နေပါပြီကွာ ... ဟား ဟား"

"ငါ စိတ်ဝင်စားပါတယ်"

"ငါတော့ မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"



"ရှေ့ကို ဆယ်စုတစ်ခုစာလောက်ကြိုပြီး အိုနှင့်နေလို့၊ ပျော်စရာကောင်းမယ့်ပုံ မပေါ်ဘူး"

"ဖူးစာပါရင်တော့ နီးစပ်လာမယ် ထင်တာပဲ"

"နီးစပ်မှုဆိုတာ ကြိုးစားမှုပေါ်မှာ မူတည်တယ်"

"ရှင် ကျုပ်ကို ကဲ့ရဲ့မှာလား"

"ကဲ့ရဲ့ရန် မရှိပါ"

လက်ဖဝါးနှစ်ဖက်ဖြန့်၍ ခါပြလိုက်သည်။

"အားကိုးလောက်မယ် ထင်တာပဲ"

"မဆိုးပါဘူး"

"ရှင် . မတားဘူးနော်"

"တားမြစ်ရန် မရှိပါ"

ဒီတစ်ခါတော့ လက်နှစ်ဖက်ကို အပေါ်မြှောက်၍ ခါပြသည်မို့ နှစ်ယောက်လုံး ရယ်မောလိုက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

မေမေ့ကို ပြောပြလိုက်သည်။

"နာမည်က မာလာဦးတဲ့ မေမေ"

ဧွေးဖော်နှင့် ထူးဖော်ထံမှ ရရှိထားသော သတင်းအချက်အလက်တွေ ပြောရင်း သူ့မျက်နှာလေးကိုလည်း မြင်ယောင်မိသည်။

"အသားဖြူဖြူလေးဆိုတော့ မြင်လိုက်တာနဲ့ ရုပ်ရည်က သန့်သန့်လေးပါ၊ ဝတ်ပုံစားပုံ မေမေတို့အကြိုက်ပဲ။ မြန်မာအင်္ကျီ ရင်စေ့လက်တို၊ လက်ရှည်တွေပဲ ဝတ်နေတာ၊ တက္ကသိုလ်မှာ ဒုတိယနှစ်ဆိုတော့ ကျွန်တော့်ထက် အနည်းဆုံး ငါးနှစ်လောက်ငယ်မယ် ...

"စကားပြောတာ၊ လှုပ်ရှားဟန်အားလုံး ညင်သာတယ်၊ ညက်ညောတယ်၊ ဖြည်းဖြည်းဆေးဆေးပဲ လှုပ်ရှားတယ်၊ ကျွန်တော် သဘောကျတာက ဣန္ဒြေရှိပေမယ့် နုံနုံအအထဲက မဟုတ်ဘူး၊ ပြောရဲဆိုရဲ ဝင်ရဲထွက်ရဲ ...



"လူရာဝင်တယ်ပေါ့ မေမေ။ လူရာဝင်ပေမယ့်လည်း နန့်ပျာပျာ ဖြစ်မနေဘူး။ ပြီးတော့ ကြည့်လိုက်ရင် ဖွေးဖွေးစင်စင်နဲ့ ရုပ်ရည်ကလေး သန့်ပြန့်နေတာ၊ အဲဒီနှစ်ခုကို သဘောကျတာပါပဲ"

"မေမေကလည်း ထုံထုံထိုင်းထိုင်းဆိုရင် စိတ်မရှည်ဘူး၊ ပျာကလပ်စီန်ကျတော့လည်း ကြည့်မရဘူး၊ မျက်စိနောက်တာနဲ့ သွေးတိုးချင်စရာ။ သားပြောပုံအရတော့ သိပ်အလှကြီးထဲက မဟုတ်ဘူး ထင်တယ်"

"မျက်လုံး မျက်ခုံး တစ်ခုချင်းစီ မဆိုးပါဘူး မေမေ၊ ဒါပေမဲ့ ငေးကြည့်နေရလောက်အောင်တော့ မလှဘူး၊ ကိုယ်လုံးကိုယ်ထည်က သွယ်သွယ်ပါးပါးပါပဲ ပိန်တယ်ဆိုပါတော့၊ မယ်တွေလိုလည်း ကိုယ်လုံးလှပမနေဘူး၊ ရိုးရိုးပဲ၊ ဆင်းရဲတာတစ်ခုပဲ မေမေ"

"မေမေကလည်း အဲဒါကို ပိုကြိုက်တယ်၊ ပိုက်ဆံပါလာတဲ့ ချွေးမဟာ မေမေ့ကို ခြေဆုပ်လက်နယ်ကစလို့ သမီးရင်းလို ပြုစုဖို့ အတွေးထဲတောင် ဝင်မှာမဟုတ်ဘူး။ မေမေက သမီးမရှိဘူး၊ ဒီသားတစ်ယောက်တည်း မွေးထားတော့ ချွေးမကိုပဲ သမီးလို အားကိုးရမှာ ...

"မေမေကလည်း ရှိပစ္စည်းပုံအပ်မှာပဲ၊ မေမေ့ကိုလည်း အမေရင်းလို ဂရုစိုက်စေချင်တယ်၊ သားကိုလည်း ဘုရားတစ်ဆူ ဂူတစ်လုံးပေါ့၊ မေမေ့ချွေးမက ညအိပ်ကာနီး မေမေ့သားကို ကန်တော့တာလည်း မြင်ချင်သေးတာ ...

www.burmeseclassic.com

www.burmeseclassic.com



"သိပ်လောဘမကြီးပါဘူး သားရဲ့၊ ဒီယောက္ခမက ဒါကြောင့် ပစ္စည်းပါမလာတာကို ပိုကြိုက်တယ် ပြောတာ"

အခြေခံ အချက်အလက်တွေမှာ မေမေက မီးစိမ်းပြသည်မို့ ဖြိုး ရှေ့ဆက်ဖို့ရှိ၏။ ကိုယ်တိုင်က စွဲလမ်းမက်မောလွန်းလှသူ မဟုတ်သေးသောကြောင့် ခုနေမှာ ဆုတ်သာတက်သာ စိတ်ထားမျိုးရှိသည်။

"လူကြီးချင်း စကားကမ်းလှမ်းကြည့်လိုက်တာပေါ့၊ အဲဒီကလေးမရဲ့အုပ်ထိန်းသူ အဒေါ်နဲ့လည်း မေမေ့မိတ်ဆွေတွေထဲက ဘယ်သူနဲ့များ ခင်မင်မလဲဆိုတာ စုံစမ်းလိုက်မယ်"

"မေးတော့ မေးကြည့်တာပေါ့၊ ဒါပေမဲ့ ကျွန်တော်ကိုယ်တိုင်လည်း နည်းနည်းပါးပါး တီးခေါက်ကြည့်ချင်သေးတယ် မေမေရဲ့"

"သားနဲ့က ရင်းနှီးနေပြီလား"

"စကားပြောဖူး ဆိုဖူး ဖြစ်နေပါပြီ"

"ဘယ်ဆိုးလို့လဲ မေမေ့သားက၊ မိန်းမ မယူခင် ရည်းစားထားချင်သေးတာကိုး။ သုံးဆယ်နားကပ်မှ လူပျိုလှည့်ချင်နေသေးတယ်"

"မကပ်သေးပါဘူး မေမေရဲ့၊ နှစ်နဲ့ချီပြီး ဝေးပါသေးတယ်၊ သုံးနှစ်လောက်"

ဒေါ်ခင်ဦးမေ ရယ်နေလိုက်တော့သည်။ သားလိမ္မာက ခုခေတ်သားလောကမှာတော့ ဒီသားမျိုး ဒီတစ်ယောက်ပဲရှိမှာမို့ ယောက်ျားဦးရေက မြန်မာပြည်လူဦးရေ တစ်ဝက်ပဲထား၊



သန်းနှစ်ဆယ်ကျော် အစိတ်မှာမှ ရှာမှရှား ဒီတစ်ယောက်ပဲရှိမည့်သား။ သူများလို မတစ်ထောင် တစ်ကောင်ဘွား မဟုတ်ပါ။ မပေါင်းသန်းနှစ်ဆယ် အစိတ်မှာမှ တစ်ယောက်ဖွားသည့်သားမျိုး။ ဒီအမေကလည်း ချစ်လိုက်တာတဲ့လို့။ ဒီသားကလည်း လိမ္မာလိုက်တာလွန်လို့။ ဒီသားအမိကြားထဲ ဝင်လာမည့် ချွေးမဆိုတာ လိမ်လိမ်မာမာ ဗိုင်းကောင်းကျောက်ပိ၊ ဘာသာရေးကိုင်းရှိုင်းလျက် ယဉ်ကျေးသိမ်မွေ့သော၊ အိမ်တွင်းမှု နိုင်နင်းသည့် ချွေးမမျိုးပဲ ဖြစ်ရမည်။

ဥစ္စာမပေါချင်နေပါ။ ရုပ်ရည်လည်း အသင့်အတင့်ပေါ့။ အမေ့အိမ်ကိုပါလာပြီး အမေနှင့်တည့်အောင် ပေါင်းနိုင်သည့် မိန်းမမျိုးမှ ဖြစ်မှာလေ။

✦ ❦ ✦

"ကြယ်တာရာဖြိုးအင်တာပရိုက်စ်လီမိတက်က ကျွန်တော် ကြယ်တာရာဖြိုးပါခင်ဗျာ၊ ကျေးဇူးပြု၍ မာလာဦးနဲ့ စကားပြောလို့ ရနိုင်မယ်ဆိုရင် ပြောပါရစေ"

ခွီခနဲ ကျိတ်ရယ်သံက ရင်ထဲ တင်းခနဲဖြစ်သွားရသည်။

ဖြိုးက တစ်ဖက်မှာ ဖုန်းကိုင်သူဟာ ဒေါ်တင်တင်ဦးကိုယ်တိုင်လည်း ဖြစ်နေနိုင်တာမို့ မြန်မာ့ယဉ်ကျေးမှုမှာ ပျော်ဝင်သော မြန်မာအမျိုးကောင်းသားတစ်ဦးပီသစွာ အယဉ်ကျေးဆုံး ခွင့်တောင်းလိုက်ပါသည်။ မာလာ့အနေအထားက အဲဒီအိမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်အခွင့်အရေးရှိသည် မရှိသည် မသေချာပါ။ ဒီတယ်လီဖုန်းသည် ဒေါ်တင်တင်ဦး ပိုင်သောဖုန်းဖြစ်၏။ မာလာသည် ဒေါ်တင်တင်ဦးထံမှာ မှီခိုနေရသူဖြစ်၏။ ဒေါ်တင်တင်ဦးထံမှာ အယဉ်ကျေးဆုံး ခွင့်တောင်းဖို့က ဖြိုးတာဝန်ဖြစ်သည်။ အဲဒါကြောင့် အဲဒီလိုပြောလိုက်တာ ခိခနဲ ကျိတ်ရယ်စရာလား။ လှောင်စရာလား။ မြန်မာပြည်မှာနေ၊ မြန်မာလူမျိုးစစ်စစ်လည်းဖြစ်၊ သို့ပေမဲ့ မြန်မာ ပီသစွာ မယဉ်ကျေးနိုင်သော ခပ်ရိုင်းရိုင်း လူသားတွေအတွက်တော့ ဖြိုး၏ အယဉ်လွန်သိမ်မွေ့ စကားတွေဟာ ဟားစရာ ဖြစ်နေမှာပါပဲ။

"ခဏကိုင်ထားပါ၊ ခေါ်ပေးပါ့မယ်"

အသံက နုနုပျိုပျိုရယ်။ လူတစ်ယောက်နှင့်အပြင်မှာ စကားပြောဖူးပေမယ့် အဲဒီလူနှင့် တယ်လီဖုန်းဆက်သည့်အခါမှာ အသံကို မှတ်မိချင်လည်း မှတ်မိသည်။ မမှတ်မိချင်လည်း မမှတ်မိ ရှိတတ်၏။ ခု အသံကို မမှတ်မိလှ၊ မသေချာလှပေမယ့် ခိခနဲ ကျိတ်ရယ်သံကြောင့် ချွေဖြိုး ဆိုသော ဆတ်စလူးစိန်ပဲဖြစ်ရမည်ဟု သေချာသွားရသည်။ သူမှန်းသိလျှင်လည်း မာရေကျောရေ ပြောလို့မဖြစ်။ သူ့အိမ်၊ သူ့ဖုန်း၊ သူ့အရိပ်ထဲမှ မိန်းကလေးနှင့် စကားပြော ခွင့်တောင်းရတာလေ။ တစ်ခါတစ်ခါကျ လူယဉ်ကျေးပီသရခြင်းကြောင့် ခိုးလိုးခုလု ခံစားရတာတွေရှိသည်။ သို့ပေမဲ့ မေမေက ...

"ခိုးလိုးခုလုမဖြစ်နဲ့ သားရယ်၊ ရိုင်းမိမှာကို ရှက်ပါ" ... တဲ့။

"ဟုတ်ကဲ့ ... မာလာဦးပါရှင်"



"ဟုတ်ကဲ့" ... ဆိုတာလေးက နားထဲမှာ ချိုသွားရသည်။

"မာလာ ... ကိုယ်ပါ၊ ကြယ်တာရာဖြိုးပါ"

"အော် ... ကိုဖြိုး၊ ဟုတ်ကဲ့ ... ပြောပါ"

"အဲ ... ဘယ်ကစပြောရမှန်းတောင် မသိဘူး၊ အကြောင်းထူးတော့ မရှိပါဘူး၊ သူငယ်ချင်းတွေ မိတ်ဆွေဖြစ်ပြီဆိုတော့ သတိတရ ဖုန်းဆက်တာပါ"

"ဟုတ်ကဲ့၊ မာလာကလည်း သတိရနေတာပါ၊ အိမ်မှာတောင် ဖေဖေ့ကိုပြောပြလို့၊ ဖေဖေက ခုခေတ်မှာ လူငယ်လူရွယ်တွေ မြန်မာဆန်တာ သိပ်ရှားနေပြီဆိုပြီး ချီးကျူးနေပါတယ်"

"ဟုတ်တယ်၊ ကျွန်တော်လည်း မေမေ့ကို ပြောပြတော့ ခုခေတ်ထဲမှာ မေမေကြည့်လို့ရတဲ့ မိန်းကလေး သိပ်ရှားနေပြီလို့ ပြောတယ်၊ မာလာ့ကို မေမေမြင်ရင် ခင်မှာ"

"မာလာကလည်း ခင်မင်လေးစားတယ်လို့ ပြောပေးပါနော်။ မေမေကြီးက နာမည်ကြီးပါ။ သားသမီးအုပ်ထိန်းပုံတို့၊ ခင်ပွန်းကို ရိုသေလေးစားပုံတို့၊ အိမ်ထောင်ထိန်းသိမ်းပုံတို့၊ ကုမ္ပဏီမှာလည်း အစစအရာရာ ဝင်ကူညီတာတို့ ကြားဖူးနားဝတွေနဲ့တင် လေးစားရပါတယ်"

"မေမေကတော့ လောကပေါင်းစုံမှာ နာမည်ကြီးတယ်၊ တချို့ကျတော့ စိတ်မရှည်ဘူး၊ ဂဂျီဂဂျောင်များလို့တဲ့ အသက်ကြီး အမျိုးသမီးချင်းချင်း ကဲ့ရဲ့တာလည်း ခံရတယ် မာလာရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မာလာတို့ကလည်း စည်းနဲ့ဘောင်နဲ့ ကြီးပြင်းခဲ့ရတော့ ဒီလိုမျိုးလူကြီးသူမမျိုးကို ကြည်ညိုရပါတယ်"

"ခုကျောင်းပိတ်ရက်မှာ မာလာ ဘာတွေလုပ်နေလဲ"

"ဒေါ်လေးခြံကို ဝိုင်းကူပါတယ်၊ ဒေါ်လေးက ခြံသ,တာ သိပ်ဝါသနာပါတာ"

"ထမင်းဟင်းရော ဝင်ချက်သေးလား"

"နေ့ရှိသရွေ့တော့ မချက်ဖြစ်ဘူး။ ဒါကလည်း ဒေါ်လေးတို့နဲ့ တစ်အိုးတည်းစားတော့ လုပ်မယ့်ကိုင်မယ့်သူရှိနေတာရော ဒေါ်လေးကိုယ်တိုင်ကလည်း သူချက်ရမှ၊ တစ်ပတ်တစ်ခါ တစ်ခုခု လုပ်စားရင်တော့ မာလာပဲ လုပ်တာများပါတယ်"

"ချက်တော့ ချက်တတ်တယ်ပေါ့"

"မိန်းကလေးပဲ ကိုဖြိုးရယ်၊ မချက်တတ်ပဲ ရှိပါ့မလား"

"မာလာ့ညီမ ရွှေဖြိုးတော့ ချက်တတ်မယ့်ပုံ မပေါ်ပါဘူး"

"ရွှေဖြိုးက မလုပ်ချင်ရင်သာ ကိုဖြိုးရဲ့၊ လုပ်ချင်လို့ ဝင်လုပ်ပြီဆိုရင် ဘာပဲလုပ်လုပ် သူ့လက်ကထွက်ရင် ခပ်ညံ့ညံ့ မထွက်ဘူး၊ သူက အရည်အချင်းရှိတဲ့ မိန်းမသားပါ"

"ထောက်ခံချက်ကလည်း အပြည့်ပါလား"

"မာလာနဲ့ ညီအစ်မလေ"

အဓိပ္ပာယ်မဲ့စွာ ရယ်လိုက်ကြသည်။

"သူငယ်ချင်းမိတ်ဆွေတွေဆိုတာ ခင်ခင်မင်မင် တစ်အိမ်တစ်အိမ် လည်လိုက်ကြ၊ စားလိုက်ကြ နေရတာ၊ မာလာ့ကို ကိုယ် ဘာကျွေးရမလဲပြော၊ မာလာကရော ကိုယ့်ကို ဘာကျွေးမလဲပြော"



"ကျွေးပါတယ် ကိုဖြိုးရဲ့၊ ဘာစားချင်လို့လဲ"

"မာလာတို့အိမ် လာလည်လို့ ရလား"

"ရတော့ ရပါတယ်"

"ရတော့ ရပါတယ်ဆိုတော့ ဘာက ဘာဖြစ်သေးလို့လဲ"

"ဒေါ်လေးတို့ကို အားနာတာပါပဲ"

"ဟုတ်တယ် ... ကိုယ်လည်း မျက်နှာပူတယ်၊ ကိုယ်က ကျွေးချင်မွေးချင်လို့ ဖိတ်ရင်ရော မာလာက လက်ခံမှာလား"

"အဲဒီလိုကျတော့လည်း အစားပြခေါ်ရင် ဗန်းမော်ထိလိုက်တယ် ဖြစ်မှာစိုးတယ်"

"မာလာ့မှာက အခက်အခဲ ရှိတယ်လေ"

"ဘာလုပ်ရမှန်းတောင် မသိဘူး၊ ဘယ်သူ့ဘယ်သူမှ မကျွေးဘဲ မစားဘဲနေရင် မကောင်းဘူးလား"

"မကောင်းဘူးကွ၊ ကိုယ်ကလည်း ကျွေးချင်တယ်၊ မာလာကျွေးတာလည်း စားချင်တယ်၊ စကားတွေလည်း အများကြီး ပြောချင်တယ်၊ ကိုယ်တို့ အပြင်မှာ ဣန္ဒြေရရ အေးဆေးရိုးသား စားကြသောက်ကြတာပဲဟာ၊ မာလာ့မှာ သိက္ခာမဲ့စရာ မရှိဘူး ထင်ပါတယ်၊ ကိုယ့်ကို မယုံလို့လား"

"ဒီလိုမဟုတ်ရပါဘူး ကိုဖြိုးရဲ့၊ ကိုဖြိုးရဲ့သိက္ခာနဲ့ သမာဓိကို လေးစားပြီးသားပါ။ ပြီးတော့ မာလာက ကိုဖြိုးတို့ မိသားစုကို အကြားနဲ့တင် ကြည်ညိုနေတဲ့သူပါ။ ကိုဖြိုးတို့ မိသားစုရဲ့အမြင်မှာ မာလာဟာ အထင်သေးစရာဖြစ်မှာပဲ စိုးရိမ်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



"လုံး၀ စိတ်ချ၊ အဲဒါ မဖြစ်ဘူး၊ မာလာ့ကို ကိုယ်နဲ့မေမေကလည်း အထင်ကြီး လေးစားပြီးသားပဲ"

"ဟင် ... မာလာ့မှာ အထင်ကြီး လေးစားစရာဖြင့် ဘာတစ်ခုမှလဲ မရှိဘဲနဲ့"

"မာလာရယ် ... ကိုယ့်ယဉ်ကျေးမှုကို တန်ဖိုးထား ထိန်းသိမ်းနေနိုင်ခြင်းဟာ အထင်ကြီးစရာ အကောင်းဆုံးမဟုတ်ဘူးလား"

"ကိုဖြိုးက မာလာ့ကို နေရာပေးလို့ မာလာ ကျေးဇူးတင်ပါတယ်"

"ဒါဖြင့် ကိုယ် လာမလည်တော့ဘူးကွာ၊ မာလာ့ကို အပြင်မှာ သိက္ခာရှိတဲ့စားသောက်ဆိုင် တစ်ခုခုမှာပဲ မုန့်ကျွေးတော့မယ်၊ ဖြစ်မလား"

"အဲဒီလောက် သဒ္ဒါပေါက်နေတော့လည်း ငြင်းရတဲ့လူက အားနာလာပြီရှင်"

"M-3 မှာ စားမလား"

"ကိုဖြိုး သဘောပါ"

"မာလာ့ကို ကိုယ် တစ်ခုခု တောင်းဆိုလာတဲ့အခါမှာ ခုလိုပဲ ကိုဖြိုး သဘောလို့ မာလာ ပြောနိုင်ပါစေလို့ ကိုယ် ဆုတောင်းထားလိုက်မယ်"

"မာလာကလည်း ကူညီနိုင်ပါစေလို့ ကိုယ့်ကိုယ်ကိုယ် ကြိုပြီးဆုတောင်းထားပါတယ်"

"ဒါဖြင့် မာလာနဲ့ ကိုယ်နဲ့ ဘယ်မှာတွေ့ကြမလဲ"

"ဘယ်တော့လဲ၊ နေ့ရက်ကို အရင်ပြောဦးလေ"



"အခု"

"ဟင် ... အခုကြီး"

"အခုကြီးပဲ"

"တကယ်ကြီးရယ်"

"တကယ်ကြီးပေါ့၊ ဘာဖြစ်လို့လဲ"

"ကိုဖြိုးက မာလာ့ကို အဲဒီလောက် ခင်နေတာနော်၊ မာလာက အဲဒီလောက်ထိတောင် ထင်မထားဘူး၊ မာလာကသာ ကိုဖြိုးတို့မိသားစုကို လေးစားကြည်ညိုနေမိတယ် ထင်တာ"

"တစ်ဦးမေတ္တာ တစ်ဦးမှာပေါ့၊ ပြောလေ ... ဘယ်မှာဆုံရင် မာလာ့အတွက် အဆင်ပြေမလဲ"

"ကိုဖြိုး ... မာလာ တစ်ခုတောင်းပန်ပါရစေ"

"ဘာကိုလဲ ... ငြင်းမလို့လား၊ ကိုယ် စိတ်မကောင်းအောင် အဲဒီလိုတော့ မလုပ်နဲ့ကွာ"

"မဟုတ်ပါဘူး ကိုဖြိုးရဲ့။ ကိုဖြိုးရဲ့စေတနာကို မာလာက အားတွေနာလှပါပြီ၊ ကိုဖြိုး အခု ဘယ်ကဆက်နေတာလဲ၊ အိမ်ကလား။ ရုံးကလား"

"ရုံးက"

"နောက်ထပ် နာရီဝက်လောက်ကြာရင် တစ်ခါပြန်ဆက်ပေးလို့ရမလား၊ ဒါမှမဟုတ် မာလာက ပြန်ဆက်ဖို့ ဖုန်းနံပါတ်ပေးမလား၊ ဒီလိုပါ၊ မာလာ တစ်နေရာရာမှာ မဆုံချင်ဘူး ကိုဖြိုးရယ်၊ မိန်းကလေးတစ်ဦးဖြစ်ပြီး ရပ်စောင့်နေ ...

"ကားတစ်စီးလာရပ်တော့ ကားပေါ်တက်လိုက်သွားဆိုတာ မိန်းမသားဣန္ဒြေ အရမ်းစုတ်ပြတ်သွားတာ၊ အဲ

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မို့ပါ၊ ကိုဖြိုး လာခေါ်နိုင်မယ်ဆိုရင် မာလာ အိမ်ကပဲ လိုက်ခဲ့ချင်လို့ပါ"

"ခေါ်နိုင်တာပေါ့၊ လာခေါ်မယ်လေ"

"အဲဒီလို အိမ်ကနေ လိုက်နိုင်ဖို့ မာလာ့မှာ ခွင့်တောင်းစရာ အုပ်ထိန်းသူနှစ်ဦးတိတိ ရှိနေပါတယ် ကိုဖြိုးရယ်၊ ဖေဖေရယ် ဒေါ်လေးရယ်"

ဩော် ... မာလာ ... မာလာ၊ မေမေသာသိလျှင် ပိုပြီးတန်ဖိုးထားတော့မှာပဲဟု ဖို၍ သဘောကျသွားရပြန်၏။ မိန်းမသားဆိုတာ မေမေ့အမြင်မှာတော့ အုပ်ထိန်းသူရှိမှ။ များလျှင် ပိုတောင်ကောင်းသေး။ ပြီးတော့ ဘာတစ်ခုကိုပဲလုပ်လုပ်၊ အုပ်ထိန်းသူထံမှာ ခွင့်တောင်းပြီးမှ လုပ်တတ်လျှင် မိန်းကလေးဟာ ဘယ်လောက်ချစ်စရာ၊ လေးစားစရာ ကောင်းလိုက်လဲ။

"ဒီတော့ မာလာ ဘာဖြစ်ချင်လဲ၊ ဖြစ်ချင်တာပြောလေ"

"ကိုဖြိုးက ဖုန်းချလိုက်ရင် မာလာက ဖေဖေနဲ့ ဒေါ်လေးဆီမှာ ခွင့်တောင်းပါ့မယ်၊ ခွင့်ပြုချက်ရတော့မှ ကိုဖြိုးနဲ့ ဖုန်းကွန်တက်ပြန်လုပ်ပြီး ကိုဖြိုးက မာလာ့ကို အိမ်မှာပဲလာခေါ်ပေါ့နော်"

"မာလာ့ဖေဖေနဲ့ ဒေါ်လေးက တားမြစ်ကန့်ကွက်ဖို့များ ရှိမလား"

"ရှိမယ် မဟုတ်ဘူး ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကြယ်တာရာဖြိုးမိသားစုရဲ့သား ကိုဖြိုး ဖြစ်နေလို့ပါ။ ကိုဖြိုးရဲ့သိက္ခာတို့ ကိုယ်ကျင့်တရားတို့ဆိုတာ လေသင့်တိုင်း ဖြူစင်စွာ သင်းပျံ့နေတာပဲဟာ"



"ဘဝင်တောင် မြင့်သွားပြီ"

"ဒါဆို ... ဖုန်းချလိုက်ရအောင်၊ ကိုဖြိုး ဖုန်းနံပါတ်ပေးမလား၊ ကိုဖြိုးကပဲ ပြန်ဆက်မလား"

"ဖုန်းနံပါတ်ပေးမယ်၊ ကိုယ် ပြန်မခေါ်ချင်လို့ မဟုတ်ဘူးနော်၊ ခဏလေးချင်းထဲမှာ နှစ်ခေါက်ဆိုရင် မာလာ့ဒေါ်လေးကို မလေးစားရာရောက်မှာစိုးလို့၊ ပြီးတော့ ကိုယ်နဲ့ပတ်သက်သမျှ ဖုန်းနံပါတ်တွေ မာလာ့ကိုလည်း ပေးထားချင်လို့၊ ကိုယ် ဖုန်းနားမှာပဲ ထိုင်စောင့်နေမှာပါ၊ မာလာ ခွင့်တောင်းပြီးရင် မာလာပဲ ဆက်လိုက်နော်"

ဖြိုးက အိမ်ဖုန်း၊ ရုံးဖုန်းတွေပြောသည်။ ပြီးတော့ ဖုန်းချလိုက်သည်။ ဖုန်းနားမှာပဲ ငုတ်တုတ်စောင့်ရင်း ရင်ထဲ နည်းနည်းပါးပါး ဖိုလှိုက်ချင်၏။ မာလာ့ဆီ နောက်ထပ်ဖုန်းထပ်ခေါ်ဖို့ ဝန်လေးသည့်အတွက် အကြောင်းပြချက်နှစ်ခုတည်းပေးလိုက်သည်။ သို့ပေမဲ့ နောက်ထပ်တစ်ကြောင်းရှိသေး၏။ အဲသည်တစ်ကြောင်းက အဓိကအကျဆုံးလည်း ဖြစ်ချင်ဖြစ်နေနိုင်သည်။ ဟို ... ဗရုတ်သုက္ခ ဖရိုဖရဲနှင့် ထပ်ဆုံရမှာကြောက်လို့ပါ။ ခိခနဲ ကျိတ်ရယ်သံကိုလည်း မကြားချင်။ တစ်သက်လုံးက သိက္ခာနှင့် သမာဓိနှင့် တည်ကြည်စွာ နေထိုင်ခဲ့သော ကြယ်တာရာဖြိုးဆိုတာ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ အဟားခံ သနားစရာသတ္တဝါ ဖြစ်စရာလား။ သူလိုမိန်းမမျိုးရဲ့ လှောင်ရယ်ထဲမှာ နစ်မြုပ်စရာလား။ ရယ်ချင်းရယ် ကိုယ်ကသာရယ်ဖို့။ ပြီးတော့ အံ့ဩဖွယ်ကောင်းလွန်းတာက မိုက်ရိုင်းရင့်သီးလျှင်သာ နိမ့်ချကဲ့ရဲ့ဖို့ရှိသည်။ လိမ္မာယဉ်ကျေးတာဟာ လှောင်စရာမှ မဟုတ်တာ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အမေ သူ့သမီးကို တစ်ခါမှ ပြောဆိုဆုံးမခြင်း မရှိဘူးလား။ တစ်အိမ်တည်း တူတူနေတဲ့ ညီအစ်မတစ်ဝမ်းကွဲ နှစ်ယောက်ဟာ ပုံစံချင်း ဒီလောက်ပဲ ကွဲပြားခြားနားနေရလား၊ မာလာ့ကိုကျတော့ ဦးဘဦး ဆုံးမတာဆိုလျှင် အဲသည် ဦးဘဦး က ကိုယ့်တူမအရင်းကိုကျတော့ရော မဆုံးမဘူးလား။ ဆုံးမရဲ့သား နှင့် နားမထောင်တာလား။ ဒေါ်တင်တင်ဦးကရော တူမကိုသာဖိ ပြောပြီး သမီးကျမှ ဖြစ်ချင်တိုင်းဖြစ် လွှတ်ထားသလား။ နာမည် လေး နှမြောစရာ၊ "ရွှေရည်သွန်းဖြိုး"... တဲ့။ မျက်နှာပြင်က ကြေ့နီရောင်ပေါက်နေသည်။ လက်မောင်းတွေ ခြေထောက်တွေ တော့မသိ၊ အဝတ်စတွေ အသွယ်သွယ်နှင့် ရှုပ်ယှက်ခတ်နေသည် မို့ တစ်ခါမှ မမြင်မိ၊ သတိမထားမိတာလည်း ပါသည်။ ကြေးနီ ရောင် မျက်နှာနှင့် မိန်းမကိုများရွှေရည်သွန်းဖြိုးတဲ့။ တကယ်ဆို ကြေးရည်သွန်းဖြိုးဆိုမှ ဟုတ်တုတ်တုတ်။

"ဟဲလို ... ကြေး ..."

အတွေးတဲမှာ မျောနစ်ဆဲ မြည်လာသည့်ဖုန်းကို ကောက်ကိုင်တော့ စိတ်စွဲလမ်းရာ ယောင်ယမ်းထွက်သွားသည့် အတွက် ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးသွားမိသည်။ အချိန်မီ နှုတ်ခမ်း ပိတ်လိုက်နိုင်သည့်အတွက် ကိုယ့်ကိုယ်ကိုယ် ပြန်၍ကျေးဇူးတင် ရပြန်၏။

"ဦးကြယ်တာရာဖြိုးနှင့် ပြောပါရစေရှင်"

"မာလာလား၊ ကိုယ်ပါ"

"သြော် ... စောစောက ပြောလိုက်သံ ဆန်းနေလို့ ကိုဖြိုး မဟုတ်ဘူးလားလို့၊ ကြေး ... ဆိုလား ကိုဖြိုး ပြောလိုက် တာ"



"ဟုတ်တယ်၊ များသောအားဖြင့် ကိုယ်တို့ကုမ္ပဏီက ကိုရီး ယားတွေနဲ့ ဆက်ဆံရတာများတော့ ဖုန်းလာရင် ကိုရီးယား လို နှုတ်ဆက်မိတာများတာ အကျင့်ပါနေလို့၊ ဒါပေမဲ့ အပြည့်အစုံ မပြောရခင် မာလာမှန်းသိပြီး ဘရိတ်အုပ်လိုက် တာ"

"အပြည့်အစုံက ဘာတဲ့လဲဟင်"

မသိပါ။ ကိုရီးယားလိုလည်း နှုတ်မဆက်တတ်ပါ။ ကိုရီးယားစကားလည်း တစ်လုံးမျှမတတ်ပါ။ ဖြိုးတို့ဆက်ဆံရ သည့် ကိုရီးယားတွေအားလုံး အင်္ဂလိပ်လို တတ်ကြသည်။ အင်္ဂလိပ်လိုပဲ ပြောကြ ရေးကြသည်မို့ ဖြိုး ကိုရီးယားစကား တတ်စရာမလိုပါ။ သင်လည်း မထားမိပါ။ ကြေးဆိုတာလည်း မရှိပါ။ ရှိလား မရှိလားကို မသိတာပါ။ ခုတော့ ရွှေဖြိုးဆိုတဲ့ မိန်းမ အတွေးထဲဝင်ရောက်နှောင့်ယှက်သည်မို့ မာလာ့ကို ဖြေရှင်း နေရပြီ။ ညာရပြီ။ ဖြိုး သူတော်စင်စစ်စစ်ကြီး ရသေ့ရဟန်းကြီး မဟုတ်ပေမယ့် ငါးပါးသီလကို အတတ်နိုင်ဆုံး မြဲအောင်ထိန်း သည်။ အလုပ်ကိစ္စတွေမှာ အဆင်ပြေသလို ပြောဆိုဆွေးနွေးရင်း မုသာဝါဒမြောက်သွားတာတွေ ရှိပါသည်။ သို့ပေမဲ့ မလိုအပ်ဘဲ အလကားနေရင်း ညာနေတာ၊ ဖြီးဖြန်းနေတာမျိုးကို ရှောင်ရှားရှောင် ကြဉ်၏။ ခုတော့ ရွှေဖြိုး ဆိုသော မိန်းမတစ်ယောက်နှင့် ပတ် သက်၍ တဖွဲ့တနွဲ့ကြီးကို ညာလိုက်ဖြီးလိုက်မိရပြီ။

"သေသေချာချာ ရှင်းမပြတတ်ပါဘူး မာလာရယ်၊ အဲဒါ ထားပါ၊ မာလာ့ကို ကိုယ်လာခေါ်နိုင်သလား"

"ရေမိုးချိုးပြီးလို့ အဝတ်အစားတောင် လဲပြီးပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ဆယ့်ငါးမိနစ်အတွင်း ရောက်မယ်"

"အို ... ကားကိုဖြည်းဖြည်းမောင်းခဲ့ပါ"

"နှစ်ဆယ့်ငါးမိနစ်အတွင်း ရောက်မယ်"

စကားပြောခွက်ကို ချလိုက်သည်။

လူက ကမ္ဘာမြေကြီး၏ဆွဲငင်အား ပြင်ပသို့ ရောက်သွားသလို ပေါ့ပေါ့ပါးပါးကြီး ဖြစ်နေသည်။ လက်နှစ်ဖက်ကို ဆန့်တန်း၍ ခြေဖျားထောက်ကာ ခုန်တက်လိုက်လျှင် ငှက်တွေလိုများ ပျံနိုင်တော့မလား ထင်မိသည်။ လှိုက်လှိုက်ဖိုဖိုလည်း အဖြစ်သားပင်။ ပျော်ရွှင်ကြည်နူးစိတ်လည်းရှိ၏။ အဲဒါ အချစ်လား။ မာလာ့ကို ချစ်မိတာပဲ ဖြစ်မည်။

✦ ✦

"ကိုယ့်ရဲ့အချိန်တွေ တော်တော်များများကို မာလာနဲ့သုံးချင်နေတယ်"

"ကိုဖြိုးက အချိန်တွေ သိပ်ပိုနေလို့လား၊ ဒီလောက်အလုပ်များတဲ့လူက"

"များတော့လည်း များတာမှန်တယ်၊ ဒါပေမဲ့ ကိုယ်ပိုင်အလုပ်ဆိုတာ မလွှဲချင်လို့ လုပ်နေမယ်ဆိုရင် နှစ်ဆယ့်လေးနာရီ လုပ်လို့မဆုံးဘူး၊ အိပ်ချိန်စားချိန်တောင် ထွက်လာမှာ မဟုတ်ဘူး၊ မလုပ်တော့ဘဲ ချထားခဲ့ရင်လည်းဖြစ်တယ်၊ ကိုယ့်ကို အမိန့်ပေးတားမြစ်မယ့်လူမှ မရှိတာ၊ ခွင့်တင်စရာလည်း မလိုဘူးလေ"



ဖြိုးက ရယ်လိုက်၏။ မာလာက ပြုံးပြုံးလေး နေပေးနေသည်။

"ကိုယ်တိုင်လုပ်မှ မလွှဲမသွေကိုယ်လုပ်ဖို့ လိုတယ်ဆိုတာတော့ ရှိမှာပေါ့"

"အဲဒီလိုတော့ ရှိတာပေါ့၊ အထူးသဖြင့် ငွေကိစ္စဆိုရင် ကိုယ်တိုင်မလုပ်မဖြစ်"

"အဲဒါမျိုး ဒီနေ့ မရှိဘူးလား"

"မရှိဘူး၊ မာလာကလည်း အစားသေးလိုက်တာ နောက်တစ်ခါဆိုရင် ယုဇနဂါးဒင်းမှာ ကျွေးမယ်"

"မာလာ ဒီလောက်ပဲ စားနိုင်တာ၊ ဆိုင်ပေါက်စေ့ လျှောက်စားနေရင် ပိုက်ဆံတွေ ကုန်မှာပေါ့"

"ပိုက်ဆံဆိုတာ ကုန်သင့်ကုန်ထိုက်တဲ့နေရာဆို သုံးလို့ရပါတယ်၊ ဒီလောက် ကပ်စေးနည်းစရာ မလိုပါဘူး"

"မာလာကတော့ နှမြောတယ်"

"လိမ္မာတာပေါ့"

မာလာ ဒီနေ့ဝတ်ထားတာ အင်ဒိုနီးရှားပါတိတ်ကို ရင်စေ့လက်ရှည်ကျပ်ကျပ်လေး၊ ထဘီနှင့်ဆင်တူ ဝမ်းဆက်ဖြစ်၏။ အင်ဒိုနီးရှားပါတိတ်က ဒေါ်လေးပေးတာ။ ဒေါ်တင်တင်ဦး လက်ဆောင်ရသော အကောင်းစားပါတိတ်လေး၊ အဆင်ကစိပ်စိပ် အရောင်ကနုနုမို့ ကိုယ်တိုင်လည်း ကြိုက်ပေမယ့် တူမကို တမင်ပေးလိုက်ခြင်းဖြစ်သည်။ မာလာက မြန်မာအင်္ကျီလေးတွေချည်းဝတ်တော့ အဆင်ကြီးလျှင် မလှပါ။ ပါတိတ်ဆိုတာကလည်း အဆင်စိပ်စိပ်နုပ်နုပ် ရခဲပါဘိခြင်း။ တူမလေး ဝတ်ရှာပါစေ။

www.burmeseclassic.com

www.burmeseclassic.com



"မာလာ ဒီနေ့ လှလိုက်တာ"

ပြောပြီး မျက်နှာကြီးရဲကာ ပြန်ရှက်နေသူကို မာလာ ကတောင် ပြန်၍သနားမိတော့သည်။ ယောကျ်ားလောကမှာတော့ ရှာမှရှားသည့် လူရိုးစစ်စစ်ကြီး ထင်ပါရဲ့။ အဲသည်လူရိုးကြီးဟာ ရော ဘယ်လောက်ထိ ရိုးသားပြီး ဘယ်လောက်ထိ ကိုယ်ကျိုး ကြည့်သော အတ္တသမားကြီး ဖြစ်နေမလဲဆိုတာ မာလာ မသိနိုင် ပါ။ မာလာကရော ... အတ္တမရှိလို့လား။ ကြယ်တာရာဖြိုးဆိုသည့် လူတစ်ယောက်ကို လက်ထပ်ခွင့် ရလိုခြင်းဟာ စင်စစ် အတ္တပဲ မဟုတ်လား။

"ဒီနေ့ လှတယ်ဆိုတော့ ဘယ်နေ့ကတော့ အရုပ်ဆိုးလို့လဲ"

"ဒီလိုဆိုလိုတာ မဟုတ်ပါဘူး၊ ဒီနေ့ကတော့ အထူးသဖြင့် ကို လှနေတာ၊ အဲဒီအဆင်လေးနဲ့ မာလာနဲ့ လိုက်တယ် နော်"

"ဒေါ်လေးပေးတာ"

"ဩော်"

ရိုးသားသူလေးမို့ ပွင့်လင်းရှာ၏။ သူ့ခမျာ အရိပ် ခိုနေရတာကို မရှက်မကြောက် ဝန်ခံနေတာ ဘယ်လောက်ချီးကျူး စရာကောင်းလိုက်ပါသလဲ။

"မာလာက မြန်မာအင်္ကျီလေးတွေ ဝတ်တတ်တော့ ပါတိတ် အဆင်သေးသေးတွေရရင် မာလာ့ကိုပဲပေးတယ်၊ ဒေါ်လေး က အရမ်းစိတ်ကောင်းရှိတာ"

"မာလာက မြန်မာအင်္ကျီကို ကြိုက်ကို ကြိုက်တာလား"

"ကြိုက်လည်း ကြိုက်ပါတယ်"



ကိုရီးယားခြံထဲမှာ တွေ့စဉ်တုန်းကလည်း တစ်ခါ မေးပြီးပြီး။ ခုတစ်ခါ ထပ်မေးပြန်ပြီ။ ဟိုတုန်းက မေးခဲ့ဖူးတာ ပြီးပြီးပျောက်ပျောက် သဘောနဲ့ မေ့သွားလို့လား၊ သိပ်ကို နိုင်လုံ နေစေချင်လို့လား၊ ပြောစရာစကား မရှိလို့ ရှာကြံပြောနေတာလား. မာလာ အကဲခတ်မှု မအောင်မြင်ပါ။

"ပြီးတော့ မြန်မာအင်္ကျီတွေက ပိတ်ကုန်သက်သာတယ်၊ ဘလောက်စ်တွေ ဘာတွေချုပ်ရင် ပိတ်စပိုကုန်တယ်၊ ရယ်ဒီမိတ်တွေကျတော့လည်း ဈေးကြီးတယ်၊ ပြီးတော့ မာလာက ဗမာမကလေးပဲ၊ ဗမာမကလေး ဗမာအင်္ကျီဝတ် တာ ကောင်းလည်းကောင်းတယ်လို့ ဆုံးဖြတ်ပြီး ဝတ်တာ ပါ"

"မာလာတို့ ဒေါ်လေးက ဝတ်ခိုင်းတာလား"

"ဟင့်အင်း ... ဒေါ်လေးကိုယ်တိုင် ဗမာအင်္ကျီကို ပွဲလမ်း တွေရှိမှ ဝတ်တော့တယ်၊ အိမ်နေရင်းနဲ့ ဟိုသွားဒီသွားက တော့ ဘလောက်စ်ပွပွလည်း ဝတ်ပါတယ်၊ လူနေရတာ သက်သာလို့တဲ့။ အသက်ကြီးပိုင်းကျတော့ လှဖို့ထက် လူ သက်သာဖို့ ပိုပြီးစိတ်သန်တယ်တဲ့ ...

"ဒေါ်လေးက ဘာဝတ်ညာဝတ် မပြောပါဘူး၊ အဝတ်အစားလည်း ဝယ်ပေးချုပ်ပေးတာမျိုး မရှိဘူး၊ ကိုယ့်ဘာသာ ကြိုက်တာဝယ်ဝတ်ခွင့် ရှိပါတယ်၊ ခုလို ပိတ်စကောင်းကောင်းလေးတွေ ရရင်တော့ မာလာ့ကိုပေး တယ်"

"သူ့သမီးတော့ မပေးဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ပေးလို့မရဘူးလေ၊ ရွှေဖြိုးက ရယ်ဒီမိတ်တွေချည်း ဝတ်တာ"

ဒီမိန်းမ ဘာဝတ်ဝတ် ကိုယ့်အပူ တစ်ပြားမပါဘဲ မေးမိသောနှုတ်ခမ်းကို ဆိတ်ချင်၏။

"ဒေါ်လေးက ပြောတော့ပြောတယ်၊ မြန်မာအင်္ကျီလေးတွေ ဝတ်တာ ပိုလှတယ်တဲ့၊ အလှအပ ပိုပေါ်လွင်တယ်တဲ့၊ မာလာက ကြိုက်တာလည်းပါတယ်၊ ပိုက်ဆံသိပ်မသုံးနိုင်တာလည်းပါတယ်၊ ခုတော့လည်း မြန်မာအင်္ကျီနဲ့ ကောင်မလေးဆိုပြီး ပြောကြဆိုကြသံ ကြားရတော့ ဒါဝတ်ရတာကိုပဲ ဂုဏ်ယူပြီး ဒါပဲဝတ်တော့တယ် ...

"ရိုးလွန်းတော့ ပြန်ဆန်းသလိုပေါ့။ ရယ်ဒီမိတ်နဲ့ ဘလောက်စ်နဲ့ ရှပ်အင်္ကျီနဲ့ တီရှပ်တွေကြားမှာ မြန်မာအင်္ကျီနဲ့ ကောင်မလေးက အရိုးဆုံးမို့ အဆန်းဆုံး ပြန်ဖြစ်သွားရတာကိုလည်း သဘောကျတယ်"

မာလာ အမှန်အတိုင်းပဲ ပြောပြလိုက်သည်။ အမှန်တွေ ပြောနေမှန်း ဖြိုး သိသည်။ အမှန်ပြောနေလို့လည်း မာလာ့အပေါ် အထင်ကြီးစိတ်တွေ တိုးရသည်။ ဖြိုး အဲသည်လိုခံစားမိလိမ့်မည် ဆိုတာကိုလည်း မာလာ သိနှင့်ပါ၏။

"မာလာရဲ့ရိုးသားမှုကို လေးစားရပြန်ပြီ"

"ရိုးရိုးသားသားပြောတာ ပုံမှန်ပဲ ကိုဖြိုးရဲ့ ထူးပြီးချီးကျူးစရာလား။ ပလီစီခြောက်ချက် ပြောရင်သာ ရှုတ်ချကဲ့ရဲ့ရမှာ"



"ခုခေတ်မှာ ပလီစီခြောက်ချက်သမားတွေက များနေတော့ အဲဒီ ပလီစီခြောက်ချက်ကမှ ပုံမှန်လိုဖြစ်ပြီး ရိုးရိုးသားသားသမားက လူထူးဆန်းကြီး ဖြစ်နေပြီ"

နှစ်ယောက်လုံး ရယ်လိုက်ကြသည်။

"ကိုယ်က ငါးပါးသီလတော့ သိပ်မလုံလှဘူး အတတ်နိုင်ဆုံး လုံအောင်ထိန်းတယ်၊ အလကားနေရင်းတော့ မကျိုးမပေါက်စေနဲ့ပေါ့၊ အကြောင်းကိစ္စရှိလို့ ကျိုးပေါက်တာတော်သေးတယ်လို့ သဘောထားတယ်၊ ဒါပေမဲ့ ကျိုးတဲ့နေ့များပါတယ်"

ဖြိုးက မျက်နှာရဲရဲနှင့် ဆက်ရယ်နေသည်။ ကိုယ့်စိတ်ကိုယ် မလုံပါ။ ကိုယ်ဟာ မိန်းကလေးတစ်ယောက်ကို လက်ထပ်နိုင်ခွင့် တောင်းဆိုဖို့ စည်းရုံးသိမ်းသွင်းနေသူဆိုတာ ကိုယ့်ဘာသာ သိနေသည်မို့ ကိုယ့်လိပ်ပြာ ကိုယ်မလုံပါ။ သိရှာမည်မဟုတ်ဟု ထင်မိသော မာလာ့ကို အားနာနေသည်။ စင်စစ်မာလာက ဖြိုး စတင်ဖုန်းဆက်ကတည်းက ဝမ်းသာစွာ တွေးထင်လိုက်မိပြီးသား ဖြစ်နေသူလေ။

"ကိုယ့်အကြောင်းတွေ မာလာ့ကို ပြောပြချင်တယ်၊ ကိုယ်တို့က ရင်းနှီးတဲ့မိတ်ဆွေတွေ ဖြစ်သွားပြီ မဟုတ်လား"

"ပြောပါ ... မာလာကလည်း နားထောင်ချင်ပါတယ်"

"ပြီးရင် မာလာကလည်း မာလာ့အကြောင်း ပြောရမယ်"

"ကိုဖြိုး စိတ်ဝင်စားရင်ပေါ့"

"ဟာ ... ဝင်စားတာပေါ့၊ ဘာလို့မဝင်စားရမှာလဲ"

"ဒါဆို ကိုဖြိုးအကြောင်းပဲ ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မိဘတွေတော့ မာလာ သိတယ်နော်၊ ခေတ်အဆက်ဆက် ကုန်သည်တွေပဲ ဆိုပါတော့။ စီးပွားရေးသမားတွေလို့ ပြောလည်းရပါတယ်၊ ဒါပေမဲ့ မသမာတဲ့နည်းမျိုးတော့ မဟုတ်ဘူး"

"မာလာ ကြားဖူးပါတယ်"

"မေမေက သိပ်စည်းကမ်းကြီးတယ်၊ အစက ဖေဖေကသာ အိမ်ကစီးပွားရေး၊ မေမေက ရုံးမှာလုပ်တာ အရာရှိဖြစ်နေပြီ၊ ကိုယ် ဆယ်တန်းရောက်တော့ အလုပ်က ထွက်ပစ်လိုက်တယ်"

"ဘာဖြစ်လို့လဲ နှမြောစရာကြီး"

"အလုပ်လုပ်စဉ်ကတည်းက ရတဲ့လခက အိမ်အတွက် မဖြစ်စလောက်ပဲလေ။ လူရာဝင်တဲ့မိန်းမ ဖြစ်ချင်လို့ လုပ်နေတာ၊ ကိုယ် ဆယ်တန်းရောက်တော့ တက္ကသိုလ်တက်တော့မယ့်သားနဲ့ ရင်အုပ်ကွာမှာစိုးလို့၊ မျက်စိဒေါက်ထောက်ကြည့်နေချင်လို့၊ အချိန်မပေးနိုင်မှာစိုးလို့ဆိုပြီး ထွက်ပစ်တာ။ များသောအားဖြင့် ကားရှိတဲ့ ကျောင်းသားတွေဟာ ကိုယ့်ကားကိုယ်မောင်းပြီး ကျောင်းတက်ကြတယ်၊ ကျောင်းမှာ ကားရပ်ထားတာပေါ့ ...

"ကိုယ်ကတော့ မနက်ပြန် ညပြန် အိမ်ကကားကို ယာဉ်မောင်းနဲ့ မေမေနဲ့ လိုက်ပို့ လိုက်ကြို ခြင်းခံရတဲ့ တက္ကသိုလ်ကျောင်းသား၊ သူငယ်ချင်းတွေက ရိကြတယ်၊ ကိုယ့်အမေကိုလည်း အပြစ်တင်ကြတယ်"



"ဒါဟာ အပြစ်တင်စရာမှ မဟုတ်တာ၊ ကိုယ့်အမေက ကိုယ့်ကိုချစ်တာပဲ၊ ကဲ့ရဲ့တဲ့လူတွေက အလကား။ သူတို့အမေတွေက သူတို့ကို ဒီလောက်မချစ်ကြလို့ မနာလိုလို့ ရိတာ သိလား"

မာလာက မျက်စောင်းလေးချီ၍ ပြောသည်။

"မိန်းကလေးချင်းတော့ မာလာ ပြောတဲ့အတိုင်း မှန်မှာပေါ့၊ ယောကျ်ားလေးချင်းကျတော့ ဒါကို ရှက်စရာလို့မြင်ကြတယ်၊ သွားလေရာ အမေကြီးတကားကားနဲ့"

"ဟင့်အင်း ... ဒါ သက်သက် အမြင်စောင်းတာပါ၊ လိုက်နိုင်လို့ လိုက်တာ၊ လိုက်ချင်ပါတယ်ဆိုတဲ့လူတွေ အကြောင်းအမျိုးမျိုးနဲ့ မလိုက်နိုင်ဘဲ ကျန်နေရတာ တစ်ပုံကြီးရှိမှာ"

"မေမေက ကိုယ့်ကို သိပ်ချုပ်ချယ်တာတော့လည်း မဟုတ်ပါဘူး၊ လွတ်လပ်ခွင့်တွေ အများကြီးရှိတာပဲ၊ ဒါပေမဲ့ မေမေ ကိုယ့်ကိုသိပ်ချစ်တယ်ဆိုတာတော့ ကိုယ် သိတယ်၊ ယုံတယ်၊ ကိုယ်သာ တစ်ခုခု ဆိုးကျိုးဖြစ်ရင် မေမေ အရင်ဆုံး အသက်ထွက်မယ်ထင်တယ်"

"မာလာတို့များ အဲဒီလိုအမေမျိုး ရချင်လိုက်တာ၊ မာလာ့မေမေကကျတော့ သူလည်းပဲ မိခင်မေတ္တာနဲ့ပဲ ဖြစ်မှာပေမယ့် ကျန်းမာရေးမကောင်းလို့ အိပ်ရာထဲချည်း လဲနေရှာတာ။ သမီးဖြစ်သူ မြီးကောင်ပေါက်ကို အချစ်လည်းမပြနိုင်၊ ဆုံးလည်း မဆုံးမနိုင်လေ ...

"ဒါကြောင့် မာလာ ပြောတာ၊ လုပ်ချင်ရက်နဲ့ အကြောင်းအမျိုးမျိုးကြောင့် မလုပ်နိုင်တဲ့သူတွေ အများကြီး ... လို့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် တက္ကသိုလ်မှာ ရည်းစားမရှိခဲ့ဘူးကွ"

ပြောပြီး အဟဲ ... ဟု ရယ်သည်။

"ရိုးလွန်း အ,လွန်းလို့ မဟုတ်ဘူး၊ အကြိုက်ကို မတွေ့တာ။ ခင်ကြ မင်ကြ ပြောင်ကြ နောက်ကြ တရင်းတနှီးတွေ ရှိပါတယ်၊ ချစ်သူတွေသာ မဖြစ်တာ၊ ရေစက်လည်း မပါလို့ နေမှာပေါ့"

မာလာက ပြုံးပြုံးလေး နားထောင်နေလိုက်သည်။

"တချို့က ကိုယ့်ကို ငတုံးပေါ့။ တချို့ကတော့ အတ္တကောင်ကြီး၊ တစ်နေ့ ဘယ်အချေးဆုံးသမီးကိုမှ ရွေးချိုင်မလဲတဲ့။ မလိုပါဘူးကွာ ကိုယ်လက်ထပ်မယ့် အမျိုးသမီးမှာ ပိုက်ဆံပါလာဖို့ မလိုပါဘူး၊ ကိုယ်ထားနိုင်ပါတယ်၊ စိတ်ချင်းသဘောချင်း တိုက်ဆိုင်ဖို့ပဲ လိုပါတယ်"

မာလာ ဘာမျှပြန်မပြောပါ။ မျက်လွှာလေးချ၍ နားထောင်နေလိုက်သည်။

"အခု အလုပ်လုပ်နေတာ မိဘအလုပ်ပေါ့လေ၊ ဒါပေမဲ့ ဒီမိဘမှာလည်း ကိုယ်တစ်ယောက်ပဲရှိတာ။ အလုပ်ထဲမှာလည်း ကိုယ် ကောင်းအောင်နေတယ်၊ ကိုယ်တို့မိသားစုက ကိုယ်ကျင့်တရားထိန်းသော လူကြီးလူကောင်းတွေဆိုတာနဲ့ အမြဲဂုဏ်ယူတယ်"

"ငါးပါးသီလ ကျိုး,ကျိုးသွားတာ မပါသေးဘူး"

ဖြိုး ရယ်လိုက်သည်။ ဒီနေ့အဖို့ရာ ရယ်မိတာတွေ တောင် တော်တော်များနေပြီ ထင်ပါရဲ့။ ဒါဟာ အချစ်လား။ လူတွေဟာ ချစ်သူနဲ့တွေ့ရင် ရယ်မောပျော်ရွှင်နေတတ်ကြသလား ဟု တွေးမိလေ၏။



"သူတစ်ပါးအသက်ကိုပေါ့ကွာ၊ အလွယ်တကူ ရက်စက်စွာသတ်ဖို့ စိတ်ကူးမရှိပါဘူး၊ ခြင်တွေ ယင်တွေတောင်မှ မသတ်တာ"

မသတ်ဖြစ်တာဟု ပြောမှ ပိုမှန်မည်ထင်သည်။ သတ်ဖြစ်ရအောင် ဖြိုးအိမ်ထဲမှာ ခြင်မရှိ။ ယင်မရှိ။ ဘယ်အပေါက်ကမှ မဝင်နိုင်ပါ။ ခြင်လုံ ယင်လုံ အလူမီနီယံဆန်ခါတွေနှင့်။ ဒါမှမဟုတ်လည်း မှန်တံခါးတွေပါ အလုံပိတ်ပြီး လေအေးပေးစက်ဖွင့်ထားမှတော့ ဘယ်ကခြင်နှင့် ယင်ကောင်က ဝင်ပါဦးမည်နည်း။ မတားဆီးနိုင်တာက ပုရွက်ဆိတ်ပဲဖြစ်၏။

"ပုရွက်ဆိတ်တက်နေတဲ့ အစားအသောက်ဆိုရင် ကိုယ်က သိပ်ရွံတာ၊ တစ်ပန်းကန်လုံး မ,ပြီး ဘေစင်ထဲပစ်ထည့်လိုက်တာပဲ၊ ပုရွက်ဆိတ်တွေလည်း ရေမျောပေါ့၊ ခြံထဲ ဆင်းရင်တော့ ခရုကြီးတွေကို တွေ့တဲ့အရပ်မှာ နင်းရတယ်၊ မေမေ့အပင်တွေ ရွက်နုမှ တက်တက်ကိုက်လွန်းလို့ ...

"သူ့ပစ္စည်း ခိုးဖို့ဆိုတာကတော့ လုံးဝကို လုံသလောက်ပါပဲ။ ပရက်စလေ ငယ်ငယ်ကအကြောင်းရေးထားတဲ့ [illegible]အုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတယ်၊ သူ့ကား ကိုယ်ထ[illegible]ရွေ[illegible]စစ် တွမ်[illegible]တူးကာရက် (Twenty two caret)နဲ့ လုပ်ထားတာဆိုလို့ [illegible]ကြီးကို ငါရရင်ဘယ် လောက်ကောင်းမလဲလို့ စိတ်နဲ့ပစ်မှားမိတာမျိုးပဲ ရှိပါတယ်...

"နောက်တစ်ခုကတော့ ကိုယ်ကျင့်သိက္ခာပဲကွာ၊ အရမ်းလုံတယ်၊ မုသာဝါဒကလည်း တစ်ခါတလေ မုသား မပါ လက်ာမချောပေါ့နော်၊ သုရာမေရိယကျတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



အရက်ပြင်းတော့ မသောက်ပါဘူး၊ ကြိုက်ကိုမကြိုက်တာ။ နိုင်ငံခြားသားတွေနဲ့ ဆက်ဆံလုပ်ကိုင်နေရတော့ ဘီယာလောက် သောက်ဖြစ်တယ်၊ ဘီယာကို အရက်မဟုတ်ဘူးလို့ အရက်သမားတွေကတော့ ငြင်းတယ်ကွ ...

"တို့စိတ်ထဲတော့ ဘီယာဟာ အင်မတန်ပျော့တဲ့ အရက်အပျော့စားတစ်မျိုးလို့ပဲ သတ်မှတ်တယ်၊ ဒီတော့ မာလာ စဉ်းစားကြည့်လေ၊ တစ်ပါးမဟုတ် တစ်ပါးတော့ ကျိုးတာပဲ ...

"ဘယ်တော့မှ မကျိုးပေါက် ထိန်းသိမ်းနိုင်ခဲ့တဲ့ သီလဆိုလို့ တစ်ပါးပဲရှိတယ်။ ဒါကြောင့်လည်း ဆရာကြီးဦးသုခက တစ်ပါးသီလဆိုပြီး ရိုက်ပြတာ"

မာလာလည်း ကိုယ့်ဘာသာ ပြန်စဉ်းစားကြည့်သည်။ သေသေချာချာ စိတ်ရော ကိုယ်ပါ နှုတ်ပါ လုံခြုံအောင် ထိန်းသိမ်းနိုင်တာဆိုလို့ မာလာ့မှာ နှစ်ပါးပဲရှိသည်။ မိန်းမသားမို့ အရက်မသောက်ပါ။ အပြင်းစား အပျော့စား၊ ဘာမှမသောက်။ ဘီယာလည်းမသောက် ဝိုင်လည်းမသောက်မို့ ဖြိုးထက် တစ်ပါးပို၍ လုံခြုံ၏။

"ကိုယ့်အကြောင်းက ဒီလောက်ပဲ ပြောစရာရှိတယ် သိပ်လည်း မထူးဆန်းဘူးကွာ"

"မာလာ့အကြောင်းက ပိုပြီးမထူးဆန်းသေးတယ်၊ အစက နယ်မှာနေတယ်၊ မေမေဆုံးတော့ ဒေါ်လေးက လာခေါ်တယ်၊ သားအဖနှစ်ယောက် ဒေါ်လေးဆီရောက်ပြီး ဒေါ်လေးရဲ့ပံ့ပိုးမှုနဲ့ လူဖြစ်နေကြရတယ်၊ ဒီလောက်ပါပဲ"



"ကျန်သေးတယ်"

"ဘာကျန်လို့လဲ"

"ကိုယ် တက္ကသိုလ်မှာ ရည်းစားမထားခဲ့ဘူး"

"သြော်"

မာလာက ရှက်ပြုံးလေး ပြုံးလိုက်သည်။

"မာလာ့မှာလည်း အဲဒါမျိုး မရှိဘူးပါဘူး၊ မထားရဲပါဘူး ကိုဖြိုးရယ်။ လူကောင်းက ရှားသား၊ ဒေါ်လေးဆီမှာ မှီနေရတုန်း ဒေါ်လေး မျက်စိနောက်စရာ ဖြစ်ကုန်မှာလည်း စိုးတယ်၊ ပြီးတော့ မာလာက အိမ်ထောင်ရေးကို ဦးနှောက်ဦးစားပေး စဉ်းစားမှာဆိုတော့ တစ်နေ့ မာလာ အိမ်ထောင်ပြုမယ့် အချိန်ကျရင် မာလာ နုစဉ်ကအတိတ်ဟာ အရိပ်ဆိုးကြီး ဖြစ်မနေရအောင် ထိန်းသိမ်းတာပါ"

"ဒါပေါ့"

ဖြိုးက အရမ်းကို ကျေနပ်သဘောကျသွားရသည်။ ဒါပေါ့ ... ဟု ဘာအဓိပ္ပာယ်နှင့်မှန်း မသိစွာဆို၏။

"ခုခေတ်လူငယ်တွေ အသည်းနှလုံးကို ရှေ့တန်းတင်ကြတာ သိပ်များတယ်၊ ကိုယ်လည်း လူငယ်ပါပဲ၊ ဒါပေမဲ့ အလုပ်ထဲမှာဆိုတော့ လူကြီးတစ်ပိုင်းတော့ ဖြစ်ပြီပေါ့လေ၊ အဓိက အရေးကြီးတာက တစ်လင်တစ်မယားစနစ်နဲ့ သာယာပျော်ရွှင်တဲ့ အိမ်ထောင်ရေးကို ဖန်တီးဖို့။ အဲဒီလို ဖန်တီးနိုင်မယ့်အဖော် ဟုတ်ရဲ့လားဆိုတာ ...

"ဦးနှောက်ကို မသုံးရင် ဘာသွားသုံးမလဲ။ ရှုးရှုးမိုက်မိုက်တွေ ထင်ရာစိုင်းကြ၊ သေလုအောင် ချစ်ကြ၊ မကြာခင်

www.burmeseclassic.com

www.burmeseclassic.com



မှာ စရိုက်ချင်းညှိမရလို့ ကွဲကွာကြ၊ ကလေးတွေရှိလည်း ပြဿနာ မရှိလည်းပြဿနာ ...

"အဲဒါမျိုး သိပ်ဆိုးတာ၊ စိတ်တွေက မတည်မငြိမ်နဲ့ စိတ်လိုက်မာန်ပါ အချစ်မျိုးဟာ လက်တွေ့မှာ အသုံးမဝင်ဘူး ...

အသည်းနှလုံး ရှေ့တန်းတင်ပြီး စိတ်ကူးတွေ စွတ်ယဉ်နေလည်း အလကားပဲ။ တကယ့်လက်တွေ့ဘဝဟာ စိတ်ကူးယဉ်ဘဝနဲ့ တခြားစီ ...

"မေမေ ပြောဖူးတာရှိတယ် သိလား၊ အိမ်ထောင်တစ်ခုအတွက် လက်တွေ့ကျကျ လိုအပ်ချက်တွေ စဉ်းစားတွေးခေါ် ဆုံးဖြတ်တဲ့။ စိတ်ကူးယဉ်တာ အလကားတဲ့၊ လူပျက်စီးတယ်တဲ့"

"ကိုဖြိုးတို့ ဖေဖေနဲ့ မေမေရော ကိုယ့်ဘာသာ သဘောကျပြီး လက်ထပ်ခဲ့ကြတာလား၊ လူကြီးတွေ စီစဉ်တာလား မသိဘူးနော်"

"ကိုယ့်ဘာသာ ကြိုက်ကြတာတဲ့၊ ရွေးကတည်းက ဦးနှောက်သုံးခဲ့တော့ ကိုယ့်မိဘဆီ ကိုယ်ပြန်တင်ပြတော့ မိဘကြိုက်နဲ့လည်း ညီနေတယ်တဲ့၊ ကိုယ်က အဲဒါမျိုး သိပ်ဖြစ်ချင်တာ၊ ကိုယ့်ကိစ္စတစ်ခုလုံးကို မိဘတာဝန်လုံးလုံးလည်း လွှဲမချချင်ဘူး ...

"ကိုယ်သဘောကျလို့ တင်ပြတဲ့သူကို မိဘလက်မခံနိုင်ရင်လည်း ပြဿနာပဲ။ ကိုယ်က ခေါင်းသုံးချင်တယ်။ ဦးနှောက်စားရင် စားပစေ"



စကားတွေကတော့ အိမ်ထောင်ရေးဆီ ဦးတည်ကုန်ပြီ။ အဆင်းမှာ လိုက်နှင်းသွားလျှင် ရနိုင်၏။ သို့ပေမဲ့ သူနှင့်ကိုယ်နှင့် သိကြတာမှ ရက်ပိုင်းပဲမို့ ပြောဖို့သိပ်စောနေသေးသည်ဟု ဖြိုးဆုံးဖြတ်သည်။ ဖြိုး မာလာ့ကို မြင်မြင်ချင်း သဘောကျတာမှန်၏။ ဖြိုးကို မေမေက ရွေးတော့ဟု အမိန့်ချထားခြင်း ခံရချိန်လည်း ဖြစ်နေသည်မို့ မျက်စိထဲတန်းဝင်သွားတာလည်း ဖြစ်နိုင်သည်။ ရင်ထဲမှာ အချစ်ဖြစ်ထွန်းပြီဟုလည်း ထင်၏။ သုံးဆယ်နားကပ်တော့မှ ရည်းစားထားဖို့ ရှက်ကိုးရှက်ကန်းကြီး ဖြစ်နေတာ သဘာဝမကျဘူးဟုလည်း ထင်၏။ တကယ်ဆို ဘာဖြစ်စရာလိုလဲနော်။

"ကိုဖြိုး အလုပ်တွေ တော်တော်ပျက်ကုန်လောက်ပြီ၊ မာလာတို့ ပြန်ကြရင် မကောင်းဘူးလား"

ဖြိုးက လက်ပတ်နာရီကို ကြည့်လိုက်သည်။ ဟုတ်ပါရဲ့။ အလုပ်တွေ တော်တော်ဖင့်နွှဲကုန်ပါပြီ။ ဒီနေ့ ဖေဖေကလည်း ဘဏ်ဒါရိုက်တာကြီးတွေ အစည်းဝေးတက်ဖို့ရှိသည်။ ပြန်သင့်ပြီ။

"ပြန်ကြမယ်လေ၊ ကိုယ်တို့ ဒီလိုပဲ ခဏခဏဆုံချင်တယ်"

"ကိုဖြိုးမှာ ယောကျ်ားလေးမိတ်ဆွေ သိပ်မရှိဘူးလား"

"ရှိတာပေါ့၊ သူတို့နဲ့ မဆုံဘူးလား မေးချင်လို့လား။ ဆုံတယ်။ ဖုန်းလည်း ဆက်ကြတယ်၊ ကိုယ်က ဒီကြားထဲက မာလာ့ကို အချိန်ပေးချင်လို့"

"ကျေးဇူးတင်ပါတယ်"

"ဒါ ကျေးဇူးတင်စရာလားကွ"

www.burmeseclassic.com

www.burmeseclassic.com



မာလာ မတ်တတ်ထပ်ရပ်နိုင်အောင် လက်ကမ်းပြီး ဆွဲထူလိုက်ချင်စိတ်ကို မျိုချလိုက်ရသည်။ ဘာလို့ ဒီစိတ်မျိုးဖြစ်ရမလဲ၊ သူက မိန်းမသား၊ တကယ်တော့ ကိုယ်ကလည်း သူ့အပေါ် အသားယူလိုစိတ်ရှိတာတော့ မဟုတ်ပါ။ ဖေးမလိုခြင်းသာ ပဲဖြစ်၏။ ဒီလိုကြင်နာယုယချင်စိတ် ဖြစ်ထွန်းခြင်းဟာ ချစ်လို့ပဲပေါ့။ အချစ်နှင့် မနီးစပ်ခဲ့သူမို့ အချစ်ကို သေသေချာချာမသိပါ။ မာလာ့ကို စိတ်ဝင်စားသည်။ မကြာခဏ ဆုံချင်သည်။ ယုယမှုလေးတွေ ပေးချင်သည်။ ပြီးတော့ လက်ထပ်ချင်သည်။ ဒါဟာ စစ်မှန်သောအချစ်ပဲ မဟုတ်ဘူးလား။

✦ ✦



## အခန်း(၇)

ဒေါ်ခင်ဦးမေနှင့်ပါ နှစ်ခေါက်လောက် တွေ့ဆုံခင်မင်ရင်းနှီးစွာ လည်ပတ်စားသောက်ပြီးသည့်အခါမှာ မာလာက ဖြိုး၏တောင်းဆိုမှုကို လက်ခံခဲ့ပါ၏။ ဖြိုးက စတင်မတောင်းဆိုကတည်းက လက်ထပ်ဖို့ကိုပဲ တောင်းဆိုခဲ့သည်။

"ကိုယ် မာလာ့ကို လက်ထပ်ချင်တယ်၊ အဲဒါ မာလာ့ကို မြင်ဖူးပြီး မကြာမီကတည်းကစပြီး ဖြစ်လာတဲ့ဆန္ဒပဲ၊ ကိုယ်က လူကြီးလည်းဖြစ်နေပြီဆိုတော့ ဒီလိုပဲ ပြောပါရစေကွာ" ... တဲ့။

မာလာက "စဉ်းစားပါရစေဦး"ဟု ထုံးစံနှင့်အညီ ခွင့်တောင်းခဲ့ပေမယ့် မာလာကိုယ်တိုင် စဉ်းစားပြီးသား၊ ဆုံးဖြတ်ပြီးသားပင်။ ကြယ်တာရာဖြိုးလို လူတစ်ယောက်နှင့် ခင်မင်ခွင့်ရသွားခြင်းမှာ မာလာအတွက် အခွင့်ကောင်းတစ်ခုနှင့် ကြုံကြိုက်ခဲ့ရခြင်းဖြစ်သည်။ မာလာ ကိုယ်တိုင်က ဆင်းရဲသားမျိုးဆက်ကြီးကို ဖြတ်ချခဲ့ချင်သူဖြစ်သည်။ မာလာနှင့် လက်ထပ်ဖို့ ကမ်းလှမ်းသော "သူဌေး"သည် သူ့မှာ ပြစ်ချက်အနာအဆာဆိုသည့် နည်း

www.burmeseclassic.com

www.burmeseclassic.com



နည်းရှိခဲ့လျှင်တောင် မာလာက ခွင့်လွှတ်ဦးမည်။ သည်းခံဦးမည်။ မာလာက အားကိုးရာအရိပ်ကောင်းကြီးတစ်ခုကို မက်မောခြင်း ဖြစ်သည်။ ထိုအရိပ်ကြီးအောက်မှာ ငြိမ်းချမ်းစွာ စည်းစိမ်ခံရင်း လူ့လောကီလူမှုရေးတွေ မာလာပြုပြင်စီရင် စောင်ရှောက်သွားနိုင်မည်ဟု ကိုယ့်ကိုယ်ကိုယ် ထင်သည်။

"မာလာဦး"ဆိုတာ ထုံထုံထိုင်းထိုင်း နုံနုံအအမှ မဟုတ်တာ။ ကိုယ့်မှာ အရည်အချင်း နည်းနည်းပါးပါး ရှိသည်ဟု ကိုယ်ကိုယ်ကိုယ်ယုံသည်။ ခင်ပွန်းသူဌေးက မာလာ့ကို သူ့အလုပ်ထဲ ဆွဲခိုင်းလျှင်လည်း မာလာ ကျွမ်းကျင်အောင် လေ့လာလုပ်ကိုင်မှာ သေချာသည်။ အိမ်မှာပဲ အိမ်ရှင်မကြီးတစ်ဆူ မင်းမူပါဆိုလျှင်လည်းရသည်။ သားသမီးတွေလိမ္မာအောင် ဆုံးမဖို့ကအစ မာလာ စိတ်ကူးယဉ်ပြီးသားပါ။ မာလာက သစ္စာရှိစွာ၊ ကိုယ့်မိသားစုထဲမှာပဲ ပျော်မွေ့မှာဖြစ်သည်။ မာလာ ဖြစ်ချင်တာက တစ်ခုတည်း။ ဆင်းရဲသားမျိုးဆက်ကြီးကို မာလာ့လက်ထက်မှာ ဖြတ်ချခဲ့ချင်ခြင်းတည်း။

ကားဟွန်းသံကြားလျှင် တာဝန်ခံ၍ ပြေးထွက်ရသူက မာလာ ဖြစ်တော့သည်။ ချစ်သူတွေ ဖြစ်ကြပြီ။ ဒေါ်ခင်ဦးမေလည်းသိသည်။ ခွင့်ပြုကြည်ဖြူသည်။ မာလာ ဘွဲ့ရသည်အထိတောင် မစောင့်တော့ဘဲ ခြောက်လနှင့် တစ်နှစ်အကြား လက်ထပ်ကြတော့မည်ဆိုတော့ ဒေါ်တင်တင်ဦးကလည်း အိမ်သို့ "ဝင်ပါထွက်ပါ"ခွင့်ပေးသည်။ အလုပ်များသော ဖြိုးအတွက်လည်း နေ့ခင်းဘက် အလုပ်ပစ်ပြီး စားသောက်ဆိုင်မှာ စကားပြောရတာနှင့် စာလျှင် ညနေဘက် အိမ်ပြန်ရေမိုးချိုးပြီးမှ တစ်ခေါက်ပြန်ထွက်



က စကားပြောရတာကို ပိုကြိုက်၏။ ခုတော့ ညနေစောင်း၊ ကားဟွန်းသံသည် မာလာ့ချေသည်ကြီး ဖြစ်လို့နေတော့သည်။

"ဟော့ ... တီ ... တဲ့"

မာလာက တံခါးပြေးဖွင့်ဖို့ ပျင်းချင်နေ၏။

"ဘာအပျင်းထူနေတာလဲ၊ ကိုယ့်လူကိုယ် မဖွင့်လို့ ဘယ်သူက ပြေးဖွင့်ရမှာလဲ"

"ရွှေဖြိုး တစ်ခါလောက် ပြေးဖွင့်ကြည့်ပါလား"

"အမယ် ... အလုပ်မဟုတ်တာ၊ အဲဒီလူတစ်ယောက်များ ကြည့်လို့ကို မရဘူး"

"မဟုတ်ပါဘူး၊ ခဲအိုနဲ့ ခယ်မ ဖြစ်ရမယ့်သူ နှစ်ဦးက မျက်နှာချင်းကို မဆိုင်တာတော့ မဟုတ်သေးပါဘူးကွာ၊ နည်းနည်းပါးပါး ခင်ခင်မင်မင် နေပေးပါ၊ တော်ကြာ အလယ်လူ အနေခက်၏ ဆိုတာမျိုးလည်း ဖြစ်နေဦးမယ်"

"အိမ်ပေါ်ရောက်မှပြောလည်း ရတာပဲ၊ မလုပ်နဲ့ ရှင့်လူက ကျုပ်မျက်နှာတွေ့ရင် ကားပြန်ကွေ့ထွက်သွားမှာ"

"ဒီလောက်တော့လည်း မဟုတ်ပါဘူးကွ၊ ညည်းကသာ နေရင်းထိုင်ရင်း ကြည့်မရတာ၊ ဟိုက အကောင်းပြောပါတယ်"

"ဖာထေးမနေနဲ့နော်၊ တတီပ‌ီနဲ့ နိုပ်လှုပြီ"

"တစ်ခေါက်တည်းသွားကြည့်၊ လောင်းမလား"

ပျော်တတ်သူ ရွှေဖြိုးက လောင်းကြေးစားကြေး အလွန်ဝါသနာပါ၏။ "လောင်းမလား"ဆိုလျှင် မခံချင်တာနှင့် ထလုပ်ဖြစ်တာချည်း။

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုမြင့်ရင် ကားပြန်လှည့်မလှည့်၊ ငါက မလှည့်တဲ့ဘက်က၊ မရွှေဖြိုး ဘာဖြစ်လို့ တံခါးလာဖွင့်တာလဲ၊ မာလာမရှိဘူးလားခင်ဗျာလို့ ယဉ်ယဉ်ကျေးကျေး မေးလိမ့်မယ်၊ နင်ကသာ ကောင်းကောင်းဖြေ၊ ကားမောင်းတက်လာပြီး ဒေါ်လေးကိုတောင် နှုတ်ဆက်ဦးမှာ၊ အဲဒီလိုလုပ်မယ့်ဘက်က ငါက"

ဖြိုး ယဉ်ကျေးတာ အမှန်ပါ။ ဒေါ်တင်တင်ဦးကို မာလာ့အုပ်ထိန်းသူအဖြစ် လေးစားသည်။ ဦးဘဦးကို မာလာ့အဖေအဖြစ် ရိုသေသည်။ သူ ညနေတိုင်းလိုလို အလွန်ဆုံး တစ်ရက်ခြားနှစ်ရက်ခြားလောက် လာလာပြီး ဧည့်ခန်းမှာထိုင်စကားပြောရသည့်အတွက် လေးစားအားနာကာ လူကြီးကြိုက်လက်ဆောင်တွေ ပါပါလာတတ်သည်။ စားသောက်ဖွယ် ပစ္စည်းအဆန်းအပြားတွေ၊ အသီးအနှံတွေ။

"ငါက မလုပ်မယ့်ဘက်က၊ ကားပြန်လှည့်ထွက်သွားမယ့်ဘက်ကကွာ"

ရွှေဖြိုးက ပျော်လို့ သက်သက်ဆန့်ကျင်၏။

"ဘာကြေးလဲ"... ဟု မေးလိုက်တော့ မာလာက ရယ်လျက် "ရန်ကင်းကြေးအိုးဆီချက် အဝကျွေးကြေး"... တဲ့။

"အိုကေ"

ရွှေဖြိုး ဒန်းပေါ်တွင် ထိုင်နေရာမှ ခုန်ထလိုက်၏။ ဒီနေ့ဝတ်ထားသည့် ရှပ်အင်္ကျီက ရွှေဖြိုးလိုလူမျိုး သုံးယောက်ပူးဝတ်တာတောင် ချောင်ဦးမည့် စိန်မိုက်ကယ်သားနှင့် ချုပ်ထားသော ရောမရှပ်အင်္ကျီကြီး။ သည်ပိတ်စကို အလေးချိန်နှင့်ဝယ်ရ



သော ကီလိုစဆိုင်မှာတွေ့လို့ ကြိုက်ပြီးဝယ်လာခဲ့ခြင်းဖြစ်၏။ ရယ်ဒီမိတ်တွေချည်းဝတ်သော ရွှေဖြိုး၏ ရှားရှားပါးပါး ချုပ်ထည်တွေထဲက တစ်ခုဖြစ်သည်။

ရှပ်အင်္ကျီကိုးရိုးကားရားမို့ ဝတ်ထားသောထဘီ ချောင်ချောင်က အထက်ဆင်လျှောခနဲပြုတ်၏။ ခါးညှပ်စပြုတ်ရုံမို့ ရွှေဖြိုးက အေးဆေးသက်သာ ပြန်ညှပ်ပြီး ထုံးစံအတိုင်း ပြေးထွက်လာတော့သည်။

ရွှေဖြိုးဆိုတာ လမ်းလျှောက်တတ်သူ မဟုတ်ပါ။ ပြေးပဲပြေးတတ်သူဖြစ်၏။ သူ့အမေ ငယ်ငယ်က လမ်းလျှောက်သင်မပေးခဲ့ဘဲ အပြေးသက်သက် သင်ပေးခဲ့သလား ထင်ရလောက်အောင် အလကားနေရင်း ပြေးနေ ခုန်နေတတ်သူ ဖြစ်လေ၏။

"လာပါပြီဗျို့"

ပါးစပ်မှ တစ်ခွန်းအော်လိုက်သည်။

အော်သံကြားရာသို့ ကိုယ်ကိုငဲ့၍ လှမ်းလိုက်တော့ ဗိုသီဖတ်သီနှင့် ရွှေဖြိုး။ ဒီအသံကြားထဲက ထင်သားပဲ။ မာလာဆို ဒီလိုအသံကျယ်ကြီးနှင့် ဘယ်တော့မှ ကျူးမအော်ပါ။ ဖြိုး စိတ်ညစ်လိုက်ပါဘိ၊ ဒီအမျိုးသမီးက ဘာဖြစ်လို့ တံခါးလာဖွင့်ပေးမှာပါလိမ့်။

မာလာ မရှိဘူးလား။ မရှိပေ့ဘဲ ဖြစ်ရမည်။ ဒီအချိန်တွေ သူလာနေကျမို့ မာလာက အမြဲလိုလိုစောင့်လျက် အသင့်ရှိနေတတ်၏။ ခု မရှိတာ သေချာခြင်းသည် အရေးကြီးကိစ္စတစ်ခုခု ရှိလို့ပဲဖြစ်ရမည်။

ဦးဘဦးများ နေထိုင်မကောင်း ဖြစ်သလား။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ဦး နေထိုင်မကောင်း ဖြစ်တာဆိုလျှင် ရွှေဖြိုး လိုက်သွားမှာပေါ့။ ရွှေဖြိုးက ရှိနေ၏။ ဦးဘဦး နေထိုင်မကောင်း ဖြစ်တာဆိုလျှင် မာလာ ပါသွားမည်။ ကားမောင်းနိုင်သူက လူနာဆိုတော့ ဒေါ်တင်တင်ဦးက လိုက်မောင်းပို့လို့သာ ရွှေဖြိုး အိမ်မှာကျန်နေတာပေါ့။ ဒါဆို တစ်ခြံလုံး တစ်အိမ်လုံးမှာမှ ရွှေဖြိုးတစ်ယောက်တည်း။ သူဝင်သွားလျှင် နှစ်ယောက်တည်း။ မသင့်တော်ပါလား။ ဘယ်သင့်တော်ပါ့မလဲ။ သူများပြောစရာလည်းဖြစ်မည်။ မာလာက စိတ်စနိုးစနောင့် ဖြစ်သွားမှာလည်း စိုးသည်။ ဖြိုးကိုယ်တိုင်က ရွှေဖြိုးကို ကြောက်တာလည်းပါသည်။

"ရည်းစားလေးယောက် ပြတ်ထားတာနော်၊ နည်းတဲ့အတွေ့အကြုံ မဟုတ်ဘူး၊ အဲဒီလေးယောက်လုံးဟာ ကိုယ်ပိုင်ရည်းစားတွေနဲ့။ အဲဒီထဲက လိုက်ဝင်လုယူခဲ့တာချည်းပဲ၊ ဟိုဟာတွေက ကြိုက်ပါပြီလည်းဆိုရော သေလိုမျောပါးလည်းခိုက်ရော တိခနဲ ဖြတ်ချပစ်ခဲ့တာ ...

"ငါသာ ယူချင်ရင် ဘယ်သူ့လက်ထဲကပဲဖြစ်ဖြစ် အသာကလေး ဆွဲယူလိုက်ရုံဆိုတဲ့ သဘောလေးပြချင်ရုံသက်သက်တဲ့ကွာ၊ တကယ့်ပညာသည်၊ ကဝေမ၊ စုန်းမ" တဲ့။

သူငယ်ချင်းတွေက ပြောထားသည်။

"အဲဒါရဲ့အစ်မတစ်ဝမ်းကွဲဆိုတော့ သတိတော့ကြပ်ကြပ်ထား၊ တစ်ကိုယ်လုံးရှိသမျှ စကရူ(Screw ဝက်အူ)တွေချောင်ကုန်မယ်"... တဲ့။

ခုလို အိမ်မှာ ဘယ်သူမှမရှိဟု ထင်ရချိန်မှာ ရွှေဖြိုးနှင့် နှစ်ယောက်တည်း သူနေဝံ့ဖို့ သတ္တိမရှိ ဖြစ်လာရသည်။ ဖြိုး



တို့က ရွှေဖြိုးနှင့် နာမည်ချင်း မတိမ်းမယိမ်း ဆင်ဆင်လိုလာတူနေပေမယ့်၊ အသက်ရှူချင်းက သေလုအောင်ကွဲ၏။ နာမည်ပျက်မရှိ။ လူရိုးလူကောင်း အကောင်းစားအဖြစ် နာမည်တစ်လုံးနှင့် နေခဲ့တာ။ မာလာနှင့် ပြဿနာဖြစ်ပြီး လက်ထပ်ဖို့ အစီအစဉ်တွေ ပျက်ကုန်မှာလည်း စိုးသည်။ မာလာဟာ ဖြိုးရော မေမေပါ နှစ်ဦးသဘောကျ ရွေးမဲ့လောင်း။ နောက်တစ်ယောက် ထပ်ရှာရနိုင်ဖို့ မလွယ်ပါ။ မေမေကြိုက်ပြီး ဖြိုးမကြိုက်တာ၊ ဖြိုးကြိုက်ပေမယ့် မေမေ မကြိုက်နိုင်တာမျိုးတွေ ဖြစ်နေမှာစိုးရသည်။ အခုကတော့ ကိုယ့်နာမည်ကောင်းလေးမှာ မဲ့စွန်းတင် မခံနိုင်ခြင်းပါပဲ။

"ဖွင့်ပါပြီဗျို့"

ရွှေဖြိုး ခြံတံခါးကိုဖွင့်ဖို့ အဆွဲမှာပင်၊ ဖြိုး ကားကို အမြန်ဆုံး ကွေ့မောင်းထွက်ခဲ့လေတော့သည်။

ရွှေဖြိုး ...

လောင်းတုန်းကတော့ လောင်းသည်။ ပျော်လို့လောင်းတာ။ ကိုယ်ရှုံးမှာ စိတ်ထဲမှာ သေချာနေသည်။ ကိုယ်ရှုံးလို့ မာလာ့ကို ရန်ကင်းကြေးအိုး လိုက်ကျွေးရလည်း ကိုယ်ပါစားချင်နေတာနှင့် အတော်ပဲ။ ခုတော့ ရင်ထဲမှာ ဟာခနဲ ဖြစ်သွားရသည်။ ကိုယ်နိုင်လိုက်သည်။ ကိုယ့်အနိုင်ဟာ ကိုယ့်ကိုပြန်၍ အလဲထိုးသွားသည်။ ဦးကြယ်တာရာဖြိုး ရွှေဖြိုး တံခါးလာဖွင့်ပေးလို့ ခြံထဲတောင် မဝင်ဘဲ လှည့်ထွက်သွားရသတဲ့။ ရွှေဖြိုးက ဘာဖြစ်နေလို့လဲ။ နူနေသလား။ အဲဒီ အနူလက်ကြီးကို ရှင့်ပါးစပ်ထဲ လာခွံ့မှာမို့လား။

တောက် ...

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ အသည်းတစ်ခုလုံး ကြွေကျသွားသလို ဆတ်ဆတ်ခါ၏။ ခေါင်းကို ဆတ်ခနဲ ခါလိုက်တော့ စပရင်ခွေ ဆံပင်တွေက ဖွာခနဲ လွင့်ကုန်၏။ လက်ကိုဘေးဆန့်လိုက်တော့ ကိုယ်ထည်ပွကြီးက အကြီးကြီး ဖြစ်နေသည်။ လက်ကားလျက်ကြီးပဲ၊ လေယာဉ်ပျံဝဲသလို ပြေးလိုက်၏။ ပါးစပ်က ဝီး ... ဟု သံရှည်ဆွဲအော်ရင်း ဒန်းနားသို့ရောက်လာခဲ့တော့သည်။ ဒီတစ်သက် ပြင်မရအောင်ပျက်သော မျက်နှာကို မာလာ မမြင်စေနိုင်တော့။

"နိုင်တယ်ကွ"

✦ ✦

"ကိုဖြိုးကလည်း ဆိုးလိုက်တာ၊ ဘာဖြစ်လို့ လှည့်ပြန်ရတာလဲ၊ အားနာစရာကြီး၊ တစ်နေ့ ခဲအိုနဲ့ခယ်မ တော်ရမှာ"

"ကိုယ်လည်း ယောင်သွားတယ်၊ သူတစ်ယောက်တည်း အိမ်မှာရှိတယ်ထင်ပြီး ဘာလုပ်ရမှန်းမသိ ကြောက်ကြောက်နဲ့ လန့်ပြေးတာ"

"ဘာလို့ ကြောက်ရတာလဲ"

"မသိဘူး"

"ခုတော့ မျက်နှာပူစရာကြီးတွေ ဖြစ်ကုန်ပြီ"

"အေးကွာ ... တောင်းပန်တယ်လို့ ပြောပေးနော်"

"ကိုယ့်ဘာသာ တောင်းပန်ပေါ့"

"ဟာ ... ရှက်စရာကြီး"



"ကိုယ်မှားလို့ ကိုယ်တောင်းပန်တာ ဘာလို့ရှက်ရမှာလဲ၊ မှားရဲ့သားနဲ့ မတောင်းပန်တာသာ ရှက်စရာကောင်းတာ"

"ဒါဖြင့်လည်း ခေါ်လိုက်လေ"

"ရွှေဖြိုးရေ ... လာပါဦးကွ၊ ဟိုနေ့က ကားပြန်ကွေ့သွားတာ ရိုင်းသလို ဖြစ်သွားလို့ ကိုဖြိုးက အားနာလို့ တောင်းပန်မလို့တဲ့"

"ကျေအေးပြီလို့ ပြောလိုက်"

လူက ဘယ်မှာမှန်းမသိ၊ အသံချည်း ရောက်လာသည်။

"လာပါဦးကွ၊ စကားပြောရတာပေါ့"

"လေကုန်များနေလို့ အသုံးလျှော့နေရတယ်ကွာ၊ ဆောရီးပဲ"

"လာပါကွာ ရွှေဖြိုးကလည်း၊ ကိုဖြိုးကလည်း အားနာနေတာ ကိုယ်တိုင်တောင်းပန်ချင်တာပေါ့"

မာလာက ဖြိုးဒူးကို လက်နှင့်တို့လိုက်သည်။ ပြောဦးလေ ... ဆိုသည့် အဓိပ္ပာယ်ပါ။ ဖြိုး စေ့စေ့တွေးကြည့်တော့ သူ့အပြုအမူက တော်တော်ရိုင်းသွားတာကို ပြန်နားလည်လေလေ၊ အားနာမိလေလေပါ။ ဖြိုးဆိုတာ လူရိုင်းမှ မဟုတ်ဘဲ၊ လူယဉ်ကျေးပါ။

"ကျွန်တော် မှားသွားတာပါ၊ ကျွန်တော်လည်း ရုတ်တရက် မာလာ မရှိဘူးထင်လို့"

ရွှေဖြိုး ဘယ်နားမှာ ရှိနေမှန်းမသိ။ ဖြိုးက ခပ်ကျယ်ကျယ်မော့၍ အော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ပါတယ်ဗျို့"

မာလာက ရယ်လိုက်သည်။ ဖြိုးလည်း အူကြောင်ကြောင်နှင့် ရောရယ်ဖြစ်၏။ တည်တည်ခံ့ခံ့ အမြဲနေသည့် ဖြိုးက ခုမှ ဘယ်မှာရှိနေမှန်းမသိသောသူကို အသံနှင့် မှန်းတောင်းပန်နေရသည့်အဖြစ်က ပေါတောတောနိုင်၏။

"မာလာ မရှိတော့ ပြန်ရမယ့်တူတူ၊ မဝင်တော့ဘူးလို့"

"ကျေအေးပြီးသွားပါပြီဗျို့"

တဗျို့ဗျို့နှင့် ဗျို့ဟာစ်နေပြန်၏။ ဖြိုးနှင့်မာလာက ရယ်နေကြသည်။ ဒေါ်တင်တင်ဦးကတော့ သူနေသောနေရာလေးနေရာပဲရှိသည်။ ဧည့်ခန်းလိုနေရာမျိုးမှာ ဘယ်တော့မှရှိမနေတတ်ပါ။ သူ နေ့ခင်းပိုင်းဆို သုံးနေရာနေသည်။ မီးဖိုချောင်၊ ဘုရားခန်းနှင့် ခြံထဲ။ ညကျတော့ ကိုယ့်အခန်းထဲ ကိုယ်ဝင်၍ အိပ်လိုက်သည်။ တစ်အိမ်လုံးမှာမှ ဒီလေးနေရာပဲ နေသည်မို့ ဒီစကားသံတွေကို မကြားနိုင်ပါ။

"ကျွန်တော် တောင်းပန်တဲ့အနေနဲ့ မနက်ဖြန်လာရင် မရွှေဖြိုးအတွက် မုန့်ဝယ်ခဲ့ပါမယ်"

"ကလေးမဟုတ်တော့ပါဗျို့"

"ဖစ်ရှ်အင်နတ်စ် (Fish and Nuts) ဝယ်ခဲ့မယ်ခင်ဗျ၊ မရွှေဖြိုး ကြိုက်တယ်ဆိုလို့"

"စားရလွန်းလို့ မုန်းသွားပါပြီဗျို့"

ရွှေဖြိုး စဉ်းစားလိုက်မိသည်။ ကိုယ် ဒါကြိုက်တာ သူ့ကို မာလာက တကူးတက ပြောထားသလား။ ကာလီဖိုးနီးယားမှလာသော သံဘူးကလေးထဲ ငါးသေးသေးပေါက်စလေးများ



နှင့် သစ်ဆိမ့်စေ့ကစ်မျိုးကို ရောထည့်ထားသည်။ စားလို့အလွန်ကောင်း၏။ ရွှေဖြိုး တစ်နေ့ကို တစ်ဘူးလောက်ကုန်အောင်စားသည်။ တစ်ဘူးကို ငါးရာနှစ်ဆယ်မို့ မာလာက ဘယ်လောက်ကျေးကျေး ညီတယ် နံတယ်နှင့် ဘယ်တော့မှ မစားပါ။ မာလာတို့ကလည်း လျှာလျှာရှည်ရှည်၊ ရွှေဖြိုး ဘာကြိုက်တယ် ဆိုတာများ တကူးတက သွားပြောထားရတယ်လို့။ ရွှေဖြိုး ပုထိုင်နေရာမှ ထရပ်လိုက်သည်။ ဧည့်ခန်းနှင့် ထမင်းစားခန်းက တစ်ဆစ်ချိုးမို့ မြင်နေရသည်။

ရွှေဖြိုး ထမင်းစားကုလားထိုင်ဘေးမှာ ပုထိုင်နေခြင်းဖြစ်သည်။ ထရပ်လိုက်တော့ ထမင်းစား စားပွဲပေါ်မှကျော်ပြီး ရွှေဖြိုးကို တွေ့လိုက်ရသည်။

"ရွှေဖြိုးရေ ... လာပါလားကွာ၊ စကားပြောရတာပေါ့"

မာလာက လှမ်းခေါ်၏။ တကယ်လည်း သူ အားနာနေသည်။ ညီအစ်မချင်းမှာမှ မာလာက မှီခိုသူ မာလာ့လူက ရိုင်းပျသလို ဖြစ်ခဲ့သူ။

ရွှေဖြိုး ဧည့်ခန်းသို့ ရောက်လာသည်။ ဆိုဖာဆက်တီပေါ်သို့ ထိုင်ချပုံက ခဲအိတ်ကြီးတစ်ခု ပစ်တင်လိုက်သလို ဝုန်းခနဲတောင်မြည်၏။ ဖြိုးမျက်နှာက တွန့်ခနဲရှုံ့သွားရပြီး မာလာကတော့ ရယ်လေ၏။

"ခင်ဗျား ကျေးချင်ရင် ဖစ်ရှ်အင်နတ်စ်လောက်တော့ မလုပ်နဲ့၊ ကျွန်တော်ကလည်း ဘယ်မှလိုက်မစားနိုင်ဘူး၊ ခင်ဗျား ဝယ်လာခဲ့ပေါ့၊ အက်ဘလုံး(Abalone)ဝယ်ခဲ့၊ ကြားဖူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးရုံမကဘူး၊ စားဖူးတာ"... ဟု ပြောချင်၏။ အက်ဘလုံးများ ကြားဖူးလားရယ်လို့ ပြောပုံက ခပ်ရင့်ရင့်။ မာကြောကြော။ မာလာ့မျက်နှာသာ မထောက်ရလျှင် ကိုယ်က အပြစ်ရှိသူလိုသာ ဖြစ်မထားလျှင် ဒီမိန်းမကို မျက်နှာချင်းဆိုင်ကို မဆိုင်ချင်တာ။

"တင်း (Tin သံဘူး)နှင့်လာတာပဲ၊ တစ်ဘူးကို သုံးဆယ့်ငါးဒေါ်လာပေးရတယ်၊ အက်ဘလုံး။ စေတနာရှိရင် သုံးဘူးလောက်ပေါ့၊ သိပ်များများမမှာပါဘူး၊ ခင်ဗျား ရှာဝယ်တတ်ပါ့မလားပဲ"

"ရောင်းတဲ့ဆိုင်လည်း သိပါတယ်၊ ဖေဖေက သိပ်ကြိုက်လို့ တစ်ခါဝယ် ဆယ်ဘူးပဲ"

"အဲဒီထဲက သုံးဘူးလောက် ဆွဲခဲ့ပေါ့၊ ဒေါ်လာတစ်ရာကျော်ဖိုးလေးရယ်"

ဒေါ်လာတစ်ရာကျော်ဆိုတာ သောင်းရှစ်ထောင်ခန့်မို့ နှစ်သောင်းပြည့်ဖို့ နည်းနည်းလေး လိုတော့တာ၊ ခင်ဗျားအတွက် **အားနာခက ဈေးကြီးလှချည်လားဟု** မေးလိုက်ချင်၏။ စေတနာ **လည်းမရှိ။ သုံးဘူးကြီးတောင်လည်း** မပေးချင်။ ယူလာပြီးလျှင် **မာလာ့လက်ထဲထည့်ပြီး** မာလာတို့အတွက် နှစ်ဘူးယူထားဟု **ပြောမှဖြစ်မည်။ ဒါတောင်** မေမေက ဖေဖေ့ထဲက ဖဲ့ပေးပါ့မလား မသိ။ မေမေသာ ဖဲ့မပေးလျှင်တော့ ဖြိုး မဝယ်နိုင်ပါ။ ဖြိုးက လုပ်ငန်းထဲမှာ ဝင်လုပ်လို့ လုပ်ငန်းထဲကငွေတွေကို သိန်းသန်းချီကိုင်ရပေမယ့် ကိုယ်ပိုင်ငွေ သိပ်များများစားစား ရှိသူမဟုတ်ပါ။ သုံးစရာကိစ္စလည်း သိပ်မပေါ်။ အိမ်မှာဆိုလည်း အိမ်မှာမို့



အဆင်သင့်အပြည့်။ ရုံးခန်းမှာဆိုလည်း ရုံးခန်းမှာမို့ အဆင်သင့်အပြည့်၊ သူငယ်ချင်းတွေနှင့် ကျွေးမည်ဆိုလျှင် လုပ်ငန်းထဲမှ ကြိုက်သလောက်ယူသွားလို့ရသည်။

"မေမေ ... သူငယ်ချင်းတွေကျွေးဖို့၊ ကျွန်တော် ..."

ဘယ်လောက်ယူသွားသလဲ ပြော၍ယူနိုင်၏။ ဖြိုးက လုပ်ခလစာ ထုတ်သူမဟုတ်သည်မို့ ကိုယ်ပိုင်သီးသန့်ငွေမရှိ။ ကိုယ်သုံးချင်သလောက်ကို မေမေ့ပြောပြီး သုံးခဲ့တာ။ အက်ဘလုံးဝယ်ဖို့ဆိုလျှင် မေမေက ဖေဖေ့အတွက်မှတ်ပြီး ဘယ်မလဲ မေးပါလိမ့်မည်။

"မာလာတို့သားအဖဖို့"... ဟု ဆိုလျှင် "တစ်ဘူးတော်ရောပေါ့၊ ကြိုက်လား မကြိုက်လားမသိ၊ ကြိုက်တယ်ဆိုမှ ထပ်ပေးတာပေါ့"... ဟု ပြောပါလိမ့်မည်။ မရွှေဖြိုး အားနာခဟု ပြောလို့ဖြစ်ပါ့မလား။

"အားနာခက ဈေးကြီးလှချည်လား"... ဆိုပြီးမဝယ်နဲ့ပြောမှာ သေချာသည်။ မရွှေဖြိုး ... ကျွန်တော် ငွေနှစ်သောင်းနီးပါး ဘယ်လိုစာရင်းဖျောက်ရမယ်မသိ၊ ခင်ဗျား တော်တော်ဒုက္ခပေးတဲ့မိန်းမ။ ဖရိုဖရဲမ၊ ဖိုသီဖတ်သီမ၊ ကြောင်စုတ်မ။

"ကိုယ့်သဘောက သူငယ်ချင်းဆိုရင်တောင် **သူနဲ့မတွဲနဲ့**လို့ ပြောဖြစ်မှာ"

ဖြိုး ... မာလာ့ကို စိတ်မချနိုင်အောင် **ဖြစ်လာရသလို ရွှေဖြိုးဆိုသော အမျိုးသမီးကိုလည်း ပို၍စိတ်ပျက်ရလေ၏။ သတင်း**တွေက မွှေးလွန်းသည်။ မွှေးသည်ပဲ ထားပါတော့။ **ရေမွှေးတွေ**တအားဆွတ်လျှင် မွှေးလွန်းတော့ နံသွား၏။ ခုဟာက **ပြောင်းပြန်**

www.burmeseclassic.com

www.burmeseclassic.com



လေ။ မကောင်းသတင်းက နံလွန်းတော့ မွှေးသွားသည်ပဲ ထား ပါတော့။ ရွှေဖြိုး ... မရွှေဖြိုး။ ဘယ်လိုမိန်းမပါလိမ့် ... ဟူသော အတွေးက ခေါင်းထဲမှ နေ့မထွက် ညမထွက်မို့ အလုပ်ထဲမှာ စိတ်လျှော့ပြီး အိပ်ချိန်တွေလည်းပြန်းတီးကုန်ရသည်။ သူ့အကြောင်း က ခေါင်းထဲရောက်ပြီး စိတ်ပျက်စိတ်ကုန်နေရတာနှင့် ကိုယ့်ချစ်သူ အကြောင်း တွေးရချိန်နည်း၏။

စင်စစ် ... ထိုမိန်းမသည် ဖြိုးအချိန်တွေများစွာကို ဖဲ့ယူစားသုံးသွားသူဖြစ်၏။ သူ လျှော့ကဲ့ဖဲ့သော အချိန်တွေက အဖိုးတန်အချိန်တွေချည်း၊ အလုပ်ချိန်၊ အိပ်ချိန်နှင့် ချစ်သူအကြောင်း တွေးတောချိန်တွေ။

"ခုတော့ တစ်အိမ်တည်း နေနေရတော့ ပိုပြီးတော့တောင် သူ့အကျင့်တွေ ကူးမှာစိုးရတယ်"

"ဒီလိုမပြောပါနဲ့ ကိုဖြိုးရဲ့၊ ရွှေဖြိုးက ဘာဖြစ်နေလို့လဲ"

"ရည်းစားများတယ်ဆို၊ သုံးလေ[illegible]က်တောင် ကွဲပြီးပြီ တဲ့၊ အဲဒါတွေကလည်း သူများရည်းစားတွေထဲက အမျိုး သားကို သွားဖဲ့ယူတာတဲ့"

"ကိုဖြိုးကို ဘယ်သူပြောလဲ"

"မျိုးထွန်း။ ဒီကောင် လူလည်၊ ရ[illegible]န်မြို့မှာရှိသမျှ ရည်းစားပျက်မစာရင်း သူ့မှာရှိတယ်"

"မာလာရော ပါနေသေးလား ကြည့်ကြည့်ပါဦး"

"လုံးဝမပါဘူး၊ မရွှေဖြိုး လုပ်ပုံတွေ မဟုတ်ဘူးကွာ၊ အဲဒီ လိုလုပ်ပုံမဟုတ်တဲ့ မိန်းမနဲ့ မာလာနဲ့က ညီအစ်မမှ တစ် ဝမ်းတည်းကွဲရတယ်၊ တစ်အိမ်တည်းနေနေရတယ်၊ သူသွား



လေရာ မာလာ ပါတယ်ဆိုတော့ ကိုယ် နည်းနည်းမှမကြိုက် ဘူး"

"ရွှေဖြိုးက သနားစရာကောင်းတယ် ကိုဖြိုးရဲ့၊ သူ့မှာလည်း သူ့နာကြည်းချက်နဲ့သူပါ၊ သူ့အဖေ ဘယ်ရောက်သွားလဲ ကိုဖြိုး သိလား"

"မသိဘူး"

"ရွှေဖြိုးဆိုတဲ့ ကလေးသာသာ မိန်းမသားတစ်ယောက်ကို စိတ်ဓာတ်ရေးရာ ပျက်စီးသွားအောင် ပြုပြင်ဖန်တီးခဲ့တာ သူ့အဖေပဲ"

"သူ့အဖေက ဘာဖြစ်လို့လဲ"

ဖြိုး မေးလိုက်ပြီးမှ ကိုယ့်ကိုယ်ကိုယ် အံ့ဩသွားရ သည်။ ဖြိုးဆိုတာ ဘယ်တုန်းကမှ ဘယ်သူ့အကြောင်းမှ စိတ်ဝင် စားခဲ့တာမဟုတ်၊ သိချင်စိတ်ရှိခဲ့တာမဟုတ်၊ ခုများဖြင့် တခုတ် တရကြီးမေးလို့။ မျိုးထွန်းက မရွှေဖြိုးကို နာမည်ပေးထားသည်။ သူများအတွဲထဲက ဖဲ့ယူပြုစားတတ်လွန်းလို့ စုန်းမ၊ ကဝေမတဲ့။ အဲဒီစုန်းမ ကဝေမဟာ ကြယ်တာရာဖြိုးတို့ စုံတွဲလေးကိုတော့ ချမ်းသာပေးပါဟုတောင် တောင်းပန်ထားချင်မိ၏။ အဲသည်လို ကြိုတင်တောင်းပန်ထားချင်တယ်ဆိုတော့ သူ လာပြုစားလျှင် ကိုယ်က ယိမ်းယိုင်ပဲ့ပါသွားမှာမို့တဲ့လား။

"သူများအကြောင်းတော့ သူများအကြောင်းပဲ ကိုဖြိုးရယ်၊ ဒါပေမဲ့ ရွှေဖြိုးကို လူတွေက မကောင်းထင်ကြလွန်းလို့ ရှင်းပြတဲ့အနေနဲ့ မာလာက ပြောပြဖို့ တာဝန်ရှိတယ်[illegible] လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးသိတတ်၍ စိတ်ကောင်းရှိရှာသော မာလာလေးပဲလေ။

"ဖေဖေက ခုတလော အလှပြင်လှချည်လား မေမေ၊ ဟာဝေယံရုပ်ဝတ်နေရာက စပို့ရှပ်တွေချည်း၊ ခါတိုင်းဆို ဂျင်းတဲလ်မင်း (GENTLEMAN)ဘောင်းဘီ၊ ခုတော့ ဂျင်းတွေမှ ရောင်စုံနဲ့"

"သမီးဖေဖေက အလှကြိုက်တယ်လေ သမီးရဲ့"

"အလှကြိုက်လို့လည်း မေမေ့ကို ယူခဲ့တာပေါ့"

ဟု ငယ်စိတ်နှင့်ဆိုလျှင်တော့ ဆက်ပြောမိမည်ထင်သည်။ ခုတော့ ပြောဖို့ ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။ ဒါကိုသမီးဖြစ်သူက လူလည်မို့သိ၏။ မေမေ့ရှက်ပြုံးကို သနားသည်။ ငယ်စဉ်က အလွန်အမင်းလှခဲ့ပါသည်ဆိုသော မေမေ၏အလှတရားအစစ်သည် မျက်နှာလေးတစ်ခု ကွက်ကွက်ပဲ ကျန်တော့သည်။ "မယ်မြန်မာရှုံးအောင် လှခဲ့ဖူးသည့် ကိုယ်လုံးလေးပါ"ဟု ဘယ်လိုပဲ ကျိန်ပြောပြော မေမေ့ဗိုက်ပူပူကြီးကြောင့် ယုံမည့်သူ မရှိတော့ပါ။ ခါးတုတ်တုတ်ကြီးက ဘယ်လောက်အကောင်းစား အင်္ကျီကိုပဲ ဝတ်ဝတ် အချိုးတကျမရှိတော့ပြီ။ ဘယ်လိုဘယ်ပုံ ရှုံ့ကျုံ့ကျသွားမှန်းမသိသော တင်ပါးပေါ် ဘယ်နထောင်တန်သည့်ပါတိတ်ကိုပဲတင်တင် ဆင်ဆင် အမြင်မလှနိုင်တော့ပြီဆိုတာ ဒေါ်တင်တင်ဦး သဘောမပေါက်ပါ။ ဒေါ်တင်တင်ဦးတို့ လူဖြစ်လာရချိန်မှာ အလှပြင်ပစ္စည်းတွေက ခုခေတ်လို မျိုးစုံအောင်မပေါ်သေးပါ။



ခုခေတ်မှာတော့ ငယ်ထိပ်မှစလို့ ခြေဖဝါးထိ အလှပြင်ပစ္စည်းက မျိုးစုံလွန်းသည်မို့ မလှသည့်မိန်းကလေး မရှိတော့လောက်အောင် ဖြစ်နေပါပြီ။ ဒေါ်တင်တင်ဦး အပျိုစင်တုန်းက ပစ္စည်းတွေတင် ရှားပါးတာမဟုတ်၊ ငွေလည်းရှားပါးသည်မို့ ဝယ်ယူသုံးစွဲနိုင်ခြင်းလည်း မရှိခဲ့ပါ။ မသုံးခဲ့ဖူးရပါ။ သို့ပေမဲ့ ငယ်ဂုဏ်ရှိသည်။ ပင်ကိုအလှရှိသည်။ တင်တင်ဦးကလေးမို့ လမ်းပေါ်လမ်းလျှောက်သွားလျှင် မြင်သူတကာ ငေးကြည့်ရသည်။ သမင်လည်ပြန်တွေကလည်း အများကြီး။ အဲဒါတွေထဲမှာမှ "ကိုစောနောင်"က ငွေရှိန်၊ ဂုဏ်ရှိန်၊ အသိုင်းအဝိုင်းရှိန်ဖြင့် အင်တိုက်အားတိုက် ကြိုးစားရယူခဲ့ခြင်း ဖြစ်ပါ၏။

"အလှ ဘယ်လိုပဲကြိုက်ကြိုက်၊ ဝတ်စားဆင်ယင်ပုံ ပြောင်းလဲလာတာ မေမေ သတိမထားမိဘူးလား"

"စကားပုံရှိတယ် သမီးရဲ့၊ အိမ်အိုတော့ ကျားကန်၊ လူအိုတော့ ပန်းပန် ... တဲ့။ ဒီမှာမတွေ့ဘူးလား၊ မေမေဆို နေ့တိုင်း ပန်းတစ်ပွင့်တော့ ပန်တာပဲ"

သြော် ... မေမေ။ ယိုယွင်းစပြုပြီဖြစ်သော အလှအပတွေကို ပန်းကလေးတစ်ပွင့် ပန်ရုံဖြင့် ကျားကန်နိုင်မည် ထင်နေသလား။

"သူလည်း အသက်ကလေးရလာတော့ နအောင်ဆင်ရရှာတာပေါ့ သမီးရယ်"

ရွှေဖြိုး ခေါင်းခါလိုက်သည်။

"ရွှေဖြိုးတို့ကတော့ အထက်အသွက်စား"ဟု ပတ်ဝန်းကျင်က ချီးကျူးကြပါသည်။ ရွှေဖြိုး တကယ်လည်းထက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သွက်သည်။ အဲဒါ ထက်ချင်လို့ သွက်ချင်လို့ ထက်လာသွက်လာရတာလို့တောင် မထင်ပါ။ မေမေ နုံလွန်လို့ အ,လွန်းလို့ ရိုးလွန်းလို့၊ ရွှေဖြိုးက ထက်သွား သွက်သွားရတာ ဖြစ်နိုင်သည်။ တစ်နေ့ ... တစ်နေ့ ဖေဖေစားကောင်းအောင် ဟင်းချက်ဖို့၊ ဖေဖေ့အဝတ်တွေ လျှော်ပေးဖို့ (အိမ်မှာ အိမ်ဖော်လည်းရှိလျက်သားနှင့်) မနက်ပြန် ညပြန် ဘုရားရှိခိုးပြီးတိုင်း ဖေဖေ့ကိုပါ "ထမင်းရှင်" "ကျေးဇူးရှင်" "သခင်"အဖြစ် ဦးသုံးကြိမ်ချဖို့။ ဒီလောက်ပဲ မေမေ အားထုတ်သည်။ "အိမ်တွင်းမှုလုပ်သော မေမေ" ဖေဖေပေးသော ပိုပိုလျှံလျှံငွေများ၊ ပိုသည်ထက်ပို လျှံသည်ထက် လျှံအောင် စီမံသည်။ မကုန်သင့်တာ မကုန်ကျစေနှင့်။ "သိမ်းထုပ်သေချာသော မေမေ"။

ဖေဖေမှလွဲလျှင် သူစိမ်းယောကျ်ားအပေါ် မျက်တောင်ကလေးမျှ ဝင့်ကြည့်ဖို့ စိတ်ကူးမရှိသော မေမေ။ ကိုယ်ကျင့်တရားအလွန်ထိန်းသည့် "မိစ္ဆာကျဉ်ရှောင်သော မေမေ"။ ဖေဖေရှာပေးသည့်ငွေကို ဘယ်နေရာမှာ ဘယ်လိုသုံးမလဲ။ လှူတန်လှူ၊ စုတန်စု၊ ဖေဖေ့ဆွေမျိုးသားချင်းတွေ ထောက်ပံ့၊ ကိုယ့်ဘက်ကိုယ်လည်း နည်းနည်းပါးပါး ပြန်ကြည့်၊ ဖေဖေရှာပေးသောငွေနှင့် ဖေဖေ့အတွက် နောက်ဘဝပါအောင်လှူဖို့ ဒီဘဝစည်းစိမ်နှင့် နေနိုင်အောင်ပြုစုဖို့ အတွေးဖြင့်သာ ရှင်သန်နေပါသော "လျော်အောင်ဖြန့်ချိသည့်မေမေ"။ အိမ်ရှင်မတစ်ယောက်အနေနှင့် အိမ်မှုကိစ္စလုပ်ဖို့များ ဘယ်တော့မျှ ဝန်မလေးတတ်၊ နေ့ခင်း နေ့လယ်မို့ တစ်ရေးအိပ်တာမရှိ၊ ဖေဖေ မနိုးမီက ထသည်။ ဖေဖေ အိပ်ပျော်ပြီးမှ ဖေဖေ့ကို ရှိခိုးပြီးမှ ဖေဖေ့ အပေါ် အစွယ်အိုအချစ်သည်းမှုမျိုးဖြင့်



ဖေဖေမသိအောင် ဖေဖေ့ ခြေခုံတစ်ဖက်ဖက်ကို တိတ်တိတ်ကလေး ခိုးနမ်းပြီးမှ အိပ်တတ်သော "ပျင်းရိမမှုသည့်မေမေ"။

မယားဝတ္တရားငါးပါးရှိသည်တဲ့။

ရွှေဖြိုး ရွတ်ဆိုကြည့်ပြီးပါပြီ။ အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ။ မိစ္ဆာကျဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမှု၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ ... တဲ့။

မေမေသည် အဲဒီငါးပါးအပြင် အပိုဆောင်းလျက် နောက်ထပ် အပါးငါးရာလောက် ပြည့်စုံသေးသော ဇနီးကောင်းတစ်ယောက် ဖြစ်ပါသည်။ အဲသည်လောက် အကောင်းလွန်နေသည့် ကောင်းကွက်များသည် ကြိုးတစ်ချောင်းအဖြစ်သို့ ပြောင်းလဲကာ "ခင်ပွန်း"ဆိုသော ပုဂ္ဂိုလ်ကြီးကို ခိုင်မြဲအောင် တုပ်နှောင်နိုင်စွမ်း မရှိဘူးလား။ ဇနီးမောင်နှံဘဝတွင် မေမေ့မှာ ပြည့်စုံနေသော အချက်ကြီးတွေဟာ "အာပလာ"တွေလား။

"ဖေဖေ့ကို မိန်းမတစ်ယောက်နဲ့ ရုပ်ရှင်ရုံမှာ လက်ချင်းလည်းချိတ်လို့ သမီးကိုယ်တိုင်တွေ့ခဲ့တာ မေမေ"ဟု ပြောချလိုက်ရမလား။

ရွှေဖြိုးတို့ သူငယ်ချင်းတွေ စာမေးပွဲဖြေအပြီး နောက်ဆုံးရက်မှာ ရုပ်ရှင်စုကြည့်ကြတာ၊ စာမေးပွဲပြီးမှ ရုပ်ရှင်ရုံသို့သွားတော့ ဟိုကားလည်း လက်မှတ်မရ၊ ဒီကားလည်း လက်မှတ်မရ၊ လူကြိုက်များ ကားကောင်းတွေ အကုန်လွတ်၊ ရုပ်ရှင်ကြည့်ဖို့ထွက်လာပြီးမှတော့လည်း ကြည့်ကိုကြည့်ရမှ၊ ကားကောင်းမမီလည်း လူမဝင်သောကားခပ်ညံ့ညံ့ပဲ ကြည့်မည်ဆိုပြီး ဒီရုံကို ရောက်လ[illegible] ခဲ့ကြတာ။ ဒီစီမှာဆိုလျှင် အားလုံးပေါင်းမှ အတွဲသုံး[illegible]ရယ်

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖြိုးတို့အုပ်စု ဟေးလားဝါးလား ဆယ်ယောက်ရယ်ပဲရှိသည်။ အားလုံးက သူဌေးသား သူဌေးသမီးတွေချည်းမို့ ကားကောင်းချင်ကောင်း ညှံ့ချင်ညှံ့ ကြည့်ပြီဆိုလျှင်ကော့ ဒီစီကပဲကြည့်ကြသည်။

အဲဒီသုံးတွဲထဲမှာ တစ်တွဲက ဖေဖေဖြစ်နေတာကို သူငယ်ချင်းတွေ သိသွားမှာလည်းစိုး၊ ပြေးသွားပြီးတော့လည်း ဖေဖေ့ပခုံးကြီး ဆွဲလှည့်ပစ်လိုက်ချင်၊ သမီးပဲ အပျိုဖြစ်နေပြီ ဒီအဖေဟာ ဒီအရွယ်ကြီးနဲ့ ရုပ်ရှင်ရုံထဲ ရည်းစားနဲ့ချိန်းတွေ့စရာလား။ ရွှေဖြိုး ဒေါသတွေထွက်၊ သွေးတွေဆူ၊ ခေါင်းတွေပူ၊ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက်၊ အစကမကောင်းသောရုပ်ရှင်ကာကွေပြသွားမှန်းလဲမသိ။ အဖွဲ့တွေက ညံ့ကွက်တွေကိုအော်ကာ ရယ်တော့လည်း ရွှေဖြိုးမပါ။ ဘေးနားမှာ ယဉ်သီက တံတောင်နှင့်တွက်လည်း ရွှေဖြိုးမသိ။

"ဟဲ့ ... သူများအတွဲ ဒီလောက်ကြည့်နေရလား။ ကြည့်လို့တော့လည်း ကောင်းသား၊ ကဲတယ်နော် ... ဟိ"တဲ့။

"အဲဒါ ငါ့အဖေကွ"... ဟု ကျုံးအော်ပစ်လိုက်ချင်သည်။

"အသက်တွေလည်း မငယ်ကြတော့ဘူး၊ ဒါမျိုးတွေလုပ်ဖို့ ချန်ထားရောပေါ့၊ လူငယ်တွေ မတတ်မှာစိုးလို့ သင်ခန်းစာလာပို့ချတာပဲ ဖြစ်ရမယ်"

ယဉ်သီ့ကို တံတောင်နှင့် ပြန်တွက်ပစ်လိုက်သည်။

"နာတယ် ... ခွေးမ"

ယဉ်သီဆဲတာကို အောင့်ခံရင်း မေမေ့မျက်နှာကိုသာ အဲသနားလွန်းစွာ မြင်ယောင်ရင်း ခုနေ လက်ထဲသာ ဓားတစ်ချောင်း



ရောက်လာလျှင် ဖေဖေ့ဘေးကမိန်းမကို ပြေးခုတ်မိမှာ သေချာသည်။ မေမေလက်ထဲ ဓားတစ်ချောင်း ထည့်ပေးပြီး ဒီမြင်ကွင်းကို ခေါ်ပြကြည့်။ ဓားကိုလွှတ်ချပြီး ထိုင်ငိုရင်း သတိလစ်မည့် မေမေ။

ဒီမေမေနှင့်တော့ ခက်ပါပြီ။ ဖေဖေက အလှကြိုက်။ မေမေက အလှပျက်။ ဖေဖေ့လို လူမျိုးအတွက် မျက်နှာအလှလေးတစ်ခု (ဒါတောင် အိုစင်းအိုတွန့်တွေ ရောက်နေပြီ) အားကိုးနဲ့ ဆွဲထားနိုင်မယ်များ ထင်နေသလား။

ရုပ်ရှင်မပြီးမီ ဖေဖေတို့အတွဲ ထွက်သွားတော့ နောက်ကလိုက်ရလျှင် ကောင်းမလားဟူ၍ ရွှေဖြိုး ကိုယ်ကိုကြွလိုက်မိသေးသည်။

"တော်လောက်ပြီကွယ် ... ဟဲ ဟဲ"

နောက်တစ်ဖက်ဘေးမှ ရီမာက ရွှေဖြိုး တံတောင်ဆစ်ကို ဆွဲ၍ထိုင်ချစေပြီး မခိုးမခန့် ရယ်နေတော့ လူကသာ ပြန်ထိုင်ချလိုက်ရတာ။ စိတ်က ဖေဖေတို့စုံတွဲနောက်သို့ မီးပုံကြီး တစ်ပုံရှို့၍ ပြေးလိုက်သွားခဲ့သည်။ မီးပုံကြီးနှင့်အတူ ဖေဖေ့ရုံးခန်း အလုပ်ခန်းသို့ရောက်၏။ တစ်ခန်းလုံး မီးတင်ရှို့ပစ်လိုက်သည်။ စိတ်နှင့်ပါ။ တဝုန်းဝုန်း မီးတောက်တွေကြားထဲမှ ဖေဖေ့ကိုဆွဲထုတ်ခဲ့ပြီး မေမေ့ဆီပို့လိုက်၏။ မေမေ၏ ဒါးကြိုလျက် နံ့သာယပ်တောင်လေး တဖျပ်ဖျပ်ခပ်ပေးနေပုံကို မြင်ယောင်လည်း ဒေါသကမကြေ ကြီးမားသော အရှိန်အဟုန်ဖြင့် အသားတွေပါ ခြစ်ခြစ်တောက် ပူလာလိုက်တာ၊ ခုနေ သာမိုမီတာငုံ့ကြည့်လျှင် ဒီဂရီတစ်ရာ့ရှစ်ကို အသာလေးထင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စ မေမေ့ကို အရိပ်အမြွက်ပြောလည်း မေမေက မတုန်လှုပ်။ ဘာပဲဖြစ်ဖြစ် ဖေဖေနှင့်ပဲ ရင်ဆိုင်ပစ်လိုက်တော့မည်။ ရွှေဖြိုးမှာလည်း တာဝန်ရှိသည်။ ရွှေဖြိုးဟာ ဖေဖေနှင့် မေမေတို့က မွေးထားတဲ့သမီးရင်း၊ ဖေဖေ့အချစ်တော် အလိုလိုက်ခံ ဖူးဖူးမှုတ်ပဲ မဟုတ်လား။

✦ ✦

"ဖေဖေတို့ကို သမီးတွေ့တယ်"

"ဖေဖေလည်း တွေ့တယ်"

"ဟင်"

ဘာဆက်ပြောရမှန်းတောင် မသိတော့ပါ။

ဖေဖေ့အမူအရာက အေးဆေး ငြိမ်သက်နေသည်။ ဖေဖေ လက်တွဲ၍ဝင်လာသူဟာ မိန်းမသားတစ်ယောက်မဟုတ်ဘဲ ယောကျ်ားချင်းချင်းကျလို့။

"သမီးတို့က သူငယ်ချင်းတွေ တစ်ဖွဲ့ကြီး ရိုးရိုးသားသား လာကြလို့ပေါ့၊ သမီးသာ ကောင်တစ်ကောင်နဲ့ နှစ်ယောက်တည်း ချိန်းလာတာမြင်ရင် ဖေဖေ ဘာလုပ်ပစ်မယ် ထင်သလဲ"

မြတ်စွာဘုရား။ ဖေဖေက တစ်ပြန်စီး။ မေးကြောကြီးများတင်းလို့။

"သမီးကို ကုပ်ကနေဆွဲကိုင်ပြီး ဒီအိမ်ထဲက သမီးအိပ်ခန်းထဲက ခုတင်ပေါ် ခွေခနဲကျအောင် ပေါက်ထည့်ပစ်လိုက်မှာ သိလား"



မြတ်စွာဘုရား။ နောက်တစ်ကြိမ် တရပြန်ပါသည်။

"သမီး ငယ်ငယ်လေးရှိသေးတယ်၊ ရည်းစားထားဖို့ စိတ်ကူးမရှိနဲ့၊ လောကကြီးအကြောင်း ဘာမှနားမလည်သေးဘူး၊ ဘဝပျက်သွားမယ်၊ ကြားလား"

ဟောတော့။ ပြောချင်ရာပြောပြီး ဖေဖေက ခြေသံပြင်းပြင်းပေးလျက် အခန်းပြင်သို့ ထွက်သွားတော့သည်။ ဖေဖေ ... ဖေဖေ။ တော်ပါပေရဲ့။ တတ်ပါပေရဲ့။ ဒါဟာလည်း လိုအပ်လာရင် ရွှေဖြိုး အတုခိုးရမယ့် နည်းဗျူဟာတစ်ခုပဲ ထင်ပါရဲ့။ ရွှေဖြိုးက ဒေါသတဆူဆူနှင့် ကျန်နေခဲ့ဖို့ စိတ်ကူးမရှိပါ။ ဒီအရင်က ရွှေဖြိုးဆိုသမျှ သောင်းကျန်းသမျှ လက်ဖဝါးပေါ်တင်ပြီး တဖူးဖူးမှုတ်ထားခဲ့သည့် ဖေဖေ့ကို ဒီကိစ္စ နောက်ထပ်မပြောဝံ့လောက်အောင် ရွှေဖြိုး မကြောက်ပါ။

"ဖေဖေ"

"ဘာလဲ ... ဘယ်လိုနေ ဘယ်လိုထိုင်ဆိုတာ ထပ်ဆုံးမခံချင်သေးလို့လား"

"ရွှေဖြိုးက ဘာလုပ်နေလို့လဲ"

"ဘာမှမလုပ်သေးလို့ မလုပ်ဖို့တွေ မှာနေတာ၊ လုပ်ပြီဆိုရင် ခေါင်းတုံး,တုံးပစ်မယ်"

"ဒါဖြင့် ... ဖေဖေ ပဋိတက်မလား"

"ဘာ"

အကျယ်ကြီးအော်၍ ဦးစောနောင် ခုန်ထလာသည်။

"ခံပက်တယ်ပေါ့၊ ဟုတ်လား"

"ရွှေဖြိုး သိချင်လို့ မေးတာ"

www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ နင်မသိတာတွေ အများကြီး ရှိသေးတယ်။ မသိသင့်တာတွေလည်း အများကြီးရှိတယ်၊ သိစရာမလိုဘူး"

"အဲဒီမိန်းမကို ဖေဖေ ဖြတ်မှာလား"

"မဖြတ်ဘူး"

"မေမေသိရင် ဘာဖြစ်မယ်ထင်လဲ ဖေဖေ"

"ငိုမှာပေါ့၊ သတိတွေ ဘာတွေလစ်ပြီး တက်ချက်တွေ ဖြစ်မှပေါ့"

"သေသွားရင်ရော"

"မသေပါဘူး၊ ငါ ဒီလိုဖြစ်မှ နင့်အမေ မသေမှာမဟုတ်ဘူး၊ နင့်အမေ ဒီလိုဖြစ်လည်း ငါမသေဘူး"

ဖေဖေက နင်တွေ ငါတွေသုံးတာတော့ ရွှေဖြိုးအတွက် မဆန်းပါ။ ဖေဖေက စိတ်လိုက်မာန်ပါ ပြောလေတိုင်း၊ ဖေဖေရယ် သမီးရယ်ကနေ နင်တွေ ငါတွေ ဖြစ်လာမြဲ။ ဒါဟာ စိတ်ဆိုးလို့ ဒေါသထွက်လို့ ရိုင်းရိုင်းပျပျ သုံးတာမဟုတ်ဘဲ အားတက်သရော သုံးနှုန်းခြင်းမျိုးသာ ဖြစ်လေ၏။

"ရွှေဖြိုး သေသွားလိမ့်မယ်"

"မသေပါဘူး။ ဒီလိုမျိုးနဲ့ လာမခြိမ်းခြောက်နဲ့ နင်မသေကြောင်း သေချာအောင် ပိုပြီးသက်သေပြလိုက်မယ်၊ ရွှေဖြိုး ... မြဲမြဲမှတ်ထားစမ်း၊ လောကကြီးမှာ ဘယ်သူဘာဖြစ်လို့မှ ကျန်တစ်ယောက်က မသေဘူး၊ သေတယ်ဆိုတာ ကိုယ့်ဘာသာ ကိုယ့်ကိစ္စ ကိုယ့်ရောဂါနဲ့ပဲ သေတယ်၊ သူများအတွက် လိုက်သေတယ်ဆိုတာ ဘယ်တော့မှ မရှိဘူး။ စိတ်ကူးမယဉ်နဲ့၊ တစ်နေ့ ... နင် ရည်းစားရလိမ့်မယ်၊



အဲဒီရည်းစားနဲ့ မညားဘဲ ကွဲချင်ကွဲလိမ့်မယ်၊ သေချင်လောက်အောင် စိတ်ဆင်းရဲခြင်း ဖြစ်ရင်ဖြစ်မယ် ...

"သေတော့ မသေဘူး၊ စိတ်ချ ... တချို့ အိပ်ဆေးသောက်ကြ၊ ရေနံဆီသောက် ဓာတ်ဆီသောက်၊ အဲဒါ စတန့်အရူးတွေ။ ဘယ်လူကောင်းတစ်ယောက်မှ မသေဘူး။ တစ်ယောက်သေလို့လည်း ကျန်တစ်ယောက်က လိုက်မသေဘူး စိတ်ကူးမယဉ်နဲ့၊ အဲဒါ မြဲမြဲမှတ်"

မှတ်လိုက်ပါပြီ။ ဖေဖေ့သြဝါဒစကားကို ရွှေဖြိုးရင်ထဲ အသည်းထဲ၊ ဦးနှောက်ထဲ၊ အသွေးထဲ အသားထဲ စွဲအောင်ကို မှတ်သားထားလိုက်သည်။ ထူးဆန်းသောသြဝါဒကြီးပေတကားဟု မှတ်ယုံ၏။ ဘာပဲဖြစ်ဖြစ် ဘယ်လောက်ပဲ ထူးဆန်းထူးဆန်း၊ ဒါဟာ ရွှေဖြိုးအတွက်တော့ အကောင်းမြင်ဆုံးစကားတွေပဲဖြစ်၏။

"ဖေဖေပြောတာတွေ ရွှေဖြိုး မှတ်ထားပါမယ်"

"ကောင်းတာပေါ့"

"ဒါပေမဲ့ ဒီမကောင်းတဲ့ကိစ္စကြီးကိုတော့ ဖေဖေရပ်မှဖြစ်မယ်"

"ရွှေဖြိုး ... နင်က ဘာမို့လို့ ငါ့ကို လာအမိန့်ပေးနေရတာလဲ"

"အမိန့်ပေးတာမဟုတ်ပါဘူး ဖေဖေ၊ ပြောပြတာ၊ ဒါဟာ မကောင်းတဲ့ကိစ္စလို့ လူတကာက သတ်မှတ်ပါတယ်"

"လောကမှာ လူတကာသတ်မှတ်တိုင်း လိုက်မလုပ်နိုင်တာတွေ အများကြီး၊ မကောင်းဘူးဆိုတာ ဘယ်သူ့အတွက် မကောင်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မေမေ့အတွက်"

"မှန်တယ်၊ ဒါပေမဲ့ ငါ မကူညီနိုင်ဘူး၊ နင့်အမေအတွက် ကောင်းသွားအောင် ငါက ကူညီဆောင်ရွက်မပေးနိုင်ဘူးလို့ ပြောတာ"

"ရွှေဖြိုးအတွက်"

"ဟော့ ... အဖေ အိမ်ထောင်နှစ်ဆက် သုံးဆက်ဖြစ်တာ သားအတွက်သာ ထိခိုက်တယ်၊ သမီးရှင်တွေက သူ့အဖေ တုန်းကဘယ်လို ဆိုပြီး တွက်ချက်ကုန်ကြလိမ့်မယ်၊ နင့် အမေ နောက်ယောက်ျားယူရင်သာ နင့်ကို ထိခိုက်မှာ"

"ဖေဖေ့အတွက်လည်း မကောင်းဘူး"

"ငါ့အတွက် ကောင်းတယ်၊ ငါလုပ်ချင်တာ လုပ်တာ၊ ဘယ်သူ့မှ ဂရုမစိုက်ဘဲနေတာ၊ ငါ့အတွက် ငါစိတ်ချမ်းသာ တယ်" .

"သူများတွေက ဘာပြောမလဲ"

"သူများပြောတာကို ဂရုစိုက်နေတဲ့လူစားမျိုး မှတ်လို့လား၊ ဘယ်သူဘာပြောလို့မှ ငါ ဂရုမစိုက်ဘူး"

"ဘာပဲဖြစ်ဖြစ်"

"ဒီမှာ ရွှေဖြိုး၊ ဒီကိစ္စကို နင့်အမေကို နင်ပြေးတိုင်ဖို့စိတ် မကူးနဲ့၊ နင်ပြောရင် လိပ်ပတ်မလယ်ဘဲ နင့်အမေအလို ဆို့သွားနိုင်တယ်၊ ငါ့ဘာသာပြောမှာ၊ ငါပြောရင် ရေရှည် တယ်၊ နင့်အမေ ခံသာအောင် ငါကပြောမှာ၊ နောက်ပြီ...

"ရွှေဖြိုး ... လောကကြီးမှာ သမီးလိုက်မမိသေးတဲ့ အကြောင်းအရာတွေ အများကြီးရှိတယ်"



ဖေဖေ့ထံမှ "သမီး"တစ်ခွန်း ထွက်လာသည်မို့ ဖေဖေ နူးညံ့စပြုပြီဟု ထင်၏။

"ဖေဖေ ... လုပ်စရာတွေ အများကြီးရှိသေးတယ်၊ လုပ် ဖြစ်အောင်ကို လုပ်သွားမှာ၊ အဲဒါတွေဟာ ငါ့သမီးအတွက် ချည်းပဲလို့တော့ ဖေဖေ နာမည်ကောင်း မယူပါဘူး ...

"ဖေဖေ့အတွက် ဖေဖေလုပ်မှာပဲ၊ ဘယ်သူ့မျက်နှာ မှ မထောက်ဘဲ တစ်လောကလုံးကလူတွေ ပြောချင်ရာပြော ကြ ဂရုမစိုက်ဘဲလုပ်မှာ။ ဒါပေမဲ့ ဖေဖေ ထောက်ထားမယ့် သူနှစ်ယောက်ရှိတယ်၊ ဖေဖေကလွဲရင်"

မြတ်စွာဘုရားရေ ... ဘယ်သူတွေများပါလိမ့်။ ရွှေဖြိုး မျက်စိလေးမှိတ်ထားလိုက်မိသည်။ ဖေဖေနှင့် ရင်ဆိုင်ဖို့ ဖေဖေ့ကို ဝေဖန်ဖို့ ဒေါင်းတွေမောင်းတွေ တင်ထားခဲ့သမျှ ဖေဖေနှင့်တွေ့ တော့ ဖေဖေ့စကားတွေဟာ တရားခံမွှစကားတွေလည်း မဟုတ် ပါဘဲ ရွှေဖြိုးရဲ့ဒေါင်းတွေ မောင်းတွေ၊ ဘယ်လိုအပူမျိုး အပေးခံ ရလို့ အညွန့်ကျိုးကျသွားရတာပါလိမ့်။ ဒါပေမဲ့ ဖေဖေ မမြင်နိုင် သော၊ မသိနိုင်သော၊ ကိုယ်ချင်းမစာနိုင်သော ခံစားမှုတစ်ခု ရွှေဖြိုး အသည်းထဲမှာ စူးနစ်စွာနာ၍ ကျန်ရစ်ပါ၏။ ဖေဖေက ယောကျ်ားလေ။ ရွှေဖြိုးက သမီး။ သမီးတစ်ယောက်ရဲ့ ခံစားမှုကို ဖေဖေ ဘယ်မှာ ကိုယ်ချင်းစာနိုင်မှာလဲ။ ဖေဖေ ဘယ်လိုသိနိုင်မှာလဲ။ ဖေဖေ ဘယ်လိုမြင်နိုင်မှာလဲ။ စကားတတ်လှတဲ့ ဖေဖေရယ် ... စိတ်ဓာတ်ခိုင်မာ ပြတ်တောက်လှတဲ့ ဖေဖေရယ်။ ,

"ပထမဦးစားပေး နံပါတ်တစ်က ရွှေရည်သွန်းဖြိုး ဆိုတဲ့ ဖေဖေ့သမီးရင်း ဖေဖေ့သွေး။ ဒုတိယတစ်ယောက်က ဖေဖေ နဲ့ သွေးသားမတော်စပ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမျှားပါလိမ့်။ ရွှေဖြိုး ပြေးလွှားစဉ်းစားသည်။

"ဒါပေမဲ့ ဖေဖေ့အပေါ်မှာ အကောင်းနိုင်ဆုံးလူသား။ ဖေဖေရဲ့မိဘအရင်းအခြာကလွဲရင် သူဟာ ဖေဖေ့အပေါ်မှာ အကောင်းနိုင်ဆုံးနဲ့ အကြင်နာဆုံးပဲ၊ အဲဒါ သမီးရဲ့မေမေ တင်တင်ဦး"

ဒါနဲ့များ ဖေဖေရယ် ... ဟု ရင်ထုရှာသာ ညည်းချင်တော့သည်။

"တင်တင်ဦးအတွက် ဖေဖေ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးခဲ့မယ်၊ သမီးအတွက်ကပိုမယ်၊ သမီးဟာ ဖခင်မဲ့ ဖတဆိုးသမီး မဟုတ်ဘူးနော်၊ အဲဒါကို မြဲမြဲမှတ်ထား။ ရွှေဖြိုးမှာ အဖေရှိတယ်၊ အမြဲတမ်း ကာကွယ်စောင့်ရှောက်နေတယ်၊ ကူညီနေတယ်၊ အုပ်ထိန်းနေတယ် ဆိုတာကို စွဲစွဲမြဲမြဲ ယုံကြည်ထား ...

"ဒါပေမဲ့ အဲဒီအဖေဟာ ရန်ကုန်မှာ မနေဘူး၊ မြန်မာပြည်မှာ မရှိဘူး။ အင်္ဂလန်မှာရှိနေတယ်၊ လန်ဒန်မြို့ပေါ်မှာ နေနေတယ်"

"ရှင်"

"အချိန်မရွေး ဖုန်းဆက်လို့ရတယ်၊ စကားပြောနိုင်တယ်၊ စာရေးနိုင်တယ်၊ ပြေးလာလို့လည်းရတယ်၊ ဘယ်လိုအကြောင်းနဲ့မဆို ချက်ချင်း ရောက်လာနိုင်တယ်၊ ရွှေဖြိုးကလည်း လာလည်လို့ရတယ်၊ ကျောင်းလာတက်၊ အေးလာကု၊ ဈေးလာဝယ်"

ဩော် ... ဆိုသည့် ညည်းညူသံက ရင်ထဲမှာ မရှိမဆန့် မြည်လေ၏။



"တင်တင်ဦးအတွက်တော့ ယောကျ်ားမရှိတော့ဘူး၊ သူဟာ လွတ်လပ်သူတစ်ဦး ဖြစ်သွားပြီ။ သူ့ဘဝကို သူ စိတ်ကြိုက် ဖန်တီးခွင့်ရှိတယ်၊ သူဟာ သူ့တစ်ဝမ်းတခါးအတွက် ကာမှ လုပ်ကိုင်စားစရာ မလိုဘူး ...

"တစ်သက်လုံး ထိုင်စားသွားနိုင်အောင် ဖေဖေ ထားခဲ့မယ်၊ ဒါဟာ လျော်ကြေးမဟုတ်ဘူး၊ ကရုဏာကြေးလို့ခေါ်တယ်"

ရွှေဖြိုးရင်ထဲမှာ ကျင်ခနဲ နာသွားရသည်။ မေမေ့ကို ပင်စင်ပေးလိုက်တဲ့ သဘောပေါ့လေ။ လုပ်သက်အားဖြင့်လည်း မပြည့်၊ အသက်လည်းမစေ့ဆိုတော့ နာမကျန်းပင်စင်လို့ ဆိုရအောင်ကလည်း မေမေက ကျန်းကျန်းမာမာကြီး။ ဆိုကြပါစို့ စိတ်ပျက်ပင်စင်။ စိတ်ကုန်ပင်စင်။ အသုံးမလိုပင်စင်။ ပေးသူက ဖွတ်ပေး၍ ကာယကံရှင်က တောင်းဆိုခြင်းမရှိသလို၊ ငြင်းပယ်ခွင့်လည်းမရှိ။ မတရားသဖြင့် တစ်ဖက်သတ်ကြီး။

"တင်တင်ဦးဟာ လွတ်လပ်သူတစ်ယောက် ဖြစ်သွားပြီဆိုတော့ အိမ်ထောင်အသစ် ထူထောင်ခွင့်ရှိတယ်၊ သမီးအတွက် ထည့်စဉ်းစားခြင်း မစဉ်းစားခြင်းဟာ သူ့အပိုင်း...

"ရွှေဖြိုးက ပထွေးနဲ့နေလို့ မဖြစ်ရင် မိထွေးနဲ့လာနေနိုင်တယ်၊ စကားအဖြစ်ပြောတာ၊ မိထွေးနဲ့နေတယ်ဆိုတဲ့အခါမှာ အဖေ့လုပ်စာကိုစားမှာ၊ လာမနေလည်း ဖေဖေပို့ပေးမှာပဲ"

ဩော် ... ဖေဖေ။ ဒါတွေ ဒါတွေ ဒီလောက်စေ့စပ်စုံလင်အောင် စီစဉ်ခဲ့ပြီးပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မေမေ သိပြီးပြီလား"

ဦးစောနောင်က ခေါင်းခါသည်။

"ပြောမှာ ..."တဲ့။

ရွှေဖြိုး သွားပြောလျှင် လိပ်ပတ်မလည်ဘဲ အလုံး ဆို့သွားမည်ဆို၍ ရွှေဖြိုး မပြောရဲပါ။ ဖေဖေ့အစီအစဉ်တွေက အကွက်ကျကျ စေ့ငပြီး အားလုံး ချည်ပြီးတုပ်ပြီး ဆိုပေမယ့် ရေ နစ်သူလို ကောက်ရိုးတစ်မျှင်ကို ဆွဲလို့ရရ၊ ဆွဲလိုစိတ်ဖြင့် မေမေ့ ကို နည်းနည်းပါးပါးထိန်းနိုင်အောင် သတိပေးစကားပြောမိသည်။ မေမေက ငြိမ်းချမ်းစွာ ပြုံးနေ၏။ စပယ်အိုးပုတ်ဆိုသော ပန်းဖြူဖြူ မွှေးမွှေးလေးတစ်ပွင့် ပန်လိုက်ရုံဖြင့် ဗိုက်ရွှဲခါးတုတ် တင်ရှုးကြီး ဖုံးကာ အလှကြီးလှသွားပြီ ထင်နေသလား မေမေရယ်။

ရွှေဖြိုးရင်ထဲမှာ စူးနစ်စွဲခိုက်နေပါ၏။ ဖေဖေက စွဲစွဲမြဲမြဲမှတ်ထား ... ဆိုသည့်အတိုင်း ပြန်နုတ်မရအောင်ကို စူးနစ်စွဲခိုက်သည်။ နားလည်ကြည်ဖြူခြင်းတော့ မဟုတ်ပါ။ ရက် စက်စွာ နာကြည်းခြင်းတွေသာဖြစ်၏။ ဘယ်သူ့ကိုတဲ့လဲ။ ဖေဖေ့ ကိုလား။ ဘယ်နှာလို့ ဖြစ်ပါ့မလဲ။ ကိုယ့်အဖေလေ။ အနန္တ ကျေးဇူး ရှင်။ ဘုရားနှင့် တစ်ဂိုဏ်းတည်းတဲ့။ သားသတ်ယောက်ျား လူ သတ်သမားပင် ဖြစ်လင့်ကစား အဖေဟာအဖေပဲ ... တဲ့။ ဒီလို အဆုံးအမတွေကြောင့် မနာနိုင်ခြင်း သီးသန့်တော့လည်း မဟုတ် ပါ။ ဝမ်းနည်းကြေကွဲကာ အသည်းတဆတ်ဆတ် တုန်နေသည်။ သို့ပေမဲ့ ... ဖေဖေ့ကို နှမြောနေသည်။ ယူကျုံးမရ ဖြစ်နေသည်။ တစ်လောကလုံး မီးကြီးလောင်သလို ကျရှိန်ရှိန်တက်နေသည့် ဒေါသမီးညွန့်တွေက တစ်နေရာတည်းသို့သာဦးတည်၏။ နာကြည်း



မှုတွေက ထိုနေရာမှာပဲ စုပုံကျရောက်၏။ မုန်းတီးသည်။ စက် ဆုပ်သည်။ ရွံရှာသည်။ တရားဥပဒေကိုသာ မလေးစား မကြောက် ရွံ့ရလျှင် ထိုပုဂ္ဂိုလ်မကို စဉ်းတီတုံးပေါ်တင်၍ စတီးဓားနှင့် နုပ် နုပ်စင်းချင်၏။ ဘလိတ်ဓားနှင့် ပါးပါးမွှန်းချင်၏။

သူ့တစ်ကိုယ်လုံးပေါ်သာ မစင်ရေတွေ ကျရောက် ဖုံးလွှမ်းမည်ဆိုလျှင် သူ စိတ်ပြတ်ထွက်သွားလျှင်ပြီးရော၊ ကိုယ် က ငံပြီးတော့ပဲ ထွေးပေးရ ပေးရ။

အသည်းရော နှလုံးရော အူထဲကပါ နာပါသည်။ ဒေါ်မိမိရွှေစင်။

✦ ❦ ✦

ဖေဖေ ... ဒေါ်မိမိရွှေစင်နှင့်အတူ လန်ဒန်သို့ထွက် သွားခြင်းအားဖြင့် ရွှေဖြိုးတို့သားအမိမှာ ငွေရေးကြေးရေးအနေ နှင့် ဘယ်လိုမှ လျော့ပါးမသွားခဲ့ပါ။ သို့ပေမဲ့ ငွေသည် လောက ကြီးမှာ နေရာများများအတွက် မရှိမဖြစ် အထူးလိုအပ်ချက်ဖြစ် ပေမယ့် ငွေနှင့်စက်ယူ၍ မရသော အရာများစွာ ရှိနေပါ၏။

အိပ်ရာထဲမှာ ဗုန်းဗုန်းလဲသွားသော ဒေါ်တင်တင်ဦး ကို သုံးလလောက် ဆေးကုယူရသည်။ ဖေဖေ့စကားတစ်ခွန်းတော့ မှန်၏။ မေမေ မသေခဲ့ပါ။

"သမီးအတွက် မေမေ ရှင်ကျန်နေပေးတာ"တဲ့။ နဂိုက အေးဆေးညံ့သက်သော မေမေ၊ ပိုမိုအေးစက်သွားသည်။ စကားသံတွေ ပိုတိတ်သွားသည်၊ လှုပ်ရှားမှုတွေ နှေးကွေးသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အသက်မှရှူရဲ့လား ထင်ရအောင် ငြိမ်သက်တိတ်ဆိတ်လွန်း၏။ မေမေအသံတိတ်လေ ရွှေဖြိုးက အသံပိုထွက်လာလေ၊ မေမေ ငြိမ်သက်လေ ရွှေဖြိုးက လှုပ်ရှားလာလေ။ မေမေအေးစက်လေ ရွှေဖြိုးက ပူလောင်လေ၊ မေမေ နေးကွေးလေ ရွှေဖြိုးက သွက်လက်လေ၊ ဦးစောနောင် ဦးဆောင်ခဲ့သော သားမိသားဖမိသားစုသုံးယောက်မှ နှစ်ယောက်သာ ကျန်ရစ်သောအခါ အိမ်ထောင်ဦးစီးက ရွှေဖြိုး ဖြစ်လာသည်။ ရွှေဖြိုး အပျိုဖြစ်လာရသည့်ဘဝက အသည်းစွဲ နာကြည်းချက်ကြီးတစ်ခု နှလုံးသားမှာ သံပူကပ်၍ တံဆိပ်နှိပ်သလို ယှဉ်တွဲလျက်ပါလာ၏။

ရွှေဖြိုး "ယောကျ်ား"ဆိုသည့် လူတန်းစာကို မုန်းတီးသည်။ အထင်သေးသည်။ သစ္စာမရှိသူ၊ ပေါ့သွမ်းသူ၊ တစ်ကိုယ်ကောင်းဆန်သူတွေ၊ သူတို့အတ္တအတွက် မည်သည့်မျက်နှာတစ်ခုကိုမျှ မထောက်ထား၊ မငဲ့ကွက်၊ ရက်စက်ဖို့ အဆင်သင့်ဖြစ်နေသူတွေဟု ယုံမှတ်၏။ သူငယ်ချင်းလို မောင်နှမလို ခင်မင်သော ယောကျ်ားလေးသူငယ်ချင်းတချို့ အရွယ်ပြိုင်တူရောက်လာသည်မို့ ရွှေဖြိုးအပေါ် ရိသဲ့သဲ့ဖြစ်လာလျှင် ရက်ရက်စက်စက်ပြော၍ တိခနဲ ဖြတ်ချ၏။ ရွှေဖြိုး အသည်းထဲမှာ စွဲမြဲစွာ နာနေသည်၊ ယောကျ်ားမုန်းတီးရေးဝါဒက ဆူးတစ်ခက်လို နှလုံးသားထဲ နစ်ဝင်နေသည်။ ဆွဲထုတ်လျှင်လည်း နှလုံးသားမှ သွေးပေါက်ပေါက်ကျတော့မည်။ ဒီတိုင်းထားတော့လည်း စက္ကန့်နှင့်အမျှ နာကျင်နေသည်။ ရွှေဖြိုးဆိုသည့် မိန်းမသားတစ်ယောက် ရိုင်းရိုင်းကြမ်းကြမ်း ဖြစ်လာရခြင်းမှာ ခိုင်လုံသောအကြောင်းက သေသေချာချာကြီးကို ရှိခဲ့ရပါသည်။

BURMESE CLASSIC .com



"ငါတို့ရဲ့ သုံးယောက်တစ်ကမ္ဘာဘဝလေးထဲက ဖေဖေ့ကို ဆွဲထုတ်သွားတဲ့မိန်းမကို ငါ ဘယ်တော့မှ မကျေဘူး၊ နိဗ္ဗာန်မရောက်မချင်းကွာ၊ သုံးဆယ့်တစ်ဘုံမှာ ကျင်လည်ရမယ်ဆိုရင် ဘဝဆက်တိုင်း မုန်းတီးမယ်"

"အဲဒါဆို နင့် ဘယ်တော့မှ နိဗ္ဗာန်မရောက်တော့ဘူး"

"တကယ် ရက်စက်တယ်ကွာ"

သူငယ်ချင်းတွေထဲမှာ ဒေါသထွက်လို့မဆုံး။ အတူနေ တစ်ဝမ်းကွဲညီအစ်မ မာလာက ခပ်အေးအေးသမားမို့ ရွှေဖြိုးကို အမြဲလိုလို နားချသည်။ မာကျောတင်းကျပ်နေသည့် ရွှေဖြိုးစိတ်ကလေးတွေကို ချော့မော့သည်။ သို့ပေမယ့် ရွှေဖြိုး ခေါင်းခါ၏။

"မာလာ ... သူငယ်ချင်းဆိုလည်း ဟုတ်တယ်၊ ညီအစ်မဆိုလည်း ဟုတ်တယ်၊ ဒါပေမဲ့ ငါ့ကို နားမချနဲ့နော်၊ ဒေါ်မိမိရွှေစင် တစ်မျိုးလုံးကို မီးရှို့ဖို့ ငါကျိန်ဆိုလိုက်ပြီ"

"ဟယ် ... ရွှေဖြိုးရယ်၊ ဘယ်လို"

"သူတို့ထဲက မိန်းမသားတွေ လင်ကောင်းသားကောင်းရတော့မယ်ဆိုရင် အဲဒီလင်ကောင်းသားကောင်း အလောင်းအလျာဆိုတဲ့ ရွှေကိုယ်တော်ကို ငါ ဖြစ်တဲ့နည်းနဲ့ ဖဲ့ပစ်မယ်"

"နစ်မွန်းသွားပါဦးမယ်ဟာ"

"အဲဒီလောက်မှ မလည်ရင် ရွှေရည်သွန်းဖြိုး ဆိုတဲ့နာမည်ကို ယူမထားဘူး၊ မျက်နှာသေချာကြည့်"

"ငါက စိတ်ပူလို့"

www.burmeseclassic.com

www.burmeseclassic.com



“မပူနဲ့၊ တော်ရုံယောကျ်ားတစ်ယောက်ကို လက်နက်သာ မပါကြေး၊ ပျားခနဲဝပ်သွားအောင် ကိုင်ပေါက်နိုင်တယ်”

အဲဒါတော့ လက်တွေ့မို့ မာလာ ယုံပါသည်။ ရွှေဖြိုးက ဂျူဒို၊ ကရာတေး၊ ကွန်ဖူး တစ်ခုပြီးတစ်ခုတက်ပြီးသား၊ ကွန်ဖူးမှာဆိုလျှင် ခါးပါတ်နက်ထိ ရခဲ့သည်။ သိုင်းပြောင်းပြန်ကျတော့ ဆရာဖြစ်အောင်ခဲ့၏။

“တစ်ဖက်ကလည်း ပညာသည် ဖြစ်နေရင်ရော”

“ဟော့ ... ဆုတ်နစ်တဲ့ဘက်က လိုက်ပြောမနေနဲ့၊ ဖဲ့ကိုဖဲ့မှာ”

“ဒေါ်လေး သိရင်”

“မင်းပါးစပ် ပိတ်ထားလိုက်ပေါ့ကွ”

သူငယ်ချင်း ညီအစ်မမို့ ရွှေဖြိုးရေ၊ မာလာရေ ခေါ်သည့်အခါ ခေါ်သည်။ စတိုင်ထုတ်၍ ယူတွေ အိုင်တွေနှင့် ပြောသည့်အခါပြောသည်။ နင်တွေ မင်းတွေ ငါတွေကကျတော့ တကယ့်ကို တရင်းတနှီးပါ။

“ခု ငါဖွဲ့ရမယ့် လူတစ်ယောက် တွေ့ထားတယ်”

နာမည်နှင့်တကွ ကိုယ်ရေးရာဇဝင်အကျဉ်းကို ရှုတ်ပြလိုက်သည်။

“အချဉ်မဟုတ်ပါလား”

“စတိုင်က ခပ်မြင့်မြင့်”

“မိုက်တယ်ပေါ့”

“ဘာမိုက်သလဲ မမေးနဲ့”

“ကိုယ်တိုင်လည်း ခိုက်သွားဦးမယ်”

“မာလာ ... ဒါမျိုး နောက်တစ်ခါနောက်ရင် ကိုင်ပေါက်ပစ်လိုက်မယ်၊ ဒီမျက်နှာကို ကြည့်ထား”



“ကြည့်ထားပါတယ် တစ်ဝကြီး”

“တားချင်စိတ် ရှိသေးလား”

“ကြောက်ပါပြီ”

“တရားပြချင်သေးလား”

“ကြောက်ပါပြီဆို”

ရွှေဖြိုး မချိုမချဉ် ရယ်လိုက်သည်။ မာလာကတော့ ခပ်မဲ့မဲ့ရယ်။ နည်းနည်းပါးပါး လန့်သည်။ ကိုယ် မဆိုးလုပ်ရင်း သားကောင် ဖြစ်သွားရမှာမျိုး စိုးရိမ်သည်။ ပြီးတော့ ... ရွှေဖြိုး မို့လို့ကို စိတ်ချလိုက်မိပြန်၏။

✦ ❦ ✦

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

"ဟင့်အင်း ... ရွှေဖြိုးမှာ အပြစ်မရှိပါဘူး၊ သူ နေတတ်သလိုနေတာ၊ ဒါဟာ သူ့ပုံစံပဲ။ သူ့အဖေရှိကတည်းက တစ်ဦးတည်းသောသမီး ဆိုတော့ အလိုလိုက်ခံရတယ်၊ ပိုက်ဆံပေါတော့ သုံးချင်သလိုသုံးတယ်၊ အိမ်ဖော်တွေရှိတော့ သူ လက်ကြောမတင်းဘူး ...

"စည်းကမ်းမရှိဘူး၊ ဒါတွေအားလုံးဟာ ရွှေဖြိုးအပြစ်မှ မဟုတ်ဘဲ၊ သူ့ဘဝပေးကုသိုလ်နဲ့သူ ခံစား၊ စံစားတာပဲ၊ အဖေကထွက်သွားတော့ အမေတစ်ခု သမီးတစ်ခုဖြစ်ပြီး အမေက ပိုပြီးအလိုလိုက်တယ်၊ ဒါလည်း သူ့ကုသိုလ်နဲ့သူပဲ ...

"သူ့အိမ်ငှားနေတဲ့ နိုင်ငံခြားသားနဲ့က ဆွေမျိုးလိုဖြစ်နေတာ၊ အပေါ်ထပ် ကပွဲခန်းမှာ သူ တက်က,တယ် အဲဒါ ဘာဖြစ်လဲ၊ ဘယ်ယောကျာ်းလေးတစ်ယောက်နဲ့မှ လက်ဖျားချင်းမထိဘူး၊ သူ့ဘာသာ ခုန်ပေါက်ကနေတာပဲ၊ သူပျော်တာကို သူ့ဘာသာ ပျော်သလို ကလေးလိုနေတတ်

BURMESE CLASSIC .com



ပေမယ့် ကိုယ်ရည်ကိုယ်သွေးကို မှဲ့စွန်းအထင်ခံခဲ့တာ မဟုတ်ဘူး ...

"သူဝတ်တာစားတာ ပွယောင်းကြီးနဲ့ အသွယ်သွယ် လည်းကျတယ်၊ ဖိုးရိုးဖားရားနိုင်တယ်၊ ဒါပေမဲ့ လုံလဲလိုက်တာမှ လည်ပင်း ဘယ်တုန်းကဟိုက်သလဲ၊ မြန်မာအင်္ကျီဝတ်ပြီး လည်ပင်းတစ်ဝိုက် အကျယ်ကြီးဖောက်ချထားတဲ့သူနဲ့ ယှဉ်ကြည့်ရင် ဘယ်သူလုံသလဲ၊ လုံလဲဖို့ အဓိကမဟုတ်ဘူးလား ...

"ဗိုသီဖတ်သီကြီး သူကြိုက်လို့ သူဝတ်တာ ဘယ်သူ့ကိုရော အနှောင့်အယှက် ဖြစ်လို့လဲ၊ ဒီလိုလုပ်တာကို ကောင်းတယ်လို့ ပြောတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ရွှေဖြိုးမှာ ကြည့်တတ်မှ မြင်နိုင်တဲ့ အကောင်းလေးတွေ အများကြီးရှိတယ်လို့ ပြောတာပါ"

"မာလာ ... ရွှေဖြိုး ကောင်းကြောင်းတွေ ပြောနေတာ ကိုယ့်အတွက် ဘာမှမထူးခြားဘူး၊ မာလာက ဘာရည်ရွယ်ချက်နဲ့ ပြောနေတာလဲ"

ချစ်သူစုံတွဲသာဆို တွေ့လိုက်တိုင်း ကိုယ့်အကြောင်း ကိုယ်မပြောဖြစ်ကြဘဲ ရွှေဖြိုးအကြောင်းချည်းပြောဖြစ်ချိန်က ပိုများနေသည်။

"ကိုဖြိုးက ရွှေဖြိုးကို အမြဲပဲ ပုတ်ခတ်ပြောနေတာကို၊ မာလာ့အဖို့တော့ ရွှေဖြိုးက ညီမလည်းဖြစ်၊ ကျေးဇူးရှင်လည်းဖြစ်တော့ အမှန်အတိုင်း ရှင်းပြဖို့ တာဝန်ရှိနေတယ်လေ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် စိတ်ပူတယ်၊ သူ့စိတ်ဓာတ်တွေ မာလာ့ဆီကူးလာမှာ အရမ်းစိတ်ပူတယ်"

ရွှေဖြိုး တကူးတက ချောင်းနားထောင်ခြင်း မဟုတ်ပါ။ အမှတ်မထင် ကြားလိုက်ရခြင်းသာဖြစ်ပါ၏။ တစ်အိမ်ထဲမှ စကားသံဆိုတော့ ဖြတ်သန်းသွားလာရင်း ကြားရသည်။ မာလာက ကိုယ့်ဘက်မှ ဝင်ဖြေရှင်းပေးနေတာကို ကျေးဇူးတင်နေမိ၏။ စင်စစ် ... ကိုယ်ကောင်းတာလည်း သူသိစရာမလို၊ ကိုယ်ဆိုးတာလည်း သူသိစရာမလို၊ သူ့အမြင်မှာ ကိုယ်ဟာ ကောင်းချင်ကောင်း၊ ဆိုးချင်ဆိုး၊ သူနှင့် ကိုယ်နှင့် ဘာဆိုင်တာမှတ်လို့။ သို့ပေမဲ့ ဘာကြောင့်များ ဒီလူတစ်ယောက်ရဲ့အမြင်မှာ ဖြူစင်ချင်မိရတာပါလိမ့်။ ကြေကွဲဖွယ်ကောင်းတာက ကိုယ် ဖြူစင်ခွင့်ရချင်ပေမယ့် အဲသည်အခွင့်အရေး ကိုယ့်မှာဆုံးရှုံးခဲ့ပြီးပြီမို့ပါပဲ။ ကိုယ်ဟာ ကိုယ့်ရင်ထဲမှာ ဘယ်လောက်ပဲ လိပ်ပြာသန့်သန့် အများအမြင်မှာ "လူဆိုး" "မိန်းမရိုင်း"။ သူ့သူငယ်ချင်း ပေးထားသော နာမည်လေးက လှချင်သား။ "ကဝေမ" "စုန်းမ"တဲ့။

ရွှေဖြိုး မဲ့ပြုံးလေးတစ်ချက် ပြုံးလိုက်သည်။ ရင်ထဲမှာ ဘာကြောင့် နာကျင်ရတာလဲ။ မိန်းမသားတန်ဖိုးကို အမြင့်ဆုံးမှာတင်ပြီး ဂုဏ်သိက္ခာထိန်းခဲ့သူ မာလာနှင့်စာတော့ ကိုယ်က ပရမ်းပတာမိန်းမသား ဖြစ်လို့နေခဲ့ရပြီ။ ကိုယ်နှင့်ပေါင်းလို့ မာလာပျက်မှာတောင် စိုးရိမ်နေတတ်တဲ့ "ချစ်သူ"မျိုးကို တွေ့ဖူးမြင်ဖူးရပါပြီ။

"ကြည့်လိုက်တိုင်း ဖိုသီဖတ်သီ၊ ဖရိုဖရဲ၊ ပရမ်းပတာ၊ အိုးနင်းခွက်နင်း၊ နောက်ထပ် ဘာကျန်သေးလဲ၊ ဥပမာ ထပ်ပေး



လို့ရရင် ပေးချင်သေးတယ်၊ အဲဒါ သူတို့အဖွဲ့ ဈေးသွားရင်၊ ရုပ်ရှင်သွားရင်၊ အပန်းဖြေပန်းခြံတွေ ကစားကွင်းတွေမှာ သွားတော့ရင် မာလာ လုံးဝလိုက်မသွားပါနဲ့"... တဲ့။

ဩော် ... ကိုဖြိုးရယ်။

✦ ❦ ✦

ရွှေဖြိုး ဓာတ်ပုံအယ်လ်ဘမ်ကို ဖွင့်လိုက်သည်။ ပထမဆုံးတစ်မျက်နှာမှာ ကပ်ထားသော ဓာတ်ပုံရှင်က "ကျော်ဇောဦး"ဖြစ်၏။

ဓာတ်ပုံအောက်မှာ နာမည်နှင့်တကွ သူ၏ကိုယ်ရေးကိုယ်တာအကျဉ်းကို ရေးထားသည်။ ကျော်ဇောဦး၊ ပညာအရည်အချင်း M.B.,B.S၊ အသက်(၂၄)၊ မိဘအခြေအနေ အလွန်အလွန်ကောင်း၊ ရုပ်ချော၊ ရိုးသားအေးဆေး၊ အလားအလာအလွန်ကောင်းသူအဖြစ် သမီးရှင်တွေ မျက်စိကျခံရ၊ မဟာကံထူးရှင်ဆုံပေါက်သူက အိအိရွှေစင်။

ရွှေဖြိုး စာကြောင်းလေးကိုဖတ်ပြီး ပြုံးလိုက်သည်။ အိအိရွှေစင်ဆိုသော မိန်းကလေးကိုတော့ သနားမိပါရဲ့။ သူနှင့် ကိုယ် ရန်ငြိုးရန်ဘက်မရှိ၊ ပြဿနာမရှိ၊ အာဃာတမရှိ။ သို့ပေမဲ့ သူက ဒေါ်မိမိရွှေစင်၏ ညီမအငယ်ဆုံး ဖြစ်နေသည်လေ။ အိအိရွှေစင်၏ အကြီးမားဆုံးအချက်က မိမိရွှေစင်၏ ညီမရင်းဖြစ်နေခြင်းပါပဲ။ မိမိရွှေစင်၏ ညီမအငယ်ဆုံးတစ်ယောက် လင်ကောင်းသားကောင်းရပြီး တစ်သက်တာ ကောင်းစားတော့မည့် အရေး

www.burmeseclassic.com

www.burmeseclassic.com



သည် ရွှေဖြိုး ဘယ်လိုမှ လက်ပိုက်ကြည့်မနေနိုင်သော ကိစ္စတစ်ရပ်ဖြစ်လေ၏။ သည်ကိစ္စ ပျက်ကိုပျက်မှ။ ရွှေဖြိုး ဖျက်ကိုဖျက်ရမှ။ သနားစရာတော့ အကောင်းသား။ ဒေါက်တာကျော်ဇော်ဦး ဆိုသော ဆရာဝန်ပေါက်စခများ မိန်းမ မတွေ့ဘူးတာလည်း မဟုတ်ပါပဲ။

ဆေးတက္ကသိုလ်တက်ခဲ့ပြီးလို့ ဆရာဝန်ပဲဖြစ်ပြီ။ လူနာတွေလည်း ကုသနေရပြီ။ သူ့လောက် ယောကျ်ားချော မိန်းမတွေနှင့် တွေ့ဖူးသူ ရှိပါဦးမလား၊ ပြီးတော့ စာမေးပွဲမကျ ချင်လို့ ဆရာဝန်ဖြစ်ပြီးလျှင်လည်း သားလိမ္မာပီပီ မိဘရှာဖွေပေးသော ဇနီးလောင်းကို လက်ထပ်ရမှာပဲဖြစ်လို့၊ ရည်းစားမထားခဲ့ဘဲ ဆရာဝန်ဖြစ်လာတာ။ မိန်းမကြောက်တတ်သူမှ မဟုတ်ဘဲ။ အဲသည် လူရိုးလူကောင်းတစ်ယောက်ကို ကိုယ့်ဘက်ပါအောင် သိမ်းသွင်းရလွယ်တာ မရှိတော့။

"သွန်း ... ကိုယ့်ကို မရက်စက်ခဲ့ပါနဲ့"

ယောကျ်ားတန်မဲ့ မျက်ရည်ကျတာကို မျက်ဝါးထင်ထင် ကြည့်ရှုရင်း ရွှေရည်သွန်းဖြိုးပါ ရောင်ိုချင်လာမိခဲ့သည်။ ပထမဆုံး အတွေ့အကြုံမို့ ကိုယ့်အသည်းက ခပ်နုနု ဖြစ်နေသည် ထင်ပါရဲ့။

"ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ မချစ်ခဲ့ဘူး"

အိအိရွှေစင်နှင့် လက်မထပ်ဖြစ်အောင် ကြားဝင်ဖျက်ခဲ့ခြင်းသာဖြစ်လျက် ယောကျ်ားတစ်ယောက်ကို အခြားမိန်းမတစ်ယောက်ထံမှ (အထူးသဖြင့် အိအိရွှေစင် ထံမှ)လုယူပြီးမှ ရမှာမျိုးကို လုံးဝအဖြစ်မခံနိုင်ပါ။



"နို့ ... မင်းက ဝင်မလုခဲ့လို့လား"... ဟုမေးပါလျှင် "ဝင်လုခဲ့ပါသည်"... ဟု ဖြေပါမည်။ ဝင်လုခြင်းသည် သူတို့နှစ်ယောက်၏ နီးစပ်မှုကို ဖျက်ဆီးခြင်းသာဖြစ်လျက် ကိုယ်က အပိုင်ယူလိုစိတ် ရှိတာမှမဟုတ်ဘဲ။ "သွန်း"မှ "သွန်း" အစွဲကြီးစွဲရှာသူ ဆရာဝန်ပေါက်စလေး၊ အိအိရွှေစင်နှင့် လက်ထပ်ရေးပျက်ပြားသည်။ ကျော်ဇော်ဦးက စဖျက်သည်။ သွန်းကို အောက်ကျနောက်ကျခံ၍ တောင်းပန်သည်။ သွန်းနှင့် ကင်းကွာခြင်းဖြင့် ရှင်သန်ခြင်းတို့ ရပ်စဲသွားရပါလိမ့်မည် ဆိုတော့မှ သွန်းက တိခနဲ ဖြတ်ချခဲ့ခြင်းဖြစ်သည်။ အိအိရွှေစင်၏ အခြေအနေကို စောင့်ကြည့်သည်။ ပြန်လည်လက်ခံမည့် အနေအထားရှိသလား၊ ရှိလျှင် ... သွန်းက တစ်ကြော့ပြန်ဝင်ဖို့ရှိ၏။ အိအိရွှေစင် အရှက်ကြီးရှက်ကာ သီလရှင် ပျော်သလောက် ဝတ်မည်ဆိုပြီး စစ်ကိုင်းသို့ ထွက်သွားခဲ့လေ၏။

"ဟား ဟား ... သုံးပတ်မပြည့်ခင် ပြန်လာပြီး ခေါင်းတုံးကြီး အဖတ်တင်တော့မယ်"

ရွှေဖြိုး ဟားတိုက်ရယ်မောခဲ့သလို၊ ခေါင်းတုံးအဖတ်တင်သွားသော အိအိရွှေစင်သည် ဒေါက်တာကျော်ဇော်ဦးနှင့်တော့ ရာသက်ပန်ဝေးလေ၏။ အဲသည်စာမျက်နှာ အဲသည်မှတ်ပုံအောက်မှာ ရွှေဖြိုး စာတစ်ကြောင်းရေးခဲ့၏။

ပထမအကြိမ် အောင်နိုင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



စာရွက်တစ်ရွက် ကျော်လှန်ပြီးနောက် ဒုတိယဓာတ်ပုံက "ထက်ခေါင်ထွန်း"။

သူကကျတော့ "ရွှေရည်"ဟုခေါ်၏။ ဆောက်လုပ်ရေးကုမ္ပဏီအကြီးကြီးတွေ မပေါ်ပေါက်မီကတည်းက သူ့အဖေက ကန်ထရိုက်တာ၊ အင်ဂျင်နီယာ၊ သူများအိမ်တွေလည်း ဆောက်ပေးသည်။ ကိုယ့်ဘာသာ မြေကွက်ဝယ်၊ အိမ်ဆောက်ပြီးမှ ပြန်ရောင်းတာမျိုးကိုလည်း လုပ်သည်။ တစ်ကြိမ်မှာ မြေတစ်ကွက်နှင့် အိမ်တစ်လုံးလောက် လုပ်နိုင်သူ မဟုတ်။ မြေလေးငါးကွက်ဝယ်ပြီး လေးလုံး ငါးလုံး အပြိုင်ဆောက်နိုင်သူဆိုကတည်းက ထက်ခေါင်ထွန်းအဖေ ဦးခေါင်ထွန်း၏ စည်းစိမ်တွေကို တွေးသာကြည့်ကြပေတော့။ သူ့အမေ ဒေါ်တင်တင်ထွန်း (အစက မတင်တင်၊ ဦးခေါင်ထွန်းနှင့်ရပြီးမှ ဒေါ်တင်တင်ထွန်း ဖြစ်လာခဲ့သူ)၏နားမှ တစ်လုံးစိန်နားကပ်ကြီးကို ကြည့်ပြီးတော့လည်း သူတို့ ဘယ်လောက်ချမ်းသာလဲ ခန့်မှန်းနိုင်သည်။

ထက်ခေါင်ထွန်း အပေါ်မှာ ရွှေဖြိုး ရန်ငြိုးအာဃာတ မရှိပါ။ ပြီးတော့ ... ရွှေဖြိုးနှင့် သူငယ်ချင်း။ သို့ပေမဲ့ သူက လူကောင်းသူဌေးသားလေး။ "သက်လျှာဦး"တို့မိဘများက သဘောကျသည်။ ခက်တာက သက်လျှာဦးသည် မိမိရွှေစင်၏ညီမတစ်ဝမ်းကွဲ ဖြစ်နေ၏။

"ထက်ခေါင် ... နှင့်ကို သက်လျှာဦးဆီက ဆွဲထုတ်ဖို့တော့ ငါ နည်းနည်းအားနာတယ်၊ ဒါပေမဲ့ ..."



ထက်ခေါင်ထွန်းက တပ်မတော်ထဲ ဝင်သွားသည်။ သက်လျှာဦးက "စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း" ဆိုသည့် သတင်းကို သတင်းစာထဲမှာ "ထက်ခေါင်ထွန်းဆန္ဒဖြင့်"ဟု ထည့်သွင်းဖော်ပြလျက် ကြော်ညာခြင်းခံရ၏။

ဒုတိယအကြိမ် အောင်နိုင်ခြင်း။

✦ ❦ ✦

နောက်ထပ် စာမျက်နှာတစ်ရွက်ခြားမှာ ကပ်ထားသည့် ဓာတ်ပုံက "သောင်းထိုက်ဝင်း"။

ဓာတ်ပုံအောက်မှာ ကိုယ်ရေးကိုယ်တာ အကျဉ်းက သိပ်ကောင်းနေသည်။ သမီးရှင်တွေလိုလားမက်မောဖွယ် အပြည့်အဝရှိ၏။ သူ လက်ထပ်ဖို့ လူကြီးချင်းရော လူငယ်ချင်းပါ စိတ်တူသဘောတူဖြစ်သူက "ကြူကြူဆွေ"။ ကြူကြူဆွေသည် ဒေါ်မိမိရွှေစင်၏ တူမအရင်း။ အလွတ်ပေးလို့ရရိုးလား။ ယောက်ျားလေးနှင့် မိန်းကလေးက ချစ်သူတွေဖြစ်ပြီးသားမို့ နှစ်ဖက်မိဘတွေ စိတ်အချကြီး ချနေစဉ်မှာပဲ ...

"ကျွန်တော် ကြူကြူ့ကို မယူချင်တော့ဘူး မေမေ" တဲ့။

သောင်းထိုက်ဝင်းက ရဲဝံ့စွာ ဆန့်ကျင်ခဲ့သည်။ လူကြီးသူမတွေ မျက်လုံးပြူးကြ၊ စိတ်ညစ်ကြ၊ ငိုသူငို၍ ယိုသူယိုကြ။ ရွှေဖြိုး အော်ရယ်ပေးနေခဲ့သည်။ ကြူကြူဆွေက ဒေါသတစ်လှည့် သောကတစ်လှည့်၊ ငိုလည်းငိုသည်။ ရန်လည်းတွေ့သည်။ ပြီးတော့ မာနတွေ ရင်ထဲ အလုံးအရင်းနှင့် ဆို့ဝင်၏။

www.burmeseclassic.com

www.burmeseclassic.com



"သူ မိန်းမ,မယူခင် ကြူကြူ အရင်ယူမယ်"

မပြိုင်သင့်တာပြိုင်ပြီး ကောက်ကာငင်ကာ လက်ထပ်လိုက်သည့် ယောက်ျားသည် ကိုယ့်ငယ်ချစ်၊ လူကြီးတွေပါ သဘောတူကြည်ဖြူပြီး နှစ်ရှည်လများ ရင်းနှီးခဲ့သူလောက်တော့ ဘယ်ကောင်းပါ့မလဲ။

"ကဲ ... သွန်းဖြိုး၊ ကြူကြူ ယောက်ျားယူသွားပြီ၊ ကိုယ့်ကို စိတ်ချလက်ချ ယုံပလား"

"ရှင့်ကို စတွေ့တဲ့နေ့ကစပြီး ယုံခဲ့တာပဲ"

"ဒါဖြင့် ကိုယ်တို့ ဘယ်တော့လက်ထပ်ကြမလဲ"

"ယုံတာနဲ့လက်ထပ်တာနဲ့ တခြားစီပဲ၊ ယုံတိုင်းသာလက်ထပ်ရရင်၊ ဟောဟိုမှာတွေ့လား ... လမ်းပေါ်ကလူကြီးတစ်ယောက် ဖျော်ရည်တဲ့"

ရွှေဖြိုးက လက်ညှိုးထိုးပြသည်။ ဖျော်ရည်သည်လူကြီးဆိုပေမယ့် သိပ်ကြီးသေးတာတော့ မဟုတ်ပါ။ ရှိလှ နှစ်ဆယ့်ရှစ် နှစ်ဆယ့်ကိုး။

"အဲဒီလူကြီး မိန်းမ,မရှိတဲ့လူပျိုဆိုရင် ရွှေဖြိုးကို ကြိုက်မယ်ထင်လား"

"ထင်တာပေါ့"

"ရှင်ယုံလား"

"ယုံတယ်"

"ဒါဖြင့် ရွှေဖြိုး အဲဒီလူကြီးနဲ့ လက်ထပ်ရမလား ပြော"

"ဟာ ... ဘာတွေ လျှောက်ပြောနေတာလဲ သွန်းဖြိုးရာ"

ကိုယ့်ကိုယ်ကိုယ် "ရွှေဖြိုး"ဟု ထည့်ပြောပါလျက် သူက သွန်းဖြိုးဟုခေါ်၏။



"ကိုယ် သွန်းဖြိုးကို ချစ်လွန်းလို့ ကြူကြူ့ကိုတောင် အပြစ်မရှိဖြတ်ခဲ့တယ်၊ တကယ်တော့ ကြူကြူဟာ ကိုယ်နဲ့ဆို ငယ်သူငယ်ချင်းလည်းဟုတ်၊ ငယ်ရည်းစားလည်းဟုတ်၊ ဒါပေမဲ့ ကိုယ် သွန်းဖြိုးကိုပဲ ပိုချစ်တယ်"

"ဝမ်းနည်းပါတယ် ကိုသောင်းထိုက်ဝင်း"

"ရွှေဖြိုးကို ခွင့်မလွှတ်ပါနဲ့၊ တွေ့တဲ့နေရာမှာသတ်ပါ"ဟု ပြောခဲ့ပြီးကတည်းက ဘယ်မှတောင် တစ်ယောက်တည်း သိပ်မသွားရဲတော့ပါ။ သွားလေရာ သူငယ်ချင်းတစ်အုပ်ကြီးထဲမှာတောင် အလယ်ကောင်နားမှာ နေရ၏။ သောင်းထိုက်ဝင်းကို ရွှေဖြိုး တကယ်ကြောက်ပါ၏။ သူ့မိဘတွေက သောင်းထိုက်ဝင်း လေလွင့်တာကို မကြည့်ရက်စွာ မိန်းမတစ်ယောက် ကောက်ပေးစားမှပဲ ရွှေဖြိုး သက်ပြင်းမောကို ချနိုင်တော့သည်။

တတိယအကြိမ်အောင်နိုင်ခြင်း။

နောက်ဆုံးဓာတ်ပုံရှင်ကို ကြည့်ချိန်က ပိုကြာ၏။ ထိုသူသည် ကိုဖြိုးတို့လို အလုပ်ထဲရောက်ရှိနေပြီဖြစ်သော လူကြီးတစ်ပိုင်း။ အဲသည်လူကြီးတစ်ပိုင်းကို နှိပ်စက်ခဲ့ရတာက အလတ်ဆတ်ဆုံးဖြစ်ရပ်။

"ကိုစည်သူသိုက်လိုလူမျိုးကို နေရင်းထိုင်ရင်း သွားဖြိုတာတော့ လွန်လွန်းတယ်၊ ကိုစည်သူသိုက်က မျိုးထွန်းရဲ့အစ်ကို ဝမ်းကွဲလေ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ဦးကြယ်တာရာဖြိုးရယ် ... ရှင်သိတဲ့ ကျွန်မအကြောင်းတွေမှာ အမှားပါတယ်လို့ ကျွန်မ မဆိုချင်ပါဘူး။ ဒါပေမဲ့ သိဖို့လိုအပ်နေတဲ့အကြောင်းတွေ ကျန်ရှိချင်ရှိနေလိမ့်မယ်။ စကားဆိုတဲ့အတိုင်း "ကား"ပြီးမှ ရှင့်နားထဲ ရောက်လာတာတွေ ပါကောင်းပါနိုင်တယ်။ ဖြစ်နိုင်ရင်တော့ တစ်ထောင့်တစ်ညပုံပြင်လို ရှင့်ကို ကျွန်မကိုယ်တိုင် ဝန်ခံပြောပြခွင့် ရချင်ပါရဲ့ရှင်။

✦❦✦

"အစ်ကိုကြီး အားတော့အရမ်းနာတာပဲဗျာ၊ ငါးရာဖိုးလောက် များ အမ်းစရာပါလားဟင်"

စည်သူသိုက် မျက်နှာ ရှုံ့မဲ့သွားရတော့သည်။ ဒီလောက် ကရိကထပေါက်စလေးမျိုးကို လိုက်လုပ်ပေးမယ့်သူမျိုး များ မှတ်နေသလား။

"ငါးရာတန်ကလွဲရင် ဘာမှမကိုင်ဘူး၊ စီးကရက်တစ်ဘူး ဝယ်ရင်တောင် ပြန်အမ်းစရာမရှိတဲ့ဆိုင်ဆို အဲဒီငါးရာတန် တစ်ရွက်လုံး ပေးပစ်ခဲ့တယ်"

ခပ်ရင့်ရင့်ပြောကာ လှည့်ထွက်ခဲ့သည်။ ဒီလို မလောက်လေးမလောက်စား ကောင်မလေးမျိုးက ရှုပ်ရှုပ်ယှက် ယှက်။ ဝတ်ထားတာက ရှပ်အင်္ကျီ၊ ခါးမှာကျတော့ ဂျင်းဘောင်းဘီ ဘယ်လိုအမျိုးအစားလေးမှန်းမသိ "ဗျာ"လို့ သုံးလိုက်တာလည်း ကြားရသေး၏။



"အစ်ကိုကြီး ... ကျွန်တော်က အဲဒီငါးရာတန်ကိုပဲ လိုချင်တာပါ၊ ကျွန်တော့်အိတ်ထဲမှာ အကြွေတွေနဲ့ ရှုပ်နေလို့၊ ပြီးတော့ ကျွန်တော်က စုဗူးစုမှာ၊ လဲပေးပါနော် အစ်ကိုကြီး"

"ဟာကွာ"

စည်သူသိုက် ကျွတ်ခနဲ စုတ်သတ်လိုက်သည်။ ဒီနေ့ ကတွတ်ပီ ကံမကောင်းပါလားဟု ညည်းလိုက်ချင်၏။

အင်္ကျီဆို အမြဲတမ်း ရယ်ဒီမိတ်ချည်း ဝတ်တာ။ စပို့ရှပ်နှင့် တီရှပ်အဝတ်များ၍ ရှပ်လက်ရှည် လက်တိုဆိုလည်း ရယ်ဒီမိတ်တွေပဲဝတ်သည်။ ရယ်ဒီမိတ်ကိုဝယ်သည့်အခါဝယ်သည်။ နိုင်ငံခြားမှအစ်မက ပို့သည့်အခါပို့၏။ အပ်ချုပ်ဆိုင်ဆိုတာ လုံးဝ မရောက်ဘူးသော ဒေသတောင် ဖြစ်နေသည်။ ခုတော့ အမျိုးထဲက မင်္ဂလာဆောင်တစ်ခုဖြစ်ထွန်းမည်။ မနှစ်က ချုပ်ထားသည့် တိုက်ပုံက မဝတ်လိုက်ရဘဲ ခေါက်ရိုးတွေဝါပြီး လျှော်လည်း ဖြူမည့်ပုံမပေါ်၊ အသစ်စက်စက်နှင့် အပေါင်းမြင်းကြီးဖြစ်သွားရသည်မို့ စည်သူသိုက်တို့ လူငယ်ယောကျ်ားလေးတွေအားလုံး တိုက်ပုံ အသစ်ချုပ်သည့်အထဲ ကိုယ်လည်း ရောပါလိုက်သည်။

ချုပ်စဉ်က အပ်ချုပ်ဆရာက အိမ်တိုင်ယာရောက် လာတိုင်း၏။ ညီအစ်ကိုဝမ်းကွဲတွေ၊ ဦးလေးတွေစုပေါင်းအတိုင်းခံ လိုက်သည်။ အင်္ကျီတွေ ပြီးတော့လာပို့၏။ ကိုယ့်အင်္ကျီကိုယ်ယူလိုက် ကြသည်။ အားလုံး အားလုံးသောအင်္ကျီတွေ ကိုယ်တိုင်တော်ကြပါ လျက် စည်သူ့အင်္ကျီကျမှ အာနိုးကိုယ်လုံးနှင့်များ မှားချုပ်မိလေ သလားမသိ။ ပွယောင်းကြီး။ ဘယ်သူနှင့်များမှားသလဲဟု လူတကာ ကို လျှောက်ဝတ်ခိုင်းကြည့်သေး၏။ မည်သူနှင့်မျှ မတော်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေအားလုံး တော်တော်ကြပါလျက် စည်သူတစ်ယောက်တည်း မှားနေတာ၊ အပ်ချုပ်ဆရာ ပြန်သွားမှလည်းသိတာမို့ သူ့ဆိုင်မှ လိုက်မပြင်လျှင်မဖြစ်။

အဲဒါကြောင့် ဗိုလ်ချုပ်ဈေးထဲရောက်လာရတာ ဆိုင်မှာ အကျိုးအကြောင်းပြောပြ၊ ရှင်းပြ၊ ဆိုင်ရှင်ကတောင်းပန်၊ ပြင်ပေးမည်ပြော၊ ပြန်အထွက်မှာ အဲသည် ရှုပ်ရှုပ်ယှက်ယှက်မလေးနှင့် ဆုံရခြင်းဖြစ်လေ၏။

"နော် ... အစ်ကိုကြီး၊ စောစောက ဆိုင်ထဲမှာ အစ်ကိုကြီး အိတ်ကိုနှိုက်လိုက်တုန်းက ငါးရာတန်တွေ အထပ်လိုက်၊ ကျွန်တော် တွေ့လိုက်လို့ပါ၊ သေချာရေယူပါ အစ်ကိုကြီးရဲ့၊ ကျွန်တော် လူရှုပ်မဟုတ်ပါဘူး"

"ရော့ကွာ"

ငါးရာတန်တစ်ရွက်ထုတ်ပေးလိုက်သည်။ သူ ပြန်ပေးမည့်အတန်သေးတွေလည်း မလိုချင်၊ ငါးရာဆိုသည့် ပိုက်ဆံကိုလည်း စည်သူက ဂရုမစိုက်၊ မိန်းကလေးတွေနှင့်လည်း ရှုပ်ရှုပ်ယှက်ယှက် ဝါသနာမပါ။ ပြီးတော့ ... ဘယ်လိုလမ်းပေါ်က ဂလေလေးမှန်းမသိသည့် မိန်းမမျိုးနှင့် ပတ်ပတ်သက်သက်လည်း မဖြစ်ချင်။ စည်သူ လုံးဝလှည့်မကြည့်တော့ဘဲ ခြေလှမ်းကျဲကြီးများနှင့် ထွက်လာခဲ့သည်။

"အစ်ကိုကြီး စောင့်ပါဦးဗျ၊ ခင်ဗျားကလည်း စိတ်ကြီးပဲ"

တဖျပ်ဖျပ် ပြေးလိုက်လာသံလေးနှင့်အတူ ကောင်မလေးက ကျော်တက်ပြီး ရှေ့ပိတ်ရပ်လိုက်သည်။ သူ့လက်ထဲမှာ ငွေစက္ကူအသေးစားတွေ။ အကြီးဆုံးကမှ ရာတန်ဖြစ်လျက် ကိုး



ဆယ်တန်၊ လေးဆယ့်ငါးကျပ်တန်၊ နှစ်ဆယ်တန်၊ ဆယ်တန်၊ ကျပ်တန်တွေကလည်း တထောကြီး။

"ယူသွားပါ အစ်ကိုကြီးရဲ့၊ ငါးရာဖိုးအတိပါ၊ မလျော့ပါဘူး"

"သွားကွာ ... ငါ ရှုပ်ရှုပ်ယှက်ယှက် ဝါသနာမပါဘူး"

"အစ်ကိုကြီး"

ရှေ့မှကောင်မလေးက တိုးတိုးလေး ခေါ်လိုက်သည်၊

"ကျွန်တော်က သက်ထားရဲ့သူငယ်ချင်းပါ"

သက်ထားဆိုသည့် နာမည်သုံးလာတော့ နည်းနည်းပါးပါး ဖြုံရ၏။ ဆွေထဲမျိုးထဲမှာ အားလုံးက ဝိုင်းမ,ထားရသည့် ကလေးမ။ သူက ချူချူချာချာလေးမို့ အသနားပိုတာလည်းတစ်ကြောင်း၊ သူ့အဖေက ဆွေမျိုးထဲမှာ အချမ်းသာဆုံး အရက်ရောဆုံးနှင့် တော်တိမှန်ကန်ဆုံး၊ သြဇာအရှိဆုံး ပုဂ္ဂိုလ်မို့လည်း လေးစားကြည်ညိုရတာတစ်ကြောင်း၊ ဒီအဖေရဲ့သမီးမို့ သက်ထားဆိုရင်နှင့် ဘာလုပ်ပေးရမလဲ၊ အဆင်သင့် ... ဆိုတာမျိုးနှင့် ခေါင်းတွေ ထူမတ်လာကြရမြဲပါ။

"သက်ထား လန်ဒန်မှာ ဆေးသွားကုနေတာ သိပါတယ်၊ သက်သာလား၊ ကျွန်တော်တောင် လွန်ခဲ့တဲ့ သုံးရက်က စာထည့်လိုက်သေးတယ်"

"ဩော် ... အေး၊ သက်သာတယ်"

အမှန်က မသက်သာပါ။ သက်ထားရောဂါက လူကီးမီးယား။ သက်ထားမိဘတွေတောင် ယခုဖြစ်ထွန်းမည့် မင်္ဂလာပွဲကို မဆင်နွှဲနိုင်ကြ၊ လန်ဒန် ရောက်နေသည်။ ရောလာ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပြီးလျှင် ငွေပေါကြသည်မို့ လန်ဒန်သို့ လိုက်မည့်သူတွေရှိသည်။ သက်ထား သတင်းလည်းမေးရင်း။

"အစ်ကိုကြီး လှည့်မကြည့်နဲ့နော်၊ နောက်နားမှာ ကျွန်တော်တို့သူငယ်ချင်းတစ်အုပ် ရှိတယ်၊ မိန်းကလေးချည်းပဲ ဆယ်ယောက်"

အမယ်လေး။ ဒါမျိုး လှည့်ကြည့်ဖို့ နေနေသာသာ စိတ်ပျက်လွန်းလို့ လူပျိုကြီးဖြစ်နေတာသာကြည့်ဟု ပြောချင်၏။

"သက်ထားက ပြောဖူးတယ်။ သူ့အစ်ကိုကြီး စည်သူသိုက်က သိပ်ပြီးသိက္ခာသမာဓိရှိတာတဲ့၊ ဘယ်မိန်းကလေးကိုမှ မပိုးဘူးတဲ့၊ မိန်းမတွေက လာပိုးကြတာတဲ့"

"ဟာကွာ"

စည်သူသိုက် မျက်နှာကြီး ရဲတက်သွားရသည်။ ဒီသူငယ်မ တကယ်ပဲ သက်ထားသူငယ်ချင်းဆိုတာလည်း ယုံသွားရသည်။ သက်ထားက အစ်ကိုမာန်တက်ကာ သူ့သူငယ်ချင်းတွေထဲမှာ ကြွားနေကျဆိုတာလည်း သိထားဖူး၏။

"အဲဒါလေ ကျွန်တော်က အစ်ကိုကြီးဆီက မုန့်ဖိုးငါးရာရအောင် တောင်းမယ်လို့၊ ဟိုသူငယ်ချင်းတွေနဲ့ လောင်းထားတာ၊ အို ... အစ်ကိုကြီး လှည့်မကြည့်နဲ့လေ"

"အေး ... အေး"

"သူတို့က မရဘူးတဲ့၊ အစ်ကိုကြီးက မာနသိပ်ကြီးတာတဲ့၊ ကျွန်တော်တို့အရွယ် ကောင်မလေးတွေဆိုရင် ဘယ်တော့မှ အဖက်လုပ် စကားပြောမှာ မဟုတ်ဘူးတဲ့၊ အဲဒါ အစ်ကိုကြီးရယ်၊ ကျွန်တော်နိုင်အောင် အစ်ကိုကြီးကကူညီပါ။ သက်ထား



သာသိရင်လည်း သူရယ်ရတာနဲ့ အစ်ကိုကြီးကို ကူညီနိုင်းမှာပဲ"

"မင်း ရပြီးပြီလေ"

"လောင်းကြေးစားကြေးမို့သာ တောင်းရတာ၊ ငွေငါးရာကို ဘယ်အလကားလိုချင်ပါ့မလဲ အစ်ကိုကြီးရဲ့၊ ကျွန်တော်လည်း ဆင်းရဲသားမှ မဟုတ်တာ"

"ဪ ... သူဌေးသမီးပေါ့"

စည်သူ ရင်ထဲ ပေါ့ပါးလန်းဆန်းသွားသည်။ ရှုပ်ရှုပ်ယှက်ယှက် ဂလေဂချေမဟုတ်၊ သက်ထား သူငယ်ချင်းမလေးတွေကလေးလို ဆော့ကြတာဆိုတော့ လိုက်လျောပေးဖို့ ရှိသည်ပေါ့။ မျက်နှာပါ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာကာ ရှေ့ကကောင်မလေးကို ခင်ခင်မင်မင်တောင် ဖြစ်သွားရလေ၏။ သူတို့လူငယ်တွေများ အလုပ်မရှိ အလုပ်ရှာ၊ ပေါက်ပေါက်ရှာရှာ ဆော့များဆော့တတ်ပါပေရဲ့။ ဒါတွေဟာ ငယ်နုခြင်းရဲ့လတ်ဆတ်မှုတွေပဲဖြစ်၏။ အရွယ်ရင့်လေ ဒီလိုအတွေးနုနု အပျော်လေးတွေ ခန်းခြောက်လေမို့ စည်သူသိုက် ဆိုလျှင် အလုပ်ထဲနစ်ကာ ဒါမျိုးနှင့် မပျော်မိတာတောင်ကြာပြီ။

"ရော့နော် ... အစ်ကိုကြီး၊ ယူပါ"

"မင်းက သူဌေးတော့ သူဌေးပေါ့ကွာ၊ ဒါပေမဲ့ ငါကလည်း မင်းကို သက်ထားလို သဘောထားပြီး မုန့်ဖိုးငါးရာလောက်ပေးရလို့လည်း မွဲမသွားပါဘူး၊ မင်းရဲ့ပိုက်ဆံကြွေတွေ သိမ်းလိုက်ပါ၊ အစစ်အမှန် မုန့်ဖိုးပေးတယ်ပေါ့ကွာ"

"ပွတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သူမကလေးက လွှင့်ခနဲ ခုန်လုနီးပါး ပျော်ပြလိုက်သည်။

"ငွေငါးရာ ဘယ်လောက်သုံးရမှာမို့ မင်းက ထပ္ပနေရတာလဲ"

"အစစ်ပဲ။ ကျွန်တော်တို့အုပ်စု အသုပ်စုံတစ်ပွဲစီပဲစားပြီး အအေးတစ်ပုလင်းစီပဲ သောက်မယ်ဆိုရင်တောင် အစ်ကိုကြီးပေးတဲ့မုန့်ဖိုးက ပုရွက်ဆိတ်ပါးစပ်ကို ဥသျှစ်သီးနဲ့ ပေါက်သလို"

"ဆင့်ပါးစပ် နှမ်းပက်ပါကွ"

သူငယ်မလေးက ခွီခနဲရယ်၏။

"အစ်ကိုကြီးမှာ မုန့်ဖိုးပေးချင်တဲ့ စေတနာ တကယ်ရှိလား"

"ရှိပါတယ်ကွာ၊ သက်ထား သူငယ်ချင်းတွေပဲ၊ ပြီးတော့ မင်းတို့ စာစုပြီး ရေးလိုက်ကြပေါ့၊ သက်ထားက ရန်ကုန်ကစာလာရင် သူ ပျော်ရှာတယ်၊ ဖတ်တောင် ဖတ်နိုင်တာမဟုတ်ဘူး၊ သူများဖတ်ပြတာ နားထောင်ပြီး ပျော်ရတာ"

"သူသွားတာ သုံးပတ်ပဲ ရှိသေးတယ်နော်"

"နှစ်ဆယ့်ရှစ်ရက်ဆိုတော့ တစ်လပေါ့လေ"

"ကျွန်တော်တို့အားလုံး ဆုတောင်းပေးနေကြပါတယ်"

"ကျေးဇူးတင်တယ် ... ကဲ သွားမယ်"

"ဟင် ... မုန့်ဖိုးပေးခဲ့မလို့ဆို"

လက်ဝါးလေး ဖြန့်ခံထားပုံက ပိုက်ဆံမထည့်ဘဲ ခဲလုံးလေးကောက်ထည့်ပြီး အဲဒါ ပိုက်ဆံ ပြောပြီး သူနှင့်အတူ



ရောဆော့ချင်စဖွယ်ပါ။ စည်သူသိုက်က စိတ်တွေတောင် နုကျသွားရသည်။ သူ့ပိုက်ဆံ အတန်သေးလေးတွေလည်း မရှိတော့၊ သူသိမ်းထားပြီးပြီ၊ သူတို့အုပ်စု မုန့်စားဖို့ မုန့်ဖိုးသပ်သပ် တောင်းတာကျတော့လည်း ပေးချင်၏။

"ဘယ်လောက် ပေးရမလဲ"

"ငါးရာတန်ပဲ၊ နောက်ထပ်နှစ်ရွက်ဆို တော်ပါပြီ"

စည်သူသိုက် ထုတ်ပေးလိုက်သည်။ ဒီကောင်မလေး၏ အသားအနားကြောင့် လူလိမ်မလေးမဟုတ်၊ တကယ်ပဲ သူဌေးသမီးလေးလို့လည်း ယုံလိုက်သည်။ ကိုယ့်လာလိမ်လျှင်သာ ငွေတစ်ကျပ်ကို နှမြောစိတ်ဆိုးမည်။ မုန့်ဖိုးတောင်းလို့ကတော့ ဘယ်နှထောင်ဖြစ်ဖြစ် နှမြောမည့်သူ မဟုတ်ပါ။ စည်သူတို့က တတ်နိုင်ပါ၏။ ပြီးတော့ ... သက်ထား သူငယ်ချင်းလေးတွေ။

"ကျေးဇူးတင်တယ်နော် အစ်ကိုကြီး၊ နောက်တွေ့ရင်ခေါ်မှာ၊ ခေါ်ရမလား"

"ခေါ်ပေါ့"

"ကျွန်တော့်ကိုလည်း ခေါ်ပါ"

"အေး ... ခေါ်မယ်၊ ဘယ်လိုခေါ်ရမလဲ၊ မင်းနာမည်လည်း ငါမသိ"

"ရွှေရေးပန်းဆက်"

"ဟာ ... မိုက်လှချည်လား"

"လိမ္မာပါတယ် အစ်ကိုကြီးရဲ့"

"မင်းမိဘတွေက မင်းကို တကယ်ပဲ ရွှေရေးပန်းဆက် ထားမယ့်ပုံပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သွားမယ်နော်"

"အေး"

"အစ်ကိုကြီး ကျွန်တော့်ကို ပေးလိုက်တာ ထောင့်ငါးရာနော်"

"အေး"

"ကျွန်တော် တစ်နေ့ ပြန်ဆပ်မှာပါ အစ်ကိုကြီးရဲ့"

"မလိုပါဘူးကွ၊ မုန့်ဖိုးပေးတာ"

"ယူရတာတောင် ခပ်ရှက်ရှက်၊ အစ်ကိုကြီးပေးတာ ထောင့်ငါးရာဆိုတော့"

"ဟာ ... ဟေ့"

ခွေးမလေး၊ လှစ်ခနဲ ပြေးထွက်သွားလိုက်တာ ဘာမှပြန်ပြောခွင့်မရဘဲ မျက်စိအောက်က အပျောက်မြန်လှတော့သည်။ စည်သူ ရှက်ရမလို စိတ်ဆိုးရမလို၊ ငယ်ရွယ်သူမို့ ဘယ်စကားပြောလို့ ဘယ်ရောက်မှန်းမသိ၊ လူကြီးတစ်ယောက်လုံးကို မလေးမစားဖြစ်လို့ ဖြစ်မှန်းမသိ၊ သက်ထားသူငယ်ချင်းလေးကို ခွင့်လွှတ်ရမှာပဲလေဟု တွေးရင်း မျက်နှာပြင်က ပြုံးပြုံးကြီး ဖြစ်နေရတောသည်။

ကိုယ့်ကားဆီ ပြန်ရောက်လို့ ကားမောင်းထွက်ဖို့ စတီယာရင်အကိုင်မှာ၊ ဘာကြောင့်မှန်းမသိ ရင်ထဲ ဒိုင်းခနဲဆောင့်ခုန်သွားပုံကဆန်း၏။ ခွေးကောင်မလေး ရှိနေဦးမည့် ဗိုလ်ချုပ်ဈေးထဲမှ ကိုယ်က အရင်ခွာနှုတ်ခွာ ပြန်ထွက်လိုက်ရမှာကိုပဲ နှမြောသလိုလို။ စောင့်ချင်သေးသလိုလို။ ပေါက်စမလေး မျက်နှာကိုမြင်ယောင်ရင်း ...



"ထောင့်ငါးရာဆိုတော့ ယူရမှာတောင် ခပ်ရှက်ရှက်" ဆိုတာလေး ကြားယောင်ရင်း ပြုံးစိစိ ဖြစ်နေသော ရှက်ကိုးရှက်ကန်းမျက်နှာကို ပြင်ဆင်ဖို့ မတတ်နိုင် ဖြစ်ရတော့သည်။ လူကြီးရှက်တော့ ရယ်သတဲ့လေ။

✦ ❦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

သက်ထားက ကွယ်လွန်ခဲ့ရှာပါ၏။

ပိုက်ဆံတတ်နိုင်သူတွေမို့ အလောင်းကို မရမကပြန်သယ်ယူလာခဲ့သည်။ ကုန်ကျစရိတ်က တိုက်တစ်လုံးဆောက်သလောက် ရှိသည်တဲ့။ လိုက်ပါသွားကြသည့် ဆွေမျိုးတွေ၏ အသွားအပြန် စရိတ်ကလည်း ခြံကွက်တစ်ကွက်လောက် ဝယ်နိုင်သည်ဆို၏။ သက်ထား၏ ရုပ်အလောင်းကို ရန်ကုန်မှာ ပြန်၍ကျင်းပသည်။ အလှပဆုံးအုတ်ဂူလေး လုပ်မည်ဟုဆို၏။

သင်္ဂြိုဟ်မည့်နေ့မို့ သက်မဲ့သက်ထားကို အလှဆုံးပြင်ထားပေးသည်။ ဆွေမျိုးတွေက ဝိုင်းနေ၏။ အသက်ငယ်ငယ်လေးနှင့် ဆုံးပါးရသူမို့ တစ်ဆွေလုံး တစ်မျိုးလုံး ယူကျုံးမရ သိပ်လိမ္မာပြီး သိပ်လှသော ဆွေမျိုးစုအချစ်တော်ကလေးက သေပန်းပွင့်နေသည်။ ဝမ်းကွဲညီအစ်မတွေ သူငယ်ချင်းတွေ ဝိုင်းငိုနေကြတာ၊ အသံလေးတွေ တိုးတိုးတိမ်တိမ်နှင့် ကြေကွဲဖွယ်ကောင်းလှသည်။



"အမယ်လေး၊ ဘလေး"အော်ကြီးဟစ်ကျယ်သံတွေ ထွက်မလာပါ။ ဒါသည်ပင်လျှင် အဆင့်မြင့် အထက်တန်းလွှာ၏ ပူဆွေးမှုသရုပ်သဏ္ဍာန် ဖြစ်ပါ၏။

"အစ်ကိုကြီး"

မတ်တတ်ရပ်ကာ စိုက်စိုက်ကြီး ငေးနေသော စည်သူ့ လက်မောင်းကို လာဆွဲခြင်းခံရ၏။

"ဗြော်"

"ကျွန်တော် ဘယ်လိုဖြေရမှာလဲ အစ်ကိုကြီးရယ်"

ရွှေရေးပန်းဆက်က စည်သူ့လက်မောင်းကို မီလိုက်၏။ အင့်ခနဲ ရှိုက်၏။

"ကျွန်တော်တို့ သူ့ကို ဆုံးရှုံးလိုက်ရပြီနော်"

"စိတ်ကိုဖြေပေါ့ ညီမလေးရယ်၊ ကိုကြီးတို့လည်း မနည်းဖြေနေရတာပဲ"

"ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး ကိုကြီးရယ်"

အသံလေး တိုးတိုးတိမ်တိမ်နှင့် တအိအိရှိုက်နေရှာသည့် ရွှေရေးပန်းဆက်ကို စည်သူ ခေါင်းလေးပွတ်၍ ချော့ဖြစ်၏။

"တိတ် ... တိတ်"

ကိုယ့်ညီမလေးမို့ စည်သူတို့ ဝမ်းနည်းကြေကွဲပေမယ့် ယောကျာ်းမို့ တော်ရုံနှင့် မျက်ရည်မကျပါ။ သူတို့မိန်းမသားလေးတွေကျတော့ မျက်ရည်မနိုင်တတ်ချေ။ ကိုယ့်လက်ကိုခို၍ လက်ရုံးကိုမှီပြီး တအိအိ ရှိုက်နေရှာသည့် လူငယ်မလေးကို စည်သူ သနားလိုက်မိပါ၏။ သူလည်းပဲ အမျိုးထဲက ညီမတစ်ယောက်ဆိုလျှင်တော့ ပခုံးလေးကိုဖက်၍ ချော့မိမှာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သည်းသည်းခိုက်ခိုက် အသံမထွက်စေဘဲ ကျိတ်ကျိတ်ရှိုက်နေကြသည့် ညီမတွေကို အစ်ကိုတွေ ဦးလေးတွေက မွေ့သူမွေ့၊ ဖက်သူဖက်၊ တယုတယ ချော့မော့နေကြရ၏။ သွေးသားရင်းချာတွေလေ။ ကိုယ့်ဆီမှာလာပြီး ကြေကွဲနေရှာသူလေးက သွေးမတော် သားမစပ်မို့ မွေ့ရခက် ဖက်ရခက်ပေမယ့် သူ့ကြေကွဲမှုလေး ပြေပျောက်စေချင်သည်။ ကိုယ့်သောကထက် သူ့သောကလေးကို ပိုသနားလိုက်မိသည်။ သူငယ်ချင်းအပေါ် တော်တော်သံယောဇဉ်တွယ်ရှာသား။ သက်ထားရှိစဉ်က သူ့အိမ်မှာ ရွှေရေးပန်းဆက် ဆိုသည့်နာမည်ကို တဖွဖွပြောမပြော၊ သက်ထားရဲ့ အခင်ဆုံး အချစ်ဆုံး သူငယ်ချင်းမလေးဖြစ်မဖြစ် မသေချာပေမယ့် ဒီချာတိတ်မလေးကကျတော့ သက်ထားကို သိပ်ချစ်တာ သေချာလို့နေ၏။

"တိတ်ပါ ညီမလေးရယ်"

"နမြောလွန်းလို့ပါ ကိုကြီးရယ်၊ သေပန်းပွင့်လိုက်တာ လှလိုက်တာ၊ သူ့ရင်ဘတ်ပေါ်က ကက်တယ်လီယာသစ်ခွကြီးနှစ်ပွင့်လေ"

စည်သူ လှမ်းကြည့်လိုက်သည်။

"အဲဒါ ကျွန်တော်တင်ထားတာ၊ သူပေးတဲ့အပင်က ပွင့်တာ ကိုကြီးရဲ့၊ သူနဲ့ကျွန်တော်နဲ့ တစ်ပင်ချင်းလဲကြတာ၊ ကျွန်တော်ပေးတဲ့ အပင်ကတော့ ပွင့်မပွင့် မသိဘူး"

ပွင့်လိမ့်မည် မဟုတ်ဘူးထင်သည်။ သက်ထားတို့ အိမ်မှပန်းတွေကို သက်ထားအမေက ဂရုစိုက်တာ၊ သက်ထား မကျန်းမာတော့ သက်ထားအမေက တစ်ခြံလုံးကို လုံးဝလှည့်မ



ကြည့်နိုင်တော့၊ ပန်းပင်တွေ သေမကုန်လျှင်တောင် ကံကောင်း။ မပွင့်မှာတော့ သေချာသည်။

"တိုက်တိုက်ဆိုင်ဆိုင် ကိုကြီးရယ်၊ သူပေးတဲ့အပင်ကပန်းနဲ့ သူ့ကို နှုတ်ဆက်လိုက်ရတာ၊ ကျွန်တော့်ရင်ထဲ မချိလွန်းလို့ပါ"

"တိတ် ... တိတ်တော့နော်"

ခေါင်းကလေးကိုပဲ ထပ်မံပွတ်သပ်လိုက်ရပါတော့သည်။

✦ ❦ ✦

သက်ထား နှစ်လပြည့်ဆွမ်းသွတ်သည့်နေ့မှာ ရွှေရေးပန်းဆက် မျှော်လင့်ထားသောစကားကို ကြားရသည်။

"မိရွှေကလေး"ဟု စည်သူ တမြတ်တနိုး ခေါ်ရသူကလေးနှင့် "ကိုကြီး"ဟု ရွှေရေးပန်းဆက်က တချွဲ့ချွဲ့ ခေါ်ကြသူတို့ သက်ထား ဈာပနနောက်ပိုင်းမှာ မကြာခဏ ဖုန်းဆက်ဖြစ်သည်။ ဟိုနား ဒီနားမှာဆိုသလို တိုက်တိုက်ဆိုင်ဆိုင် တွေ့ဖြစ်တာတွေရှိသည်။ နောက်တော့ တိုက်ဆိုင်မှုကို နေ့တိုင်း မျှော်လင့်လာသလို ဖုန်းမျှော်တတ်ကျင့်ကလေးလည်း စွဲမြဲလာခဲ့၏။ စည်သူသိုက် ဆိုသော အရွယ်ရောက် လုပ်ငန်းခွင်ဝင် ရင့်ကျက်သော ယောကျ်ားတစ်ယောက်၏ အချစ်ကိုရရှိဖို့ ရွှေရေးပန်းဆက် နှစ်လတိတိ ကြိုးစားယူခဲ့ရသည်။

"ရွှေကလေးကို ချစ်နေပြီ။ တစ်ဆက်တည်း တစ်ခါတည်း ပြောလိုက်မယ်၊ ကိုကြီးကို လက်ထပ်ခွင့်ပေးပါ၊ ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



က အချိန်တန် အရွယ်ရောက်နေလို့ လက်ထပ်ဖို့ကိစ္စလည်း အချိန်ဆွဲလို့ မဖြစ်တော့ဘူး ရွှေကလေးရယ်"... တဲ့။

ရွှေရေးပန်းဆက် မျက်နှာလေး ငုံ့ထားသည်။

"စဉ်းစားပါရစေဦး ကိုကြီးရယ်"... လို့ ပြောရင်ကောင်းမလား။

"ဘာတွေစဉ်းစားနေတာလဲ ရွှေကလေးရဲ့၊ ကိုကြီးအပေါ်မှာ နည်းနည်းလေးမှ သံယောဇဉ်မရှိဘူးလား"

အဲသည်နေ့က "ရွှေတောမိ"ကလေး လုပ်နေခဲ့သည်။ အငြင်းစကားတစ်ခွန်း မဆိုခဲ့ပါ။ လက်ခံခဲ့သည်လည်း မဟုတ်ပါဘဲ သူ့သည်းညာဆိုင်ကို စုန်းအတတ်ဖြင့် ဆုပ်ဆွဲလျက် အိမ်သို့ပြန်ခဲ့သည်။ တစ်ရက်။ နှစ်ရက်။ သုံးရက်။ ဟိုတစ်ယောက် ဖုန်းဆက်လည်း မရှိဘူးချည်းပြော။ သေလုအောင် ထွန့်ထွန့်လူးလောက်ပြီ ထင်တော့မှ ကိုယ်ထင်ပြ။

"ရွှေကလေး ... လူကြီးကို ဒီလိုပဲ နှိပ်စက်ရသလား"

အလုပ်တောင် ကောင်းကောင်း မလုပ်နိုင်သည့် စည်သူသိုက်က ခုပဲ ပခုံးပေါ်ကောက်ထမ်းပြီး တရားရုံးပြေးလို့ လက်ထပ်လိုက်တော့မလောက် အံကြိတ်ပြီးပြောလည်း ကဝေမယ်ကလေးက ရှက်ပြုံးငုံ့နှင့် ပညာတွေကိုလွှတ်ဆဲပါ။

"ရှက်လို့"

"ဘာကိုရှက်တာလဲ"

"ဟင့်အင်း"

"ကိုကြီးကို ချစ်တယ်မဟုတ်လားဟင်"

"မုန့်ဖိုးစတောင်းကတည်းက ထောင့်ငါးရာတောင်းခဲ့တာပဲ ဦးလူအကြီးရယ်"



စုန်းမကလေး တခိခိရယ်လိုက်သည်။

"ကောင်မလေးနော် ... ကောင်မလေး"

စည်သူသိုက် အံကိုသာကြိတ်ပြီး အမှုန့်ကြိတ်ချေလုံးပြီး မျိုချရတော့မလောက် ချစ်ခြင်းကြီးနှင့် ရင်ဘတ်တစ်ခုလုံး ဝှန်းဒိုင်းကြနေရလေတော့သည်။

✦ ❦ ✦

ကြာကြာရည်းစားထားနေဖို့အတွက် စည်သူသိုက်မှာ အချိန်မရပါ။ သူ့အသက်က သုံးဆယ်ပြည့်တောင် ပြည့်သွားပြီမို့ ...

"သက်ထားသူငယ်ချင်းလေး"... ဟု အိမ်မှာအပရိက ပြောထားသူလေးကို လက်ထပ်တော့မည်ဖြစ်ကြောင်း အတိအလင်း ကြေညာလိုက်တော့သည်။ မိဘညီအစ်ကို မောင်နှမတွေက မျက်လုံးပြူးကြ၏။

"ငယ်ငယ်လေးလား"

"ဆယ်နှစ်လောက်တော့ ကွာမှာပေါ့"

"ကွယ် ... ဘယ်မျိုး ဘယ်ရိုးကလေးလဲ"

အမျိုးကောင်းသမီးလေးတွေ ပွဲစားတွေမှတစ်ဆင့် မိတ်ဆွေတွေမှတစ်ဆင့်၊ သတို့သားလောင်း အကောင်းစားကြီး စည်သူ့ကို ကမ်းကြလှမ်းကြနှင့်ဆိုတော့ သားရှင်ကလည်း ဂုဏ်က ခပ်မောက်မောက်ရယ်။ တော်ရုံနှင့် ကြည်ဖြူပေးလိုက်ဖို့ ဝန်လေးနေကြသည်။

"ဆင်းတောင့်ဆင်းရဲထဲက မဟုတ်ပါဘူး မေမေ"

www.burmeseclassic.com

www.burmeseclassic.com



မေမေ ပထမဆုံး စိုးရိမ်တာက ဆင်းဆင်းရဲရဲ မိသားစု၊ မောင်နှမတွေကများ၊ ကိုယ်လုပ်ကျွေးထောက်ပံ့ရမည့် သူတွေ တစ်လှေကြီးဆိုလျှင် ဦးစည်သူကြီး ပခုံးကောင်းလို့ တံပိုးတောင်းသလား မေးရအောင် ခိုင်းနွားကြီးလုံးလုံး ဖြစ်တော့မည်။ ကိုယ်က သူဌေးဆိုလျှင် "ပဂေး"ပဲလိုချင်၏။

"မေမေ့သားတောင် မစီးနိုင်တဲ့ မာစီဒီးနိုင်တီသရီးမိုဒယ် စီးနေတာ"

တယ်ဟုတ်ပါလား ... ဟု အမှတ်တစ်မှတ်ရသည်။

"သူ့အဖေပို့တာတဲ့၊ သူ့အဖေက နိုင်ငံခြားမှာ"

ဘယ်ဆိုးလို့လဲ ... ဟု နောက်တစ်မှတ် ထပ်ရသည်။

"အမေကရော"

"ထိုင်စားတာပေါ့ မေမေရဲ့၊ ဘာလုပ်စရာလိုသေးလို့လဲ"

"ဟုတ်သားပဲ၊ ဘယ်မှာနေလဲ"

"ဝင်ဒါမီယာ"

သုံးမှတ်တိတိ ရရှိပြီးလေပြီ။

"သဘောကောင်းရဲ့လား"

"ကျွန်တော်ပြောသမျှ ခေါင်းညိတ်ပြီး နာခံနေတော့တာပဲ၊ ဆယ်နှစ်လောက်ငယ်တော့ အလိုလိုကို ရိုသေနေတော့ တာ"

လေးမှတ်။ အောင်မှတ်ပေါ့။

"လှလား"

"ကျွန်တော်တော့ ငေးကြည့်နေမိတာပဲ"

"ငပေါ"



အမေက မျက်စောင်းထိုးပေမယ့် ငါးမှတ်တိတိပေး လိုက်ပြီးပြီ။

"ပညာအရည်အချင်းက"

"တက္ကသိုလ်တက်ပြီပေါ့ မေမေရဲ့၊ ပထမနှစ်လား၊ ဒုတိယ နှစ်လား သေသေချာချာမသိဘူး"

သေချာချင်သေချာ မသေချာချင်နေ၊ ခြောက်မှတ် တော့ရပြီ။

"သူတို့သားအမိက လိုက်သွားမှာလား၊ သူ့အဖေက ပြန် လာမှာလား"

သားအမိနှစ်ယောက်က လိုက်သွားလျှင် သားကိုပါ ထည့်လိုက်ရမှာစိုးကြောင်း စည်သူ ရိပ်မိ၏။ ဟိုကလူက ပြန် လာမှာလား၊ ဒီကလူက လိုက်သွားမှာလား စင်စစ် စည်သူ မသိ ပါ။ ရွှေကလေးရဲ့အကြောင်းကို ရွှေကလေးပြောသလောက်ပဲ သိ ထားတာဖြစ်၏။ ဝင်ဒါမီယာမှာ နေသည်ဆိုတာတောင် ရွှေလေး ပြောထားလို့ပဲ ဖြစ်သည်။

"ပြန်လာမှာပေါ့ မေမေရဲ့၊ အလုပ်သွားလုပ်တာပဲဟာ"

ခုနစ်မှတ်။

"ဖေဖေက နိုင်ငံခြားမှာ၊ ဒီကားက ဖေဖေပို့တာလေ ကိုကြီးရဲ့"... ဆိုသည့် ဝါကျလေးပဲ ကြားဖူးပြီး စိတ်ထဲအထင် နှင့် မေမေ့အကြိုက်ကိုပေါင်း၍ ပြောလိုက်သည်။ တွေးရင်းတွေးရင်း မှ မေမေမေးသည့် မေးခွန်းတွေကို သေသေချာချာ မဖြေနိုင်ပါ လားဆိုတာ သဘောပေါက်မိရ၏။ ဖြန်းသန်းဖြေတာတွေက မေမေ့စိတ်ကြိုက်နှင့် တိုးနေသည်။ ရွှေကလေးကို သေချာအောင် တော့ ပြန်မေးရပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အိမ် ရောက်ဖူးလား"

"ဟင့်အင်း"

"မခေါ်ဘူးလား"

"မခေါ်ဘူး၊ ကျွန်တော့်အိမ် လိုက်လည်ဖို့ ခေါ်တာလည်း မလိုက်ဘူး"

"ဒါဖြင့် သားတို့က ဘယ်မှာဆုံကြလဲ"

"ဖုန်းဆက်တာပဲများတာ မေမေရဲ့"

သက်ထားသူငယ်ချင်းမလေးအဖြစ် စသိခဲ့ကြရပုံတွေ ပြောပြတော့ မေမေ့က တခစ်ခစ်များတောင် ရယ်လို့နေသေး၏။

"ဖုန်းဆက်ချိန်းပြီး စားသောက်ဆိုင်လေး ဘာလေးမှာ ခဏတဖြုတ် နေ့လယ်နေ့ခင်း စားရင်းသောက်ရင်း ဆုံတာပဲရှိတာ မေမေရဲ့"

ရှစ်မှတ်။

"ဣန္ဒြေသိက္ခာလေးလည်း ထိန်းရှာသား"

"ထိန်းတာတော့ မပြောနဲ့ မေမေ၊ လူငယ်လေးလို့တောင် မထင်ရဘူး၊ စားသောက်ဆိုင်မှာ နေ့လယ်စာတွေ ဘာတွေ စားရင်လည်း လူချင်းယှဉ်ထိုင်တာ မဟုတ်ဘူး၊ မျက်နှာချင်းဆိုင်ထိုင်တာ၊ အကြောင်းတော့ ပြတာပေါ့ မျက်နှာချင်းဆိုင်မှ စကားပြောရတာ အားရတယ်တဲ့ ..."

"သူ ထိန်းတာဆိုတာ ကျွန်တော်ကလည်း သိပါတယ်၊ ကျွန်တော်လည်း အလုပ်ထဲကလူတွေတွေ့လည်း ဣန္ဒြေသိက္ခာရှိဆိုပြီး ပဝါတစ်ကမ်းနေရတာပါ မေမေ"

လိမ်လိမ်မာမာကလေးဖပပဲပဲဟု မေမေကိုယ်တိုင် ချီးကျူးနေရတော့သည်။



"မေမေကြည့်ရအောင် ခေါ်ခဲ့ဦးလေ"

"မလိုက်ဘူးတဲ့ မေမေရဲ့"

"ဒါတော့ လက်ထပ်ဖို့ မသေချာသေးဘဲနဲ့တော့ ဘယ်လိုက်မလဲ၊ လက်ထပ်တော့မယ်ဆိုတဲ့အကြောင်း သေချာရင်တော့ ဆွေပြမျိုးပြ လိုက်ရမှာပေါ့ကွယ်"

ဆယ်မှတ်မှာ ရှစ်မှတ်ကြီးများ ရထားပြီဆိုတော့ ချွေးမလောင်းက ဂုဏ်ထူးထွက်နေသည်။ ဒါတောင် မေးခွန်းတွေ ဆက်မထုတ်ဖြစ်လို့။ ဆက်မေးလို့ ဆက်ဖြေခွင့်ရသေးလျှင် အမှတ်ပြည့် ဖြစ်သွားနိုင်သည်။

"သူ့မိဘနာမည်က ဘယ်သူတွေတဲ့လဲ"

"အဲ"

စည်သူ မပြောတတ်ပါ။ မေးကို မမေးမိတာ။ လူချင်းက သိပ်တွေ့ရတာမဟုတ်တော့ တွေ့ခိုက်ဆုံခိုက် ချစ်စနိုးလေးတွေ၊ ရှက်စနိုးလေးတွေနှင့် အချိန်ကုန်ရတော့ မိဘမျိုးရိုးနာမည်တွေလည်း မေးမနေဖြစ်တော့ပါ။

"မမေးမိဘူး မေမေရေ၊ ရယ်ရတယ်"

"ဟောတော် ... ဒါဖြင့် သားတို့ချင်းတွေ့ရင် ဘာတွေပြောကြလဲ"

"သြော် ... မင်းကလည်း၊ မင်းနဲ့ ငါနဲ့ ရည်းစားဘဝက တွေ့တဲ့ခါ ဘာတွေပြောကြလဲ ပြန်စဉ်းစား၊ အဲဒါမျိုးတွေပဲ ပြောမှာပေါ့ကွ၊ ပြန်စဉ်းစား"

"မမှတ်မိဘူးတော်"

ဖေဖေရော မေမေပါ ပြုံးစိစိတွေ ဖြစ်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"နားထိက တစ်လုံးစိန်နားကပ်ချည်းပဲ၊ တစ်ဖက်ကို နှစ်ရတီကိုက်လောက်ရှိမယ်၊ လေးရတီပေါ့"

တစ်ခါ ဖျတ်ခနဲ မြင်ဖူးလိုက်သည့် ညီမဝမ်းကွဲတစ်ယောက်က အိမ်ရောက်နေခိုက်မို့ ဝင်ပြော၏။

"ပြောရတာ နည်းနည်းတော့ ရှက်စရာကောင်းတယ်၊ ချမ်းသာပုံရတယ် မေမေ၊ ဒါပေမဲ့ သုံးသုံးဖြုန်းဖြုန်းတော့ သိပ်မတွေ့ဘူး၊ စိန်တွေဆိုတာကတော့ သူ့ဇာပြောလို့ပြောရမှာ၊ ပြောရတာရှက်တယ် ...

"သူဝတ်ဝတ်နေတဲ့ တချို့ဟာတွေဆို အလုံးကြီးတွေ၊ လည်ပင်းမှာ တစ်ခါဆွဲလာတာ၊ လော့ကက်ပေါ့ မေမေ၊ တစ်လုံးတည်း၊ အန်တီကြီး ပင်စင်ထုတ်တဲ့အခါ ရလာတတ်တဲ့ တစ်ပြားစေ့လေ ..."

"အေး"

"အဲဒီလောက်ကိုရှိတယ်"

"ဟောတော့"

ရှစ်ရတီ၊ ကိုးရတီကြီးတွေများလား ... ဟု တွေးမိနေမှာဖြစ်သော မေမေက ရင်ဖိနေ၏။

"ဒါပေမဲ့ ဒါတွေ လုံးဝပါမလာလည်း သူ့ကို ကျွန်တော် မခွဲနိုင်ပါဘူး မေမေ၊ မေမေတို့ပြောလို့သာ ဝင်ပြောရတာ လက်ထပ်ပြီးရင် ကျွန်တော် လုပ်ကျွေးရမှာပဲ၊ ဒါတွေ ကျွန်တော် မမက်ဘူး မေမေ"

"ဒါတော့ ဒါပေါ့ သားရယ်၊ မက်လို့တော့ ဘယ်ဟုတ်ပါ့မလဲ။ မက်တော့ရော သားက ဘယ်နေရာမှာ သွားဝတ်ရမလဲ။ သူ့ဘာသာဝတ်မှာပဲ။ သူဝတ်ဖို့ သူ့မှာ ပြည့်ပြည့်



စုံစုံပါလာတော့ ကိုယ်က နည်းနည်းပါးပါး ထပ်ဖြည့်ရုံနဲ့ အလျှံပယ်ဖြစ်တာပေါ့ကွယ် ...

"မေမေတို့က လက်ရှိလည်ပတ်နေတဲ့ စီးပွားရေးလည်း ကောင်းတယ်၊ တိုက်တာခြံမြေနဲ့ ကားစီးနိုင်တယ် ဆိုပေမယ့် စိန်တွေတော့ စုပြီးဆောင်းပြီးမရှိတာ သားလည်း အသိ၊ ကြိုးစားရင်း တိုးပွားရတာကိုး။ မွေးပြီးပြော့ဆိုတာနဲ့ ရတနာတွင်း ဖင်ခုထိုင်ခဲ့ရတာမှ မဟုတ်တာ"

"ထားပါတော့ကွာ၊ တို့ဆန္ဒက သားကို အိမ်ထောင်ပြုစေချင်တာ မဟုတ်လား၊ အရွယ်ကလွန်နေပြီ၊ သူ မလုပ်လို့ မိဘကလုပ်နေရတာ၊ ခု သူ့ဘာသာလုပ်တော့လည်း ပြီးရောပေါ့၊ အဓိက,က သူနဲ့ပေါင်းရမှာ၊ သူကြိုက်ဖို့ပဲ အရေးကြီးတယ်၊ အိမ်ထောင်ပြုဖြစ်ဖို့ပဲ ပဓာန"

"မင်္ဂလာစရိတ် မေမေ ခံနိုင်တယ် မဟုတ်လား"

"ခံရမှာပေါ့ သားရဲ့၊ ဒါ ယောက်ျားလေးရှင်ရဲ့ တာဝန်ပဲ။ ကိုယ်လည်း ဆင်းရဲမွဲတေနေတာမှ မဟုတ်ဘဲ"

"ကျွန်တော် အမြန်ဆုံး လက်ထပ်ဖို့ သူ့ကို ပြောလိုက်တော့မယ်"

"ကောင်းတယ်၊ အမြန်ဆုံးဆို တကယ်ပဲ မြန်ပစေ၊ ဝမ်းသာတယ် သားရယ်"

"ကျေးဇူးတင်ပါတယ် မေမေ"

စည်သူသိုက်တို့အိမ်မှာတော့ ပဒေသာပင်ကြီး ခြံထဲလာပေါက်သလောက်ကို ပျော်ရွှင်ကြည်နူးကာ ဝမ်းသာလုံးတွေဆို့နေကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေရေးပန်းဆက်ပါ မေမေ"

"ကွယ် ... သမီးလေးက လှလှချည်လား၊ ချစ်စရာလေး၊ လာ ... လာ"

စည်သူ့မိခင်က လက်ကိုလှမ်းဆွဲသည်။ ကုလားထိုင် ထိပို့၏။ ရွှေကလေးက မျက်နှာလေး ခပ်ငုံ့ငုံ့ရှိသည်။

"ထမင်းစားရမှာနော်၊ ရှောင်တဲ့အသား ရှိသေးလား"

"သူ အကုန်စားပါတယ် မေမေ"

ရွှေရေးက ခပ်ငုံ့ငုံ့လေးပဲ ပြုံးနေသည်။ အရှက်ကြီး ရှာပေါ့။ ချစ်စရာလေး။ သားကြီးစည်သူ အရွယ်လွန်လာလို့ အိမ်ထောင်ပြုစေချင်သည့်ဆန္ဒက သိပ်များနေလို့၊ သားကလည်း သားလိမ္မာမို့ ကိုယ်တို့မိဘပိုင်းကလည်း ပြည့်ပြည့်စုံစုံမို့ ချွေးမလောင်းတွေကို ခေါင်းခေါက်ရွေးနေချိန်မှာ သားကိုယ်တိုင်ရှာလာသည့် ချွေးမလောင်းလေးက ကိုယ်တိုင်ရွေးနိုင်တာထက်တောင် ပိုပြီး အဆင်ပြေနေသေးသည်မို့ လူကြီးမိဘတွေအားလုံး ကြည်နူးပျော်ရွှင်နေကြသည်။ ရွှေကလေးက အဲသည်အိမ်မှာ ထမင်းစားပါသည်။ မတုန်မလှုပ်နှင့် မခို့တရို့လေးနှင့် တကယ်ဣန္ဒြေရှင်လေးမို့ လူကြီးတွေအားလုံးလည်း မျက်စိထဲတွေ့သည်။

"သမီးတို့အိမ်ကို မေမေတို့ ဘယ်တော့လာလည်ရမလဲ ကွယ်"

"ကျွန်မ မေမေ့ကို ပြန်မေးပါဦးမယ်"



"ဒါပေါ့ ... ဒါပေါ့၊ နေ့ကောင်းရက်သာလည်း ရွေးရမယ်လေ"

စည်သူသိုက် ဖနီးလောင်း အိမ်လာပြီး ထမင်းစားမည်ဆို၍ ဆွေမျိုးအုပ်ထဲမှ လူကြီးပိုင်းတွေ တော်တော်များများက မသိမသာလိုလိုနှင့် အိမ်ရောက်နေကြသည်။ စည်သူ့အမေက တပြုံးပြုံးဆိုတော့ အားလုံးကလည်း တပြုံးပြုံး။

"မပြန်နဲ့ဦးနော် သမီး၊ ဒီနေ့က ဆွေမျိုးထဲက တူမတစ်ယောက်မွေးနေ့ရှိနေလို့ လူငယ်တွေက အဲဒီကို ရောက်နေကြတယ်၊ နောက်နှစ်နာရီလောက်ကြာမှ လူစုံမယ်၊ ဟိုမှာ မနက်စာကို စောစောစားပြီး လာကြမှာ၊ ကိုယ့်ညီကို မောင်နှမတွေအားလုံးနဲ့ တွေ့ဖူးသွားရတာပေါ့"

"ဟုတ်ကဲ့"

သို့ပေမဲ့ စည်သူ့ကို ကျိတ်၍လက်ကုတ်သည်။

"အိမ်ကို ဖုန်းဆက်ပေးပါ၊ ဘကြီး လာကြိုပါလို့၊ ကားမှာချင်တယ်၊ ခုလာပါလို့"

"ပြန်တော့မလို့လား"

"မပြန်သေးပါဘူး၊ ကားသာယူထားချင်တာပါ"

"ကိုကြီး ပြန်ပို့မှာပဲဟာ"

"ဘကြီးနဲ့ ပြန်မယ်"

ရွှေကလေးက ရံဖန်ရံခါ ကားကို ကိုယ်တိုင်မောင်းလာတတ်သည်။ တစ်ခါတလေတော့ ရွှေကလေးက ဘကြီးခေါ်သော၊ သူတို့အိမ်မှ ယာဉ်မောင်းဟု ထင်ရသော လူကြီးတစ်ယောက်ကို မောင်းစေ၏။ ဒီနေ့လည်း အိမ်တိုင်ယာရောက် လာခဲ့ပါ

www.burmeseclassic.com

www.burmeseclassic.com



ရစေ ဆိုတာ၊ ပြောလို့မရ။ "အပြန်မှ ပြန်ပို့ပေးပါ၊ မမေ့ရှေ့ကနေ စုံတွဲထွက်လာရမှာရှက်လို့" ... ဆိုသည့် အကြောင်းကိုပြပြီး တစ်နေရာမှာ ဆုံချိန်းခဲ့ရသည်၊ ရွှေကလေးကားက ပြန်သွား၏။ ခု ပြန်မှာပေး ... ဟု ပြောနေပြန်ပြီ။

"ကိုကြီးပို့ပါမယ်ဆို"

"မမေ့ရှေ့ စုံတွဲကြီး ဝင်မသွားချင်ဘူး၊ ကိုကြီးမိဘတွေ အိမ်ကို လာလည်ပြီးမှပဲ ကိုကြီးလည်း ဝင်ထွက်ပေါ့နော်"

စည်သူ သိပ်တော့ ဘဝင်မကျပါ။ သို့ပေမဲ့ ရွှေကလေးနှုတ်ထွက်စကားဆို စည်သူက ဗျာဒိတ်တစ်ခုလို ခံယူပြီးသားဖြစ်နေခဲ့ပြီလေ။

"သူ့အမေရှေ့မှာ စုံတွဲကြီး ဝင်သွားရင် မလေးစားရာရောက်မှာစိုးလို့တဲ့ မမေမေရယ်၊ မမေမေတို့ရှေ့ကလည်း စုံတွဲကြီး ဆင်းမသွားချင်ဘူးတဲ့၊ သူ ပြန်ပြန်ချင်း သားအမိတွေ တိုင်ပင်စရာရှိတာ ချက်ချင်းတိုင်ပင်ချင်မှာပေါ့တဲ့၊ တိုင်ပင်ပါတဲ့၊ ညနေဖုန်းဆက်တာပေါ့တဲ့၊ သူ့ကားမှာမယ်တဲ့ မေမေ၊ ဖုန်းဆက်မလို့"

စည်သူ ရှင်းပြရသည်။ ရပ်ကလေး မြင်လိုက်ရတော့ ကိုးမှတ်ထိ အမှတ်တိုးပေးထားပြီးဖြစ်သော စည်သူ့မေမေက ခုစကားကို ကြားပြီးတာနှင့် တစ်မှတ်ထပ်တိုးကာ ဆယ်မှတ်။ အမှတ်ပြည့်၊ ရာနှုန်းပြည့် ပေးလေတော့၏။

"ဟုတ်တယ် ... သူ ပြန်ပြန်ချင်း ပြောစရာတွေက အများကြီးဖြစ်မှာ၊ သားပြန်လာတဲ့အထိ ပြန်စောင့်နေရရင် ဘဝင်မကျဘူး၊ အလိုက်သိတတ်လိုက်တာနော်၊ ဆက် ... ဆက်။ မှာပေါ့၊ သူ့ကားလည်းပြချင် ထင်ပါရဲ့"



မြွေမြွေချင်းခြေမြင် ... ဆိုသလို၊ မေမေ ပြောတာမှန်နိုင်သည်။ စိန်တွေကို ကျောက်စရစ်ခဲနီးပါး သဘောထား၍ ဝတ်နိုင်သူလေးက ဘယ်သူ့အပေါ်မှာမှ ကြွားဝါတာမျိုးမတွေ့ရ။ လမ်းသွားရင်းလာရင်း လူတွေ့တိုင်းသနား၊ အမြဲတမ်းကူညီ၊ သူတောင်းစားတောင် ရာတန်ထည့်တတ်သည့် မိန်းကလေး။ ယောက္ခမတွေရှေ့ကျမှ ကားကြွားချင်နေသည်ဆိုလျှင်လည်း သူ့ဆန္ဒလေးကချစ်ဖွယ်။ ကလေးဆန်ဆန်မို့ တစ်ရစ်တိုးလို့ ချစ်ရပါဦးမည်။

"ကိုယ်တိုင်ဆက်မလား"

ဆယ်လူလာဖုန်းယူလာပေးတော့ အသံက ခပ်တိုးတိုးညင်ညင်သာသာ။

သိမ်သိမ်မွေ့မွေ့လေး။

"မေမေလား ... သမီးပါ။ ဘကြီးကို လွှတ်ပေးပါနော်၊ နိုင်းသလိုဖြစ်သွားရင် ခွင့်လွှတ်ပါ မေမေ၊ ကန်တော့နော်" တဲ့။

စည်သူ့လိပ်စာကို ပြောသည်။

"ခုချက်ချင်းပါနော် မေမေ" တဲ့။

သူ့အမေကို ဆက်ဆံပုံက သိမ်မွေ့လွန်းသည်မို့ မဟာမျိုးမဟာနွယ် သာကီဝင်ကလေးလားလို့တောင် တင်စားပစ်လိုက်ချင်သည်။ ဆယ်မှတ်မှာ ဆယ့်တစ်မှတ် ပေးလိုက်ချင်၏။ ရာနှုန်းကျော်ဖြစ်သွားပြီလေ။

www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာမှာ မာစီဒီးနှင့် ဘကြီး ရောက်သည်။ နောက်ခဏထပ်ကြာတော့ ကားဆိုက်သံတွေ တဝီးဝီး၊ ဟေးလားဝါးလားနှင့် နှစ်ဆယ်ကျော်၊ သုံးဆယ်ကျော်၊ အပျိုတွေ၊ လူပျိုတွေ၊ အိမ်ထောင်သည်ပေါက်စစုံတွဲတွေ၊ တစ်ပြုံကြီးရောက်လာခဲ့ကြတော့သည်။ စည်သူ့အမေက မဟာကံထူးရှင်ဆူပေါက်ထားသူ၏ အပြုံးကြီးမျိုးနှင့် ဆီးကြိုသည်။

"ကိုကြီးတို့ဆွေမျိုးတွေက များလည်းများတယ်၊ စည်းလည်းစည်းရုံးတယ်၊ အမျိုးထဲက တစ်ယောက်အရေးဟာ တစ်မျိုးလုံးရဲ့အရေးပဲ၊ ကျိုးကန်းတွေနဲ့လည်းတူရဲ့၊ မကျေနပ်လည်း ဝိုင်းအာ၊ ကျေနပ်လည်း ဝိုင်းအာ၊ တအားအားနဲ့ ဘာဆူသလဲမမေးနဲ့"

စည်သူက ရွှေဖြိုးလက်ကလေးကို ဖမ်းဆုပ်သည်။ ရွှေဖြိုးက ရှောင်၏။

"လာပြီကွ ... ရောက်ပြီလားဟေ့၊ ယောက်မလောင်း ... ဟင်"

အိမ်ပေါ်သို့ ပထမဆုံးရောက်လာသူက အိအိရွှေစင်။ ခေါင်းတုံးကြီးအဖတ်တင်ပြီးမှ လူ့လောကထဲသို့ ပြန်ဝင်လာခဲ့သူ။ အိအိရွှေစင်က မျက်စိမျက်နှာပျက်၊ နောက်ရောက်လာသူတွေက ရွှေဖြိုးနားပြေးကပ်၊ အပျော်လွန်ကာ၊ လက်ဆွဲသူကဆွဲ ဟေးလားဝါးလား။

ဒုတိယအကြိမ် မွန်တက်သွားရသူက သက်လျာဦး။ သူက ကြူကြူဆွေနှင့် လက်တွဲလာသည်မို့ လက်ဖျားချင်းကုတ်လိုက်သည်။



ကြူကြူဆွေ ရင်ထဲမှာ ဖုံးကွဲသွားသလားထင်လိုက်၏။ အိအိရွှေစင်ကို လှမ်းကြည့်လိုက်သည်။ အိအိရွှေစင်က နံရံကိုမှီ၍ သွားထိုင်နေသည်။ ဒီနေ့ ဆွေမျိုးတွေစုံမှာမို့ ဆိုဖာဆက်တီတွေ ဘေးကပ်ကာ အီတာလျှံမွေးရှည်ကော်ဇောကြီးကို ခင်းထားတာ။ အားလုံး ကြမ်းပြင်မှာ ထိုင်နိုင်ဖို့ပါ။ သက်လျာဦးနှင့် ကြူကြူဆွေကို အိအိရွှေစင် လှမ်းကြည့်သည်။ သုံးယောက်ပေါင်းမိစွာ ကော်ဇောစပ်နံရံထောင့်မှာ ရင်ကွဲပက်လက်နှင့် ထိုင်လိုက်ကြသည်။

ရင်ကွဲပက်လက် ဆိုသည်မှာ ကြေကွဲဝမ်းနည်းရလို့ မဟုတ်ပါ။ ဒေါသတွေ မုန်တိုင်းတိုက်သလို ဆောင့်ဝင်ပြီး ကလီစာတွေအကုန်ကျိုးပဲ့ပျက်စီးပြီး ရင်ပွင့်ထွက်ဆုန်ရသည်မို့ ဒေါသမီးတောင်ပေါက်ကွဲခြင်းမျိုးပါ။ ရွှေဖြိုးကို ဓားနှင့် နုပ်နုပ်စဉ်းဖို့ စဉ်းတီတုံးပဲ ပြေးယူရမလား၊ ဓားမတစ်ချောင်းစီပဲ ပြေးဆွဲရမလား ဆုံးဖြတ်ချက်မကျခင် ဒေါသမွန်တက်လျက် သေလုမျောပါးကြီးတွေ ဖြစ်နေကြတော့သည်။

ကျန်ဆွေမျိုးအုပ်စုကတော့ စကြ နောက်ကြ၊ ခုန်ကြပေါက်ကြ၊ ပျော်ရွှင်ကြနှင့် ဝုန်းဒိုင်းကြဲ ဆူညံနေတော့သည်။

ရွှေဖြိုးမျက်နှာကို ဖြည်းဖြည်းမော့လိုက်သည်။ မျက်နှာက တင်းနေ၏။ မျက်ဝန်းတွေက ပေါက်သက်တော့မည့်မြေခွေးလို အဆိပ်ငွေ့တွေထွက်နေသလားထင်ရသည်။ မျက်နှာပေးကြောင့် လူတွေလန့်ခနဲတောင် ရှဲလေ၏။

"ရွှေကလေး"

စက္ကန့်မလပ် အာရုံမဖြတ်နိုင်သော စည်သူက စိုးရိမ်တကြီးခေါ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြန်တော့မယ်ဆိုရင် ဗိုနားက သုံးယောက်ကတားမယ် မထင်ပါဘူး"

အိအိရွှေစင်တို့ဘက်သို့ လက်ညှိုး ထိုးလိုက်၏။ အိအိရွှေစင်က မတ်တတ်ထရပ်သည်။ ရွှေဖြိုး မတ်တတ်ထရပ်ကာ လူအုပ်တွေကို ရှဲ၍ထွက်လိုက်သည်။ ဧည့်ခန်းတံခါးပေါက်ဝသို့ ရောက်၏။

"ရွှေကလေး"

ကြူကြူဆွေတို့သုံးယောက်အဖွဲ့ကလည်း ရှေ့တိုးလာသည်။ ဆွေမျိုးတစ်ဖွဲ့လုံးက ရွှေဖြိုးကိုကြည့်လိုက်၊ သက်လျာဦးတို့ကိုကြည့်လိုက်၊ နားမလည်စွာ တိတ်ဆိတ်လျက်။ မာစီဒီးက တံခါးဝမှာ ရပ်ထား၏။ ဘကြီးက အိမ်ထဲသို့ လှမ်းကြည့်နေသည်။

"ဦးစည်သူသိုက်"

စည်သူသိုက် လန့်ခနဲတောင် ခုန်မိလု။

"ကျွန်မ ရွှေရည်သွန်းဖြိုးပါ၊ ရွှေရေးပန်းဆက် ဆိုတာဖန်တီးထားတဲ့ ဒုတိယနာမည်ပါ၊ သူတို့သိပါတယ်"

အိအိရွှေစင် ရှေ့တစ်လှမ်းတိုးလိုက်တာနှင့် လက်ကိုမြှောက်၍ ရိုက်ချလိုက်တာနှင့် ရွှေဖြိုးက အချိန်မီဖမ်းဆွဲပြီး ဃိမ်ချိုးလိုက်တာနှင့် အားခနဲ အော်သံနှင့်၊ အားလုံး တစ်ပြိုင်နက်တည်း ဖြစ်ထွန်းသွားသည်။

"ဦးစောနောင် ဒေါ်တင်တင်ဦးရဲ့သမီးပါ သေချာအောင်ပြောရရင်တော့ ဒေါ်မိမိရွှေစင်၊ ကျွန်မအမေလက်ထဲက ဝင်လုပြီးယူသွားခြင်းခံရတဲ့ ဦးစောနောင်ရဲ့သမီးပါဆိုရင် ဦးစည်သူသိုက် အခြေအနေအရပ်ရပ်ကို နားလည်နိုင်ပါပြီ"



အိအိရွှေစင်၏လက်ကို လွှတ်လိုက်သည်။

"ရွှေရည်သွန်းဖြိုး ဆိုတာ သာမန်ယောက်ျားသုံးယောက်လောက်နဲ့ လက်နက်မဲ့တိုက်နိုင်တယ် သဘောပေါက် ...

"အကြွေးကို ဒီလောက်ပြန်ယူပြီးရင် ကျေနပ်ပြီမို့လို့နောက်ထပ် ဒီဆွေမျိုးစုထဲ ကြွေးတောင်းမလာတော့ဘူးလို့ကတိပေးခဲ့ပါတယ်"

နောက်ကြောင်းလှည့်မကြည့်ဘဲ ခပ်တည်တည်ဆင်းသွားပုံက တစ်ကမ္ဘာလုံးမှာ မည်သူ့မျှ ဂရုမစိုက်သည့်ပုံ။ နောက်ကပြေးလိုက်ပြီး ဆောင့်ကန်ချင်စိတ်ကို မျိုသိပ်လိုက်ရသူသုံးဦးက အိအိရွှေစင်၊ သက်လျာဦးနှင့် ကြူကြူဆွေ။ လူမြင်ဖူးသူသာ သုံးယောက်တည်းပေမယ့် နောက်ကြောင်းတွေ သိထားကြသူ ဆွေမျိုးစုက အသက်ရှူရပ်သလို ယာယီသေ၍ ကျန်ရစ်လေ၏။ စည်သူက အခန်းထဲပြေးဝင်သွားသည်။ ချက်ထိုး၍ပိတ်၏။ မွေ့ရာကို လက်သီးနှင့် တစွပ်စွပ်ထိုး၊ ထိုးရင်းထိုးရင်း မျက်စိရှေ့တွေ့ကရာတွေဖျက်ဆီး၊ ဆောင့်ကန် စိတ်မကျေနပ်တိုင်း မြင်ကရာနှင့်ဆွဲရိုက်လိုက်တော့ မှန်တင်ခုံကမှန်ကြီး ခွမ်းခနဲကွဲကာ ကုလားထိုင်ခြေထောက်နှစ်ချောင်းတိတိ ကျိုးလေသတည်း။

✦ ❦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"ရှင် ကျုပ်ကို အထင်မသေးပါဘူးလို့ ကတိပေးရင် တစ်ခုဝန်ခံမယ်"
"စိတ်ချ၊ လုံးဝ အထင်သေးတယ်၊ ဝန်မခံနဲ့"
"ဝန်ခံချင်တယ်ကွာ"
"အထင်သေးမှာ အသေအချာပဲ"
ရွှေဖြိုး ရယ်လိုက်သည်။ ပြီးတော့ ပြောဟုဆို၏။
"အကူအညီလည်း တောင်းမှာ"
"တောင်းလေ"
"စိတ်မဆိုးရဘူး"
"ဆိုးမယ်"
"ဆိုးချင်ဆိုးကွာပြောမယ်၊ ဒီမှာ ... ကျုပ် ကိုဖြိုးကို ဖြတ်ချင်တယ်"
"ဖြတ်ချင်ဖြတ်ပေါ့"
"ဘယ်ဖြတ်လို့ရလိမ့်မလဲ၊ ဒီလိုလူမျိုးကြီးကို တစ်သက်မှာ ရည်းစားတစ်ယောက်ထားပြီး မလွှဲမသွေလက်ထပ်မယ့် သူတော်ကောင်းကြီး"



"အဲဒါကြီးကို ဘာလို့ ဖြတ်ချင်ရတာတုံး"
"ရွှေဖြိုး ... ငါဟာ အိမ်ထောင်ရေးနဲ့ပတ်သက်ရင် ဘယ်လိုသဘောလဲ နင်သိတယ်၊ အဲဒါ ငါမှားလား"
"မဝေဖန်တတ်ဘူးကွ"
"ကိုဖြိုးဟာ သူဌေးမဟုတ်ဘူး"
"ဘာရယ်"
"သူဟာ သူဌေးသားပဲဖြစ်တယ်၊ သူဌေးသားဆိုတာ သူဌေးနဲ့ အများကြီးကွာတယ်"
သူဌေးကတော့ ရှိပစ္စည်းသူပိုင်လေ။ သူဌေးသားတော့ မိဘပိုင်။ မိဘပေးမှရမည့်သူ။ ကွာတော့ကွာသည်ပေါ့။
"နင့်ကို ခုထက်ထိ အဲက်ဘလုံး(Abalone) ဘယ်မှာဝယ် ကျွေးသေးလို့လဲ၊ ဒေါ်လာတစ်ရာကို သူ့အမေမသိအောင် စာရင်းမဖျောက်ရဲဘူး၊ ဖွင့်လည်းမတောင်းရဲဘူး၊ ကိုဖြိုးဟာ လူကောင်းတစ်ယောက်ပေမယ့် သားလိမ္မာတစ်ယောက်လည်း ဖြစ်နေသေးတယ်ကွာ၊ သားလိမ္မာတစ်ယောက်ဟာ ခင်ပွန်းကောင်းဖြစ်ခဲတယ် ...
"သူ့အမေအတွက်တော့ သူဟာ သားလိမ္မာပဲ၊ ငါ့အတွက် ခင်ပွန်းကောင်းမဖြစ်နိုင်ဘူး၊ အစစအရာရာမှာ သူ့အမေသည်သာလျှင် ဦးစားပေးအဆင့်တစ်"
"တစ်ပစေပေါ့ ... အမေပဲ၊ သူများမှမဟုတ်တာ"
"နင်မသိဘူး ရွှေဖြိုး၊ နင်က လူ့လောကထဲကို ငါတို့လောက် အခြေခံကျကျ မဝင်ဖူးပါဘူးဟာ၊ သူ့အိမ်ကို ပါသွားတဲ့ အခါတိုင်းမှာ သူ့အမေကို ငါ ကြောက်ကြောက်လာတယ်၊ တစ်ခါသွား တစ်ခါကြောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဟယ် ... ဘာတွေဆိုးဆိုးဝါးဝါး ပြောလွှတ်လို့လဲ”

“ချစ်လိုက်တာမှ သမီးဆိုတာ ပါးစပ်ဖျားကမချဘူး၊ ဒါပေမဲ့ သူ့သားကိုကွယ်၊ သုံးဆယ်နားတောင်ကပ်နေပြီ၊ ဖြစ်နိုင်ရင် ဆွဲပြီး နို့တိုက်ချင်သေးတဲ့ပုံ၊ နင်မသိဘူးနော်၊ အမေနဲ့သား ဒီလောက်ချစ်ကြရင် အဲဒီထဲဝင်ရမယ့် ချွေးမဟာ တကယ် မလွယ်ဘူး၊ ရင်နင့်ပေးဆပ် စွန့်လွှတ်ဆုံးရှုံးရမှာတွေ အများကြီးရှိတယ် ....

“ချွေးမကို မိခင်နှင့်တူသောဇနီး၊ နှမနှင့်တူသောဇနီး၊ အဆွေခင်ပွန်းနှင့်တူသောဇနီး၊ ကျွန်နှင့်တူသောဇနီးဆိုတဲ့ ပုံစံထဲဝင်အောင်ထည့်မယ်၊ သူကိုယ်တိုင်လည်း သားဖြစ်သူ ထမင်းစားမကောင်းဘူးဆိုရင် ကိုယ့်ဗိုက်ကိုယ်ခွဲချပြီး အူတွေ ထုတ် စွပ်ပြုတ်လုပ်တိုက်မယ့်ပုံ”

ရွှေဖြိုးက အော်ရယ်ပေးလိုက်သည်။

“ကောင်းတာပေါ့”

“မကောင်းဘူး၊ ချွေးမလုပ်ရမယ့်သူဟာ အသက်ရှူပေါက် ပိတ်ပြီးမွန်းကျပ်သေမှာပဲ၊ သူ့သားဝေယျာဝစ္စတွေလည်း အများကြီးလုပ်ပေးရမှာ၊ လူမအားစိတ်မအားဖြစ်မှာ ပိုက်ဆံတော့ချမ်းသာပါရဲ့၊ စိန်နားကပ်ကြီးတော့ဝတ်ရမှာ၊ ဒါပေမဲ့ ယောက္ခမပေးတဲ့မုန့်ဖိုးကလွဲရင် သားကလည်း ပိုက်ဆံပေးမယ့်ပုံ မပေါ်ဘူး ...

“လင်မယားမို့ ကတောက်ကဆ ဖြစ်ရင်တောင် သားမှားလည်းမှန်၊ သားမှန်လည်းမှန်၊ သားကျတော့လည်း အတူတူ အမေမှန်လည်းမှန်၊ အမေမှားလည်းမှန်ဖြစ်ကြ



တော့ အဲဒီသားအမိကြားမှာ ချွေးမက ဘယ်နေရာညပ်သေမယ် မသိဘူး”

“လူကြီးပဲဟယ်၊ ကိုယ်ကသည်းခံလိုက်ပေါ့၊ နေရလှ ဆယ့်ငါးနှစ်ပေါ့”

“အေး ... ထောင်ကျသလိုနေမှာ၊ အလုပ်မဲ့ထောင်ဒဏ် ဆယ့်ငါးနှစ် ဆိုတာမျိုးဖြစ်မှာ”

“နင်က မနေနိုင်ဘူးလား၊ အစကမတွေးခဲ့ဘူးလား”

“တွေးခဲ့ပါတယ်၊ ငါက ဘယ်တုန်းကမှ အဓိပ္ပာယ်မဲ့မလုပ်ခဲ့တာ၊ ကိုဖြိုးတို့သားအမိ ဒီလောက်ချစ်ကြမှန်း သူတို့အိမ်သွားလည်မှသိတာ၊ နောက်ပြီး ကိုဖြိုးလို လူကောင်းလူရိုး လူချမ်းသာ သူတော်ကောင်းမျိုးဟာ နောက်ထပ်တွေ့နိုင်ဖို့ မလွယ်ဘူး”

“အင်းလေ”

“ခုတော့ ငါကုသိုလ်ပဲ၊ ငါတွေ့ပြီ၊ ကိုဖြိုးထက် အသက်နည်းနည်းပိုကြီးတယ်၊ သုံးဆယ်ပေါ့၊ ဦးသက်ပိုင်စိုးတဲ့”

“နင်ကလဲကွာ”

မာလာက ဦးသက်ပိုင်စိုး၏အရည်အချင်းတွေကို ပြောပြလိုက်သည်။

“ကိုဖြိုးထက်သာတာက အမေပါမလာဘူး၊ အဲဒါပဲ၊ ငါ ဦးသက်ပိုင်စိုးကိုရွေးတယ်”

“နင် သစ္စာလည်းမရှိဘူး၊ နင့်ကို ငါမုန်းလိုက်တာ”

“ကိုဖြိုးနဲ့ ငါတို့က နှလုံးသား ပါကြတာမှမဟုတ်တဲ့၊ ဦးနှောက်နဲ့ရွေးကြပြီးမှ သံယောဇဉ်ဖြစ်တာ၊ လက်မထပ်ခင်

www.burmeseclassic.com

www.burmeseclassic.com



လူပြောင်းတာ ဒီလောက်ကြီး သစ္စာဖောက်ရာမရောက်ပါဘူး ကွ၊ ငါတကယ်ပြောတာ၊ ဒေါ်ခင်ဦးမေရွေးမဖြစ်မှာ တော်တော်ကြောက်တာ၊ ပြီးတော့ ငါက သူ့ရွေးပဲ လိုချင်တာ၊ သူ့ရွေးသားမလိုချင်ဘူး၊ နင်နားလည်ပါတယ်ကွာ၊ ဒါတွေ”

“နင်မသနားဘူးလား ကိုဖြိုးကြီးကို”

“ပြီးတော့လည်း ပြီးသွားမှာပဲ”

“နင်ကရော ခွဲနိုင်လို့လား”

“သူစိမ်းနှစ်ယောက်တွယ်ကြတဲ့ သံယောဇဉ်ဆိုတာ ပြတ်ချင်ရင် လွယ်ပါတယ်”

“ငါ့ကဏ္ဍကဘာလဲ”

“ငါ့ဆီကနေ ကိုဖြိုးကို ဆွဲထုတ်ပေးဖို့ပဲ”

“ဘာ”

ရွှေဖြိုး ဒေါသတကြီး ထအော်၏။

“နင်မှ ကူညီနိုင်မှာမို့လို့ပါ”

“နင် ငါ့ကိုစော်ကားတာလား”

“ရွှေဖြိုး ... ငါတောင်းပန်ပါတယ်နော်၊ ရှိခိုးဆိုလည်းခိုးမယ်”

“ငါလုပ်နေကျအလုပ်ပဲလို့ နင်ပြောချင်တာပေါ့ ဟုတ်လား”

“မဟုတ်ရပါဘူး ရွှေဖြိုးရယ်၊ ငါ့အခက်အခဲပါ”

မာလာ ယှဉ်ထိုင်နေကြရာမှ ကြမ်းပြင်ပေါ်သို့ဆင်း၏။ တကယ် လက်အုပ်ချီသည်။ ငါ့ပါးကို ရိုက်ဟုဆို၏။ ပြီးတော့ မာလာ စကားတွေအများကြီးပြောသည်။ ရွှေဖြိုးက ချီထားသောလက်အုပ်ကိုဖြေပစ်သည်။ သူပါ ကြမ်းပြင်ပေါ်ဆင်း



ထိုင်ပြီး မာလာ့ကို တွန်းပစ်သည်။ မာလာက ဦးဘဦး နေဖို့အခက်အခဲကစလို့ ဦးသက်ပိုင်စိုးလိုလူမျိုးကိုရဖို့က နောက်တစ်ကြိမ် ကံကောင်းတော့မှာ မဟုတ်ကြောင်းပြောသည်။ ကိုဖြိုးနှင့် လက်ထပ်ဖြစ်သွားရင်လည်း ရာသက်ပန် သစ္စာရှိ အိမ်ရှင်မလုပ်မှာဖြစ်သလို ဦးသက်ပိုင်စိုးအတွက်လည်း ရာသက်ပန်သစ္စာရှိ အိမ်ရှင်မပဲ လုပ်မှာဖြစ်ကြောင်းပြောသည်။

“မြန်မာအင်္ကျီလေးဝတ်ပြီး စိတ်ကတော့ ဆတ်ကော့လတ်ကော့”

ရွှေဖြိုးက မာလာ့ကို ထုရိုက်၏။ ဆွဲဆိတ်၏။ မာလာ ကျောကော့၍ခံရ၏။ နောက်ဆုံးမှာ ရွှေဖြိုး ခေါင်းညိတ်လိုက်တော့သည်။

“ငါ ဆတ်ကော့လတ်ကော့တော့ မဟုတ်ရပါဘူး ရွှေဖြိုးရယ်၊ ကိုယ့်အတွက်ကိုယ် ရိုးရိုးသားသား ကြည့်တာပါ၊ လူဆိုတာ အတ္တသမားတွေပါ၊ ကိုယ့်အတွက်တော့ တစ်ကွက်ထားကြတာချည်းပဲ၊ နင့်ကိုဖြိုး ငါ့ကို ကြိုက်တာလည်း သူ့အတွက် အသင့်တော်ဆုံးဖြစ်မယ်ထင်လို့ ကြိုက်တာပါ၊ တကယ်ဆို နင် ကြိုက်ပါလား၊ နင်က ငါ့ထက် အပြတ်ပိုလှတယ်”

“တော်စမ်းပါဟာ”

ကဝေမ ဆယ့်နှစ်ကြိုးနဲ့ကတော့မယ်၊ စုန်းမလို့ဆီးခေါ်ပါဦး ကိုဖြိုးရေ။

ရွှေဖြိုး ပေါ့ပေါ့ကလေးလို ရယ်နေလိုက်ပေမယ့် မာလာ့စိတ်ဓာတ်ကိုသိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ဘာမှ နစ်နာမသွားပါဘူး၊ အရှုံးလည်း မရှိပါဘူး၊ သူကိုယ်တိုင်က ငါ့ကို သေလုအောင်ကြိုက်နေတာလည်း မဟုတ်ပါဘူးကွာ၊ တို့နှစ်ယောက်က သင့်တင့်လျှောက်ပတ်တဲ့လမ်းပေါ်မှာ ဦးနှောက်နဲ့လျှောက်လှမ်းရင်း သံယောဇဉ်တွယ်မိကြတာ၊ တွယ်ဖို့ကြိုးစားကြတာ၊ အခု အဲဒီလမ်းဟာ ငါ့အတွက် သင့်တင့်လျှောက်ပတ်ခြင်း မရှိတော့ဘူး ...

"ငါ့အတွက် သင့်တင့်လျှောက်ပတ်ခြင်း မရှိတော့တဲ့လမ်းဟာ သူ့အတွက်လည်း အကောင်းဆုံးလမ်း မဖြစ်နိုင်တော့ပါဘူး၊ နင့်ဆီမှာ အကူအညီတောင်းတာ ငါမှားသွားတယ်၊ တကယ်တော့ ငါ့ဘာသာဖြတ်ရမှာ"တဲ့။

မာလာ ဘယ်နည်းသုံးပြီး ဖြတ်မှာပါလိမ့်။

"ဒါပေမဲ့ နင်က နည်းနည်းလေးပဲ စကားလေးတစ်ခွန်း နှစ်ခွန်းလောက်ပြောပေးရုံနဲ့ သူ့ကို နင်နဲ့စွပ်စွဲပြီး ငါဖြတ်ရရင် ပိုမိုလွယ်ကူတာပေါ့"တဲ့။

"ဒီလို လူရိုးလူဖြောင့်ကြီးကို ဖြတ်ရဖို့ မလွယ်ကူလို့ပါကွာ" ထပ်ပြောလိုက်သည်။ သူတို့နှစ်ယောက်ကြားမှာ နေရင်းထိုင်ရင်း ကြားညပ်ရသည့်ဒုက္ခက ကိုယ့်ခေါင်းပေါ် မီးခဲပြုတ်ကျတာနှင့်တူ၏။

"ငါ သူ့ကို ဘယ်လိုမှ မရှေးနိုင်တော့"တဲ့။ အေးဆေးသိမ်မွေ့သည့် မာလာ့မှာ ခေါင်းမာသော ခိုင်မြဲမှုတစ်ခု ရှိနေတာကို ရွှေဖြိုး သိသည်။ သို့ပေမဲ့ ...

"ငါ မပါဘူးချင်ဘူးကွာ"... ဟုပြောခဲ့၏။ "ပါပေးရရင် ကောင်းမလား"... လည်း တွေးနေမိသည်။ ဘာဖြစ်လို့များ



ကိုယ့်ဘာသာ အေးအေးဆေးဆေး နေနေသင့်တာကို မနေဖြစ်တာလည်း ကိုယ့်ကိုယ်ကိုယ် မသိတော့ပါ။ အေးဆေးနေဖို့၊ ပါဝင်ပတ်သက်ခြင်း မရှိဖို့တော့ အမြဲကြိုးစားနေမိတာပါပဲ။ အစကတည်းက ကိုဖြိုးဆီမှာ မကောင်းခဲ့သော ကိုယ့်နာမည်ဟာ ပိုလို့သာ ဆိုးတော့မှာကို တွေးမိရင်း ...

"ဆိုးသည်ထက် ဆိုးသွားလည်း အေးတာပဲ"... ဆိုသော အတွေးက ထပ်ဝင်လာသည်။ ကိုဖြိုးရေ ... ကဝေမဟာစုန်းမထပ်ဖြစ်ရလို့ အရေးမကြီးပါဘူးနော်။ ကိုဖြိုး အထင်သေးရှုံ့ရှာနေတာကို ခံယူနေရမှ ဖြစ်မှာပါ။ အဲဒါလေ ... ရွှေဖြိုးအတွက် ...။

✦ ❦ ✦

"လာပါ ကိုဖြိုး၊ ခြံတံခါးပေါက်က ပြန်လှည့်မသွားပါနဲ့"

ရွှေဖြိုးက ရယ်၍ပြောလိုက်ပေမယ့် ဖြိုး အားနာသွားရသည်။ ရွှေဖြိုးကို အထင်မကြီးဘူး ဆိုပေမယ့် မိန်းကလေးတစ်ယောက်ကို တွေ့ရုံနှင့် ပြန်လှည့်ပြေးတာတော့ မိန်းကလေးအပေါ် စော်ကားလွန်းရာရောက်၏။

သူငယ်ချင်း မျိုးထွန်းကဆို ...

"မင်းကို လိုက်ဆွဲလို့လားကွ ... ဟား ဟား"တဲ့။

"မိန်းကလေးတစ်ယောက်ကို ကြောက်ပြီးများ ထွက်ပြေးရတယ်လို့ ရယ်ရတယ်ကွာ၊ ကြားရတာ မခံစားနိုင်လိုက်တာ"

"ဒါဖြင့် လဲသေခြင်းတရားကို ခံစားလိုက်ပါလား"

ရွှေဖြိုးအကြောင်းကို မျိုးထွန်း ကောင်းကောင်းသိ၏။

www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်ခါနီးဆဲဆဲ သတို့သားလောင်း အကောင်းစားတွေကို အတင်းဝင်လုတာကွ၊ ငါ့အစ်ကိုလည်း ပါသွားတယ်၊ တစ်သက်လုံးက ချစ်လာခဲ့တဲ့သူကိုပစ်ပြီး သူ့နောက်ပါတယ်၊ စုန်းမမှ စုန်းမ၊ ကဝေဆယ့်နှစ်ကြိုး ဇော်ဂနီမ"တဲ့။

"သူကြိုက်လို့ ယူမလို့ဆိုလည်း ထားပါ။ ယူချင်လည်း ယူလိုက်ပေါ့ အတည်တကျ။ ခုတော့ တစ်ဖက်သားစုံတွဲလည်း သေချာကွဲပြီးရော သူက တိခနဲဖြတ်ချလိုက်ရော။ ယောကျာ်းသားကြီးက ပင်မလက်ဟောင်းလည်း ပြန်ကပ်လို့မရ၊ သူကလည်း ဖြတ်သွားပြီ ...

"ခရုဆံကျွတ်ကိုဖြစ်တာ၊ ဟိုဘက်က မိန်းကလေးတွေကလည်း မခံချင်စိတ်နဲ့ တွေ့ကရာကောင်ဆွဲယူလိုယူနဲ့၊ အကောင်းစားကြီး မရတော့ဘူးကွာ၊ ဘာဝါသနာမှန်းကို မသိဘူး ...

"အဲဒါမျိုး လေးကြိမ်၊ လေးယောက်နော်၊ ဝါအရင့်စားထဲက၊ အဲဒါနဲ့ ခယ်မတော်ရမယ်ဆိုရင် ကြပ်ကြပ်သတိထား"... တဲ့။

ကြပ်ကြပ်ကြီးလည်း သတိထားပါသည်။ ချောင်ချောင်ကြီးလည်း သတိထားပါသည်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် သတိဆွဲ၍ နေခဲ့ပါ၏။ ကြည့်လို့ကို ရခဲ့တာလည်းမဟုတ်။ သူ့အကြောင်းက မကောင်းကျော်စောနှင့် ရင်ထဲမှာ အမြဲကိုရှိနေခဲ့တာ။ ကြောက်လွန်းလို့ အမြဲရှောင်နေတာ။ ခုတော့ တော်တော်ကြီး အားနာပါးနာ ဖြစ်နေသည်။ လူယဉ်ကျေး၊ မိကောင်းဖခင်



သားသမီးမို့ လူကြီးသူမလည်း ရိုသေသည်။ သူ့ထက် သူ့အမေကို ပိုအားနာရသေးသည်။ ဘယ့်နှယ် ... သူ့သမီးကိုကြောက်ပြီး ထွက်ပြေးပါသည်ဆိုတော့. ဒီသမီးအပေါ် ဘယ်လိုသဘောထားကြောင်း ရှင်းနေ၏။ အဲဒါ အဲဒီအမေကို ဘယ်လောက် မျက်နှာပူစရာ ကောင်းလိုက်ပါသလဲ။ ပြီးတော့ ... ဒီအမေဆိုတာကလည်း ကိုယ့်ချစ်သူ ကိုယ်လက်ထပ်မည့်ဇနီးလောင်းရဲ့ မှီခိုခြင်းခံရသူ။ အုပ်ထိန်းသူ။

ကိုယ်လက်ထပ်လျှင်တောင် ဤအမျိုးသမီးကြီးထံမှာပဲ ကိုယ့်ချစ်သူကို တောင်းရမ်းယူရမှာ။

"ကိုဖြိုးရေ ... ခြံထဲကားဝင်ပြီးရင် ခဏရပ်ထားဦးနော်၊ တစ်ဆက်တည်း ဝင်မသွားနဲ့ဦး"

သူ့အမိန့်ကို နာခံလိုက်သည်။ ရွှေဖြိုးက ခြံတံခါးကို ပြန်ပိတ်ပြီး ကားဆီပြေးလာခဲ့၏။ ကားရှေ့ခန်းတံခါးကိုဖွင့်၍ ဇွေ့ခနဲ ဝင်ထိုင်သည်။ လုပ်ပုံကိုင်ပုံ မညင်သာသည်မို့ ကားက ငြိမ့်ခနဲတောင်ခုန်၏။

"ကိုဖြိုး မောင်းတက်သွားပြီးရင် ရွှေဖြိုးက လမ်းလျှောက်ပြီး လိုက်လာရမှာကြောက်လို့ ကိုဖြိုးရဲ့၊ မောင်း... မောင်းတော့လေ"

ဖြိုး မောင်းထွက်ခဲ့သည်။ ခါတိုင်း မာလာ လာဖွင့်ပေးလျှင်လည်း ဒီလိုပဲ ခဏရပ်စောင့်ရသည်။ ပြီးတော့ ဘီးလိမ့်ရုံမောင်း၍ စကားတပြောပြော လာခဲ့ကြမြဲ။

"ကိုဖြိုး ညနေတိုင်းလာရတာ မမောဘူးလား"

"ခင်ဗျာ ... ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ရည်းစားလေးတစ်ယောက် ထားမိပါတယ်၊ ညနေတိုင်း လာတွေ့နေရတာ မမောဘူးလားလို့"

"မမောပါဘူးခင်ဗျ"

"ရယ်ရတယ်၊ ကိုဖြိုးက ကျွန်တော့်ကိုများ တရိုတသေကြီး ဆက်ဆံလို့၊ တကယ်ဆို ကျွန်တော့်အဆင့်က ကိုဖြိုး ခြေထောက်အောက်နားလောက်မှာပါ"

"ဟာ ... မဟုတ်ပါဘူး"

"စီးပွားရေးဆိုလည်း ကိုဖြိုးတို့က အရမ်းချမ်းသာတယ် မဟုတ်လား"

ကားက ပေါ်တီကိုအောက်မှာရပ်သည်။ နှစ်ယောက်လုံး ဆင်းကြသည်။ မွှေးဖြိုးက ခြင်ဆန်ခါတပ် သံတံခါးကိုဖွင့်ပေး၏။ ဧည့်ခန်းမှာ ထိုင်ကြတော့ မျက်နှာချင်းဆိုင် ဆိုဖာကို ရွေးသည်။

"မာလာရေ ... ကိုဖြိုး လာတယ်"တွေ ဘာတွေ မပြော၊ သူ့ဧည့်သည်ကြီးကျလို့ သူက တယောင်တဆောင် ထိုင်ဧည့်ခံနေသေး၏။

"မွှေးဖြိုးတို့လည်း မဆင်းရဲပါဘူး၊ ဒါပေမဲ့ မွှေးဖြိုးတို့ ချမ်းသာကြွယ်ဝမှု အားလုံးပေါင်းဟာ ကိုဖြိုးတို့အိမ်က ရေချိုးခန်းတွဲလျက်ပါတဲ့ အိပ်ခန်းတစ်ခန်းစာလောက်ရှိမှာ"

"ဟား ... မဟုတ်ပါဘူး မမွှေးဖြိုး"

သူ့ကိုယ်သူ ကျွန်တော်တစ်လှည့် မွှေးဖြိုးတစ်လှည့် ပြောတာကို သတိထားမိသည်။ အင်္ကျီက ဂါဝန်ရှည်ကြီး အလွန်ပါးလွှာပျော့ပျောင်း၍ ပန်းနုသွေးဖျော့ဖျော့ပါသည် ဆိုရုံကလေးပါ



သော နုအိနေသည့်အင်္ကျီ။ အဲသည်ပိတ်စ ပါးပါးလေးကို ဘယ်နှထပ်မှန်းမသိ၊ ဟိုနားတစ်လွှာ ဒီနားတစ်လွှာ လက်မှာလည်း အလွှာတွေ၊ အလွှာတွေ၊ ကိုယ်ထည်မှာလည်း အလွှာတွေ အလွှာတွေ။ အထပ်အထပ် အလွှာအလွှာနှင့်မို့ ဘယ်နေရာအသားတစ်ခုမှ ဟိုက်နေပေါ်နေတာမျိုးမရှိ။ လုံခြုံနေပေမယ့် အဝတ်ပုံကြီးထဲမှ ခေါင်းထွက်နေတာနှင့်တူ၏။ ဖြိုး မျက်စိထဲမှာ ကြည့်မလှပါ။ သို့ပေမဲ့ ဒီနေ့အဝတ်ပုံကြီးက ဓာအချောင်းအချောင်းတွေ အသွယ်အသွယ်ကျမနေသည်မို့ ခါတိုင်းထက် မျက်စိနောက်သက်သာနေတာကိုလည်း ဂရုတစိုက် သိရှိမိလေ၏။

"ပညာဆိုလည်း ကိုဖြိုးက သာတယ်"

"မမွှေးဖြိုးလည်း မကြာခင်ဘွဲ့ရမှာပါ။ ကျွန်တော်ရထားတဲ့ဘွဲ့ကလည်း ထူးထူးဆန်းဆန်းကြီးမှ မဟုတ်တာ။ ခုခေတ်မှာ ဝါဏိဇ္ဇဝိဇ္ဇာတွေ အများကြီးပါ။ ဆရာဝန် အင်ဂျင်နီယာ၊ ကွန်ပျူတာတွေထက် ပိုများပါတယ်"

"ကွန်ပျူတာကတော့ အခုမှပေါ်လို့ပေါ့နော်၊ ကျွန်တော်တို့ဘကြီးတို့ အဘိုးလေးတို့ပေါ့နော်၊ အဘိုးရဲ့ညီဆိုတော့ အဘိုးလေး တော်ပေမယ့် အခုမှ အသက်ကခြောက်ဆယ့်လေးငါးလောက် ရှိသေးတာပေါ့၊ ဖေဖေ့ဘက်က အမျိုးတွေလေ ..."

"အဲဒီထဲမှာ ဝါဏိဇ္ဇဝိဇ္ဇာတွေ ရှိတယ်။ သူတို့တုန်းက ဆယ်တန်းမှာ လိုင်းမခွဲဘူးတဲ့။ ဆယ်တန်းအောင်ရင် ဘယ်နေရာကအောင်အောင် ကိုယ်သွားချင်တဲ့လိုင်းကိုသွား၊ သိပ္ပံသွားချင်သွား၊ ဝိဇ္ဇာသွားချင်သွား၊ အဲဒီတုန်းက ဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ လုပ်ချင်လွန်းလို့ ဝါသနာပါလွန်းလို့ လုပ်ကြတာတဲ့ ...”

“အမှတ်ကောင်းလို့ လူတိုင်းလိုက်ကြတာနဲ့ လိုက်တာမျိုး မဟုတ်ဘူးတဲ့။ တစ်နှစ် တစ်နှစ်မှာ ဆရာဝန်က လေးငါးဆယ်၊ အင်ဂျင်နီယာလည်း လေးငါးဆယ်၊ ရိုးရိုးသိပ္ပံနဲ့ဝိဇ္ဇာက တစ်ရာကျော်လောက် ထွက်တာတဲ့ ...

“ရှားပါးပစ္စည်းပေါ့နော်၊ ဘီကွမ်း(B.Com)အောင်ပြီးလို့ အာအေ(R.A)ထပ်အောင်လိုက်ရင် ကုမ္ပဏီတစ်ခါစာရင်းလိုက်စစ်၊ ပိုက်ဆံတွေက ဖွေးခနဲတဲ့၊ ရွှေတစ်ကျပ်သား နှစ်ရာ သုံးရာခေတ်မှာ ဝင်ငွေက တစ်လလေးငါးထောင်လည်း ရနိုင်တယ်ဆိုပဲ ...

“ဘီကွမ်း ဆိုတာ တန်ဖိုးကြီးပညာပါ ကိုဖြိုးရဲ့”

“အဲဒီခေတ်က ကုန်ခဲ့ပြီးလေ၊ ကျွန်တော် ဘီကွမ်းအောင်တဲ့အချိန်ကျတော့ ဘီကွမ်းတွေ ရိုက်သတ်လို့ မကုန်တော့ပါဘူး”

“ထားပါတော့လေ ... ကိုဖြိုး အထူးတလည်သာတာ ရှိပါတယ်၊ စိတ်နေစိတ်ထား ခေါ်မလား၊ စိတ်ဓာတ်အဆင့်အတန်း ခေါ်မလား၊ လူကြီးလူကောင်းလည်း အရမ်းပီသတယ်၊ ကိုဖြိုးဟာ တကယ့်ကို အတက်တန်းလွှာစစ်စစ်ပဲ၊ ကိုယ်ကျင့်တရားလည်း အရမ်းကောင်းတယ်၊ ဒီတော့ ... ရွှေဖြိုးတို့က အဘက်ဘက်က နိမ့်ကျပါတယ်”

သူ ဘာရည်ရွယ်ချက်နှင့် ဒါတွေပြောနေတာပါလိမ့်။ ဘာကြောင့် လှိုက်နှိုင်းယှဉ်ပြီး တစ်ဖက်သားကျတော့ ဖွတ်မြှောက်



သူ့ကိုယ်သူကျတော့ ဖွတ်ဆွဲချလုပ်နေတာပါလိမ့်။ ခုထိလည်း မာလာ့ကို ခေါ်မပေးသေးဘူး၊ မာလာကလည်း ထွက်မလာသေးဘူး။

“ရွှေဖြိုးကလေ ... အလိုလိုက်ခံ တစ်ဦးတည်းသောသမီး ကိုဖြိုးရဲ့။ နည်းနည်းတော့ ဆိုးတယ်၊ ငယ်ငယ်ကတည်းက ကျွန်တော်လိုချင်ရင် ရကိုရရမှ၊ တခြားကလေး ကစားနေတဲ့ အရုပ်တစ်ခုကို လိုချင်ပြီဆိုရင် ဖွတ်ပဲ၊ မရ,ရတဲ့ နည်းနဲ့ယူတယ်၊ ရပြီဆိုရင် ဖျက်ဆီးရင်ဖျက်ဆီး လွှင့်ပစ်ရင် လွှင့်ပစ်လိုက်တာပဲ”

ယုံပါတယ်၊ ဒါဟာ နည်းနည်းဆိုးတာ မဟုတ်၊ အလွန်အမင်း ဆိုးဝါးခြင်းဖြစ်ကြောင်း၊ ဒါဟာ မိန်းမသားမှာ တန်ဖိုးအလွန်တရာ လျော့ကျနိမ့်ပါးသွားစေကြောင်း၊ ကျားနှင့်မီးနှင့် ကစားသလို တစ်ကိုယ်လုံးလောင်မြိုက် ပြာကျချင်ကျ အစိမ်းလိုက် ဝါးစားခြင်းခံရရင်ခံရ၊ နောက်ဆုံးမှာ ဘဝလည်းပျက်၊ လူလည်းပျက်၊ နာမည်လည်းသေ လူလည်းသေ ဖြစ်နိုင်ကြောင်း ညီမလေးတစ်ယောက်လို သဘောထားပြီး ဆုံးမပြောဆိုလျှင် သူ နာခံမှာလား။

“မကောင်းမှန်းတော့ သိတယ်၊ ဒါပေမဲ့ ဆုံးမမယ့်သူ မရှိဘူး၊ စဉ်းစားကြည့်ပါလား ကိုဖြိုးရယ်၊ ဖေဖေက ကျွန်တော်တို့သားအမိကို ပစ်သွားတယ် ...

“မေမေ့အတွက် ချန်ခဲ့တယ်ဆိုပေမယ့် မေမေက တခြားစီးပွားရေးလုပ်ငန်း ရှိတာမှ မဟုတ်တာ၊ ဟိုဘက်တိုက်ကို ငှားစားတာပဲရှိတယ်၊ လောက်ငပိုလျှံပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ကျွန်တော့်အတွက် များများကျန်စေချင်တာ မေမေ့ စေတနာလေ ...

"မေမေက တကယ့်လူရိုး၊ ဖေဖေလည်းပစ်သွားရော လည်ဝယ်ချက်ချာသွားလိုက်တာ၊ ခုဆို ... မေမေက ဝိန် ထုပ်တို့ ပတ္တမြားနဲ့ ရတနာပစ္စည်းတို့ အထုပ်လိုက်ဝယ်၊ ဝယ်ပြီးရင် ပစ္စည်းလုပ်တယ် ...

"မေမေတို့စကားအရတော့ ရွှေနဲ့ကပ်တယ်လို့ခေါ် တယ်၊ ပြီးတော့ ပြန်ရောင်းတယ်၊ အရင်းများတယ်၊ မြတ် တော့လည်း မြတ်ပါရဲ့၊ ဒါပေမဲ့ တစ်ခါတလေ ပွဲစားတွေ ကလိမ်ရင် လိမ့်ခနဲခံပေတော့၊ ကိုယ့်ပစ္စည်း ပြန်မပေးဘဲ ထောင်ကျခံသွားတဲ့ လူတွေလည်းရှိတယ် ...

"တစ်နေ့ တစ်နေ့ အိမ်ကထွက်နိုင်မှ မေမေက အလုပ်ဖြစ်တာ၊ အဲဒီတော့ ရွှေဖြိုးကို ဘယ်သူဆုံးမမှာလဲ၊ ကိုဖြိုး စဉ်းစားကြည့်၊ အစကတည်းက တစ်ဦးတည်းသမီး မို့ အလိုလိုက်ခံထားရတဲ့ကြားထဲ ကျွန်တော်မိုက်နေရင် တောင် အဖေကလည်း နိုင်ငံခြားက လှမ်းမမြင်၊ မေမေက လည်း အပြင်ထွက်နေရလို့ မသိနိုင် ...

"ကျွန်တော်လေ ... ကိုယ်မိုက်မဲနေလို့မှ မိုက်နေမှန်းလည်း မသိပါဘူး၊ မိုက်ကောင်းကောင်းနဲ့ မိုက်နေ တာပဲ။ ဆုံးမတားမြစ်မယ့်သူလည်း မရှိတာ ...

"ကျွန်တော့်နာမည်က ခပ်ပျက်ပျက် သင်းပြီးထွက် လာတဲ့အချိန်ကျတော့ အတိတ်ထဲက ကျွန်တော့်နာမည်ကို ပြန်ဆယ်လို့ မရတော့ဘူး၊ ဆယ်လို့ရတယ်ထား ပြောင်း



ပုပ်ထဲက ဆယ်လာရတဲ့ပစ္စည်းဆိုတော့ ဆပ်ပြာစင်စင်ဆေး လည်း အနံ့မပျောက် ...

"ရေမွှေးဆွတ်လည်း ရေမွှေးတခြား ပုပ်စော်တခြား"

ပြောရင်း တခိခိ ရယ်နေပြန်သေးသည်။

"အဲဒီလို ဖြစ်ရတာ ကိုဖြိုးရယ်၊ လူဆိုတာ အတ္တသမားမို့ ကိုယ်ကိုယ်ကိုယ်တော့ အရမ်းသနားတယ်"

ဖြိုးလည်း သနားသွားလိုက်မိသည်။ ရွှေဖြိုးစကား တွေက မှန်၏။ "မိမဆုံးမ ဖမဆုံးမ"ဆိုသည့် အခြေအနေသို့ မရည်ရွယ်ဘဲ ရောက်သွားရရှာသူလေး။ ဒီလောက် မိုက်မဲဆိုးဝါး တာတောင် အမိုက်လျော့နေသေးသည်ဟု ချီးကျူးရမလို၊ သနားရ မလို၊ သူ့ဘဝကလေးက ဒီလိုမိုက်ဖို့ လမ်းကြောင်းပေါ်ခဲ့တာပဲလေ။

"အဲဒီလို နာမည်ကောင်းဆိုးချင်း ယှဉ်ပြန်တော့လည်း ကိုဖြိုး သတင်းက မွှေးသလောက် ကျွန်တော့်သတင်းက ပုပ်နေတယ်၊ အဲဒါ ကိုဖြိုးက ကျွန်တော့်ကို တလေးတစား ဆက်ဆံတာ တွေ့ရတော့ ကျေးဇူးလည်းတင်တယ် ဝမ်း လည်းနည်းတယ်"

"ကျွန်တော် ဒီလိုသဘောမထားပါဘူး"

"တစ်ခုတော့ သစ္စာဆိုပြီး ပြောရဲပါတယ်၊ ကျွန်တော် ရည်းစားတွေ ထားခဲ့ဖူးပေမယ့် မသမာတဲ့စိတ်နဲ့ဆိုရင် လက်ဖျားတောင် အထိမခံခဲ့ပါဘူး၊ လူလူချင်း ရိုးရိုးသား သား သဘောမျိုးတော့ လက်ဆွဲနှုတ်ဆက် တွဲခေါ်၊ ပခုံး ထု ခေါင်းထုတွေ ရှိပါတယ်၊ ကျွန်တော် အဲဒီလောက်ထိ တော့ မမိုက်မဲခဲ့ဘူး၊ ကိုဖြိုး ယုံလား"

www.burmeseclassic.com

www.burmeseclassic.com



"ယုံပါတယ်"

ဘာကြောင့်မှန်းမသိ ဖြိုး ယုံလိုက်ဖြစ်သည်။

"မာလာက အိမ်မှာမရှိဘူးလား မရွှေဖြိုး"

"မရှိဘူး၊ ဘကြီး နေမကောင်းလို့ ကားတောင်မမောင်းနိုင်ဘူး၊ သားအဖနှစ်ယောက် တက္ကစီနဲ့ သွားကြတယ် ဆေးခန်းကို။ ကျွန်တော်က အိမ်စောင့်။ မေမေကတော့ အိမ်ပြန်မရောက်သေးတာ"

"မရွှေဖြိုး တစ်ယောက်တည်းပေါ့"

"အိမ်ဖော်ကောင်မလေး ရှိပါတယ်၊ ဒါပေမဲ့ ရွှေဖြိုး မကြောက်ပါဘူး ကိုဖြိုးရဲ့၊ လက်နက်မဲ့ ပညာမဲ့ ယောကျ်ား မျိုး သုံးယောက်လောက်ကို အသာလေး ကိုင်ပေါက်လို့ သိပ်နိုင်ပါတယ်၊ လက်နက်ပါမယ် ပညာလည်းတတ်မယ် ဆိုရင်တော့ တစ်မျိုးပေါ့၊ အဲဒီအခါကျရင်လည်း ကျွန်တော်က အပြေးသန်ပါတယ်"

ရွှေဖြိုး တခိခိ ရယ်လိုက်သည်။

"ကျွန်တော် ပြန်တော့မယ်"

"နေပါဦး ကိုဖြိုးရဲ့၊ ဘာမှလဲ မကျွေးရသေးဘူး။ ဒီနေ့ အိမ်မှာ ရွှေဖြိုးလက်ရာ မြီးရှည်လုပ်စားတယ် ထမင်းလွတ်"

"ဟင် ... မရွှေဖြိုးက မုန့်တွေ ဘာတွေ လုပ်တတ်တယ်"

"အံ့ဩလို့လား၊ ကိုယ့်ကိုယ်ကိုယ် ကျွန်တော်ပြောပြီး အပိုးမကျိုးတဲ့ ပျာကလပ်စိန်တစ်ယောက်ပေမယ့် မိန်းမတို့ တပ်အပ်တဲ့ ပညာတွေ အကုန်တတ်ပါတယ်"

"မိန်းမတို့တတ်အပ်တဲ့ ပညာဆိုတာ ဘာလဲ"



"အဟဲ"

ရွှေဖြိုး ရယ်လိုက်သည်။

"ခုခေတ်မှာ မိန်းမတွေတပ်အပ်တဲ့ပညာ ဦးစားပေးအဆင့် တစ် အဓိကဟာ အချက်အပြုတ် ဓာတိုးပန်းထိုး မဟုတ်တော့ဘူး၊ ခေတ်ကြီးပြောင်းသွားပြီ၊ အဲဒါတွေက နံပါတ်နှစ်တွေ ဖြစ်သွားပြီ ...

"နံပါတ်တစ်က ဂျူဒိုနဲ့ ကရာတေး"

ဖြိုး ရယ်ချင်သွားရသည်။

"ဒါမှ မသမာသူနဲ့တွေ့ရင် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မယ်လေ၊ ဒါမှ မှဲ့တစ်ပေါက် မစွန်းမှာပေါ့"

ဖြိုး တကယ်ပဲ ရယ်လိုက်မိသည်။ ရည်းစား လေးယောက်ပြောင်ခဲ့ပေမယ့် မှဲ့တစ်ပေါက် မစွန်းသေးဘူးဆိုတာကို သူ့ပုံစံကြည့်ပြီး ယုံလိုက်မိလေ၏။

"ကျွန်တော် ပြန်ဦးမယ်"

"ဩော် ... မြီးရှည်စားသွားပါဆိုမှ၊ လာပါ ညစာထမင်း မစားရသေးဘူး မဟုတ်လား၊ အိမ်ပြန်ကျ ထမင်းမစားနဲ့တော့လေ။ ကိုဖြိုးကို စားသွားစေချင်တဲ့စိတ်၊ ကျွေးမွေးချင်တဲ့စေတနာ ကျွန်တော့်မှာ အပြည့်အဝရှိပါတယ်၊ ဒါကိုမှ ကိုဖြိုးက ဖွတ်ငြင်းဆန်မယ်ဆိုရင် ကျွန်တော့်ကို တော်တော်စက်ဆုပ် အထင်သေးလို့ပဲလို့ ကျွန်တော် အရမ်းဝမ်းနည်းမိမှာပါ"

"ဒီလိုတော့ မဟုတ်ပါဘူး"

"အထင်မသေးဘူး၊ မရွံဘူးဆိုရင် တန်းတူရည်တူ ပေါင်းနိုင်တဲ့ မိတ်ဆွေအဆင့် မရောက်နိုင်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ရောက်နိုင်ပါတယ်"

"ကျွန်တော်ကတော့ မိတ်ဆွေအဆင့်ထက် ကျော်ပါတယ်၊ ကျွန်တော့်ခဲအိုလောင်းကို ခင်ကိုခင်တာပါ"

"ကျွန်တော်ကလည်း ခင်ပါတယ်"

"ဒါဖြင့် မုန့်ကလေးတစ်ပန်းကန်တော့ စားသွားပါ"

ရွှေဖြိုးက ထမင်းစားခန်းသို့ ဦးတည်၍ ဝင်လိုက်သည်။ ဖြိုး နောက်မှ ခပ်ကုပ်ကုပ် ပါလာသည်။ စင်စစ် ဖြိုး အိမ်ပြန်ချင်လှပါပြီ။ ဖိတ်ခေါ်မှုကို ဖွတ်ငြင်း၍ ပြန်ထွက်သွားရလျှင် ရိုင်းမှာလား စိုးရိမ်နေလို့သာ။ တကယ်တမ်း ထမင်းစားပွဲမှာ ထိုင်ဖြစ်တော့ မုန့်ညင်းချဉ်နှင့် ပဲငါးပိ၊ ဆီတို့ဟူးနံ့တို့က တသင်းသင်းနှင့်၊ ထမင်းမစားရသေးသူ၏ နှာဝမှာ လာချူတော့သည်။ အိမ်ဖော်မိန်းကလေးက လိုအပ်သလောက် လာကူညီ၍ အဓိက အစပ်အဟပ်တည့်အောင် ပြင်ဆင်ပေးသူက ရွှေဖြိုးဖြစ်၏။

"တူနဲ့နော်"

"ဟုတ်ကဲ့"

မြီးရှည်ဆိုတာ တူနဲ့စားမှ အလိုက်ဖက်ဆုံးပါ။

"ဝက်သား စားတယ်နော်"

"ကျွန်တော့်ကို ဘာလူမျိုးထင်နေလို့လဲ"

"တချို့က အဆီများမှာစိုးလို့ ရှောင်တတ်လို့ပါ၊ တကယ်တော့ မြီးရှည်ဟာ ဝက်သားနဲ့ပဲလိုက်တယ်၊ ဝက်သားတောင် အဆီနဲ့မှ အသားနဲ့မလိုက်ဘူး"

"မရွှေဖြိုးက ဝက်သားအဆီတုံးလည်း စားတာပဲလား"



ဖြိုး စကားစပ်စပ်စုစု တော်တော်များများ ပြောဖြစ်နေတာ ကိုယ့်ကိုယ်ကိုယ်တောင် အံ့သြသည်။ ခုခေတ်မိန်းကလေးတွေ အဆီကို သေလုအောင် ကြောက်ကြတာကိုသိ၏။ မိန်းကလေးငယ်ငယ်တွေမပြောနှင့် မေမေတောင် အဆီရှောင်သည်။ မေမေကတော့ လုချင်လို့ မဟုတ်ပါ။ အသည်းမှာ အဆီဖုံးလို့တဲ့။

"ကျွန်တော်က ဗိုက်ခေါက်ထူမှာ ကြောက်တဲ့သူမှ မဟုတ်ဘဲ"

ရွှေဖြိုး ကိုယ်လုံးကိုယ်ပေါက် ဘယ်လိုရှိမလဲ၊ ဖြိုး တွေးကြည့်မိလိုက်သည်။ သွယ်သွယ်ပါးပါးနှင့် မာလာ့ကိုယ်လုံးကိုယ်ပေါက်ကတော့ ချစ်ဖွယ်လေး။ မြန်မာအင်္ကျီဝတ်တော့ ကိုယ်လုံးရှိသလောက် လှမြင်၏။ ရွှေဖြိုးတို့ကတော့ အဝတ်ပုံကြီးထဲက ခေါင်းထွက်တာ၊ အဲဒီအဝတ်ပုံကြီးကလည်း ဟိုနေရာဖောကပ်၊ ဒီနေရာဖောကပ်နှင့်ဆိုတော့ ဖောတွေက ပခုံးမှာလည်းရှိသည်။ လက်ဖျားမှာလည်း ရှိသည်ထင်သည်။ ဒီလောက်ပျော့သည့်ဖိတ်စလက်ဖျားကျမှ ထောင်ထောင်ကားကားကြီး ဖြစ်နေတာ ဖောတွေပါလို့ပဲဖြစ်မည်။ ရွှေဖြိုး ကိုယ်လုံးကိုယ်ထည်၊ သေးသွယ်သလား၊ ဝတုတ်သလား မသိနိုင်၊ စဥ့်အိုးမှာ ခေါင်းတပ်သလောက်တော့ မဆိုးဟု ခန့်မှန်းနိုင်ရပါသည်။ သူက ဗိုက်ခေါက်ထူမှာ မကြောက်ဘူးဆိုပဲ။ သူ့ဗိုက်ခေါက်ကလေးက ချပ်ချပ်ရပ်ရပ် ကပ်ကပ်လေးမို့ တော်ရုံထူလာမှာကို မစိုးရိမ်တာလား၊ ထူပြီးသားအခေါက်မို့ မထူးတော့တာလားမသိပါ။

"အဆင်ပြေလား၊ အစပ်တဲ့လား"

"ပြေတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ရဲ့လား"

"မြီးရှည်က ကျွန်တော့်ဖေးဘရိတ်ပဲ"

"ဒါဖြင့် တစ်ပွဲထပ်ပြင်ထားလိုက်မယ်နော်၊ မစောင့်ရဘူးပေါ့၊ ဆက်တိုက်စားရအောင်"

"ဟုတ်ကဲ့"

ရီးရီးကြီး လက်ခံလိုက်သူကို ရွှေဖြိုး ရယ်ချင်၏။ ထိုပုဂ္ဂိုလ်ကဖြင့် သူ့ကို ရယ်ချင်နေလို့လည်း ရယ်ချင်ခံနေရမှန်း မသိရှာ။

"မရွှေဖြိုးရော မစားသေးဘူးလား"

"စားတော့ပြီးပြီ ဒါပေမဲ့ ကိုဖြိုးက တစ်ယောက်တည်း ပျင်းလို့ ဝင်စားပါဆိုလည်း စားပါ့မယ်"

"ပျင်းတော့ မပျင်းပါဘူး၊ ဒါပေမဲ့ စားပါ"

သူ့အိမ်မှာ သူကျွေးသည့်မုန့်ကို ကိုယ်ကစားနေတာ၊ သူက စားစေချင်ရင် စားပါ့မယ်ပြောလာမှ မစားစေချင်ဘူး၊ မစားနဲ့ ... ဟု ဘယ်ပြောလို့ ဖြစ်ပါ့မလဲ၊ ရွှေဖြိုးက ဖြိုးအတွက် လိုက်ပွဲတစ်ပန်းကန် ပြင်ပေးပြီး သူ့အတွက်လည်း တစ်ပန်းကန် ပြင်သည်။ မျက်နှာချင်းဆိုင်ထိုင်၍ စားလေ၏။ ဖြိုး ... ဘာရယ်မဟုတ်၊ ရွှေဖြိုးကို အမှတ်တမဲ့ မော့ကြည့်မိသည်။ မုန့်စားနေပုံက ဟန်ဆောင်ပန်ဆောင်မရှိ။ ဟန်မရှိ ဂိုက်မထုတ်လို့ ပလုပ်ပလောင်းနဲ့ စားပုံသောက်ပုံ အောက်တန်းကျနေသလားဆိုတော့ ဒီလိုလည်း မဟုတ် ဣန္ဒြေလည်းရသည်။ ရိုးလည်း ရိုးသားသည်။ ဆယ်နှစ်သမီးကလေး မုန့်စားနေသလို အပြစ်ကင်းနေ၏။ ဖြိုး ဒုတိယ ပန်းကန်အကုန်မှာ ရွှေဖြိုးလည်း သူ့ပန်းကန်ကုန်၏။



"ဟောတော့ ... လိုက်ပွဲပြင်မထားမိဘူး"

ရွှေဖြိုးက ပန်းကန်တစ်ချပ်ယူ၍ မုန့်ပြင်ဖို့ ကမန်းကတန်းလုပ်သည်။

"နေနေ ... မရွှေဖြိုး၊ ကျွန်တော် ဝပြီ၊ တကယ်ဝတာ၊ ဒုတိယပွဲက ပထမပွဲထက်တောင် များသေးတာ။ မြို့ထဲက ဆိုင်တွေမှာ ရောင်းတာနဲ့ဆိုရင် ကျွန်တော် စားလိုက်တာ ခြောက်ပွဲစာလောက်ရှိမယ်၊ က,တောင် က,ပါ့မလားမသိဘူး။ မရွှေဖြိုးရော မယူတော့ဘူးလား"

"ကျွန်တော်က စားပြီးသား၊ ကိုဖြိုးက ဝင်စားပါဆိုလို့ စားတာ၊ ဗိုက်တောင်မဆန့်တော့ဘူး၊ ဖောင်းထွက်လာတယ်"

ရွှေဖြိုး ရယ်လိုက်၏။ ဖြိုးလည်း လိုက်ရယ်သည်။ ရယ်ရင်းက သူငယ်ချင်း မျိုးထွန်း "စုန်းမ" "ကဝေမ"ဘွဲ့ပေးထားတာ သွားသတိရသည်။ စုန်းမတစ်ယောက်နဲ့ မုန့်လက်ဆုံစားကာ ရယ်ရယ်မောမောတွေ လုပ်မိနေပါလား။ ပြီးတော့ အခင်းဖြစ်ပျက်ရာဒေသက စုန်းမအိမ်မှာ။ စုန်းမရဲ့အစ်မတော်သူ ကိုယ့်ချစ်သူလည်း အိမ်မှာမရှိ။ ကိုယ်တို့နှစ်ယောက်တည်း ရယ်မောစားသောက်နေတာ ကိုယ့်မှာ အပြစ်ကင်းရဲ့လား။ ဦးလေးဦးဘဦးရော ဆေးခန်းမှာ သက်သာပါရဲ့လား။ တကယ်ဆို ဘယ်ဆေးခန်းလည်းမေးပြီး လိုက်သွားဖို့ ကောင်းတာပေါ့၊ ဟိုမှာ တက္ကစီနဲ့ ပြန်ကြရမှာ၊ မှားပြီ။

"ဟောတော့ ... ဒါက ဘယ်လိုဖြစ်တာလဲ"

ဖြိုးက ဖြုန်းခနဲ မတ်တတ်ထရပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခုမှ သတိရတယ်၊ တကယ်ဆို ကျွန်တော် မာလာ့နောက် လိုက်သွားသင့်တယ်၊ မှားသွားပြီ၊ မီမှမီပါဦးမလား မသိဘူး၊ ဘယ်ဆေးခန်းလဲ"

"ဒီနားတင်ပါ ယူအိပ်ချ်စီ"

"ကျွန်တော် လိုက်သွားတော့မယ်"

ရွှေဖြိုး မတားပါ။ တားလည်းရမှာမှ မဟုတ်တာကို သိသည်။

"ကိုဖြိုးမေမေက မာလာ့ကို ခေါ်တွေ့ပြီးပြီနော်"

စကားတစ်ခွန်းတော့ စလိုက်သည်။

"ဟုတ်ကဲ့ ... မာလာက သိပ်လိမ္မာတာပဲ"

"မာလာ ဒီအိမ်ကို လိုက်လာတဲ့အတွက် မာလာ့ကို အထင်မသေးဖို့ တောင်းပန်ပါရစေ၊ ကိုဖြိုးက မေမေနဲ့တွေ့ပေးချင်တယ်၊ မေမေကလည်း တွေ့ချင်တယ်ဆိုတော့ မာလာမှ လာမတွေ့ရင် မေမေ လာနေရမှာစိုးလို့၊ လူငယ်က လူကြီးကို ရိုသေလို့ လိုက်လာခဲ့တာပါ မေမေ"... တဲ့။ ပြောပုံလေးက ယဉ်ကျေးသိမ်မွေ့လှပါဘိ။ မျက်နှာပေးလေး ထားတတ်လှပါဘိ။ ယဉ်ကျေးသလောက် သိမ်မွေ့ကာ၊ ကျက်သရေရှိလိုက်တာလည်း မပြောပါနှင့်တော့။ ချစ်ဖွယ် မြန်မာမကလေးလေ။

"ကိုဖြိုးမေမေက မာလာ့ကို သဘောကျလား"

"ကျတယ်၊ ချစ်စရာလေးတဲ့"

"ကိုဖြိုးမေမေက ဆင်းရဲချမ်းသာ မခွဲခြားတဲ့အတွက် ကျွန်တော့်အစ်မကိုယ်စား ကျွန်တော် ကျေးဇူးတင်ပါတယ်"



"မေမေက ဆင်းရဲတာ ချမ်းသာတာ အဓိကမထားပါဘူး၊ ကိုယ်ကျင့်တရား၊ စိတ်နေစိတ်ထားကို အဓိကထားပါတယ်၊ စိတ်သဘောထား ဖြူစင်တာကို ကြိုက်တယ်၊ ကိုယ့်အပေါ် လာမပုပ်ပေမယ့် သူများအပေါ် စိတ်ပုပ်ထားနေတာတွေ့လည်း မကြိုက်ဘူး၊ မေမေကိုယ်တိုင်လည်း စိတ်ဖြောင့်တယ်၊ ဖြူတယ်၊ မေမေ့ကြောင့် ဘယ်တစ်ဖက်သား တစ်ဦးတစ်ယောက်မှ မထိခိုက် မနစ်နာစေရဘူးတဲ့၊ လုပ်လည်းမလုပ်ဘူး၊ ပြောလည်းမပြောဘူး၊ စိတ်ထဲကတောင် ပျက်စီးနစ်နာပါစေ ဆန္ဒမပြုဘူး"

မေမေ့အကြောင်း ပြောရလျှင် ဖြိုး အာဝဇ္ဇန်းရွှင်၏။ ပြောချင်သည်။ မေမေသည် ဤကမ္ဘာပေါ်မှာ ဖြိုး အထင်အကြီးဆုံး အလေးစားဆုံးနှင့် အချစ်ဆုံးမိန်းမသားတစ်ဦးဖြစ်သည်။ မေမေက ထက်မြက်သည်။ ခပ်နုနုမိန်းမဆိုလည်း သိပ်ကြည့်မရ။ ယောကျ်ားနံနေလျှင်တော့ စကားထဲတောင် ထည့်မပြောတော့ပါ။ လူဖြစ်လျက် လူ့အသိဉာဏ်မရှိ လူစင်မမီဟု သတ်မှတ်သည်။ မေမေ့မှာ အတ္တတွေတော့ ကြီးမားစွာရှိသည်။ အထူးသဖြင့် အချစ်ဆုံးနှင့် တစ်ဦးတည်းသော သားလေးအတွက်။

ဒီသားကို ကောင်းစားစေချင်သည်။ သားအတွက်ဆိုလျှင် မေမေ လောဘကြီးသည်။ သားကိုထိလျှင် မေမေဒေါသကြီးသည်။ ဆတ်ဆတ်ခါနာသည်။ သားကသာ ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့လျှင် မေမေက တွေဝေစွာ ခွင့်လွှတ်ရင်း သားမှာအပြစ်မရှိကြောင်း လက်ခံယုံကြည်ပြီးသား ဖြစ်နေလိမ့်မည်။ သားနှင့် ကမ္ဘာပေါ်ရှိ မည်သို့သော ပုဂ္ဂိုလ်မျိုးနှင့်ပဲ ဆန့်ကျင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ။ သားဘက်က ရပ်မည်။ သားမှန်သည်။ မှားလည်း မှန်သည်။ မှန်လည်း မှန်သည်။ သားပြီးလျှင်သား။ သားမှတစ်ပါး အခြားမရှိ။ သားကြည့်မရသူသည် မေမေ့ရန်သူ၊ သားခင်မင်သူသည် မေမေ့အချစ်ဆုံးလူသား၊ သားက နည်းနည်းဆိုလျှင် မေမေကများများ။ သည်းသည်းလှုပ် အသည်းတုန်အူတုန် မျက်စိစုံလုံးမှိတ်ပြီးတော့ကို ပြင်းထန်စွာ ချစ်တတ်သော မိခင်မျိုးဖြစ်လေ၏။

ဖြိုး မတ်တတ်ရပ်ဆဲက တဝကြီး ပြောချလိုက်သည်။ ဖြိုးကလည်း မေမေ့သားမို့ မေမေ့ကို ဖေဖေ့ထက်တောင် ပိုချစ်ပါသေးသည်။

စကားပြောတတ်ကာစကတည်းက ...

"ဖေဖေနဲ့ မေမေနဲ့ ဘယ်သူ့ပိုချစ်လဲ"... အမေးခံရတိုင်း "မေမေ"... ဟု မဆိုင်းမတွ ဖြေခဲ့၏။ ဖေဖေက ...

"ငါ့မချစ်ဘူးလားကွ"... ဟုဆိုလျှင် ...

"ချစ်တယ်၊ မေမေ့ကို ပိုချစ်တယ်"... ဟု ဖြေခဲ့သည်ချည်းပါ။ မေမေက ...

"မေမေ အသက်လည်းကြီးပြီ၊ ပျော်ဖို့ရွှင်ဖို့ ဝတ်ဖို့စားဖို့ ဘာမှမလိုတော့ဘူး၊ လောကစည်းစိမ် ကောင်းပေ့ညွန့်ပေ့တွေလည်း အကုန်ခံစားပြီးပြီ၊ ခုချိန်မှာ မေမေ တရားရတယ်၊ ဘဝကူးရင် ကိုယ့်ဖို့ပါအောင် လုပ်ချင်တယ်၊ ဒါပေမဲ့ သံယောဇဉ်တစ်ချောင်း တင်နေတာက မေမေ့သား။ မေမေ့သားကို ချွေးမနဲ့ မြေးနဲ့ စိတ်ချလက်ချရှိပြီဆိုရင် ...



"မေမေ သေရင်လည်း သေပျော်ပြီ၊ ဒါမှမဟုတ် တရားဘာဝနာနဲ့ အရိုးထုတ်ရင်လည်း ထုတ်ချင်တယ်၊ ခုချိန်မှာ တရားစခန်းလည်း ရက်ရှည်မဝင်နိုင်၊ သေရမယ်ဆိုလည်းမဖြောင့်၊ မေမေ အသက်ရှည်ရပ်တည်နေခြင်းရဲ့ တစ်ခုတည်းသော အဓိပ္ပာယ်ဟာ သားပဲဖြစ်တယ်"... တဲ့။

ဖြိုးဘက်ကလည်း ပြောချင်သည်။

"ဖြိုး လူ့ဘဝမှာ သက်တမ်းရှည်သမျှ မေမေသည်သာ ဦးစားပေးအဆင့်တစ်နှင့် ရှင်သန်လှုပ်ရှားသွားပါမည်"

မာလာ့ကို ဖြိုး အရင်မျက်စိကျ၍ မေမေ့ကို တင်ပြတော့ မေမေက အပြောနဲ့တင် ကြည်ဖြူထားနှင့်ပြီ။ ကိုယ့်သားကိုယ်ယုံ၏။ သားကြွယ်တာရာဖြိုးဟာ ဦးနှောက်ရှိသောကလေး။ ဒေါ်ခင်ဦးမေအတွက်တော့ နှစ်ဆယ့်ခြောက် နှစ်ဆယ့်ခုနစ်သားသည် ကလေးပါပဲ။ ဒီကလေး ပြုမူသမျှ အမှားဆိုတာရှိခဲလှသည်။ ခုမှမဟုတ်။ ငယ်ငယ်ကတည်းက။ ဒီကိစ္စမှာမှ မဟုတ်၊ ဘယ်ကိစ္စမဆို။ ခေါင်းသုံးတတ်သော ကလေးဟု ယုံ၏။ မာလာ့ကို ကိုယ်တိုင်ကိုယ်ကျ တွေ့လိုက်တော့ ပိုသဘောကျသေးသည်။ ချွေးမလောင်းကလေးသည် ရိုကျိုး၏။ အေးဆေး၏။ ခေတ်မဆန်။ ခေတ်ရှေ့မပြေး။ လူကြီးကြိုက်ပုံစံလေး။ မျက်စိထဲ အေးသည်။ ချွေးမလေးက အိမ်မှာနေ။ သားကိုသခင် လင်ကိုဘုရားအမှတ်နှင့် အိမ်ထောင်ရှင်မ ပီသစွာ နေထိုင်ပြုစု။ လောက်ငှလုံ ပိုလျှံသောဝင်ငွေကို သားက ကောင်းကောင်းကြီး ရှာပေးနိုင်သူမို့၊ ချွေးမကလေး အပြင်ထွက် အလုပ်မလုပ်ပါစေနှင့်။ ကိုယ့်သားကိုပဲ အားသွန်ခွန်စိုက်ပြုစု။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးလျှင် အခန်းဝမှာ မျက်နှာသုတ်ပဝါ ပခုံးပေါ် တင်၍စောင့်၊ ထွက်လာတာနှင့် ဆီးသုတ်ပေး။ အကျီလဲပေး၊ ကြယ်သီးတပ်ပေး၊ ထမင်းစားလျှင် အရိုးထွင်ပေး၊ ညောင်းညာလျှင် နှိပ်ပေး၊ မိခင်နှင့်တူသောမယား၊ နှမနှင့်တူသောမယား၊ အဆွေခင်ပွန်းနှင့်တူသောမယား၊ ကျွန်နှင့်တူသောမယား ဖြစ်စေ။ အမေက သားကိုရှေ့တန်းတင်။ သားက အမေ့ကို ရှေ့တန်းတင်။ ဤကမ္ဘာမှာ ဤအမေနှင့် ဤသားလောက် ချစ်ကြသော အခြားသားအမိတစ်စုံလည်း ရှိနိုင်တော့မည် မဟုတ်ပါ။

"ကိုဖြိုးက တော်တော်လိမ္မာတဲ့သားနော်"

"အဲဒီအတွက် ကျွန်တော် အမြဲဂုဏ်ယူနေတာပါ"

"ကျွန်တော် အိမ်ထောင်ကျလို့ သားမွေးမယ်ဆိုရင် ကိုဖြိုးလိုသားမျိုး ရချင်တယ်"

ပြောပြီးရယ်၏။ ဖြိုးက အလိုက်သင့် လိုက်ရယ်လိုက်ချိန်မှာ မတ်တတ်ရပ် မျက်နှာချင်းဆိုင်တွေ ပုံစံမို့ တစ်ယောက်နှင့်တစ်ယောက် ကြည့်ဖြစ်ကြသည်။ ရွှေဖြိုးက ဖြိုးမျက်ဝန်းထဲသို့ စေ့စေ့ကြည့်ဖြစ်သည်။ လူရိုးလူကောင်း လူဖြောင့်တစ်ယောက်၏ သူငယ်အိမ်တစ်ခုကို အလွတ်ရမှတ်မိနေအောင် ကျက်ယူထားလိုက်မိ၏။ ဖြိုးကကျတော့ ရွှေရည်သွန်းဖြိုးဆိုသော မိန်းကလေး၏ မျက်နှာကို ခုမှပဲ စေ့စေ့ကြည့်ဖြစ်တော့သည်။

နဖူးပြင်သည် ပြေပြေကလေးနှင့် အကျဉ်းအကျယ် အနေတော်ဖြစ်၏။ ကကြီးနဖူးလေးနှင့် မျက်နှာပုံစံဝိုင်းသွယ်မို့ သူမမျက်နှာအခွံလေးဟာ ဝိုင်းတော့မလိုလို ရှည်တော့မလိုလိုနှင့် ဝိုင်းပြီးမှ ပြန်ရှူးကျတော့ အသည်းပုံမျက်နှာလေး ဖြစ်နေတာကို



အထူးတဆန်း သိလိုက်ရသည်။ ပြီးတော့ မျက်ခုံးနက်နက်တန်းတန်းလေးက တော်တော်ရှည်သည်။ မျက်တောင်ကြီးတွေကလည်း ရှည်ပါဘိ။ မျက်အိမ်က ကျယ်ကျယ်၊ မျက်သားဖွေးဖွေးက အပြာရောင်ခပ်လုလု၊ မျက်ဆန်ကနက်နက်နှင့် အလယ်ကောင် သူငယ်အိမ်လေးက ညိုသလိုလို ဝါသလိုလို၊ ကြောင်မျက်စိလို အစင်းတန်းလေးတွေ ဖြာထွက်နေ၏။

တံတိုင်းသုံးထပ်ကာသလို သုံးရောင်ခြယ်မျက်ဝန်းထဲမှ ကြည်လဲ့ကာ လျှံကျတော့မလောက် ရှန်းတောက်နေသည့် အရောင်အဝါတွေက စေးထန်းလျက် ဖွဲငြိတွယ်ကပ်သွားစေတတ်သော ကော်တစ်မျိုးကို ထုတ်လွှတ်နေ၏။ ကျရောက်လာသမျှ အကြည့်တိုင်းကို ပြန်မလွှတ်တော့ဘဲ ရာသက်ပန် အမိဖမ်းထားတော့မည့် ဂုဏ်သတ္တိတွေနှင့် ပြည့်နေ၏။ နှာတံစင်းပုံ၊ နှုတ်ခမ်းဝန်းဝန်းအိအိလေးတွေနှင့် ထာဝစဉ် ကြေးနီရောင်တောက်နေတတ်သည့် အသားညိုညိုက ဒီနေ့မှ အညိုရောင်က ဖြူသလို ကြည်သလို ပေါ်မှာ သနပ်ခါးအစင်းကြားတွေ ထင်နေတာကိုတောင် ဆက်မကြည့်နိုင်တော့ဘဲ အဲသည်အလှအပကလေးများက ဖြိုးမျက်ဝန်းထဲ ခုန်ဝင်လာကြခြင်းအားဖြင့် သိလိုက်ရပြီး၊ ဖြိုးကတော့ စေးထန်းစွာ တွယ်ငြိမ်နစ်မြုပ်နေသည့် မျက်ဝန်းတစ်စုံမှ အကြည့်ကို ပြန်မဆွဲနိုင်၊ ပြန်သိမ်းလို့မရ၊ ခေတ္တမျှ အသက်ရှူရပ်ကာ သေငယ်သေလေသတည်း။

✦ ❦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"မဟုတ်ဘူး မာလာရယ်၊ ကိုယ်လာတယ် မာလာမရှိဘူး၊ သူက မုန့်ကျွေးတယ်၊ ကိုယ်မစားရဘူးလား၊ နောင်တစ်ချိန် ကိုယ့်ခယ်မတော်ရမယ့်သူလို့ မာလာပဲ ပြောထားလို့"

"မစားရဘူး မပြောပါဘူး၊ ဒါပေမဲ့ ရွှေဖြိုးကို ရစရာမရှိအောင် အထင်သေးစကား ပြောထားတဲ့ လူတစ်ယောက်ဟာ ရွှေဖြိုး တည်ခင်းဧည့်ခံတဲ့မုန့်ကို စားတာကပဲ တော်တော်ထူးဆန်းနေပြီ၊ ထားပါ ... မြန်မြန်စားပြီးရင် တဆွေ့ခုန်လောက်ရှိတဲ့ နေရာမှာ အဖိုးကြီး လူနာတစ်ယောက်နဲ့ ကိုယ့်ချစ်သူဆိုတဲ့မိန်းမ၊ မိုးထဲလေထဲမှာ ကားငှားရပြုရ ဒုက္ခတွေခံနေရမှာစိုးစိတ်နဲ့ လိုက်မကြိုသင့်ဘူးလား"

"ကြိုသင့်ပါတယ်"

"ဘာဖြစ်လို့ လာမကြိုသလဲ"

"ကိုယ်စားပြီးပြီးချင်း သတိရတယ်၊ ထပြန်တာပဲ"

"ရောက်လည်း မလာပါလားရှင်၊ မညာပါနဲ့"



"ကိုယ်ပြောတာ ဆုံးအောင်နားထောင်ပါဦး၊ မရွှေဖြိုးက မေးလိုက်လို့၊ မေမေက မာလာ့ကို သဘောတူသလားတဲ့၊ တူတယ်လို့၊ အဲဒါနဲ့ မေမေ့အကြောင်း ဆက်ပြောဖြစ်တာ ကြာသွားတယ်၊ ပြန်တောင်မထိုင်ဘူး၊ မတ်တတ်၊ နောက်နှုတ်ဆက်ပြီး ယူအိပ်ချ်စီကို လိုက်လာတော့ မာလာတို့ကို ဘယ်အခန်းထဲ ဝင်ကြည့်လို့မှ မတွေ့တော့ဘူး"

"အဲဒီနေ့နဲ့ ဒီနေ့ကြားထဲမှာ နှစ်ရက်ခြားတယ်"

"ကိုယ် အလုပ်တွေ သိပ်များနေလို့ မာလာ၊ ကိုယ်တို့ကုမ္ပဏီက မှာထားတဲ့ဆေးတွေ၊ ဆေးရုံသုံးစက်ပစ္စည်းတွေ ရောက်တယ်၊ သဘောင်္ကချရတယ်၊ ကုမ္ပဏီဂိုဒေါင်ကိုပို့ရတယ်၊ စာရင်းတွေ လုပ်ရတယ်၊ ရှိုးရွမ်း(Show Room အရောင်းပြခန်း) ပို့တန်တာ ပို့ရတယ်၊ နိုင်ငံတော်ဆေးရုံတွေက မှာထားတာ၊ အပြင်ဆေးတိုက် ဆေးရုံတွေကမှာထားတာတွေ စာရင်းပြန်တိုက် ... ပို့တန်တာ ..."

"တော်ပြီ ... တော်ပြီ၊ မန်နေဂျင်းဒါရိုက်တာတစ်ယောက်ရဲ့အလုပ်တွေဟုတ်ရဲ့လား မဟုတ်ဘူးလားဆိုတာ မာလာက နားလည်မှာမှ မဟုတ်ဘဲ"

"ကိုယ် အရမ်းပင်ပန်းပြီး နောက်ကျပြီးမှ အိမ်ပြန်ရောက်လာလို့ ညစာတောင် ကောင်းကောင်းမစားနိုင်ဘူး၊ မေမေဆို စိတ်တောင်မကောင်းဘူး၊ ဒီနေ့လည်း ခုချိန်မှရောက်ပြီး ဖုန်းဆက်နိုင်ရုံရှိတာသာ ကြည့်တော့"

"မသိပါဘူး၊ ဒီနေ့နဲ့ပေါင်းရင် သုံးရက်ဆိုတော့ လေကား သုံးထစ်များ ဆင်းသွားပြီလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"မာလာ ကိုယ့်ကိုနားလည်နိုင်မှာပဲလို့ ထင်ထားမိတယ်"

"နောက်ဆိုရင် မာလာ့ကို လျှော့တွက်ပါ၊ အရမ်းအထင်ကြီးခံရတာကို မာလာ မခံစားနိုင်ပါဘူးရှင်"

"မရှိနဲ့ကွာ၊ ကိုယ်နေလို့လည်း သိပ်မကောင်းဘူး"

"ဟုတ်ကဲ့ ... အလိုက်သိစွာ ဖုန်းချပေးလိုက်ပါတယ်၊ ဒါပဲနော်၊ ခါတိုင်းလို တစ်,နှစ်,သုံး မလုပ်တော့ဘူး"

လိုင်းပြတ်သွားသည်နှင့် ဖြိုးက စကားပြောခွက်ကို ချလိုက်သည်။ စုန်းမ ... ကဝေမ။ သူများသမီးရည်းစားကြားထဲတော့ ရှုပ်ပြီ။ သို့ပေမဲ့ ဒီတစ်ကြိမ်တွင် စုန်းမမှာ အပြစ်မရှိဟု ထင်၏။ ဘာမှထူးထူးခြားခြား သိမ်းငင်ညှို့ယူဆွဲဆောင်ခြင်းမပြုလိုက်။ ကိုယ့်အိမ်လာသူတစ်ဦးကို ညှော့ဝတ်ကျေ ညှော့ခံလိုက်တာပဲရှိသည်။ စကားတွေများပြီး လျှာတွေရှည်သွားမိတာက "ကိုယ်"။ မေမေ့အကြောင်း စကားစပ်မိလျှင် အာဝဇ္ဇန်းရွှင်ချင်တာက အမေကိုချစ်သော သားလေ။ မေမေကဆိုလည်း သည်သားအကြောင်းများ ပြောနေတုန်း ထမင်းစားလာခေါ်သည့်သူကိုတောင် စိတ်ဆိုးတတ်သေးသည်။

"မာလာ ... မင်းမှာ အပြစ်မရှိပါဘူးကွာ၊ မင်းစိတ်ဆိုးတာကို ကိုယ်ခွင့်လွှတ်တယ်"... ဟု ပြောရင်း ...

"ကိုယ့်မှာလည်း အပြစ်မရှိပါဘူး မာလာရဲ့၊ မင်းခွင့်လွှတ်သင့်တယ်"... ဟု ပြောရင်း ...

ထိတ်လန့်တုန်လှုပ်ဖွယ်၊ တံတိုင်းသုံးထပ်လိုဖြစ်နေသော ကမ္ဘာ့အလှဆုံး မျက်ဝန်းတစ်စုံက မျက်စိမှိတ်ထားလည်း ကိုယ့်မျက်ဝန်းထဲ ခုန်ဝင်လျက် ကိုယ့်အဖြစ်ကိုလည်း ကိုယ်စိတ်



ဆိုး၊ တကယ်အလုပ်များတာထက်၊ တကယ်ပင်ပန်းတာထက်၊ အဲသည်မျက်ဝန်းနှင့် ထပ်မံဆုံတွေ့မိရမှာ အကြောက်ကြီးကြောက်နေမိတာပါဟု မာလာ့ဆီမှာ ဝန်ခံလိုက်ချင်သည်။ ကြောက်တယ်ဆိုကတည်းက ကိုယ့်ဘက်က အပြစ်ကင်းလို့ မဟုတ်ဘူးလား။

✦❦✦

သူများကုမ္ပဏီတွေတော့ မပြောတတ်ပါ။

ဖြိုးတို့ကုမ္ပဏီကတော့ အလုပ်တွေ အရမ်းတအားရှုပ်ကျသွားပြီးလျှင် ယာယီမျှ အလုပ်ပါးသွားတတ်တာ ထုံးစံလိုဖြစ်နေသည်။ ဒီနေ့ အလုပ်ပါး၏။ ရုံးခန်းထဲထိုင်ရင်း ကိုယ့်ရှေ့စားပွဲပေါ်မှ ဆေးလိပ်ပြာခွက်ကို အဓိပ္ပာယ်မဲ့စွာ သဲမဲကြည့်နေမိသည်။ ဖြိုးက ဆေးလိပ်သောက်တတ်သူ မဟုတ်ပါ။ ဖေဖေကအရင်တုန်းက သောက်ခဲ့သည်။ ဖေဖေ့အဖေ ဖြိုးတို့အဘိုးက ဖေဖေ့ကို ...

"မင်းမသေခင် ငါအရင်သေချင်တယ်"... ဟု တစ်ခွန်းပဲ ပြောခဲ့သည်။

ဆိုလိုတာက လူကြီးက ရှေ့ကသွား လူငယ်က နောက်မှလိုက်၊ သက်တမ်းစေ့ အစဉ်အတိုင်း သေစေချင်သည်။ ဆေးလိပ်တွေ နှင်းကန်သောက်ပြီး လူငယ်က သက်တမ်းတိုကာ လူကြီးထက် အသေစောတာမျိုး မဖြစ်စေချင်ဟူ၍။ ဖေဖေက ဆေးပေါ့လိပ်၊ စီးကရက်၊ ဆေးတံ၊ ဆေးပြင်းလိပ်၊ မီးခိုးထွက်တာမှန်သမျှ အကုန်သောက်သည်။ ဆေးပြင်းလိပ်က အနံ့ဆိုးသည်မို့

www.burmeseclassic.com

www.burmeseclassic.com



သေားလူမခံနိုင်မှာ ဆင်ခြင်စွာ ရံဖန်ရံခါမှ သောက်သည်။ ဆေးတံလည်း အသောက်နည်း၏။ အများဆုံးနှင့် အကြိုက်ဆုံးသောက်တာက စီးကရက်ပါပဲ။ အဲသည်လို မျိုးစုံအောင်သောက်သော ဖေဖေ၊ ဘိုးဘိုး စကားတစ်ခွန်းတည်းနှင့် အနှစ်နှစ်ဆယ်ကျော် စွဲလမ်းစွာ သောက်ခဲ့သည့် ဆေးလိပ်ကို တိခနဲ ဖြတ်ပစ်သည်။ ဖြိုးတို့မျိုးရိုးက အဲသည်လို မိဘစကားဆို မြေဝယ်မကျသည့်မျိုးရိုး။ ဖေဖေရော မေမေပါ ဆေးလိပ်မသောက်၊ ဖြိုးလည်းမသောက်တော့ အိမ်မှာရော ရုံးခန်းမှာပါ စီးကရက်ဆိုတာ ပျောက်ကွယ်ပစ္စည်း ဖြစ်နေသည်။ ကိုယ်မသောက်တတ်လို့ ကိုယ်က ထုတ်မတည်ပေမယ့် သောက်တတ်သူက သူ့စီးကရက်နှင့်သူ လာသည့်အခါမှာ ပြာချွေဖို့ ဆေးလိပ်ခွက် ထားပေးရသည်။

ဆေးလိပ်ပြာခွက် ဖန်ကြည်လေးထဲမှာတော့ ပုံလေးပေါ်လာသည်။ မာလာ့အပေါ်မှာ ထားမိသည့် သံယောဇဉ်က တော်တော်လေး ခိုင်မြဲနေပါရောလားဆိုတာ ကိုယ့်ကိုယ်ကိုယ် ဝမ်းသာစွာ သိရှိရသည်။ ဖြိုးက တစ်သက်မှာ လက်ထပ်ဖို့အတွက် ရည်ရွယ်သော ရည်စားတစ်ယောက်ပဲထားကာ မကြာခင်လက်ထပ်လိုက်ပြီး ရာသက်ပန် သစ္စာရှိစွာ နေထိုင်သွားသော အိမ်ထောင်ရေးကို တည်ဆောက်မည့်သူဖြစ်၏။ ကိုယ့်ဘက်ကစလို့ ဘယ်တော့မှ သစ္စာမဖောက်မှာ ကိုယ့်ဘာသာယုံသည်။ မာလာသည် ဖြူသန့်ကာ ချစ်ချင်ဖွယ် အဆင်းလေးဖြင့် မျက်စိထဲအရင်ဝင်ပြီးမှ သူ့နေတတ်ပုံလေးကို သဘောကျခဲ့ရတာဖြစ်သည်။

"ကိုယ်တို့လက်ထပ်ဖို့ကိစ္စ မြန်မြန်စီစဉ်ကြစို့နော်"

"ကိုဖြိုးမေမေကို တိုင်ပင်ပါဦး"



"မေမေက ခွင့်ပြုပြီးသားလေ"

"ဒါဖြင့်လည်း ကိုဖြိုးသဘောလေ"... တဲ့။

လက်ထပ်ဖို့တောင် နီးကပ်လာခဲ့ပြီ။ မာလာ့ကို ရွှေဖြိုးတို့အိမ်မှာ တွေ့ရတော့ သူ့သိက္ခာကို လေးစားစွာ ပဂါတစ်ကမ်း နေခဲ့သည်။ အဲသည်နေ့ကတော့ မာလာ လာပေးသော ကော်ဖီပန်းကန်ကိုယူရင်း မာလာ့လက်ကလေးကိုပါ ဖမ်းဆုပ်ထားလိုက်မိ၏။ မာလာ ရှက်သွေးမွှန်စွာ မျက်နှာတွတ်တွတ်ရဲလျက် ကျိတ်ရန်းပုံလေးက ချစ်ဖို့ကောင်းပါဘိ။

"မကြာခင် လက်ထပ်ဖြစ်တော့မယ့် ဇနီးလောင်းကို လက်ဖျားနဲ့တို့ဖူးရုံပဲ ရှိပါတယ်"

အံကြိတ်ပြီးနောက်တော့ မာလာ့မျက်နှာ ပြန်ကိုမော့မလာတော့ဘဲ အရှက်သည်းနေလိုက်တာလေ။

"ကိုယ့်ကို ချစ်ရဲ့လား မာလာ"

"ကိုဖြိုးလိုပဲပေါ့"

"ကိုယ်တို့ တစ်သက်လုံး သစ္စာရှိသွားကြမယ်နော်"

မာလာက ခေါင်းညိတ်သည်။

"ဘယ်မှာ မင်္ဂလာဆောင်ချင်လဲ"

"မာလာတို့ကတော့ မိန်းမသားလေ ကိုဖြိုးရယ်၊ တစ်သက်မှာ တစ်မင်္ဂလာ၊ ခမ်းခမ်းနားနား ဖြစ်ချင်တာပေါ့၊ ဒါပေမဲ့ ကိုယ်က တတ်နိုင်သူမှ မဟုတ်တာ၊ စိုက်ထုတ်ကုန်ကျရမယ့်သူ သဘောပါ"

"မေမေကတော့ ယုဇနဂါးဒင်းပဲ မှန်းတယ်၊ ခုမှ ဘယ်နှယောက်လည်း လုပ်ရသေးတာ၊ အသစ်ဆုံးပဲ၊ သူက ဒီ[illegible]လည်း မြန်မြန်ရမယ်၊ အင်းယားလိပ်ဆို ကြာတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဖြိုးတို့ ပိုက်ဆံတွေ သိပ်ကုန်မှာလည်းစိုးတယ်"

"ပြီးရင် မာလာက သျှောင်နောက် ဆံထုံးပါရမှာနော်"

"မာလာ နားလည်ပါတယ်၊ ဒါပေမဲ့ ကိုဖြိုးရယ်၊ မာလာ တစ်ယောက်လုံး အိမ်ထောင်ရက်သားကျပြီး ပြည့်ပြည့်စုံစုံ ချမ်းချမ်းသာသာ ဖြစ်နေပါလျက် ဖေဖေ့ကို ဒေါ်လေးအိမ်မှာပဲ ဆက်ထားရမှာကျတော့ တစ်မျိုးကြီးပဲ၊ ဒေါ်လေးကိုလည်း အားနာတယ်၊ ဖေဖေ့ကိုလည်း သနားတယ်၊ မာလာ့ကိုယ်မာလာလည်း တာဝန်မကျေသလိုကြီး ခံစားရမယ်"

"ခေါ်ထားလေ၊ ကိုယ်တို့အိမ် ဒီလောက်ကြီး ကျယ်တဲ့ဟာ"

"အဲဒါကျတော့လည်း ဖေဖေ မျက်နှာငယ်မယ်။ ဖေဖေက ရှာနိုင်ဖွေနိုင်တဲ့ သူဌေးလည်း မဟုတ်ဘူး၊ ပညာလည်းမရှိဘူး၊ အဆင့်အတန်းချင်း မိုးနဲ့မြေလိုကွာတဲ့ ခမည်းခမက်အိမ်မှာ ဖေဖေဟာ လူတကာ့မျက်နှာကို လိုက်မော့ကြည့်နေရမှာပဲ"

"ဒီတော့ မာလာက ဘာဖြစ်ချင်လဲ၊ တစ်အိမ်ထားချင်လား၊ တိုက်ခန်းတစ်ခန်း ကောင်းကောင်းဝယ်ပေးရမလား"

"ကိုဖြိုးရယ် ... ဖေဖေ့ကို ဘယ်သူချက်ပြုတ်ကျွေးမလဲ၊ ပြုစုမလဲ"

"အိမ်ဖော်ထားမှာပေါ့"

"သင့်တော်မလား ကိုဖြိုးရယ်၊ ပတ်ဝန်းကျင်က အဲဒီအိမ်ဖော်နဲ့ ဖေဖေနဲ့ကို မဟုတ်တာတွေ ဖြစ်နေပြီပြောမှာပေါ့၊ တကယ်တောင် ဖြစ်သွားနိုင်သေးတယ်၊ အသက်တွေကြီးကာမှ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ဦးမယ်"

"ဒါဖြင့် ပြောလေ"

"အဲဒီတိုက်ခန်းမှာ ကိုဖြိုးနဲ့ မာလာပါ နေနိုင်ရင်တော့ အိမ်ဖော်မခေါ်လည်း တင့်တယ်တာပေါ့"

ဖြိုး ခေါင်းခါလိုက်သည်။ ဖြိုး ... ကြီးကျယ်တာတော့ မဟုတ်ပါ။ အမြင်ကတ်ပုဒ်မနှင့် ဝိုင်းရိုက်လျှင်လည်း ခံရပါမည်။ ဖြိုး တိုက်ခန်းမှာ မနေနိုင်ပါ။ စိတ်မွန်းမည်ထင်သည်။ တစ်ခါမျှ မနေဖူးခဲ့သည်မို့ မနေချင်တာလည်းပါ၏။ အတွေးထဲမှာ အသက်ရှူကျပ်ပြီး စိတ်တွေညစ်နေသည်။ ဖြိုး၏အိပ်ခန်းတစ်ခန်းတည်းက ပင် တော်ရုံတိုက်ခန်း၏ တစ်လွှာနီးပါးရှိ၏။ ကိုယ်တစ်ယောက်တည်းနေလာသော ဧရိယာလေးထဲမှာ ကိုယ်နှင့် ကိုယ့်ဇနီး၊ ယောက္ခမ၊ အိမ်ဖော်။ အို ... ဘယ်လိုနေလို့ ဖြစ်မှာလဲ။

အဲဒါအပြင် ... မေမေက ...

"သား မိန်းမရရင် မေမေ့ကို ခွဲဆင်းမသွားနဲ့နော်၊ သား ရည်းစားထားရင် မေမေက တော်၏ မတော်၏ ဝေဖန်မယ်၊ တားသင့်တားမယ်၊ တိုက်တွန်းသင့် တိုက်တွန်းမယ်။ ဒါပေမဲ့ သားက နောက်ဆုံးတစ်နေ့မှာ မေမေ့ဆန္ဒကိုမတိုင်ပင်တော့ဘဲ ကိုယ့်သဘောနဲ့ကိုယ် လုပ်လာခဲ့ပြီဆိုရင် ...

"သိကြားမင်းရဲ့သမီးပဲဖြစ်ဖြစ်၊ လမ်းဘေးက ပြောင်းဖူးပြုတ်သည်မလေးပဲဖြစ်ဖြစ်၊ မေမေ တည့်အောင်ပေါင်းမယ်၊ မေမေ့ကြောင့် သားတို့အိမ်ထောင်ရေးမှာ အဆင်မပြေ အဖုအထစ် ဖြစ်ရတယ်ဆိုတာ ရှိကိုမရှိစေရဘူး"တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မေမေတောင်းတဲ့ အခွင့်အရေးက တစ်ခုတည်းပဲ၊ သားနဲ့ မေမေ တူတူနေချင်တယ်၊ သားမျက်နှာကို မေမေအံမြဲကြည့်နေခွင့် ရချင်တယ်၊ သားရင်ခွင်ထဲမှာ မေမေ သေချင်တယ်၊ မေမေ့ကို ထားခဲ့ပြီး အိမ်ခွဲဆင်းမသွားပါနဲ့၊ ဒါလေးတစ်ခုတည်းပါ သားရယ်"... တဲ့။

တိုက်ခန်းနဲ့ မနေချင်လည်း ဖြိုးတို့မှာ ဒီအိမ်တစ်လုံးထဲမှ မဟုတ်တာ၊ နောက်ထပ် အပိုင်နှစ်လုံး ရှိသေးသည်။ ကြိုက်ရာတစ်လုံးမှာ နေနိုင်သည်။ သို့ပေမဲ့ ... မေမေ့ကို ဘယ်လိုခွဲခဲ့ရမလဲ။ မေမေကလည်း ခမည်းခမက် အထီးကြီးတစ်ယောက်ကိုတော့ အိမ်ပေါ်ခေါ်တင်ချင်မည်မထင်။ တင်မယ်ပဲထား၊ ဦးဘဦးအနေခက်မှာ သေချာသည်။ ခမည်းခမက်နှစ်ဦးနှစ်ဝက အလွှာချင်း တော်တော်ကွာဟနေတော့ ညှိရန်နိုင်းရခက်ဖို့ရှိသည်။ မေမေကလည်း ချွေးမအတွက်သာ ထောင့်စေ့အောင် စဉ်းစားပေးခဲ့ပြီး ခမည်းခမက်ကိစ္စကျတော့ ချိန်ထားခဲ့ရစ်ပုံရသည်။ ကျန်ရစ်ခဲ့မည်ထင်သည်ပေါ့။ ချွေးမလေးပဲ အိမ်ပေါ်ပါလာမည်ထင်ခဲ့သည်ပေါ့။

"ထားလိုက် မာလာ၊ ဒီကိစ္စ တစ်နည်းနည်းနဲ့ အဆင်ပြေအောင် ညှိပေးမယ်၊ မေမေ့ကို ပြောပြလိုက်မယ်၊ ကိုယ့်ဆန္ဒက ခုဝါကျွတ်ရင် ကောင်းမလားလို့"

"အဲဒါ မာလာ ကန့်ကွက်ဖို့ မရှိပါဘူး"

"မာလာ ဘာဝတ်မလဲ၊ ထိုင်မသိမ်းပဲပေါ့"

"ကိုဖြိုးသဘော"

"မေမေကတော့ ထိုင်မသိမ်းမှ ထိုင်မသိမ်း။ ဆံထုံးကဒေဝီတုံးတဲ့၊ ကိုယ့်ကိုလည်း ရင်ဖုံးတိုက်ပုံနဲ့ တောင်ရှည်ပုဆိုးနဲ့ ခေါင်းပေါင်း ပေါင်းရမယ်တဲ့"



"ကိုဖြိုး ခေါင်းပေါင်း,ပေါင်းရင် ခန့်မှာပဲ"

"မခန့်ချင်သေးပါဘူး၊ လှချင်သေးတာ၊ ခန့်ရမယ့်အရွယ် မရောက်သေးပါဘူးကွ"

"လှလည်းလှပါတယ် ကိုဖြိုးရဲ့"

"မာလာကတော့ တအားလှမှာ အဖြူရောင်လေး ဝတ်ပေါ့၊ ချိတ်ဆိုလည်း အဖြူရောင်ပေါ်မှာ ရောင်စုံချိတ်"

"ကိုဖြိုး သဘော"

"မာလာက အသားဖြူတော့ အဖြူဝတ်စုံလေးနဲ့လိုက်မယ်လို့ ကိုယ်ထင်တယ်၊ ရင်ဘတ်မှာဆွဲဖို့လည်း မေမေက စိန်ချည်းဆင်မှာ၊ ရောင်စုံတွေ ရောဆောင်မယ်မထင်ဘူး"

"ဟင် ... မာလာ ကြားဖူးတာက သတို့သမီးဆိုတာ ရင်ဘတ်အပြည့် ဆင်ရတော့ အတုတွေဝတ်ကြတယ်ဆို၊ စိန်ဆိုလည်း ရုရှားစိန်၊ ပတ္တမြားတွေ မြတွေဆိုလည်း ချက်ကြောက်တွေ၊ အဲဒါတွေကို ငွေနဲ့လုပ်ပြီး ရွှေရည်စိမ်ထားတာကို အလှပြင်တဲ့ အခြောက်တွေက တစ်ခါတည်းဆင်ပေးတာ မဟုတ်ဘူးလား"

"များသောအားဖြင့်တော့ ဟုတ်တယ်။ အစစ်ကို အပြည့်မဝတ်နိုင်ကြဘူး မဟုတ်လား။ ဆွေမျိုးစုက လာဆင်တော့လည်း တစ်အိမ်ကတစ်မျိုး၊ တစ်ယောက်တစ်ပေါက်နဲ့ မလိုက်ဖက်ဘူး၊ မေမေကတော့ စိန်ချည်း ရင်ဘတ်အပြည့်ဆင်နိုင်တယ်၊ ဆင်မှာ"

"ဟင် ... ကိုဖြိုးတို့က ချမ်းသာလိုက်တာနော်၊ မာလာ ကြားရတာ အားငယ်လိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဝမ်းသာရမယ့်ဟာကို၊ ဒါတွေဟာ ကိုယ်က တစ်ဦးတည်း သောသားဆိုတော့ မာလာပဲရမှာ"

"မာလာက ဆင်းရဲတော့ ကိုဖြိုး ချမ်းသာတယ်ကြားလေ၊ အားငယ်လေ၊ မာလာ့ကို ပစ်သွားမှာ ကြောက်လေပဲ"

"အမယ်လေး ... မပစ်ကြီးထဲကပါ တစ်သက်မှာတစ်ယောက်"

ဖြိုး အားတက်သရောပြောပြီး ကိုယ်ကို ရှေ့ကိုင်းလိုက်မိသည်။ မာလာ့ကို ပခုံးလေးဖြစ်ဖြစ် ထုချင်၏။ စိတ်ပါလက်ပါ အားတက်သရောကြီးပြောပြီး စိတ်ထဲမှာ အရမ်းလည်းပျော်သွားသည်။ ကြည်လည်း ကြည်နူးသည်။ ကိုယ်လက်ထပ်ရမည့် မိန်းကလေးက ခြောက်ပစ်ကင်း သဲလင်စင်လေးမို့လည်း ဂုဏ်ယူ၏။ ကံကောင်းလွန်းစွာ တွေ့ဆုံကြခြင်းပေပဲ။

"ဘယ်လိုဖြစ်နေတာလဲ"

မာလာ့ထံမှ မျက်စောင်းတစ်ပွင့်ရ၏။

"ပျော်နေတယ်၊ လူကို ဣန္ဒြေမရဘူး ဖြစ်နေတယ်၊ လူကြီးတွေရှိလား"

"အို ... ဘာလုပ်မလို့လဲ"

"အားနာလို့ပါကွ၊ ခုနေ အိမ်ထဲကထွက်လာရင် ကိုယ့်မျက်နှာက စပ်ဖြီးဖြီးနဲ့ ဣန္ဒြေမရ အပိုးမသေကြီး ဖြစ်နေမှာ ရှက်လည်းရှက်လို့"

မာလာ လွင်လွင်လေးရယ်၏။

"မာလာ့ကို ချစ်လား"... ဟု ကိုယ်ကိုရှေ့ကိုင်း၍ တိုးတိုးလေးမေးသည်။ အချစ်နားနှင့်မစွင့်လျှင် ကြားနိုင်ဖွယ်မရှိပါ။



လူချင်းကလည်း နီးလှသည်မဟုတ်။ ဖြိုးကတော့ ကြားဖြစ်အောင် ကြား၏။ မာလာ့လိုပဲ ကိုယ်ကို ရှေ့သို့ကိုင်းကာ တိုးတိုးလေး ပြန်ပြော၏။

"သိပ်ချစ်တယ်၊ ကိုယ့်ကိုရော"

"တူတူပေါ့"

လူကြီးလူကောင်း စုံတွဲလေးလို ရှေ့ကိုင်းထားမိသည့် ကိုယ်ကလေးတွေ ပြန်မတ်၊ ဆိုဖာမှာ ကျောမှီပြီး သာသာညင်းညင်း ရယ်ဖြစ်၏။ ရင်ထဲမှာ ကြည်နူးလိုက်တာ အတိုင်းမသိ။

"ဒေါ်လေး မရှိဘူး၊ ဖေဖေလည်း မရှိဘူး၊ ဒေါ်လေးအပြင်သွားတာ ပစ္စည်းပါတာများလို့ အဖော်လိုက်သွားပေးတယ်"

ဒီနေ့က တနင်္ဂနွေနေ့မို့ ဖြိုးက နေ့လယ်ဘက် လာနိုင်ခြင်းဖြစ်သည်။

"ဒါဆို ကိုယ့်ကို မကြောက်ဘူးလား"

"ဘာလို့ ကြောက်ရမှာလဲ၊ ကိုဖြိုးက လူကြီးလူကောင်းပဲဟာ"

"အပိုင်ချီပေါ့၊ အပြောကောင်းတယ်"

"မဟုတ်လို့လား"

"ထားပါတော့"

ဖြိုးမျက်နှာက မျက်နှာပိုးမသေ။

"မာလာ့အေးနား လာထိုင်ရမလား"

"ဘယ်လိုဖြစ်နေတာလဲ"

"မိန်းမရကာနီး ပျော်နေတာ၊ သီတင်းကျွတ်ဖို့က နှစ်လလောက်ပဲ လိုတော့တယ်လေ၊ အဲဒီနှစ်လကို ပြောင်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ရွှက်နှစ်ရွက် ဆွဲဆုတ်ပစ်လိုက်လို့ရရင် ဆုတ်လိုက်ချင်တယ် သိလား"

ဖြိုးက အံကြိတ်ပြတော့ မာလာက ရယ်ပြန်သည်။

"ပျော်လား မာလာ"

"ပျော်တာပေါ့"

"မာလာ့နားမှာ လာထိုင်ချင်တယ်"

"ကိုဖြိုး သိပါတယ်၊ တကယ်လာမထိုင်ဘဲ လာထိုင်ချင်တယ်ချည်း ပြောနေကတည်းက မထိုင်သင့်ဘူးဆိုတာ လက်ခံပြီးသား ဖြစ်နေလို့ပေါ့"

"ဂျက်စီဂျိမ်းမ,လေး။ အရှောင်အတိမ်းကောင်းတယ်"

"ခုတလော ကိုဖြိုး ရယ်စရာတော်တော်ပြောတယ်"

"အူမြူးနေတယ်လေ၊ တစ်ခွေလုံး မြူးနေတာ မိန်းမရကာနီးလို့"

"သွား"

မျက်စောင်းတစ်ပွင့် ကြွေပြန်၏။

အဲသည်မျက်စောင်းလေးတွေဟာ ခရေပွင့်လေးတွေလို မွှေးမွှေးလေးတွေ ဖြစ်နေမှာမို့ ကိုင်တွယ်လို့သာရရင် တစ်ပွင့်ချင်းလိုက်ကောက်ပြီး သီဆွဲချင်တယ်၊ သိလား ... ဟုပြောချင်၏။ ကဗျာဆန်ပြီး ပေါကြောင်ကြောင်ကြီး ဖြစ်သွားမလား၊ ရှက်တာနှင့် မပြောဖြစ်တော့ပါ။

ကြီးမှပေါတော့ ကြီးပေါကြီးဖြစ်၊ ကြီးမှ မိုက်တော့ ကြီးမိုက်ကြီးဖြစ်မယ်လေ။

"ညနေစာ အပြင်လိုက်စားမလား"



"ဒေါ်လေးလည်းမရှိ ဖေဖေလည်းမရှိနဲ့ ခွင့်တောင်းစရာ အုပ်အိန်းသူ မရှိတော့ မဖြစ်သေးပါဘူး"

မသွားရတာကို ကိုယ်မကြိုက်ပေမယ့် ခုလို ထိန်းသိမ်းတာလေးအတွက် အမြတ်နိုး တိုးရပြန်၏။ ကျေနပ်နှစ်သိမ့်ခြင်းတွေ ပီတိအဖြစ်ပြောင်းကာ အကြည်နူးကြီး ကြည်နူးရပြန်၏။ ပျော်လိုက်တာ မာလာလေးရယ်၊ ခုတော့လည်း ပန်းခင်းလမ်းမှာ ဆူးကလေးတစ်ခက်ကျလို့။

ဆေးလိပ်ပြာခွက်လေးထဲမှာ မာလာ့အရိပ်လေး ပျောက်သွားသည်။ အတွေးတွေကို ပြန်သိမ်းလိုက်၏။ ဒီနေ့ညနေတော့ မာလာ့ဆီ သွားဖြစ်အောင်သွားမှ။ ချော့ဖြစ်အောင်ချော့မှ။ တကယ်တော့ ရည်းစားကို ချော့ရတယ်ဆိုတာလည်း ချိုမြိန်အရသာတစ်ခုပေပဲ မဟုတ်လား။ အဲဒီ အချစ်ချိုချော့လေးကို ခံစားချင်လို့ ရည်းစားထားကြတာ မဟုတ်ဘူးလား။

"ဆရာ"

"ဟေ"

အတွေးစလေး တိတိပြတ်လေ၏။

"ဆရာ့ကို တွေ့ချင်လို့တဲ့၊ ဧည့်သည်ရောက်ပါတယ်"

ဖြိုး ရုံးခန်းတံခါးဝမှာ စောင့်သည့်လုလင်ကလေးက ဝင်လာပြောသည်။

"ဘယ်သူတဲ့လဲ၊ ဘာကိစ္စလဲ၊ ငါနဲ့ချိန်းထားတဲ့သူလား၊ မင်းက သေချာစုံစေ့အောင် မမေးခဲ့ဘူးလားကွာ"

"မမေးခဲ့မိဘူး ဆရာ"

"မင်းကလည်း ခါတိုင်းမေးနေကျဟာကို တစ်ခေါက်ပြန်မေးခိုင်းရတော့လည်း အားနာစရာ"

www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီးက အရမ်းလှတော့ မေးဖို့မေးခွန်းတွေ မေ့သွားလို့ပါ"

"ငကြောင်ရ၊ ခေါင်းတင်ကြောင်သလားမှတ်တယ်၊ ဖွန်ပါကြောင်ပြီ၊ မင်းတော့ တံတားလေးနဲ့နီးပြီ"

"သိပ်လှတယ် ဆရာ၊ နာမည်တော့ မေးခဲ့ပါတယ်၊ ရွှေ ... ရည် ... သွန်း ... ဖြိုး ... တဲ့"

ကိုယ်တော်က ဆွဲငင်ပြောနေသေးသည်။

"တကယ်ပဲ ရွှေကိုအရည်ကျိုပြီး လောင်းချထားသလား ထင်ရအောင်လှပါတယ် ဆရာ"

ဖြိုး မျက်ခုံးကြီးပင့်၍ အံ့သြရင်း ခေါ်ခဲ့ဟု ပြောလိုက်ရလေတော့သည်။

✦ ❦ ✦

ဖြိုး မတ်တတ်ထရပ်ကြိုပေမယ့် သက်ပြင်းမောကို ချဖြစ်လေ၏။ မျက်နှာက မရွှင်မပျနှင့် စိတ်ညစ်စိတ်ရှုပ် ဖြစ်နေပုံကို ဖုံးဖိလို့မရချေ။

"ကြွပါ"

စားပွဲရှေ့ကုလားထိုင်ကို လက်ညှိုးထိုးပြလိုက်သည်။ ခါတိုင်း ကိုယ့်ဆီ နိုင်ငံခြားသားဧည့်သည်တွေလာလျှင် ပြောနေကျ What can I do for you, May I help you ဆိုတာမျိုး၊ မြန်မာဧည့်သည်တွေလာလျှင် "ကျွန်တော် ဘာများကူညီနိုင်မလဲ ခင်ဗျာ"... ဆိုတာမျိုး မပြောဖြစ်တော့ပါ။



"ကြွရသေးတာပေါ့၊ ဒါပေမဲ့ ကြွနေရင် ဘယ်ထိုင်လို့ရတော့မလဲ ကိုဖြိုးရဲ့၊ မကြွမှ ထိုင်လို့ရမှာပေါ့၊ ဒီတော့ ကြွလည်း ကြွခဲ့ပြီးပါပြီ ထိုင်လည်း ထိုင်ပါရစေ"

ဖြိုးစိစိ အမူအရာကို စိတ်ထဲအနှောင့်အယှက်ကြီးစွာ ဖြစ်သွားရသည်။ မရွှေဖြိုး ... ခင်ဗျား ကျုပ်ရုံးခန်းထိ လာနှောင့်ယှက်တာလားဗျာဟု ညစ်ညစ်ညူးညူးကြီး မေးလိုက်ချင်သည်။

"လာရင်းကိစ္စကို အမိန့်ရှိပါ ... တို့ ဘာတို့ ပြောလေ"

သူကပဲ တစ်ပြန်စီး သင်ပေးနေပြန်၏။ ဖြိုး ဖြစ်နိုင်လျှင် ဒီရုံးခန်းထဲမှ ထွက်ပြေးသွားချင်သည်။ မာလာနှင့် ပထမတက်နေသည့်ပြဿနာမှ ဖြေရှင်းလို့မပြီးသေး။ နောက်ထပ် ဒုတိယပြဿနာက ထပ်တက်မှာစိုးသည်။

"ကိုဖြိုးက စီးပွားရေးလုပ်ငန်းရှင်ဖြစ်ပြီး နှုတ်တော်တော်နည်းတာပဲ၊ စီးပွားရေးသမားဆိုတာ အာဝဇ္ဇန်းရှင်ရတယ် ကိုဖြိုးရဲ့၊ ကျွန်တော်တို့လိုပေါ့"

ဖြိုး သွားဖြီပြလိုက်သည်။ ရယ်ပြပြုံးပြဖို့တော့ ကြိုးစားတာပါပဲ။ သို့ပေမဲ့ ဘယ်လိုမှ မအောင်မြင်သည်မို့ သွားဖြီခြင်းအမှုပဲ အထမြောက်ပါလေ၏။

"ကျွန်တော့် ဖခမည်းတော်ဆီက ဖုန်းလာတယ်လေ။ ဆေးရုံတစ်ခုခုကိုတဲ့၊ သူ့မွေးနေ့အတွက် လှူပေးပါတဲ့။ ဆေးရုံသုံးစက်ပစ္စည်း တစ်ခုခုပေါ့။ ဆေးတွေတော့ မလှူချင်ဘူး။ ဆေးဆိုတာ ကိုယ်လှူတာနဲ့ ဆေးရုံမှာလိုနေတာနဲ့ အစပ်တဲ့ချင်မှတဲ့မှာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဆေးရုံသုံးပစ္စည်းကိရိယာတွေဆိုတော့ မလွဲသေ လိုမှာပဲ။ ဒေါ်လာနှစ်ထောင့်ငါးရာနဲ့ သုံးထောင်ကြားတန် တဲ့ပစ္စည်း၊ ကိုဖြိုးကုမ္ပဏီမှာ ဘာရှိလဲ၊ ဆေးရုံမှာမရှိမဖြစ် လိုအပ်တဲ့ပစ္စည်းမျိုးလည်း ဖြစ်ရမယ်၊ အဲဒါဝယ်ချင်လို့"

ဖြိုး မျက်ခုံးနှစ်ခု အတွန့်ကျိုးကျ၏။ တကယ်ပဲ ရင်ထဲလေးလံကာ နင့်နင့်နဲနဲကြီး ခံစားနေရသည်။ ခေါင်းတွေအုံ လျက် နားထင်နားရင်းတွေလည်း ပူလာ၏။ ခုနေ သွေးဖိအား နှုန်းတိုင်းကြည့်လျှင် သွေးတိုးနေမှာ သေချာ၏။

"ကျွန်တော်တို့ ရှိုးရွမ်း(Show Room)က ကုက္ကိုင်းမှာရှိပါ တယ်၊ ကုက္ကိုင်းဆိုပေမယ့် ကမ္ဘာအေးဘုရားလမ်းပေါ်မှာ လေ၊ မီးပွိုင့်ကျော်ကျော်လေးမှာပေါ့၊ အဲဒီမှာသွားကြည့်ပြီး စိတ်ကြိုက်ရွေးနိုင်ပါတယ်"

"ဒါတော့ သိသားပေါ့၊ တစ်ယောက်တည်းမှ မသွားချင် တာ၊ မန်နေဂျင်းဒါရိုက်တာကြီးနဲ့ သွားချင်တာ။ ဒါမှ ဈေးလည်းမှန်မယ်၊ ပစ္စည်းလည်းမှန်မယ်"

"ဈေးမှန်တွေချည်းပါပဲ၊ ပစ္စည်းလည်း မှန်ပါတယ်၊ အကုန် လုံး အသစ်စက်စက်တွေ၊ အဟောင်းပြန်ပြင်ပြီး ပြုပြင်ထား တာမျိုးမှ မရှိတာ"

"ဒါပေမဲ့ ကုမ္ပဏီပိုင်ရှင်လည်းဖြစ်၊ မန်နေဂျင်းဒါရိုက်တာ ကြီးလည်းဖြစ်တဲ့သူက ကျွန်တော့်ခဲအိုလောင်း ဖြစ်နေတယ် ဗျာ၊ အဲဒါကြောင့် လာခေါ်တယ်ဗျာ၊ ခင်ဗျား လိုက်ပယ် ပေးရမယ်ဗျာ ... ကဲ"



ဖြိုး စိတ်ညစ် စိတ်ရှုပ် စိတ်ပျက် စိတ်ကုန်သွားရပုံ ကို ပြောမပြတတ်တော့ပါ။ သေတောင် သေချင်၏။ ခေါင်းထဲ မီးခိုးလုံးဝင်လာသလိုလို၊ ငရုတ်သီးညှော်ပဲ ရှူမိသလိုလိုနှင့် တော် တော်ကြီးကို ခံစားရချက်ပြင်း၏။ ရင်ထဲမလင်းလေ မျက်နှာက ရှုံ့လေဖြစ်ကာ မျက်နှာက ပျက်ချင်တိုင်း ပျက်လေ၏။ အစက တည်းက ဟန်ဆောင်ကောင်းသူ မဟုတ်၊ မျက်နှာပျက်လျှင် ပြင် တတ်သူ မဟုတ်သည်မို့ ရင်ထဲရှိသည့်အတိုင်းပေါ်ကာ မကြည် မလင်ကြီး ဖြစ်ရသည်။

ဖြိုးက မတ်တတ်ထရပ်ကာ နောက်ဘက်နံရံမှာ တွဲလောင်းဆွဲထားသည့် ဗီရိုပေါက်စလေးကိုဖွင့်သည်။ ဆေးတစ် ပုလင်း ထုတ်လိုက်၏။ ဒိုင်ယာဇီပင် တစ်ပြားယူသည်။ ပါးစပ်ထဲ ပစ်ထည့်ပြီး ရေပုလင်းသွားဆွဲလျက် ပုလင်းလိုက်မော့၏။ ရွှေဖြိုး က အဲဒါတွေကို ပြုံးစိစိနှင့် လိုက်ကြည့်နေ၏။

"ကျွန်တော့်နောက်လိုက်ဖို့ ဒိုင်ယာဇီပင် ကြိုသောက်ရတယ် ဆိုတဲ့ အဖြစ်ကတော့ ကြေကွဲစရာပဲ၊ နာကျင်ပါတယ်ရှင်"

ကြေကြေကွဲကွဲလေး ပြောလိုက်၏။ ဖြိုး ဆတ်ခနဲ လှည့်ကြည့်သည်။ ဗျာတစ်ခွန်း ရှင်တစ်ခွန်းနှင့် ကမောက်ကမနိုင် လှသူကို စေ့စေ့ကြည့်ဖြစ်၏။ သို့ပေမဲ့ သူ့မျက်ဝန်းကိုတော့ရှောင် ၏။ ကြည့်မိလျှင် မျက်တောင်မခတ် ဖြစ်တော့မှာ သေချာသည့် ထိုမျက်ဝန်းကို ဖြိုး ကြောက်ပါသည်။ မျက်နှာကို ပြုံးထားပေမယ့် သူ့အပြုံးက တကယ်ပဲ ကြေကွဲနေသည်။ ကြေးနီရောင်မျက်နှာက အရောင်ဖျော့ကာ မိတ်ကပ်သွေးလိုလို ဖြစ်နေ၏။ မိန်းမတစ်ယောက် ၏ မျက်နှာဟာ ဒီလိုပဲ အရောင်ပြောင်းတတ်သလား။ မိတ်ကပ်

www.burmeseclassic.com

www.burmeseclassic.com



လိမ်းထားတာဆိုလျှင်လည်း ကြေးနီရောင်အသားကို မိတ်ကပ်သွေးရအောင် ပြုပြင်နိုင်သော "မိတ်ကပ်"ကိုပဲ ချီးကျူးချင်သည်။

ဘယ်ကုမ္ပဏီက ထုတ်ပါလိမ့်။

သူ့မျက်နှာ နာကျင်ရိပ်က အစစ်အမှန် မဟုတ်ဘဲ သရုပ်ဆောင်ထားတာသာဆိုလျှင်တော့ အကယ်ဒမီပေးလောက်ပါဘိ။ ဘာပဲဖြစ်ဖြစ် ဖြိုး အားနာသွားရပါပြီ။

"ဒီတော့ မရွှေဖြိုးက ဘာလုပ်ချင်တာလဲ"

"အဲဒီရှိုးရှမ်းကို သွားကြည့်ချင်တာပါ၊ ကိုဖြိုးကို လိုက်ပို့စေချင်တာပါ၊ ဖြစ်နိုင်ရင်ပေါ့၊ ဒီနေ့ မဖြစ်နိုင်ရင်လည်း ဖြစ်နိုင်တဲ့နေ့ထိ စောင့်ပါ့မယ်၊ လှူမှာပဲဟာ ဘယ်တော့လှူလှူပေါ့၊ ဒီနေ့မှရယ်၊ ဟိုနေ့မှရယ် မရှိပါဘူး"

ဒီနေ့လိုက်မပို့လည်း လိုက်ပို့နိုင်တဲ့နေ့ထိ စောင့်ပြီး နေ့စဉ်ဆက်တိုက် လာနေတော့မှာဟု နားလည်လိုက်ပါ၏။ ဒီနေ့က အလုပ်လည်း နည်းနည်းပါးသည်။ "မျိုးထွန်း"က သူငယ်ချင်းလည်းဖြစ် ကိုယ့်ကုမ္ပဏီမှာ လုပ်ယှဉ်လည်းဖြစ်မို့ မန်နေဂျာရာထူးပေးပြီး ခန့်ထားတာ၊ သူရှိလျှင် အားလုံး ကိုယ့်ကိုယ်စားလည်း လုပ်ဆောင်နိုင်၏။ သူလည်း ရှိနေသည်။ ခုသွားလိုက်တာပဲ အေးပါသည်။ မာလာ့ဆီမှာတော့ ဖြေရှင်းချက်တစ်ခု ထပ်တိုးနိုင်သည်။ ခက်တာပါပဲ။

"ခုပဲ သွားလိုက်မလား"

ဝင်းခနဲလက်ပြီး စိုတောက်သွားသည့် မျက်ဝန်းက ခပ်ငုံ့ငုံ့ပုံစံ မျက်လွှာနှစ်ခုနီးနီး ချထားရာမှ ရုတ်တရက် မော့ကြည့်လိုက်ခြင်းဖြစ်သည်။ လျှပ်စီးလက်သလို ဝင်းပသွားခြင်းနှင့်အတူ



ရင်ထဲမှာ ဒိုင်းခနဲ မိုးကြိုးလာပစ်သလား ထင်ရသည်။ မျက်လုံးတော်တော်လှသည့် အမျိုးသမီး။ မျက်လွှာနှစ်ခုအပွင့်နှင့် အပိတ်ကိုတောင် ဟန်ချက်ညီစွာ လုပ်တတ်ပါဘိခြင်း။ တစ်ဖက်သားရင်ထဲ ဆောင့်ခုန်ကာ ထိန်းသာမထားမိလျှင် နောက်ဘက်တောင်မသိမသာလန်သွားနိုင်လောက်အောင် အရှိန်ကပြင်းပါဘိခြင်း။ လုပ်တတ်ပါဘိခြင်း။

ကဝေမ,ပညာပြပြီ ထင်ပါရဲ့။

"ကျေးဇူးတင်ပါတယ် ကိုဖြိုးရယ်၊ အပြန်ကျရင် ကိုဖြိုးကိုကြိုက်တဲ့ဆိုင်မှာကျွေးမယ်"

"ကျွန်တော် မစားတော့ဘူး၊ မအားဘူး၊ မရွှေဖြိုးကားနဲ့ နောက်ကလိုက်ခဲ့ပေါ့၊ ကျွန်တော့်ကားက ရှေ့ကသွားနှင့်မယ်"

"နှစ်စီးကြီး"

"ဒါပေါ့ ... မရွှေဖြိုးကားနဲ့ လိုက်ခဲ့ရင် ကျွန်တော့်ကိုပြန်ပို့နေရဦးမယ်"

"သိပ်ကိုပို့ချင်နေပါတယ် ဆိုရင်ရော"

"ကျွန်တော်က မပို့စေချင်ဘူး"

"တက္ကစီနဲ့ ပြန်ရင်ရော"

"ကျွန်တော် တက္ကစီမစီးချင်ဘူး"

"ဒါပေါ့လေ ... ကိုရိနာမော့ခ်တူးကြီးစီးနေတဲ့သူက တက္ကစီဘယ်စီးချင်ပါ့မလဲ"

ရွှေဖြိုး ရယ်၍ပြော၏။ ခုတော့လည်း သူ့အရယ်လေးက တက်ကြွရွှင်လန်းနေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်တော်က ကိုဖြိုးကားနဲ့ လိုက်ခဲ့မယ်၊ ဒီရုံးရှေ့မှာ ကျွန်တော့်ကားကို ထားခဲ့မယ်"

"ဘယ်စိတ်ချရမလဲ"

"ရတယ် ... တစ်စစီ လွင့်စဉ်သွားရင်တောင် လိုက်မကောက်ပါဘူး၊ သမီးတစ်ယောက်ကို စွန့်ပစ်ခဲ့တဲ့ အဖေဆီက မာစီဒီးနောက်တစ်စီး မှာလိုက်မယ်"

"အဖေကို ဒီလိုမပြောရဘူးလေ"

"လိုက်ခဲ့ရမှာလား"

"ဖြစ်နိုင်ရင်တော့ မလိုက်စေချင်ဘူး၊ ကျွန်တော်က ထွက်လက်စနဲ့ တခြားကိစ္စရှိတဲ့ နေရာတွေဆီ လေးငါးနေရာ တစ်ခါတည်း ဝင်လိုက်တော့မယ် စိတ်ကူးလို့"

"ကိုဖြိုးက ဒရိုင်ဘာပါမှာလား"

"ကိုယ့်ဘာသာ မောင်းမှာ"

"ကောင်းပြီလေ၊ ကျွန်တော်ကို ယာယီနာရီစား ဒရိုင်ဘာခန့်လိုက်၊ ကျွန်တော် ကိုဖြိုးသွားချင်တဲ့ဆီ အားလုံးမောင်းပို့မယ်"

"ဟာ ... မိန်းမတစ်ယောက်မောင်းတဲ့ကားကို ဘေးကထိုင်မစီးချင်ပါဘူး"

"ကျွန်တော်က ကိုဖြိုးနဲ့ တစ်ကားတည်းစီးပြီး ရှိုးရွမ်းကို သွားချင်တယ်၊ တစ်ကားတည်းစီးပြီး ဒီရုံးခန်းထိ ပြန်ပါလာချင်တယ်၊ တခြားဘယ်နေရာဝင်ဝင် ကျွန်တော်က အချိန်တွေ ပိုလွန်းလို့ ဖြုန်းနေရတဲ့သူ။ အဲဒီဆန္ဒကို အကောင်အထည်ဖော်ဖို့ ဘယ်နည်းဆိုရင် အဆင်ပြေမလဲ၊



ကျွန်တော်ပြောတဲ့နည်းတွေ တစ်ခုမှ အဆင်မပြေတော့ အဆင်ပြေတဲ့နည်းကို ကိုဖြိုးကပြောပါ၊ အဲဒီနည်းကို စဉ်းစားတဲ့အခါမှာ ကျွန်တော့်အတွက် လုံးဝထည့်မစဉ်းစားပါနဲ့၊ ကျွန်တော်က အချိန်ရပါတယ်၊ ပြီးတော့ ကိစ္စက ကျွန်တော့်ကိစ္စပဲဆိုတော့ ကျွန်ပော့်ဘက်က လိုက်လျောရပါမယ်"

"မရွှေဖြိုး ... ကျွန်တော် ပြောပါစေ။ ကျွန်တော့်ကုမ္ပဏီက ဒေါ်လာနှစ်ထောင့်ငါးရာတန်ပစ္စည်းတစ်ခု ဝယ်မယ်ဆိုလို့ ကျေးဇူးတင်ပါတယ်၊ အဲဒီအတွက် ရှိုးရွမ်းမှာ မရွှေဖြိုး ကိုယ့်ဘာသာ သွားဝယ်လို့ ရပါတယ် ...

"ဒါပေမဲ့ ကျွန်တော့်ကို လိုက်ခဲ့ဖို့ခေါ်တယ်၊ ကျွန်တော် ကျေးဇူးတင်လို့ရော၊ မာလာ့ညီမ ဖြစ်နေတဲ့အတွက်ရော ကျွန်တော် လိုက်ခဲ့ပါ့မယ်၊ အဲဒီအတွက် မရွှေဖြိုးနဲ့တူတူသွားဖို့ ကားတစ်စီးတည်းသွားဖို့၊ ဘယ်နည်းမှ အဆင်မပြေပါဘူးခင်ဗျာ"

ဖြိုး မျက်နှာငယ်လေးနှင့် ပြောလိုက်၏။

"ကားနှစ်စီးသွားမှ အဆင်ပြေပါတယ်၊ သွားမယ်ဆိုလည်း သွားစို့၊ မသွားဘူးဆိုရင်လည်း ကျွန်တော် ပြန်ထိုင်တော့မယ်၊ မရွှေဖြိုး ဘာသောက်မလဲ ကျွန်တော်မှာပေးပါ့မယ်"

ရွှေဖြိုး မျက်နှာလေး ကွက်ခနဲပျက်ရှာ၏။

"မသောက်တော့ပါဘူး ကိုဖြိုး၊ ပြီးတော့ ကျွန်မဘာသာပဲ သွားပြီးဝယ်ပါတော့မယ်။ စိတ်ဆိုးလို့ ပြောတာမဟုတ်ဘူးနော်၊ ကိုဖြိုးကို အနှောင့်အယှက် မဖြစ်စေချင်တဲ့သဘော၊ အဆင်ပြေစေချင်တဲ့ သဘောတစ်ခုပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖြိုး သူ့ကျောပိုးအိတ်လေးကို ကောက်လွယ်၏။ ကျောမှာသိုင်းလိုက်သည်။ ကြည့်လိုက်တော့မှ မျောက်ရုပ်လေး။ မျောက်လေးက လူကိုကျောဘက်မှ သိုင်းဖက်ထားပုံ ပေါ်လွင်၏။

"ကျွန်တော် လိုက်ခဲ့ပါမယ်၊ မရွှေဖြိုးကား ထားခဲ့ပါ၊ ကျွန်တော့်ကားနဲ့ပဲ သွားပါ့မယ်"

ဖြိုး အလွန်အားနာသွားသည်မို့ လိုက်လျောလိုက်ရ၏။ ဒီတော့လည်း သူ့မျက်နှာက ဝင်းလက်စိုပြည်ရှာပြန်သည်။ ဘာဘာညာညာ ငြေးများမနေတော့ဘဲ ဖြိုးပြောတာကို ခေါင်းညိတ်လိုက်သည်။ ယာဉ်မောင်းကို အိမ်မှာထားပြီး မေမေသုံးဖို့ သီးသန့်ဖြစ်နေသည်မို့ ရုံးမှာ ယာဉ်မောင်းမရှိပါ။ ဖြစ်နိုင်လျှင် ယာဉ်မောင်းနှင့်သွားချင်၏။ တစ်ယောက်ယောက် ခေါ်မောင်းခိုင်းလျှင်တော့ ဖြစ်သည်။ ရွှေဖြိုးကပဲ ကိုယ့်ကို ကိုက်စားမှာကြောက်လို့ အကူခေါ်ရသလို ဖြစ်နေတော့လည်း မကောင်း။ မိန်းကလေးကို အားနာစရာကောင်းသလို ယောကျ်ားသိက္ခာလည်းကျ၏။

"သွားစို့"

"ဟုတ်ကဲ့"

အမယ်လေး ... တယ်လည်း လိမ္မာနေပါလားဟု ပြောမိလုလုမှာ ကိုယ့်အကြည့်က သူ့တစ်ကိုယ်လုံးပေါ်သို့ သိုင်းခြုံကျရောက်သွားရသည်။ ခါတိုင်းလို တိုးနယားကောင်ကြီးလား ထင်ရအောင် အသွယ်သွယ် အထပ်ထပ်တွေမများဘဲ ရုပ်အင်္ကျီ လက်ရှည်ပွပွကို တံတောင်ဆစ်နားထိ ခေါက်တင်ထားတာ ခုမှ သတိထားလိုက်မိသည်။ ဂျင်းဘောင်းဘီအပြာရင့်က မကျပ်လှပါ။ ပွချင်သည့်ဘက်သို့တောင် ရောက်သေးသည်။ သို့ပေမဲ့ ... ပွလှ



နီးပါး ဂျင်းဘောင်းဘီက ရွှေဖြိုး၏ လှလွန်းသော ကိုယ်လုံးကလေးကို မကွယ်ဝှက်နိုင်ပါ။

ခုခေတ် "မယ်"ဆိုတာတွေလောက်တော့ အပျော့။ "မရွှေဖြိုးက ကိုယ်လုံးကိုယ်ပေါက် တော်တော်လှတာနော်" ... ဟု မာလာ့ထံမှာ ရီးရီးကြီး ပြောမချမိဖို့ ကြိုးစားထိန်းသိမ်းရပါဦးမည်။

ဘာဖြစ်လို့များ ဖိုသီဖတ်သီကြီးနဲ့ ဒီကိုယ်လုံးကို ဖုံးထားချင်ခဲ့တာလဲ။

✦ ❦ ✦

ဖြိုးက ဒေါ်လာနှစ်ထောင့်ငါးရာနှင့် သုံးထောင်ကြား ပစ္စည်းတွေ လိုက်ပြသည်။

"ဒီဥစ္စာ Pulse Oxymeter လို့ ခေါ်တယ်၊ လူနာရဲ့ Pulse (ပဲ့လ်စ်၊ သွေးခုန်နှုန်း)နဲ့ သွေးထဲမှာရှိတဲ့ အောက်ဆီဂျင် (Oxygen)ရာခိုင်နှုန်းကို ပြတဲ့စက်။ ဒီပစ္စည်းရဲ့ကောင်းကွက်က Invasive မဖြစ်ဘူး"

"Invasive မဖြစ်ဘူးဆိုတာ ဘာလဲ"

"လူနာကို ထိုးရ ခွဲရ ဖောက်ရ အပ်စိုက်ရ ဘာမှမလုပ်ရဘူး၊ ဒီဟာ အစွပ်ကလေးပဲ ဆိုပါတော့၊ Senser လို့ ခေါ်တယ်၊ အဲဒါလေးကို လက်ညှိုးမှာစွပ်ထားလိုက်ရုံပဲ Pulse က ပုံမှန်အားဖြင့် ရှစ်ဆယ်နဲ့ တစ်ရာကြားမှာရှိရင် ကောင်းတာပေါ့၊ အဲဒီအတွက် Alarm Limit ပါတယ်၊ Alarm ပေးထားလိုက်ရင် ရှစ်ဆယ်အောက်ရောက်သွားရင်

www.burmeseclassic.com

www.burmeseclassic.com



လည်း အော်ပြီးအချက်ပေးမယ်၊ တစ်ရာကျော်သွားရင်လည်း အချက်ပေးမယ် ...

"အောက်ဆီဂျင်ရာခိုင်နှုန်းလည်း တူတူပဲ၊ သွေးထဲမှာ အောက်ဆီဂျင်က ကိုးဆယ့်ငါးနဲ့ ကိုးဆယ့်ကိုးကြားရှိရင် ကောင်းတာပေါ့၊ ကိုးဆယ့်လေးဆိုရင် နည်းနည်းမကောင်းတော့ဘူး၊ ကိုးဆယ်လောက်ဆို တော်တော်ဆိုးပြီပေါ့၊ Alarm ကို ကိုယ်သိချင်ပြစေချင်တဲ့ နေရာမှာ ချိန်ထားလို့ရတယ် ...

"အောက်ဆီဂျင်ရာခိုင်နှုန်းနဲ့ သွေးခုန်နှုန်းက စိုးရိမ်စရာဖြစ်လာပြီဆိုရင် သူက အော်ပြီး အချက်ပေးတော့ လူနာအတွက် လိုအပ်တာကို အချိန်မီ လုပ်ပေးနိုင်တာပေါ့၊ ဒီပစ္စည်းက ဆေးရုံတွေမှာ လိုအပ်တဲ့ပစ္စည်းတစ်ခုပဲ ...

"ဆေးရုံတွေမှာ သိပ်များများလည်း မရှိသေးဘူး၊ အဲဒါ ဝယ်လှူရင် အဆင်ပြေတာပေါ့"

"ဒေါ်လာသုံးထောင်နော်"

"ဟုတ်ပါတယ်"

"လျှော့သေးလား"

ဖြိုး ပြုံးဖြစ်သွားရသည်။ အလှူကိုများ ဈေးဆစ်နေရသေး။

"ဒစ်စကောင့် (Discount)တို့ ဘာတို့ပေးသေးလားလို့ပါ။ လက်ကားဈေးရောရှိလား"

"ဒီပစ္စည်းကို ဘယ်သူက အလုံးတစ်ရာဝယ်မှာမို့ လက္ကားဈေးရှိရမှာလဲဗျာ၊ ဒီလိုလုပ်ပါ၊ နောက်ထပ်လည်း မဆစ်



ပါနဲ့တော့၊ အမြတ်မရလည်း အလှူလို့ သဘောထားလိုက်ပါမယ်၊ ဒေါ်လာနှစ်ထောင့်ခြောက်ရာတော့ပေးပါ၊ ဒါ ... ကျွန်တော် အများကြီး လျှော့ပစ်လိုက်တာပါ"

မရဘူးလား၊ ရတယ်လားနှင့် စကားတွေအများကြီး အရှည်ပြောမနေချင်တော့သည်မို့ တစ်ချီတည်း ဒေါ်လာလေးရာ လျှော့ချပစ်လိုက်သည်။

"ဒါဆိုလည်း ယူပါ့မယ်၊ ဖေဖေက ဟိုကနေ လှမ်းပို့တာ ဒီမှာ MFTB မှာ ကျွန်တော့်အကောင့်(Account)ထဲဝင်တော့ ပြန်ထုတ်တဲ့အခါမှာ FEC ပဲရတယ်၊ အဲဒါရော ဖြစ်ရဲ့လား"

ဖြိုး ခေါင်းညိတ်ချလိုက်သည်။ ကိစ္စမြန်မြန်ပြတ်ချင်လှပါပြီ။ ဖြိုးက ဆိုင်ခန်းထဲမှ အရင်ဆုံးစထွက်သူ ဖြစ်လေ၏။

"ဗိုက်ဆာလိုက်တာ ကိုဖြိုးရယ်၊ အောင့်တောင်အောင့်တယ်၊ ဒီနားမှာ အနီးဆုံး မုန့်ဆိုင်တစ်ဆိုင်ဆိုင် မရှိဘူးလား။ ဆိုင်ကြီးပဲဖြစ်ဖြစ်၊ လမ်းဘေးပဲဖြစ်ဖြစ် ဝယ်ကျွေးပါ၊ စားပါရစေ"

ဗိုက်ကိုတစ်ချက်နှိပ်၊ ရင်ညွန့်တစ်ချက်ဖိ၊ လက်နှစ်ဖက်လုံးကို အသုံးချ၊ ခါးကလေးကုန်းပြီး ငိုမဲ့မဲ့လေးပြောသည်မို့ သူ့ကလေးဆန်ပုံလေးကို အရောင်းစာရေးမလေးတွေကတောင် ဝိုင်းချစ်ပုံနှင့် ပြုံးလာကြလေ၏။ သူတို့ဘော့စ်က အမျိုးသမီးလှလှလေးနှင့် တွဲဝင်လာကတည်းက ထူးထွေတည့် အံ့ရာသော် .... ဖြစ်ကာ မျက်လုံးလေးတွေ ပြူးနေခဲ့ကြတာ။ ခုတော့လည်း ... ချွဲပုံလေးက ဘော့စ်မပြောနှင့် သူတို့ကို လာပြောလျှင်တောင်

www.burmeseclassic.com

www.burmeseclassic.com



ပြေးဝယ်ကျွေးလိုက်ချင်စိတ်ပေါက်၏။ ဖြိုးက သူ့ဝန်ထမ်းတွေထံ မျက်ဝန်းကို ဝံ့ခနဲဝေ့လိုက်သည်။

"ကဲ ... လာ ... လာ"

ဖင့်နွဲ့ကြီးဖြစ်နေသူကို စိတ်ပေါက်ပေါက်နှင့် လက်မောင်းရင်းမှ ခပ်ဖိဖိညှစ်၍ ဆွဲထုတ်ခဲ့သည်။

"ဘာစားမလဲ"

"ဟိုမှာလေ ကိုဖြိုးရဲ့၊ နန်းကြီးသုပ်ရပြီတဲ့"

ဆိုးတော့မဆိုးပါ။ ခြံဝင်းထဲဝင်သွားပြီး ထီးကြီးတွေအောက်ထိုင်စားရမည်။ ဖြိုးတို့ ရှိုးရှမ်းနှင့်ဆိုတော့ ခားလွယ်ခုတ်သာသာရှိသည်။ နန်းကြီးသုပ်ရပြီဆိုသည့်ဆိုင်းဘုတ် တကယ်ရှိပါသည်။ ဖြိုးသိသည်။ ဖြိုးက ကိုယ့်ဆိုင်ကိုယ်လာနေကျမို့ ဒီဆိုင်းဘုတ်ကိုတွေ့နေတာ။ ခုမှလာသူအနေနှင့် ဖြိုးတို့ဆိုင်ရှေ့မှ လှမ်းတွေ့ဖို့ဆိုတာ မလွယ်ပါ။ လမ်းကကွေ့သည်မို့ နည်းနည်းလေးကွယ်နေသည်။ ရှိပြီးသားနေရာကိုသိလို့ ကိုယ်ကို အတင်းကိုင်းပြီးဖတ်လျှင်တော့ရ၏။ ရိုးရိုးသားသားလှမ်းကြည့်လို့မရ။ ပြီးတော့စာလုံးကသေး၏။ ဆိုင်းဘုတ်တစ်ခုလုံး ရှေ့ထွက်လာလျှင်တောင် ဒီစာလုံးသေးသေးနှင့် ဒီလောက်အကွာအဝေး၊ သဲကွဲဖို့မလွယ်ပါ။ ရှိစေတော့။

"လာ"

ကားပေါ်ဆွဲတင်လိုက်သည်။ စိတ်က အတော်ကြီးပျက်နေပြီမို့ ဖြိုးမျက်နှာနှင့် ဖြိုးစကားသံတွေက တင်းမာခက်ထန်နေပါ၏။ လမ်းလျှောက်သွားလျှင်တောင် နည်းနည်းလှမ်းသည်မို့ ကားကိုပဲ ဂငယ်ကွေ့၍သွားလိုက်သည်။ နောက်တစ်ခွန်း "လာ" ဟု



ခေါ်ပြန်ကာ ကားပေါ်ကဆွဲချသည်။ ကုလားထိုင်မှာထိုင်နိုင်းသည်။ နန်းကြီးသုပ်တစ်ပွဲဟု လှမ်းမှာပေးသည်။ မျက်နှာရှုံ့ရှုံ့နှင့် ဖြိုးကတော့ ဘာမှ စားချင်စိတ်ကို မရှိတော့တာပါ။

"ကိုဖြိုးရော မစားဘူးလား၊ တစ်ယောက်တည်း စားရမှာလား"

"ဝမ်းချင်းမဆုံပါဘူး မရွှေဖြိုး"

"ကိုဖြိုးက ကျွန်တော့်ကို တော်တော်မုန်းတယ်နော်"

"မမုန်းပါဘူး၊ ခင်ရုံခင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်က တစ်ဦးတည်းသောသား၊ ဘယ်သူ့ကရိကထမှ မခံခဲ့ဘူး၊ ကျွန်တော်ချစ်တဲ့ မာလာ့ကရိကထတစ်ခုပဲ ကျွန်တော်ခံပါတယ်၊ အဲဒါကြောင့် စိတ်မရှည်တာပါ"

ရွှေဖြိုး မျက်ရည်ပေါက်ခနဲကျလာ၏။ သူ့လက်ကိုင်ပဝါလေး သူထုတ်သုတ်သည်မို့ နည်းနည်းပါးပါး သနားမိမလိုရှိသေး ...

"ရွှေဖြိုးတို့ မုန့်လာစားကြတာလား" တဲ့။

သွားပါပြီ။ ဘယ်လိုမှ ဖြေရှင်းလို့မရနိုင်မည့် ပြဿနာတစ်ခု ထပ်တက်ပါပြီ။ မာလာ။ အနားမှာ ဘွားခနဲ လာရပ်သည်။ မြေကြီးကိုပဲ ဖောက်ထွက်လာသလား။ သစ်ပင်ပေါ်ကပဲ ခုန်ဆင်းလာသလားမသိ။ ခါးကလေး ထောက်ထားသည်။ မျက်နှာက ရှုမဲ့မဲ့ပေမယ့် ကောက်ကောက်ချိတ်ချိတ် ပုပ်ပုပ်စပ်စပ်ကြီးတော့လည်းမဟုတ်။

ဒါသည်ပင်လျှင် မာလာ၏ သနားစရာအ[illegible]ကလေးတွေထဲမှ တစ်ခုဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ငယ်တတ်သော မာလာသည် ဖြိုးကို ဘယ်တုန်းကမျှ အနိုင်မယူခဲ့ပါ။ ချစ်သူသက်တမ်းတစ်လျှောက် အပေါ်ယံနွဲ့ဆိုးကလေးတွေပဲ ရှိခဲ့သည်။ ဖြိုး စိတ်ညစ်စိတ်ရှုပ်စေရမည့် အကျပ်ကိုင်တာမျိုးမရှိ။

"ရွှေဖြိုးကို ဘာတွေသွားပြောလို့ ရွှေဖြိုး ငိုနေရတာလဲ ကိုဖြိုးရယ်၊ လက်ထပ်ခွင့်များတောင်းနေတာလား၊ ရွှေဖြိုးကလည်း ချစ်ရဲ့သားနဲ့ ထောက်ထားစရာတွေရှိလို့ ငိုပြီး ငြင်းနေရတာဆိုရင် မာလာ့ကို အားမနာပါနဲ့နော်"

"မာလာ"

ဖြိုးအသံ တော်တော်ကျယ်သွားသည်။ ရွှေဖြိုးကို လှည့်ကြည့်တော့ ငိုလို့ကောင်းတုန်းထင်ပါရဲ့။ လက်ကိုင်ပဝါလေးနှင့် တို့ကာတို့ကာရှိတုန်း။

"ထိုင်ပါဦး မာလာရယ်"

ဖြိုး ထရပ်ကာ မာလာ့လက်ဖျားလေးကို ဆွဲ၍ထိုင်ခိုင်းလိုက်၏။ မာလာထိုင်သည်။ မျက်နှာလေးက ခပ်ပျက်ပျက်။

"ဘယ်သူနဲ့လာလဲ မာလာ"

"ဒေါ်လေးက နန်းကြီးသုပ်စားချင်တယ်ဆိုလို့ ဖေဖေနဲ့လာဝယ်ကြတာ၊ ရောက်တာတောင် နည်းနည်းကြာသွားပြီ၊ ဖေဖေ့ဖို့တော့ ဒေါ်လေးနဲ့တူတူဝယ်ပြီးပြီ၊ မာလာက ဟင်းချိုပူပူနွေးနွေးသောက်ချင်လို့ ထိုင်စားတာ"

"မရွှေဖြိုး ... ခင်ဗျား ရှင်းပြလိုက်"

"ဘာရှင်းပြရမှာလဲ၊ ရှင်းပြရအောင် ရွှေဖြိုးတို့က ဘာတွေရှုပ်နေလို့လဲ"



ကျွန်တော် ခင်ဗျားပြောရာမှ ကိုယ့်ကိုယ်ကိုယ် ရွှေဖြိုးတွေ ဘာတွေ ဖြစ်သွားရပြန်ပြီ။

"ကျွတ်"

ဖြိုး ရှုံ့မဲ့၍ စုတ်သပ်လိုက်၏။

"သူ ဘာလို့ငိုလဲ ကိုယ်မသိဘူး မာလာ၊ ကိုယ် သူ့ကို လက်ထပ်ခွင့်လည်းမတောင်းဘူး၊ ချစ်ရေးလည်းမဆိုဘူး၊ သူနဲ့ကိုယ်နဲ့ ဘာမှမဆိုင်ဘူး"

"မဆိုင်ဘူးဆိုလည်း ပြီးတာပါပဲ"

မာလာက ချာခနဲ ထပြန်၏။

"ကိုဖြိုး ... ဟိုမှာ ဖေဖေပါတယ်၊ ကားနဲ့ ဖေဖေ့ကိုတောင် ကိုဖြိုးက မတွေ့နိုင်တော့ဘဲကိုး"

ဖြိုး မတွေ့မိတာ မှားပါသည်။ ကားကိုတော့ ဖြိုး မမှတ်မိပါ။ သုံးနေကျမှ မဟုတ်တာ။ ကားတွေဆိုတာ သူတို့အိမ် ဖြိုးသွားလည်လျှင် ဂိုဒေါင်ထဲမှာ သိမ်းပြီးသားချည်း။ ဘယ်မှာ မှတ်မိမှာလဲ။ လူတစ်ယောက်လုံးကိုတော့ မြင်သင့်သည်။ ကားကို မမှတ်မိတော့ ကားထဲငုံ့မကြည့်မိတာကို ဖြိုးအပြစ်ဆိုလည်း မလျှောက်လဲတတ်ပါပြီ။

"ရှန်းရင်းဆန်ခတ် မဖြစ်စေနဲ့နော်"

မာလာက ကျိတ်မှာ၏။

"ဦးလေး နေကောင်းပါလားခင်ဗျာ"

"ဪ ... အေး၊ နေကောင်းတယ်"

ဦးဘဦးက ပြုံးပြသည်။ အေးအေးဆေးဆေးပါပဲ။ မာလာ ကားပေါ်ရောက်ပြီးတာနှင့် ဦးဘဦးက ခေါင်းညိတ်နှုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ ထွက်သွားတော့သည်။ ဖြိုးမှာသာ။ ခေါင်းကုတ်ရမလို ကိုယ့်တင်ပါး ကိုယ်ရိုက်ရမလို၊ ခေါင်းကြီးတစ်ခုလုံး နောက်ကျိရှုပ်ထွေး၍ ကျန်ရစ်၏။ ဖြစ်နိုင်လျှင် ရွှေဖြိုးဆိုသောမိန်းမကို ကုပ်မှ ကိုင်ဆွဲလျက် လွှင့်ပေါက်ပစ်ထုတ်လိုက်ချင်၏။

စုန်းမ။ ကဝေမ။ ပြုစားမှုတွေ စတင်ပြီထင်သည်။ ကိုယ့်အစ်မတစ်ဝမ်းကွဲတော့ ချမ်းသာပေးဖို့ကောင်းပါသည်။

✦❦✦

"ကျွန်တော် တောင်းပန်ပါရစေ မရွှေဖြိုး၊ ကျွန်တော် တကယ်ရိုးရိုးသားသားတောင်းပန်မှာပါ၊ ဒီလိုပြောလို့ မိန်းမသားတစ်ယောက်ကို စော်ကားရာရောက်မယ်ဆိုရင်လည်း ကျွန်တော် ထပ်တောင်းပန်ပါဦးမယ်၊ ကျွန်တော် ပြောပါရစေ"

ဖြိုးက ရွှေဖြိုးကို ကုမ္ပဏီရုံးခန်းသို့ ပြန်ခေါ်လာခဲ့ရသည်။ သွားတော့ ဟု မပြောဘဲ သူ့ရုံးခန်းထဲထိ အကျအနထိုင်ခိုင်းပြီး ရုံးခန်းထဲမှာရှိသော ကော်ဖီမစ်အထုပ်၊ ရေနွေးတို့ဖြင့် သူကိုယ်တိုင် ကော်ဖီတစ်ခွက်ဖျော်၊ ရွှေဖြိုးရှေ့မှာ ချပေးပြီးမှ စကားစ၍ ပြောလေသည်။

"ကျွန်တော့်အပေါ်မှာ မရွှေဖြိုး အငြိုးအတေး အာဃာတ တစ်ခုခုများ ရှိသလား ခင်ဗျာ၊ ကျွန်တော် မေးပါရစေ"

ရွှေဖြိုး ခေါင်းခါပြသည်။ မျက်လုံးတောက်တောက်တွေက စို့ဝဲလာသော မျက်ရည်ဖြင့် အတိုင်းမသိ လက်လေ၏။



"သေချာရဲ့လားဗျာ၊ ဒါဖြင့် မာလာ့အပေါ်မှာရော၊ တစ်အိမ်တည်း တူတူနေနေတော့ မတည့်တဲ့အခါ တည့်တဲ့အခါရှိမယ်၊ မရွှေဖြိုး စိတ်ဆိုးစိတ်ခုထားတာများ ရှိသလား"

ရွှေဖြိုးရင်ထဲ တကယ်ပဲ နာကျင်ရပါ၏။ ကြေကွဲမှုက လည်တိုင်းရင်းရှေ့ဘက်မှာ လာဆို့နေ၏။ ခေါင်းကိုသာခါပြရင်း စကားမပြောနိုင် ဖြစ်နေ၏။ ခုနေ စကားပြောရလျှင် မျက်ရည်က ပေါက်ခနဲကျကာ အသံတွေတုန်ပြီး မပီမသနှင့် တစ်ဖက်သား ဘယ်လိုမှ နားမလည်နိုင်မှာ သေချာ၏။

"စိတ်မရှိပါနဲ့ ခင်ဗျာ၊ ကျွန်တော်နဲ့ မာလာနဲ့ကို ခွဲဖို့စိတ်ကူးရှိတယ်ဆိုရင် မခွဲပါနဲ့လို့၊ ကျွန်တော် ဘယ်ပုံစံနဲ့တောင်းပန်ရမလဲ တောင်းပန်ပါရစေ၊ ကျွန်တော်တို့နှစ်ယောက်ရဲ့ သာယာဖြောင်းဖြူးမှုကို ဒုက္ခမပေးပါနဲ့ ကျွန်တော် တောင်းပန်ပါရစေ"

ရွှေဖြိုး ခေါင်းငုံ့နေ၏။

ဩော် ... ကိုဖြိုးရယ်ဟု ညည်းမိ၏။ အသံတော့ ထွက်မလာပါ။ စကားပြောနိုင်သည့် ခွန်အားလည်း မရှိပါ။ ခေါင်းထဲက ရီဝေမူးနောက်လာသည်။ ဘယ်လိုပင် တားဆီးပေမယ့် သိမ်းမနိုင်တော့သည့် မျက်ရည်စက်တွေက ပေါင်ပေါ်သို့ တစ်စက်တစ်ပေါက်ချင်း ကျလေ၏။

"ကျွန်တော်တို့ရှေ့မှာ စုံတွဲလေးတွဲတိတိကို ကွဲအောင်ခွဲခဲ့တယ်လို့ ကျွန်တော် ကြားဖူးထားရပါတယ်၊ အဲဒီအတွက် မရွှေဖြိုးကို ကျွန်တော်က အထင်သေးခြင်း၊ ရှုတ်ချခြင်း မပြုခဲ့မိပါဘူး ...

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းတစ်ခုခု ရှိမယ်လို့ပဲ တွေးခဲ့ပါတယ်၊ အခု ကျွန်တော်နဲ့ မာလာကို ကွဲကွာစေချင်တဲ့အကြောင်း တစ်ခုခု မရွှေဖြိုးမှာရှိနေရင် ဖွင့်ပြောပါ၊ ကျွန်တော်ရှင်းလင်းခွင့် ရချင်ပါတယ်၊ ကျွန်တော့်မှာ အမှားတစ်စုံတစ်ရာ ရှိခဲ့ရင်လည်း အဲဒီအမှားအတွက် ကျွန်တော် တနည်းနည်းနဲ့ ပြစ်ဒဏ်ခံပါရစေ ...

"ပေးဆပ်ပါရစေ၊ မရွှေဖြိုး ကျေနပ်နိုင်မယ့်အထိ တောင်းပန်ပါရစေ၊ ကျွန်တော့်ကို ဖွင့်ပြောပြပါ၊ မာလာနဲ့ အထင်လွဲအောင် စလုပ်နေပြီဆိုရင်တော့ အဲဒီလမ်းပေါ်က နောက်ဆုတ်ပေးပါ ...

"ကျွန်တော် အနူးအညွတ် တောင်းပန်ပါရစေ"

ဖြိုး စားပွဲပေါ် လက်ထောက်ချ၊ မတ်တတ်ရပ် ကိုယ်ကိုကိုင်းပြီး အားရပါးရ ပြောနေရာမှ သူ့ကုလားထိုင်မှာ စိတ်မောစွာ ပြန်ထိုင်ချလိုက်သည်။ ရွှေဖြိုးက ခေါင်းကိုတွင်တွင်ငုံ့ကာ စကားမပြောနိုင်ဘဲ ဖြစ်နေ၏။ ဖြိုးစကားတွေ သိပ်လွန်တာ၊ မိန်းမသားတစ်ယောက်အပေါ် စော်ကားမော်ကားဆန်တာ ဖြိုးသိပါသည်။ ဒီ့ထက်နားဝင်ချိုအောင် ဖြိုး လှည့်ပတ်မပြောတတ်ပါ။ ဖြိုးရင်ထဲမှာ ခေါင်းထဲမှာ နောက်ကျိရှုပ်ထွေးလျက် စိတ်ညစ်နေတာပဲရှိပြီး၊ ဘာကြောင့်မှန်းတော့မသိ ရွှေဖြိုးအပေါ် စိတ်ဆိုးဒေါသထွက်တာမျိုး ဖြစ်မနေပါ။ အရင့်အရင်လူတွေလည်း ဒီလိုစိတ်မဆိုးနိုင်ဘဲ ယိုင်နဲ့ကျသွားကြတာ ဖြစ်ကောင်းဖြစ်နိုင်၏။ ဖြိုးစကားတွေက ရွှေဖြိုးကို ဆတ်ဆတ်ခါ နာစေမည်ဟု ဖြိုး ယုံပါ၏။ အဲသည်အတွက် ရွှေဖြိုးက ပါးထရိုက်လျှင် လည်စင်းခံဖို့ အဆင်သင့်ပြင်ထားသည်။ မာလာနှင့် မလွဲရလျှင် ပြီးရော။



ဒီလောက် ကဲကဲဆတ် ခံစားနေရသည် ဆိုတော့ ဖြိုးဟာ မာလာ့ကို ဒီလောက် သည်းသည်းလှုပ် ချစ်နေသလားဟု ဖြိုး ကိုယ့်ကိုယ်ကိုယ် ပြန်မေးကြည့်မိသေးသည်။ ကဲကဲဆတ် သည်းသည်းလှုပ်ဆိုသော အနက်ရှိုင်းဆုံးအချစ်များသည် ဘယ်မျှထိ စူးနစ်ထိရှကြမလဲ ဖြိုးမသိပါ။ ဖြိုး ရည်းစားမထားခဲ့ဘူးပါ။ အချစ်ကို မတွေ့ဘူးခဲ့ပါ။ အချိန်တန် အရွယ်ရောက်လို့ လက်ထပ်ချိန်တန်ပြီဆိုသည့်အခါမှာ ကိုယ်လက်ထပ်ချင်သည့် ပုံစံဝင်သော မိန်းကလေးမျိုးကို မျက်စိဖွင့် နားစွင့်၍ကြည့်ခဲ့၏။ မာလာ့ကိုတွေ့သည်။ သဘောကျသည်။ နှစ်ခြိုက်သည်။ မာလာနှင့်ပတ်သက်၍ ရင်မှာကြည်နူးခြင်းများစွာ ဖြစ်ထွန်းသည်။ ကန့်ကရ လိုလိုနှင့် ကဗျာဆန်ဆန်ကလေးတွေ ပြောချင်သည်။ လက်ဖျားလေးကိုင်၍ ရင်ခုန်ချင်သည်။

အဲဒါ အချစ်လား။

ဖြိုး မသိပါ။ အချစ်ဟုပဲ ထင်ပါသည်။ ဒီ့ထက်လည်းပို၍ ဖြိုး မချစ်တတ်တော့ပါ။ မာလာနှင့်လက်ထပ်ပြီး တစ်သက်လုံး သစ္စာရှိစွာ ပေါင်းသင်းသွားမည်။ မာလာ့ကို တင့်တောင့်တင့်တယ်ထားမည်။ လူဒုက္ခ စိတ်ဒုက္ခ မပေးပါ။ စည်းစိမ်ဘုံပေါ်တင်လျက် ကိုယ့်မျိုးဆက်ဖြစ်မည့် ရင်သွေးတို့၏မိခင်လောင်းအဖြစ် အမွှန်းအမြတ်ထားမည်။ သားရယ် သမီးရယ် ရလာပြီးသည့်နောက် ဒီလင်ဒီမယား ဒီသားဒီသမီး ဒီမိသားစုလေး စည်းရုံးချစ်ခင်စွာ အပြန်အလှန် မြတ်နိုးကြင်နာသွားကြမည်။ သေတပန်သက်တဆုံး လက်တွဲမဖြုတ်စတမ်း ကြည်နူးပျော်ရွှင်သွားကြမည်ဟု စိတ်ကူးယဉ်ဗိမ္မာန်ကြီးလည်း တည်ဆောက်ပြီးပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ အချစ်ပဲ ဖြစ်ပါမည်။

မာလာက ကြယ်တာရာဖြိုးရဲ့ ချစ်သူပဲလေ။ တစ်သက်မှာ ချစ်သူတစ်ယောက်သာရှာ၍ ထိုချစ်သူနှင့်ပဲ လက်ထပ်မည်။ တစ်လင် တစ်မယားစနစ်နှင့် ပျော်ရွှင်ဖွယ်အိမ်ထောင်ရေးခရီးကို ပျော်ပျော်ကြီး လျှောက်လှမ်းမည်။ အဲဒီအတွေးတွေကို မေမေ အားလုံးသဘောတူ ကြည်ဖြူခဲ့သည်။ ကြည်ဖြူခဲ့ပြီးပြီ။ ဖြိုး နောက်ဆုတ်ဖို့လည်း မဖြစ်တော့ပါ။ နောက်ဆုတ်လိုစိတ်မရှိပါ။ နောက်ဆုတ်ရမည်ဆိုလျှင် အတွေးကမ္ဘာလေး ပျက်စီးမည်ဆိုလျှင် ဖြိုး ကြေကွဲဝမ်းနည်းရပါလိမ့်မည်။ ခုကိုပဲ စိတ်ညစ်စိတ်ရှုပ်ရလှပါပြီ၊

"ကျွန်တော့်စကားတွေ လွန်သွားတယ်ထင်ရင် ကျွန်တော့်ကို မရွှေဖြိုး အပြစ်ပေးပါ"

ရွှေဖြိုးက မျက်ရည်စတွေအတွက် ဖုံးဖိသိမ်းဆည်းဖို့ စိတ်ကူးမရှိတော့ပါ။ မှောက်ရပ်ကျောပိုးအိတ်လေးထဲမှ တစ်ရှူးစက္ကူလေးကိုထုတ်၍ မျက်ရည်ကို ပွင့်ပွင့်လင်းလင်းသုတ်သည်။ ပြီးတော့ ဟိုသည်ကြည့်၍ အမှိုက်ပုံးရှာသည်။ တွေ့တော့ သွားထည့်၏။ မျက်ရည်စက္ကူကိုပင် စည်းကမ်းတကျ သိမ်းဆည်းလွှင့်ပစ်နေတာ၊ ဖြိုး အံ့သြစွာကြည့်နေလိုက်သည်။

"နေကြာစေ့စားရင် အခွံကို စနစ်တကျ ပစ်ရတာလောက် ပျင်းတာမရှိဘူး၊ ခပ်မှိုမှိုထိုင်စားနေရင် ရင်ဘတ်ပေါ်ပေါင်ပေါ်ကျချင်သလို ကျပစေ၊ တစ်ထုတ်လုံးကုန်လို့ မတ်တတ်ထရပ်လိုက်တဲ့အခါမှာ အခွံတွေက ကြမ်းပြင်ပေါ် ဖွေးခနဲကျသွားရင် သိပ်ပျော်တာပဲ"ဆိုသည့် မိန်းကလေး။



"မရွှေဖြိုး ဘာလို့ ငိုတာလဲဗျာ"

"ဝမ်းနည်းလို့ပါ"

တော်တော်ကြီး ထိန်းလိုက်နိုင်ပြီဆိုတာ ဖြိုးနားလည်လိုက်သည်။

"ကျွန်တော့်ကြောင့်ဆိုရင် တောင်းပန်ပါတယ်"

"ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုယ်ကြောင့်ပါပဲ၊ လူတွေက ပြောကြတယ်၊ ဘယ်သူ့ကြောင့် ဘယ်ဝါ့ကြောင့် စိတ်ဆင်းရဲလိုက်တာ ... တဲ့။ တကယ်တော့ စိတ်ညစ်တယ်ပျော်တယ်ဆိုတာ ကိုယ်ပိုင်ခံစားချက်ပဲ ကိုဖြိုးရယ်"

တစ်ခါမျှ မကြားဖူးသော တိုးတိမ်သိမ်မွေ့သည့် အသံလေးကို ကက်ဆက်နှင့် ထဖမ်းထားရမလားတောင် တွေးမိသည်။ ဟောဟောဒိုင်းဒိုင်းနှင့် အော်ပြောတတ်သော မရွှေဖြိုးဟာ ဒီလိုသံချိုလေးမျိုးလည်း ပြောတတ်သားပါလား။ ဘာဖြစ်လို့များ သူများနားမခံသာဖွယ် အော်ကျယ်ဟစ်ကျယ်ကြီးတွေ ပြောခဲ့ပါလိမ့်။ ခုလို တိုးတိုးရှိုင်းရှိုင်း ချိုချိုလေး ပြောနေတာဟာရော သရုပ်ဆောင်ခြင်းတစ်ခု မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ။ မာလာ့ထံမှ ဖြိုးကို သူ့ဆီရောက်လာစေဖို့ ဖြိုး မြတ်နိုးလေးစားတတ်သည့် အမူအရာနှင့် အသံတွေကို ထုတ်လွှတ်သိမ်းသွင်းနေတာရော မဖြစ်နိုင်ဘူးလား။

ဖြိုး ... ရွှေဖြိုးကို သနားတော့လည်း သနားပါ၏။ အားလည်း နာပါ၏။ ကြောက်လည်း ကြောက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘာသာ ငိုတာ ရယ်တာဟာ ကိုယ်ပိုင်ဆန္ဒပါ။ ဘယ်သူက ဘာပဲပြောပြော ဘာပဲလုပ်လုပ် ကိုယ်ငိုချင်မှ ဖြစ်တာ၊ ကိုယ်ရယ်ချင်မှဖြစ်တာ၊ ကိုယ်စိတ်ဆင်းရဲရပြီဆို ရင် ကိုယ့်ဘာသာ ဆင်းရဲလို့ပဲ၊ ဘယ်သူ့ကြောင့်မှ မဟုတ် ပါဘူး ကိုဖြိုးရယ်"

သူပြောချင်သည့် စကားတစ်ပုဒ်လုံးတိုင်း "ကိုဖြိုးရယ်"နှင့် နိဂုံးချုပ်လိုက်ပုံလေးက မှိန်ဖျော့နေသည့် မျက်နှာထားလေးနှင့် လိုက်ဖက်နေ၏။ ရွှေဖြိုး မျက်နှာပြင်မှာ တွေ့နေကျ တက်ကြွရွှင်လန်းခြင်းနှင့် လှုပ်ရှားမြူးတူးခြင်းတွေ ကွယ်ပျောက်နေသည်မို့ ဣန္ဒြေသည် အသရေနှင့်အတူ တင့်တယ်စွာ ဖြိုးရုံနေတော့၏။

"ကျွန်တော် အခု စိတ်ညစ်နေတယ်"

"ကျွန်မကြောင့်လား"

မျက်နှာလေး မော့ထားသည်။ သူ့ရင်ဘတ်ကလေး သူဖိ၏။ သူ့မျက်ဝန်းလက်လက်မှာ ကြေကွဲရိပ် နာကျင်နာကြည်းရိပ်သမ်းလျက် ရီဝေဝေ ဖြစ်နေ၏။ ဘယ်လောက်ရင်ကွဲပက်လက် ခံစားနေရသလဲ၊ ရက်စွဲ့နာကြည်းစွာ အားငယ်သွားရသလဲဆိုတာ မျက်ဝန်းကတွေက ပြောပြနေ၏။

ဖြိုး ... ဘာကြောင့်မှမဟုတ်၊ မာလာ့အပေါ် သစ္စာဖောက်ချင်လို့လည်း မဟုတ်၊ ရွှေဖြိုးအပေါ် မေတ္တာယိုင်သွားလို့လည်းမဟုတ်၊ အကြောင်းပြချက် ရှာမတွေ့ဘဲ ပြေးသွားထွေးမွေ့ကာ ချော့လိုက်ချင်၏။



"ဆောရီး ... ဆောရီး၊ ကိုယ် ဘာမှမပြောတော့ဘူး၊ ပြောမိတာတွေအတွက် ကိုယ့်ကိုရိုက် ... ရိုက်"ဟု သူ့လက်ကလေးကိုဆွဲ၍ ကိုယ့်ပါးပေါ် တင်ပေးလိုက်ချင်၏။ အလွန်တရာရိုးသားသည့် အကြင်နာတရားနှင့်ပါ။ သူ့ကိုယ်သူ "ကျွန်မ"ဟု သုံးလိုက်ပုံလေးမှာ အားငယ်ဟန်စွက်သည်မို့ အသနားပိုရပြန်၏။ ပြန်စဉ်းစားတော့ မိန်းမသားမို့ "ကျွန်မ"ပြောတာ သနားဖို့မလိုဘူး ထင်ပါ၏။

"အမှန်အတိုင်း ပြောရရင် ဟုတ်တယ်၊ မရွှေဖြိုး စိတ်မဆိုးပါနဲ့"

"ကျွန်မ ဘာပဲလုပ်လုပ် ဘာပဲပြောပြော ကြံ့ကြံ့ခံတွန်းလှန်နိုင်တဲ့ ခွန်အားမျိုး မွေးမှပေါ့ ကိုဖြိုးရယ်၊ လျစ်လျူရှုလိုက်ရင် ကိုဖြိုး စိတ်မညစ်တော့ဘူး"

"မာလာ အထင်လွဲသွားပြီ ထင်တယ်"

"မာလာ အထင်လွဲတာကိုပါ လျစ်လျူရှုနိုင်ရင်"

"ကျွန်တော် မရှုနိုင်ဘူးဗျာ"

"မာလာ့ကို သိပ်ချစ်လားဟင် ကိုဖြိုး"

"သိပ်ချစ်တယ် ထင်တာပဲ၊ ကျွန်တော် မပြောတတ်ဘူး၊ ကျွန်တော် မာလာ့ကို လေးစားတယ်၊ အထင်ကြီးတယ်၊ သူနဲ့နေရတာ ကြည်နူးတယ်၊ မာလာဟာ ကျွန်တော်လက်ထပ်ချင်တဲ့ မိန်းကလေးလည်းဖြစ်တယ်၊ တစ်သက်လုံး သစ္စာရှိရှိ လက်တွဲသွားမယ့် အဖော်လည်းဖြစ်တယ်၊ ဒါပေမဲ့ ကျွန်တော် ဆုံးဖြတ်ပြီးသား၊ မပြင်ချင်ဘူး၊ မပျက်ချင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပြင်ရမယ် ပျက်ရမယ်ဆိုရင် ကျွန်တော် ခံစားရလိမ့်မယ်။ နာကျင်လိမ့်မယ်။ ဒီတော့ ကျွန်တော် မာလာ့ကို သိပ်ချစ်တယ်လို့ပဲ ဖြေပါမယ်၊ သူများတွေ အချစ်ကို ဘယ်လိုခံစားကြသလဲ ကျွန်တော် မသိဘူး၊ သိပ်ချစ်တယ် သိပ်ချစ်တယ်အော်ပြီး ...

"စလယ်ဝင် ဖင်မမည်းခင်ကကွဲ ဆိုတာမျိုးတွေ တွေ့ဖူးတယ်၊ ကျွန်တော် မာလာနဲ့ တစ်သက်လုံး တူတူနေသွားမှာ၊ ကျွန်တော့်အချစ်က လေးနက်တည်ငြိမ်ပြီး လူကြီးဆန်တဲ့ အချစ်မျိုး ဖြစ်ပါလိမ့်မယ်"

"သမီးရည်းစားစုံတွဲ လေးတွဲ ကျွန်မကြောင့် ကွဲခဲ့တယ်လို့ ကိုဖြိုး ပြောခဲ့တယ်နော်"

ဖြိုး စကားအတွက် တကယ်ပဲ အားနာမိပါ၏။

"ခု ကျွန်မက ကိုဖြိုးနဲ့ မာလာကိုကွဲအောင် အထင်လွဲအောင်လုပ်တယ်လို့ ကိုဖြိုး ထင်နေပြန်ပြီ၊ လုပ်နေပြီပဲထားပါ၊ ကိုဖြိုးက မာလာ့ကို စွန့်လွှတ်ပြီး ကျွန်မဘက် ယိမ်းမယ်လို့ စိတ်ကလေးများ ကူးမိသေးလား"

"ဟင့်အင်း"

"ဒါပဲပေါ့ ကိုဖြိုးရယ်၊ ဟိုစုံတွဲလေးတွဲ ကွဲကြတာဟာ ကျွန်မတစ်ယောက်တည်းရဲ့ အပြစ်လား၊ အဲဒီယောကျ်ားတွေ ဘာဖြစ်လို့ ကိုဖြိုးလို သစ္စာမိမျိုး မရှိကြသလဲ။ သူတို့စိတ်နဲ့ သူတို့ယိမ်းယိုင်တာက အဓိကလား၊ ကျွန်မဝင်ရှုပ်တာက အဓိကလား"



ဖြိုး ခေါင်းကုတ်လိုက်သည်။

မရွှေဖြိုးပြောတာ ဟုတ်တုတ်တုတ်ပါလား။ သို့ပေမဲ့ မရွှေဖြိုး ဆိုသော ပုဂ္ဂိုလ်မလေးကို သာမန်ယောကျ်ားသားတွေ အကြည့်လွဲနိုင်ကြမှာတဲ့လား။ ဖြိုး ကိုယ်တိုင်တောင် ငြိတွယ်စေတတ်သည့် စွမ်းအင်ပြည့် မျက်ဝန်းတွေကို မျက်စိမှိတ် ခေါင်းယမ်းပြီး ထွက်ထွက်ပြေးနေရတာလေ။

"ကျွန်မက ဘယ်လိုပဲဝင်ရှုပ်ရှုပ်၊ သူတို့ဘာသူတို့ သစ္စာ နိုင်မြဲနေကြမယ်ဆိုရင် ဘာမှဖြစ်လာစရာ အကြောင်းမရှိပါဘူး ကိုဖြိုးရယ်"

ရွှေဖြိုး ညင်ညင်သာသာလေးပဲ ပြောနေသည်။ သူ့စကားလုံးတွေမှ ဒေါသကင်းလေ၏။

"ဒါတော့ သိပ်မလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဘယ်မိန်းကလေးနဲ့ပဲယှဉ်ယှဉ် မရွှေဖြိုးက သာမှာပဲ"

"ဘယ်လိုသာမှာလဲ"

"ယောကျ်ားတော်တော်များများ အလေးထားပြီး မက်မောတတ်ကြတဲ့ အလှပေါ့"

"မှားပါတယ်"... ဟု ကိုယ့်ခေါင်းကိုယ်ထု၍ အပြစ်ပေးချင်၏။ ရွှေဖြိုး ဆိုသော ဖရိုဖရဲ၊ ဖိုသီဖတ်သီနှင့် တိုးနယားကြီး ကနေသလို ရှုပ်ထွေးယိမ်းယိုင်နေတတ်သည့်မိန်းမ၏ "အလှ"ကို ကိုယ်ဘယ်တုန်းက ရှာဖွေတွေ့ရှိခဲ့လေသလဲ။ သူ့ကို လှပါတယ်ဟု ဘယ်တုန်းက မသိစိတ်နှင့် သတ်မှတ်ခဲ့လေသလဲ။ ကိုယ့်ဘာသာ သတိမထားမိစွာ ခံယူထားမိလျက် လွှင့်ဖြန်ကြီး

www.burmeseclassic.com

www.burmeseclassic.com



တောင် ဖွင့်ပြောလိုက်မိပေါ့။ ဒီမိန်းမ ... တကယ်ပဲ လှလို့လား။ ကဲလေ ... ရဲရဲပဲ ကြည့်လိုက်တော့မယ်။ ယောက်ျားပဲ။

"ကျွန်မက လှလို့လား"

"ခါတိုင်း အသားက ခပ်ညစ်ညစ်နဲ့ ချေးသံတရွှဲရွှဲ၊ ခုတလောကျတော့ ပန်းနုပြေပြေလေး"

ရွှေဖြိုး ယဲ့ယဲ့လေးပြုံးသည်။ တော်တော်ရိုးတဲ့လူ။ အင်္ဂလိပ်မတွေအသားက ဆွတ်ဆွတ်ကြီးဖြူလွန်းလို့ နေညိုရောင်လေးသမ်းအောင် တစ်ကိုယ်လုံးတောင်ချွတ်ပြီး နေပူခံကြရတာ မဟုတ်လား။ နေပူမလှန်းနိုင်သူတွေက ကြေးနီရောင်အသားမှ ရောမခေါမ ကြေးသွန်းရုပ်တွေလို လှတာဆိုပြီး ကြေးနီရောင်ညိုညစ်ညစ်မှာ အဆီတလက်လက် ဖြစ်နေစေမယ့် မိတ်ကပ်မျိုး လိမ်းကြတာ။ ဖေဖေကလည်း အဆန်းဆိုပြီးဝယ်ပို့၊ ခေတ်ရေ့ကပြေးချင်သည့်သမီးက တွင်တွင်လိမ်း။

ကိုဖြိုး ... ရွှေဖြိုးရဲ့ပင်ကိုအသားရောင်ဟာ အဖြူနောက်နောက်မှာ ပန်းနုနဲ့ရွှေဝါသွေးနှောပြီး ရိပ်ရိပ်ကလေးပြေးနေတဲ့ ရှာမှရှားတဲ့ အလှဆုံးအရောင်ဆိုတာ ကိုဖြိုး သိရဲ့လား။

"ခါတိုင်း မရွှေဖြိုးကိုတွေ့တိုင်း ကျွန်တော် စိတ်ရှုပ်တယ်၊ ဖိုသီဖတ်သီ အရမ်းနိုင်တယ်၊ ခုလိုမျိုးကျတော့ မြန်မာအင်္ကျီလေး မဟုတ်ပေမယ့် သင့်တင့်ရုံ ကြည့်ကောင်းတာပေါ့။ မျက်စိမရှုပ် မနောက်တော့ဘူး၊ လှပါတယ် ... မိန်းမတော်တော်များများထက် မရွှေဖြိုးက အများကြီးပိုလှပါတယ်"

"မာလာနဲ့ရော"

"အလှတစ်ခုတည်းယှဉ်ရင် မရွှေဖြိုးက အနိုင်ရပါတယ်"



"ဒါပေမဲ့ ကိုဖြိုးကမှ မယှိမ်းယှိုင်တာ၊ ယှိမ်းယှိုင်တဲ့လူတွေ အပြစ်လား၊ အနေအထိုင်မတတ်တဲ့ ကျွန်မရဲ့အပြစ်လားရှင်"

"ဘာပဲဖြစ်ဖြစ် အနေအထိုင်တတ်ရင် ကောင်းတာပေါ့ဗျာ၊ ဒါ ကျွန်တော် ညီမသားချင်း သံယောဇဉ်နဲ့ပြောတာပါ"

"ကျေးဇူးတင်ပါတယ် ကိုဖြိုးရယ်"

ရွှေဖြိုး ထိုင်နေရာမှ ထရပ်၏။

"ကျွန်မ ပြန်တော့မယ်။ တစ်ခုတော့ ပြောခဲ့ပါရစေ။ ကိုဖြိုး အပေါ်မှာ မကျေနပ်တာတို့၊ ရန်ငြိုးရန်စတို့ ဘာတစ်ခုမှ မရှိပါဘူး၊ မုန်းတီးလို့လည်း မနေပါဘူး၊ အဲဒါကို ယုံပါ၊ ယုံလား"

"ယုံလိုက်ပါမယ်ဗျာ၊ မာလာ့အပေါ်မှာရော"

"ရှားရှားပါးပါး တွဲနေရတဲ့ သူငယ်ချင်း ညီအစ်မပဲ ကိုဖြိုးရယ်၊ ပိုလို့သာမရှိတော့မပေါ့ မာလာ နစ်နာစေမယ့် ကိစ္စမျိုး၊ မလှ့စိတ်နဲ့ ဆန့်ကျင်ပြီး ကျွန်မ ဘယ်တော့မှ မလုပ်ပါဘူး၊ အဲဒါ သစ္စာစကားပါ၊ ကိုဖြိုး ယုံပါ"

"ယုံလိုက်ပါပြီဗျာ၊ ကျေးဇူးတင်ပါတယ်"

"ကျွန်မ ပြန်မယ်"

"ဟုတ်ကဲ့"

မျောက်ရုပ်ကျောပိုးအိတ်ကလေးကို ကြိုးကိုင်းနှစ်ခုမှ လက်လျှို၍ လွယ်လိုက်၏။ ရုပ်အင်္ကျီလက်ရှည်တံတောင်ဆစ်နားမှာ ခေါက်လျက် နားရွက်ဖုံးရုံ ဆံပင်လေးနှင့် ဂျင်းဘောင်းဘီကလေးနှင့် အသားပန်းနုသွေးပြေးပြေး ထိုမိန်းကလေးမှာ အသားရောင်၊ မျက်နှာပေါက်၊ နှာတံ၊ မျက်ခုံး၊ မျက်လုံး၊ နှုတ်ခမ်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



တကွ ကိုယ်လုံးကိုယ်ပေါက် ပြိုင်စံရှားအောင်လှလျက်၊ ခေတ်မီလျက်၊ ခပ်မိုက်မိုက်ပုံစံလေးကို ပိုင်ဆိုင်လျက်၊ ချစ်ဖွယ်မှ တကယ့်ချစ်ဖွယ်လေးပါပဲ ဆိုတာကို အခုမှ သတိထားမိကာ၊ တကယ်ပဲညီမသားချင်း သံယောဇဉ်မျိုးနှင့် ချီးကျူးခံစားလိုက်ရပါလေပြီ။

✦ ❦ ✦



## အခန်း(၁၂)

"မာလာ ... ကမ္ဘာပေါ်မှာ ဒီလောက် သစ္စာတရားကြီးမားတဲ့ သူတော်ကောင်းဆိုတာ မရှိတော့ဘူး။ နင် သူတော်ကောင်းကို ပစ်မှားပြီ။ ငါလည်း ပြစ်မှားသလိုဖြစ်သွားပြီ။ မာလာရယ် ... နင်မှ နင်ပါ။ နင်နဲ့ သူနဲ့ကြားမှာ ကွဲအောင်ကွာအောင် မလုပ်ပါနဲ့တဲ့။ ငါ့ကို တောင်းပန်တယ် ...

"တော်ပြီ၊ ငါ သိပ်ရှက်သွားမိတယ်၊ သူ့ကိုစိတ်ဆိုးလို့ မဟုတ်ပါဘူး၊ ကြည်ညိုလွန်းလို့ပါ၊ ဒီလို သစ္စာရှင်မျိုးကို ပိုင်ဆိုင်ခွင့်သာရရင် ရွှေချပြီး လည်မှာဆွဲထားချင်တယ်၊ သိပ်သနားစရာကောင်းတဲ့ ကိုဖြိုးကြီးကို နင်မဖြတ်ပါနဲ့ ...

"လူသူတော်ကောင်းကြီးပါပဲဟယ်"

ရွှေဖြိုး ငို၍ ငို၍ ပြောလေ၏။ မာလာ မျက်ကြောစင်းလေးနှင့် ကြည့်နေမိသည်။ ဪ ... ရွှေဖြိုး။ သူတော်ကောင်းမလေး။ ရွှေဖြိုးလောက် တစ်ဖက်သားကို ကူညီတတ်တာ၊ အဆိုးအကာမ်း ရက်ရောတာ၊ ဘယ်တော့မှ ဒေါသဆိုတာမရှိဘဲ သည်းခံ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်နေတတ်တာ၊ သူငယ်ချင်းအားလုံးရဲ့ အနှံ့အတာကိုခံတာ မရှိတော့။ တစ်ဦးတည်းသမီးမို့ မာနကြီးမည် မထင်ပါနှင့်။ သူ့ဘာသာ ပျော်သလို ထင်ရာလုပ်တတ်ပေမယ့် မည်သူ့ကိုမျှ အနှောင့်အယှက် မပေးတတ်တာ သူ့အပျော်လေးတွေက ကလေးပျော်လေးတွေသာဖြစ်လျက် ဖြူစင်နေတတ်တာ၊ တစ်အိမ်တည်း အမြဲနေနေရသူမို့ အစင်းသိပါ။

"အစကတည်းက မလုပ်ချင်ဘူး မာလာရဲ့၊ နင့်ကိုသနားလွန်းလို့။ နင်ပြောတာလည်း နားလည်တယ်၊ နင်ဟာ ဒေါ်ခင်ဦးမေ ချွေးမဖြစ်ရမှာ ကြောက်သွားလို့ ဦးသက်ပိုင်စိုးဘက် ယိမ်းသွားတယ်ဆိုတာလည်း နားလည်လို့ နည်းနည်းပါးပါးလေး သွားစမိပါတယ် ...

"ငါ့မှာ အရှက်ဆိုတာလည်း မရှိတော့ဘူး၊ သိက္ခာဆိုတာလည်းပဲ ရွဲ့ကျတာ တစ်စစီ လိုက်ကောက်လို့လည်းမရတော့ပါဘူး၊ သူ့ကိုလည်း ငါ အရမ်းသနားလို့ ဘာမှဆက်မလုပ်ပါရစေနဲ့တော့ မာလာရယ်၊ ငါ့ကို နားလည်ပေးပါ"

ရွှေဖြိုး ချုံးပွဲချငို၏။

မာလာလည်း မကြည့်ရက်တော့ပါ။ ကိုယ်မွေးတဲ့မီးလေ။ သို့ပေမဲ့ ရွှေဖြိုး ဒီလောက်ငိုနေတာ အံ့ဩ၏။ ငယ်ငယ်လေးတုန်းကတော့ "အငို"ဟာ လူသားပေါက်စလေးတစ်ဦးရဲ့ဆန္ဒဖွင့်ဟခြင်း ဘာသာစကားမို့ ကလေးတွေ ငိုကြပါသည်။ အဲသည်တုန်းကလောက်သာ ရွှေဖြိုး ငိုခဲ့ဖူးမည်။ လူမှန်းသူမှန်း သိတတ်ချိန်မှစ၍ လိုတရနေသူအဖို့ ငိုစရာဆိုတာ တကယ့်ကိုလည်း မကြုံခဲ့ရတာပါ။ ရွှေဖြိုး ငိုတာ မာလာ တစ်ခါမျှမတွေ့ဘူးခဲ့။



မာလာတို့ကကျတော့ ဝမ်းနည်းလို့ငို၊ ဒေါသထွက်လို့ငို။ ရွှေဖြိုးက ဝမ်းလည်းနည်းစရာ အကြောင်းမရှိ၊ ဒေါသထွက်တတ်သူလည်းမဟုတ်၊ ရွှေဖြိုးလောက် အဆိပ်အတောက်ကင်းတာ ရွှေဖြိုးပဲရှိသည်။ သူ့အဖေ နိုင်ငံခြားထွက်သွားစဉ်ကပဲ တစ်ခါ။

လေယာဉ်ကွင်း လိုက်မပို့တော့ပါ။ အိမ်ပေါ်မှဆင်းကတည်းက ဦးသုံးကြိမ် ချလိုက်သည်။ အံကိုတင်းနေအောင်ကြိတ်ထားသည်။ ဒေါ်တင်တင်ဦးက အခန်းတံခါးပိတ်၍ လှူးလှိမ့်ငိုနေသည်။ ရွှေဖြိုးက စို့ဝဲနေသည့် မျက်ရည်စတွေကို ဒေါသမာန၊ နာကျင်မှုတွေဖြင့် တင်းခံတောင့်ခံထားသည်။ ဦးစောနောင်နှင့် ဒေါ်မိမိရွှေစင်တို့က လေယာဉ်ကွင်းမှာ ဆုံကြမှာဖြစ်သည်။ ဦးစောနောင်သည် နိုင်ငံခြားသို့ မထွက်ခွာမီ နောက်ဆုံးအချိန်ထိ သမီးနားမှာနေခဲ့သည်။ သမီးပါးကို တရွှတ်ရွှတ်နမ်းသည်။ သူ့ဆုံးဖြတ်ချက်နှင့်သူ လုပ်သွားတာပေမယ့် ခွဲကာနီးမှာ ဦးစောနောင် မျက်ရည်ပေါက်ပေါက်ကျ၏။

"သမီး"

ငိုသံပါကြီးနှင့်ခေါ်ကာ သမီးကိုဖက်ထားလိုက်ပုံများ ပြန်ဆွဲခွာလို့မှ ရပါတော့မလား ထင်ရသည်။ အဖေတစ်ယောက်လုံး ဒီလောက်ခံစားနေရချိန်မှာ ရွှေဖြိုးက နာကျင်စိတ်ဖြင့် တောင့်တောင့်ကြီး ဖြစ်နေသည်။ မျက်ရည်ဝဲပါသည်။ အံကြိတ်ပါသည်။ တစ်သက်မှာ တစ်ခါမျှ မမြင်ဘူးသော ခက်ထန်မှုမျိုးဖြင့် မာတင်းနေပါသည်။ ပေါက်တော့မည့်မြွေလို ပါးပျဉ်းထောင်၍ အဆိပ်တွေလွှတ်မည့်ဆဲဆဲ ပုံသဏ္ဌာန်လည်း ပေါ်ပါ၏။ သို့ပေမဲ့

ရွှေဖြိုး မျက်ရည်တွေ စီးကျမလာခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးစောနောင် အိမ်ပေါ်မှ ဆင်းသွားသည်။ ရွှေဖြိုး လက်အုပ်ကလေးချီ၍ ငေးကျန်ရစ်သည်။ မျက်စိတဆုံးထဲမှာ အဖေ့ကား ပျောက်သည်နှင့် အိမ်ထဲသို့ ချာခနဲပြန်လှည့်၏။ မျက်နှာကို ပြင်လိုက်သည်။ စောစောက ရွှေဖြိုး ဘယ်ရောက်သွားပါလိမ့်။ နောက် ရွှေဖြိုးတစ်ယောက် ရောက်လာသလား ထင်ရသည်။

"သူ့ဘာသာ အင်္ဂလန်မကလို့ တာဝတိံသာရောက်ရောက် ငါ့အဖေဟာ ငါ့အတွက် အမြဲတမ်းအဖေပဲ၊ ငါ့အမေဟာ မယားကြီး၊ ညနေကျ မေမေ့ကို ရုပ်ရှင်လိုက်ပြမလို့ ဘကြီးကိုလည်းပြောထား၊ နင်လည်း စောစောစီးစီးရေချိုး"

ရယ်၍ ပြောလိုက်ပုံကြောင့် မာလာ အီးခနဲ ငိုချမိတော့သည်။ သနားလိုက်တာ ရွှေဖြိုးရယ်။ နင့်ရင်ထဲမှာ အက်ခနဲ အက်ခနဲ ကွဲကြေနေတာ ငါ အတိုင်းသား မြင်နေရပါတယ် ... ဟု ပြောချင်၏။ ရွှေဖြိုးကတော့ ကျန်ခဲ့သည့်အမေ့အတွက် သမီးကောင်းပီသပါလေတော့မည်။

မာလာ ဆိုလိုတာက အဲသည်တုန်းကတောင် ရွှေဖြိုး ဖြေနိုင်ခဲ့သည်။ ခု ဖြေမဆည်နိုင်ပုံက ကြေကွဲလွန်း၏။ ကလေးလေးတစ်ယောက်လို တအိအိငိုကာ၊ မှားပြီ ... မှားပြီ ဟုလည်း ညည်းရှာ၏။ မာလာ့ရင်ခွင်ထဲ မှီချွေလဲကာ ရုပ်သေးကြိုးပြတ်ကလေး ရွှေဖြိုးအတွက် မာလာ ငိုခဲ့ရပါသည်။ အမှန်ကိုဝန်ခံရပါလျှင် မာလာ့အတွက်လည်း မဟုတ်ပါ။ ကိုဖြိုးအတွက်လည်း မဟုတ်ပါ။ ရွှေဖြိုးအတွက် သီးသန့်ပါပဲ။ ရွှေဖြိုးလေးရယ် ... မင်း ဘာဖြစ်လို့ ဒီလောက်ငိုနေရတယ်ဆိုတဲ့ ရင်ထဲက ခံစားချက်ကို ကိုယ်သိလိုက်ပြီ ရွှေဖြိုးရယ်။



မင်း ... ကိုဖြိုးကို ရင်ထဲက ကြင်နာနေတာလေ။

"ဒီလူကြီး စိတ်ဆင်းရဲအောင် နင်မလုပ်ပါနဲ့တော့၊ နင့်ဦးသက်ပိုင်စိုးကြီးကို ဖြတ်ပါ"... တဲ့။

"ကိုဖြိုး အခံရခက်နေတာဟာ အဖြတ်ခံရလေခြင်း၊ ငါ့လို ဒိတ်ဒိတ်ကြဲတစ်ယောက်ဟာ ဘာမဟုတ်တဲ့ အညံ့စားမရဲ့ ဖြတ်တောက်မှုကို ခံရလေခြင်းနဲ့ ဆွေ့ဆွေ့ခုန်နေတာပါ၊ ငါတို့နှစ်ယောက်ဟာ လက်ထပ်ဖြစ်သွားရင် သံယောဇဉ် တွယ်ပြီး သစ္စာရှိသွားကြမှာ သေချာပေမယ့် လက်မထပ်ဖြစ်တော့လည်း ဘယ်သူမှ အသည်းမကွဲပါဘူး ရွှေဖြိုးရဲ့၊ ဦးနှောက်ရဲ့ စီမံရာကို ခံကြသူတွေပါ"

"တော်ပါဟယ် ... နင့်အုံးနှောက်(ဦးနှောက်)က အောက်နှုန်းပဲ"

ရင်ကွဲပက်လက် ငိုမိတာကို သူ့ဘာသာ ပြန်ရှက်ကျက် ရွှေဖြိုး မျက်ရည်သုတ်သည်။

"ရှင် ကိုဖြိုးကို ချစ်နေပြီ မရွှေဖြိုး"

"သေစမ်း"

မာလာ့ကို တွန်းပစ်ခဲ့ပုံက ကရာတေးသမားလက်နှင့်မို့ မာလာ ခွေခနဲ လဲ၍ကျန်လေသတည်း။

✦ ❦ ✦

မာလာက ဖြိုးကို လုံးဝအတွေ့မခံတော့ပါ။ သူ့အိမ်သွားလည်း ထွက်မတွေ့တော့ဘဲနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"များနေတယ်"... ဆိုတာမျိုးတွေလည်း ရွှေဖြိုးပဲ ထွက်ပြောသည်။ ဒီအိမ်မှာ ဆန္ဒပြပြီး ငုတ်တုတ်ကြီး ဆက်ထိုင်နေဖို့လည်း မကောင်း။ ဂစ်တာတစ်လက်နှင့် ခြံဝမှာ သွားအော်ရမည့်အရွယ်လည်းမဟုတ်၊ မာလာ တိခနဲ ဖြတ်ချလိုက်ခြင်းဟာ ဖြိုးဘဝမှာ တစ်သက်တစ်ခါ အလဲထိုးခံရခြင်းပါပဲ။ မေမေ့ကိုလည်း မပြောဖြစ်သေး။ မေမေသိလျှင် ဆွေ့ဆွေ့ခုန်မည်။ ကိုယ်နှင့် မာလာက ပြန်အဆင်ပြေသွားခဲ့သော် မေမေက ခွင့်လွှတ်စိတ်နှင့် ပြန်မချစ်နိုင်တော့မှာ သေချာသည်။

ဒီတော့ ...

ဖြိုး ... ကျိတ်ခံ၊ မိတ်ခံ၊ အောင့်ခံ၊ သူ့လိုအတ္တလက်ကိုင်ထားသူတစ်ဦးက ရှိသမျှ အတ္တကိုယ်ရုံကိုခွာချရသည်။ အောက်ကျို့ရသည်။ ဖုန်းဆက်တော့ မာလာက လာကိုင်ပြီး သူပြောချင်တာတွေ ပြောနေပြန်တော့သည်။

"ကိုဖြိုးက ရွှေဖြိုးကို စုန်းမ ကဝေမ ဆိုပြီး ပြစားတတ်တဲ့ မိန်းမလို့ စွပ်စွဲနေလို့ မာလာ့ညီမဘက်က ဖြေရှင်းနေတာပါ"

"သူ စုန်းမ,မဟုတ်ဘူးလား၊ သူများသမီးရည်းစား လေးတွဲကို ခွဲပြီးပြီ"

"ဘာဖြစ်လို့ အကွဲမခံတဲ့ ခိုင်မာမှုတွေ မရှိကြသလဲ"

"ခု ကိုယ်တို့နှစ်ယောက်ကို သူ ခွဲပြီ"

"မခွဲပါဘူး၊ ကိုဖြိုးက သူ့ကိုမုန်းကြောင်း၊ ရွံကြောင်း၊ အရှက်မဲ့မိန်းမသားအဖြစ်ကို ရောက်တဲ့အထိ ပြောကြောင်းတွေပဲ ပြောပါတယ်၊ ကိုဖြိုးက သူ့ကိုချစ်ပါတယ်၊ ငေးကြည့်ပါတယ်၊ စွဲလမ်းပါတယ်ဆိုတာ တစ်ခွန်းမပြောပါဘူး"



"ဒါဖြင့် မာလာက ဘာကိုစိတ်ဆိုးပြီး လမ်းခွဲကြမယ်ပြောတာလဲ"

"ကိုဖြိုး ... ကိုဖြိုးနဲ့ ရွှေဖြိုးနဲ့က ဘာမှမဆိုင်ကြသူတွေပါ၊ တစ်ယောက်အကြောင်းလည်း တစ်ယောက်မသိကြပါဘူး၊ ကိုဖြိုးအကြောင်းကို ရွှေဖြိုး မသိနိုင်ပေမယ့် မာလာ သိတယ်"

"ဘာသိတာလဲ"

"ကိုဖြိုး ... ရွှေဖြိုးကို စိတ်ဝင်စားနေပြီ။ ကိုဖြိုး ဝန်မခံချင်ပေမယ့် အတွင်းစိတ်က ရွှေဖြိုးဘက်ကို ယိုင်ကျနေပြီ၊ အဲဒါ မာလာက ကိုဖြိုးနဲ့ ချစ်သူမို့ အနီးကလူမို့ သိတာ"

"အဲဒါ လုံးဝမဟုတ်ဘူးကွာ"

"မာလာ့ကို ငြင်းလို့မရဘူး ကိုဖြိုး၊ မာလာက အောက်ခြေက တက်လာတဲ့သူ၊ အောက်သက်အလွန်ကျေတယ်၊ ရှင်ကြီးဝမ်းထဲလည်း ဝင်ဖူးတယ်၊ ရှင်ငယ်ဝမ်းထဲလည်း ဝင်ဖူးတယ်၊ မနေ့ချင်လို့ ပြန်ထွက်လာတယ်ဆိုတဲ့ အထဲကပါ၊ လူတစ်ယောက်ရဲ့မျက်နှာကို စာရွက်လုပ်ပြီး ဖတ်တတ်ပါတယ်၊ မျက်ဝန်းကို ဓာတ်ပုံတစ်ခုလို ကြည့်တတ်ပါတယ်။ ကိုဖြိုးကိုယ်တိုင် လက်မခံနိုင်လို့ ကိုယ့်ကိုယ်ကိုယ် ညာနေတဲ့ ခံစားမှုတစ်ခုကို မာလာ သိနေတယ်"

"လုံးဝမဟုတ်ဘူး မာလာ၊ လုံးဝပဲ၊ အဲဒါ အဲဒီကိစ္စကို အဲဒီမိန်းမနဲ့ မျက်နှာချင်းဆိုင်ပြီး ရှင်းမယ်"

"ဘာလို့ရှင်းရမှာလဲ၊ ဒါ ရှင်းရမယ့်ကိစ္စမှ မဟုတ်တဲ့ မျက်နှာချင်းဆိုင်တွေ့တော့ ကိုဖြိုး ဘာပြောမလဲ ... ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မာလာ့ကို ဘာတွေကုန်းသွားတိုက်သလဲလို့ ပြောင်ဖွင့်မေးမယ်၊ ငါ ဘာမှမလုပ်ဘဲနဲ့ မင်း ဘာတွေလီစယ်ပြောသလဲ မေးမယ်"

"ဘာမှမပြောဘူး၊ ဘာမှ ကုန်းမတိုက်ဘူးလို့ ပြောပြီပဲ"

"မဖြစ်နိုင်ဘူး၊ သူ ကုန်းတိုက်လို့ မာလာ ကိုယ့်အပေါ် စိတ်ပြောင်းတာ"

"သူပြောတာက ..."

ဖြိုးနဲ့ ရုံးခန်းမှာ ဖြိုးက မိန်းမသားတစ်ယောက်၏ မာနကို ထိပါးစွာ၊ သိက္ခာကိုမညှာတာစွာ ပြောဆိုတောင်းပန်လိုက်သည့်စကားတွေကို ပြန်ရွတ်ပြသည်။

"အဲဒါ အမှန်တွေပဲ"

"မာလာ ယုံပါတယ်"

"ကိုယ် ဒီလောက်ကြောက်တဲ့မိန်းမ၊ အထင်မကြီးတဲ့မိန်းမကို ကိုယ်လိုလူလား စိတ်ယိုင်မှာ"

"အဲဒီလို ကြောက်တာကိုက စိတ်ယိုင်လို့ ကြောက်တာပါ"

"မဟုတ်ဘူးကွာ"

"ကိုဖြိုးက လူကောင်းလေ။ လူရိုးလူဖြောင့်လည်းဖြစ်တယ်၊ ရိုးသားကြိုးစားတဲ့လူလည်း ဖြစ်တယ်"

"တော်ပါတော့၊ အမြင့်ကြီးမြှောက်ပြီးမှ ကန်ချရင် ပိုအထိနာပါတယ် မာလာ"

"မာလာ ပြောတာ ကိုဖြိုး သေချာစဉ်းစားပါ။ ကိုဖြိုးက အဲဒီလိုလူကောင်းတစ်ယောက်ဆိုတော့ မာလာ့အပေါ်မှာ သစ္စာမဖျက်ချင်ဘူး၊ ဒါကြောင့် ကိုဖြိုးစိတ်ကို ကိုဖြိုး



ဆုံးမတဲ့အနေနဲ့ ရွှေဖြိုးအပြစ်တွေ ထပ်တလဲလဲ ကြိုးစားပမ်းစားမြင်ပြီး ကိုယ့်ခရီးကိုယ် ဖြောင့်အောင်ထိန်းနေတာ"

"ထားတော့ ... အဲဒီလိုဖြစ်ပြီပဲထား၊ ထိန်းနေတယ်ဆိုတာ ဘယ်လောက်ကောင်းလဲ၊ ဒါ ဖြတ်စရာလား"

"မာလာ့ကို ရင်ခွင်ထဲမှာထားပြီး တခြားမိန်းမတစ်ယောက်ကို ကျိတ်တမ်းတနေမယ့် ခင်ပွန်းမျိုးကို မာလာ မယူချင်ပါဘူး ကိုဖြိုးရယ်"

"အဲဒီလို လုံးဝမဖြစ်ဘူး"

"ကိုဖြိုး ထင်တာပါ။ ဖြစ်ကိုဖြစ်မှာ၊ အဲဒီအခါကျရင် ကိုဖြိုးလည်း ပျော်မှာမဟုတ်ဘူး၊ မာလာလည်း ကြေကွဲရမယ်၊ တစ်သက်လုံး စိတ်ဆင်းရဲကြရမယ့်အဖြစ်မို့ ခုတည်းက ရှောင်ရှားလိုက်ကြတာ လမ်းမှန်ပါ ကိုဖြိုးရယ်၊ မာလာ ပြောတာ ယုံပါ"

မာလာ့အသံက အေးဆေးတည်ငြိမ်နေသည်။ စိတ်မဆိုး ဒေါသမထွက်၊ သူပြောနေသော အကြောင်းအရာများဟာ သူနှင့် မသက်ဆိုင်သလို၊ သူများအကြောင်း ပြောနေသလို၊ သူမို့ တည်ငြိမ်စွာ ပြောတတ်လေခြင်း။ ဖြိုးမှာဖြင့် ဆွေ့ဆွေ့ခုန်နေရသည်။ ဆတ်ဆတ်ခါနေရသည်။ ကဲကဲဆတ် နေရသည်။ စကားပုံရှိင်းရှိင်းနှိင်းရလျှင်တော့ မျောက်မီးခဲထိုင်မိ ဆိုတာမျိုး။ ဖြစ်နိုင်လျှင် ခုန်နေချင်၏။ အဲဒီတော့မှ နည်းနည်းပါးပါး သက်သာမည်။ အဲသည်လောက်ထိ စိတ်ထိခိုက်ပါ၏။

"ကိုဖြိုးကို မာလာက စိတ်ဆိုးလို့ ပြောနေတာလည်း မဟုတ်ဘူး၊ ကိုဖြိုး ကိုယ်တိုင်မသိသေးတဲ့ အချက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



ကို မာလာက သိသွားလို့ နှစ်ယောက်လုံးကောင်းဖို့ လမ်းခွဲကြတာပါ၊ ကိုဖြိုး မာလာ့ကို တစ်နေ့မှာ ကျေးဇူးတင်ပါလိမ့်မယ်”

ဖြိုး စကားပြောခွက်ကိုကိုင်ရင်း ခေါင်းကိုသွက်သွက်ယမ်းသည်။

“မာလာက ဘာဖြစ်လို့ အဲဒီလို ပြောနိုင်တာတဲ့လဲ”

“အစကတည်းက မာလာက သတိမထားမိလို့သာလေ။ မာလာဟာ ကိုဖြိုးနဲ့ ကိုဖြိုးမေမေ စိတ်ကြိုက်ပုံစံဝင်တယ်၊ ရုပ်ရည်သိပ်မဆိုးဘူး၊ ဆင်းဆင်းရဲရဲထဲက ဆိုတော့ ကျိုးနွံမယ်၊ အဲဒါတွေကြောင့် ကိုဖြိုးက မာလာ့ကို ကြိုက်တာ။ ကြိုက်တာဟာ ချစ်တာနဲ့ မတူပါဘူး ...

“ကိုဖြိုးကြိုက်တဲ့ မာလာနဲ့ စကားပြောနေကြတဲ့အချိန်တွေမှာ ကိုဖြိုး ချစ်ပေမယ့် မကြိုက်နိုင်တဲ့ ရွှေဖြိုးက ကိုဖြိုးရဲ့အတွေးတွေထဲကို ရောက်နေတယ်၊ ပြန်စဉ်းစားကြည့်ပါလား။ ကိုဖြိုးနဲ့ မာလာနဲ့ တွေ့ကြတိုင်း ကိုဖြိုး ဘာအကြောင်းအရာတွေကို အပြောများလဲ၊ ရွှေဖြိုးကို မျက်စိနောက်ကြောင်း၊ မကြိုက်ကြောင်း၊ သူ့အမေက ဆုံးမသင့်ကြောင်း၊ မိန်းကလေး ဒီလိုနေထိုင်ရင် ပျက်စီးသွားနိုင်ကြောင်းတွေချည်းကို ကိုဖြိုး အမြဲပြောနေခဲ့တယ်”

“စေတနာနဲ့ပါ မာလာရယ်”

“စေတနာဆိုတာ မုန်းတဲ့သူအပေါ်မှာ မသက်ရောက်ပါဘူး၊ ကိုဖြိုး ... ရွှေဖြိုးကို မမုန်းပါဘူး။ ရွှေဖြိုးကို ကိုဖြိုးက အဝေးကြီး ရှောင်နေတာဟာလည်း နက်ရှိုင်းတဲ့ အစိပ္ပာယ်



တစ်ခု ရှိနေလို့ပါ။ ကိုဖြိုး ကားကိုပြန်ကွေ့မောင်းထွက်သွားမိတာ အားနာပြီး နည်းနည်းပါးပါး စကားပြောလာတော့ ရွှေဖြိုးကလည်း ခင်တတ်တယ်၊ ရွှေဖြိုးက တရင်းတနှီးနေကိုနေတတ်တာ၊ ဒါဟာ သူ့သဘာဝပဲ ...

“ကိုဖြိုးနဲ့ တရင်းတနှီး လာပေါင်းမိတယ်၊ အဲဒီအခါမှာ ကိုဖြိုးရဲ့မျက်ဝန်းတွေကို မာလာ ခါတပ်ပုံတစ်ခုလိုကြည့်နိုင်ခဲ့တယ်၊ ကိုဖြိုး မျက်နှာပြင်ခံစားမှုကို စာလုပ်ပြီးဖတ်နိုင်ခဲ့တယ်၊ ကိုဖြိုး ... ရွှေဖြိုးကို ရစရာမရှိအောင်ပြောတာ ...

“တော်ရုံနဲ့ ဘယ်ပြောပါ့မလဲ။ ကိုဖြိုး လူယဉ်ကျေးပဲ၊ တစ်ဖက်သားကို အားနာဖို့ ယဉ်ကျေးဖို့ ကိုဖြိုး သိပါတယ်။ ချစ်မိရမှာ ကြောက်လွန်းလို့ကို ရစရာမရှိအောင်ပြောပြီးတွန်းလွှတ်တာ ...

“အဲဒါပါပဲ ကိုဖြိုးရယ်၊ မာလာတို့ မိတ်ဆွေအဖြစ်နဲ့ ခင်ခင်မင်မင် လမ်းခွဲရအောင်ပါ။ လမ်းမှာတွေ့ရင် နှုတ်ဆက်ပါ။ မိတ်ဆွေတွေပေါ့၊ ကိုဖြိုးက ပေါင်းဖို့သင်းဖို့ တန်တယ်ထင်ရင်ပါ။ မတန်ဘူးထင်ရင်လည်း နှုတ်မဆက်ပါနဲ့ ကိုဖြိုးသဘောပါ ...

“မာလာက အမှန်ကို စိတ်အတည်ငြိမ်ဆုံးထားပြီးတွေးတောနိုင်လို့ အေးအေးဆေးဆေး ပြောနိုင်တာပါ၊ ကိုဖြိုးသာ မမျှော်လင့်ဘဲ ခြိုခိုအတိုက်ခံလိုက်ရသလိုဖြစ်လို့ မချိမဆန့် ဖြစ်နေတာပါ၊ ခေါင်းအေးအေးနဲ့ ပြန်စဉ်းစားပါ၊ ကိုဖြိုး မေမေကိုလည်း ပြောပြပါ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... မေမေ့ကို ပြောပြရမယ်"

"ပြောပြပါ။ ကိုဖြိုးမေမေက အမှန်ဆုံးကို တီခနဲနေအောင် ပြောချလိုက်ပါလိမ့်မယ်၊ ဒါပဲနော် ကိုဖြိုး၊ ဒီအတွက်တော့ နောက်ထပ် ဖုန်းမဆက်ပါနဲ့တော့၊ လာလည်းမတွေ့ပါနဲ့တော့၊ ကျွန်မတို့ ကိုယ့်လမ်းကိုယ် လျှောက်ကြတော့မယ်"

ခါတိုင်းလို နှုတ်မဆက်ဘဲ ဖုန်းချသွားခဲ့ပြီ။ ဖြိုး စကားပြောခွက်ကိုကိုင်ဆဲ၊ ငိုင်လျက် တစ်မိနစ်ခန့်ကြာသည်။ ရင်ထဲမှာ အဓိပ္ပာယ်မဲ့စွာ မုန်တိုင်းမွှေနေ၏။ ရှေ့ပိုင်းတုန်းက ဆွေ့ဆွေ့ခုန် ဆတ်ဆတ်ခါစိတ်တွေ မာလာ့ ပြောစကားတွေ ရှည်လျားလာလေလေ၊ စိတ်ပျက်စိတ်ကုန်ကာ ငြိမ်စပြုလေလေ ဖြစ်၏။ မာလာ ပြောတာတွေ "ဟုတ်များနေမလား"ဟု ကိုယ့် ကိုယ်ကိုယ် ပြန်မတွေးဖြစ်ပါ။ တွေးစရာကိစ္စ မဟုတ်ဟု ခံယူ၏။ သို့ပေမဲ့ သူ့အကြောင်းပြချက် မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ၊ ကိုယ့်ကို ဖွတ်ဖြတ်နေသော မိန်းမတစ်ယောက်ကို ဒီလောက် တောင်းပန် အောက်ကျို့ဖြေရှင်းတာတောင် လွန်လှပြီဟု ထင်လာ၏။ ကြယ်တာရာဖြိုး ဆိုတာ သမီးရှင်တွေနှင့် သတို့သမီးလောင်းတွေ၊ နှေဦးပေါက်မှာ ထွက်တတ်သည့် ပလူကောင်တွေလို ကိုယ်မှာဝဲပျံလာနားကြလွန်းလို့ ခါချဖယ်ချနေရတာပါ။

"ငါ"ဆိုသည့် အတ္တက ဝုန်းခနဲကြွသည်။

ကိုယ်ကျင့်တရားကို လူတကာထက် ပိုထိန်းခဲ့သည့် ယောကျ်ား။ ကိုယ်လက်ထပ်သည့်အခါမှာ အဖြူစင်ဆုံး မိန်းက လေးကို ရချင်သည်။ ကိုယ်လိုချင်သည့်ပုံစံတွေ ဘောင်ခတ်ပြီး သားရှိသည်။ အဲဒီမိန်းကလေးကို မတွေ့မီ ဘာမဟုတ်တာတွေ



နှင့် အချိန်ကုန်မခံနိုင်လို့ ရည်းစားတောင် အပျော်မထားခဲ့တာ။ ခုတော့ မာလာဦးဆိုသည့် ဘာမဟုတ်သောမိန်းမက ကိုယ့်မာန ကို တစောင်းကြီး ဖွဲ့ချသွားသည်။ မာနသည် ပုံရွဲ့လျက်ကျန်၏။ ခုတော့ ဝမ်းနည်းကြေကွဲချင်စိတ် ပျက်စီးပြီး စိတ်ဆိုးဒေါသတွေပဲ ကျန်ရစ်တော့သည်။

"သင်းကများ"

ဘဝပျက်ကာ အရက်စည်ထဲ ဝင်မစိမ်ဖြစ်ခြင်းက မာလာ့အပေါ် တကယ်မချစ်ခဲ့လို့လား၊ ကိုယ့်ကိုယ်ကိုယ် ကောင်း အောင် အမြဲထိန်းနေကျ ယောကျ်ားမို့လား။ ဖြစ်စကလောက် ခံစားချက် မပြင်းထန်တော့ပေမယ့်၊ ကိုယ့်လိုလူကိုများ မိန်းမတစ် ယောက်က ဖြတ်ချသွားရသတဲ့။ မိန်းမတစ်ယောက်ရဲ့အဖြတ်ကို ခံရတဲ့ သနားစရာသတ္တဝါတစ်ယောက် ဖြစ်ရသတဲ့။ မခံချိမခံသာ ဖြစ်ရလွန်းပါသည်။

ပုထုဇဉ်ပီပီ ဒေါသတွေ ပေါက်ကွဲလျက်၊ မေမေ့ဆီသို့ ကမ်းလှမ်းလာကြသည့် ဒိတ်ဒိတ်ကြဲတွေထဲက တစ်ယောက်ယောက် ချက်ချင်းကောက်ယူပြလိုက်ချင်သည်။ တကယ်ဆို မာလာဟာ ဒိတ်ဒိတ်ကြဲမှ မဟုတ်ခဲ့တာ။

မျိုးထွန်းသိတော့ တဟက်ဟက် ရယ်လေ၏။

"မာလာ ဆိုတဲ့မိန်းမက အလကားပဲ၊ မင်းပြောနေတော့ ငါက အဟုတ်များလားလို့၊ ဟော့ကောင် ... အဲဒီဟာမ မင်းကို မချစ်ဘူး"

"ဟာမ"လို့ မျိုးထွန်းသုံးလိုက်တာကျတော့ နားမဝင် ရိုင်းသားပါ။

www.burmeseclassic.com

www.burmeseclassic.com



"အမြင့်ကို လှမ်းနေတာကွ၊ ဒါဟာ အပြစ်တော့လည်း မဟုတ်ပါဘူး၊ သူ့တက်လမ်း သူရှာတာပဲ၊ ခွင့်လွှတ်နိုင်စရာပါ၊ မင်းဆီက သူက ဘာမှမှ ချူချိုင်မသွားတာ"

မာလာ့ကို မုန့်ကျွေးတာလောက်သာရှိလျက် ဘာရယ်မဟုတ်တာလေးတွေလောက်သာ လက်ဆောင်ပေးတာရှိလျက် သောင်းချီ၊ သိန်းချီတန်ဖိုးကြီးတွေ မကျခဲ့ရပါ။ မာလာကလည်း မတောင်းဆိုပါ။

"ခွင့်လွှတ်လိုက်ပါ၊ ကြည့်နေ မကြာခင် မင်းထက်သာတာ သူယူလိမ့်မယ်၊ တွေ့လို့ မင်းကိုအကြောင်းပြပြီး ခွာတာ၊ ငါပြောရင်ယုံ"

မျိုးထွန်းက ရည်းစားထည်လဲသမား။ တစ်ယောက်ဖြတ်လိုက် တစ်ယောက်ဆက်လိုက်။ သူ့မှာ အသည်းကွဲတယ်လည်းမရှိ။ ပျော်ပျော်ပါးပါးနှင့် တစ်ယောက်ပြီးတစ်ယောက် ပြောင်းနေသည်။ ကြယ်တာရာဖြိုး ကိုယ်ကျင့်ထိန်းသမားက မျိုးထွန်းကို နှာခေါင်းရှုံ့ပြီး ကဲ့ရဲ့ခဲ့တာပါ။

"တစ်ခုတော့ အံ့သြတယ်၊ မင်းဆိုတဲ့ကောင်က ပညာကွာ၊ ရုပ်ကွာ၊ ဥစ္စာကွာ၊ ဘာမှပြောစရာမရှိတဲ့အပြင် ကိုယ်ကျင့်တရားဆိုလည်း ငါတို့နဲ့ဘာမှမဆိုင်၊ လက်ဖက်ရည်ဆိုင်မထိုင်၊ ဆေးလိပ်တောင်မသောက်တတ်တဲ့ကောင်၊ ပြီးတော့ တစ်ဦးတည်းသောသား၊ ရှိသမျှအမွေ ဘယ်သူနဲ့မှ ခွဲစရာမလို၊ ဒီလိုထက်သာတာဟာ ဘယ်လိုကောင်မျိုးပါလိမ့်လို့ မတွေးတတ်အောင်ပါပဲကွာ"



ဖြိုး တစ်ပတ်လောက်တော့ ခိုက်လိုက်သည်။ စိတ်ထဲတော်တော်ငြိမ်မှ မေမေ့ကို ပြောပြဖြစ်၏။ မေမေက ဖြိုးကို စေ့စေ့ကြည့်သည်။ ပြီးတော့ ပြုံးလေ၏။

"သားရဲ့မိန်းကလေးက မေမေ့ကို ကြောက်သွားတာပါ၊ သားရဲ့ဇနီးအဖြစ်ထက် မေမေ့ချွေးမဖြစ်ရမှာ ကြောက်ပြီး နောက်ဆုတ်သွားတာပါ၊ တစ်ခုတော့ရှိတယ် ဘယ်လောက်ပဲ ယောက္ခမကို စိတ်ပျက်စိတ်ပျက် ...

"လူကြီးနဲ့လူငယ် လူကြီးက အရင်သေမှာ၊ စိတ်ကျဉ်းကျပ်မှုဒဏ်ကိုခံရလှ ဆယ့်ငါးနှစ်ပေါ့ အနှစ်နှစ်ဆယ်ပေါ့၊ ဒီကြားထဲမှာ ကိုယ်လည်း သူ့ချွေးကတော်ဖြစ်မယ်၊ နောက်တော့လည်း ရှိသမျှစည်းစိမ် ကိုယ့်လက်ထဲရောက်မယ်၊ လင်ကောင်းသားကောင်းလည်းရမယ်ဆိုရင် ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ် အနှောင့်အဖွဲ့ကို ဝမ်းသာအားရခံယူချင်ကြမှာချည်းပဲ ...

"မာလာဦးဟာ သူကိုယ်တိုင်က ချို့ချို့တဲ့တဲ့ထဲက ဆိုတော့ ပိုပြီးတော့တောင်သည်းခံနိုင်ဦးမယ်၊ ဒီကြားထဲက သားကိုဖြတ်သွားတယ် ဆိုတော့ သားထက်မသာတောင် မေမေ့လိုယောက္ခမမျိုးရှိမနေတဲ့ သားလောက်ဖြစ်ဖြစ်၊ သားနီးပါးဖြစ်ဖြစ် တစ်ယောက်ယောက်ကိုတော့ တွေ့လိမ့်မယ် ...

"မတွေ့ရင် ဒီကလေးမ သားကို မဖြတ်ပါဘူး၊ မေမေ့ကို ယာယီသည်းခံပြီး မေမေ့သေတဲ့နေ့ကို စောင့်[illegible]ပါ"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့် မျိုးထွန်း ပြောစကားတွေ၊ ဘယ်လောက် အတိုင်းအတာထိ မှန်သလဲတော့မသိပါ။

"လက်ထပ်ပြီးစီးခြင်း" ... တဲ့။

မာလာ့မင်္ဂလာသတင်းက သတင်းစာထဲမှာပါလာ ခဲ့လေ၏။ မာလာနှင့်လက်ထပ်သူကို ဖြိုး သိပါသည်။ "သက်ပိုင်စိုး" တဲ့။ ဦးသက်ပိုင်စိုးပေါ့လေ။ ဖြိုးထက် အသက်နည်းနည်းကလေး ပိုကြီးမည်။ သုံးဆယ်ပြည့်နေနိုင်၏။ အဝေးသင်တက္ကသိုလ်မှာ ဘယ်ဌာနလဲတော့ ဖြိုး မသေချာ။ လက်ထောက်ကထိကဖြစ်၏။ သူက တက္ကသိုလ်ဆရာအဖြစ် ဂုဏ်ရှိသရေရှိ လူကြီးလူကောင်း အဖြစ် သက်သက်ဝင်ဝင် လုပ်နေတာ။ ဝါသနာပါလို့လုပ်နေတာ။ သူ့မှာ အခြားစီးပွားရေး သပ်သပ်ရှိသည်။ ဖြိုး နာမည်တော့ မေ့တော့တော့ရယ်။ မိတ်ကပ်တစ်မျိုးပါပဲ။ မိတ်ကပ်စက်ရုံဆိုပါတော့။ မိတ်ကပ်ထုတ်လုပ်သူ လုပ်ငန်းရှင်ဖြစ်၏။ ပြီးတော့ ဘယ်နိုင်ငံလဲ လည်း သေသေချာချာ မမှတ်မိတော့၊ အဲဒီနိုင်ငံခြားမှလာသော မိတ်ကပ်တစ်ခု၏ မြန်မာပြည်အတွက် တစ်ဦးတည်းကိုယ်စားလှယ် လည်းဖြစ်သေးသည်။ နိုင်ငံခြားမိတ်ကပ်နှင့် သူ့မိတ်ကပ်ကို ယှဉ်တွဲ၍ ရောင်းနေသည်။ သူ့ကုမ္ပဏီမှ မိတ်ကပ်နှစ်မျိုးရောင်း သည်ပေါ့။

အဲဒီလူ ပိုက်ဆံရှိပါသည်။ ရိုးသား၍ ကြိုးစားသူ လည်းဖြစ်ပါသည်။ ပြီးတော့ ညီအစ်ကိုမောင်နှမ မရှိ။ မိဘမရှိ။ တစ်ကောင်ကြွက်။ တစ်ဦးတည်းချမ်းသာဒေ့ ရပြီး စီးတဲ့ရေ ဆယ် တဲ့ကန်းသင်းလိုချင်လို့ လိုက်ရှာနေသောသူ၊ ယောက္ခမထောင်မှာ ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ် အလုပ်မဲ့ကျခံရမှာ ထိတ်လန့်နေသူ တက်လမ်းရှာအမျိုးသမီးနှင့်တော့ အံကိုက်ပါ။



"နံပါတ်လေးဆယ့်သုံးဆိုတဲ့ မြန်မာဂဏန်းလို မျက်နှာချင်း ဆိုင်ပြီး ပုံစံလှလေးတစ်ခု ဖြစ်ထွန်းသွားမယ့် ပုဂ္ဂိုလ်နှစ်ဦး အတွက် ကြည်နူးပေးလိုက်ပါပေရဲ့"

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ဒီကိုရီးယားခြံကိုသွားဖို့ ကိစ္စပေါ်တိုင်း မျိုးထွန်းကို လွှတ်ခဲ့တာတောင် ကြာပြီ။ နောက်တော့ ရောင်နေရတာ ရှက်လာသည်။ ဟိုဘက်ခြံကို လှည့်ကြည့်မိမှာစိုးသည်မို့ ဒီဘက်ခြံကို အလုပ်ကိစ္စနှင့်တောင် မလာဘူးဆိုတော့ ကိုယ်ညံ့ရာပဲကျမည်။ မေမေက မခံချင်စွာ၊ ဟိုစပ်ဒီဟပ် လျှောက်စပ်တော့ ရောက်လာသမျှ မိန်းမသားစာရင်းတွေကိုကြည့်ပြီး ရယ်နိုင်သည့်အဆင့်လည်း ရောက်ခဲ့ပါပြီ။

"ဟိုးထားပါဦး မေမေရယ်၊ မိန်းမများ စိတ်ပျက်လွန်းလို့၊ သုံးဆယ်မကျော်ခင် အိမ်ထောင်ပြုမယ်လို့ မေမေ့ကို ကတိပေးရင်ပြီးရော မဟုတ်ဘူးလား" ဟု တားထားလိုက်သည်။ ဒီနေ့တော့ ဒီကိုရီးယားခြံမှာရှိသည့်ကိစ္စ ကိုယ့်ဘာသာပဲ လာဖြစ်ခဲ့တော့သည်။ ဟိုဘက်ခြံတွေ့တော့လည်း လှည့်ကြည့်ရုံပေါ့။ ဒီအတွက် ရင်ခုန်လှုပ်ရှားနေရဦးမှာလား။

ခြံတံခါးကြီးက ပွင့်နေ၏။



ဆန်းတော့ဆန်းသားပဲ။ အတက်လမ်းကိုမောင်းတက်ခဲ့ပြီး ကိုရီးယားဂိတ်ရောက်တော့ ဒွေးဇော်က တံခါးလာဖွင့်ပေးသည်။

"ထိပ်မှာ တံခါးကြီးပွင့်လို့ပါလားကွ"

"ပိတ်မှမပိတ်တော့တာ၊ ဟိုဘက်ခြံဂိတ်နဲ့ ဒီဘက်ခြံဂိတ်ကပဲ စောင့်ဖွင့်တော့တယ်"

"ဪ ... ဒါလည်းကောင်းသားပဲ"

"ဟိုဘက်ခြံမှာ အစ်မရွှေဖြိုးတို့ မနေတော့ဘူး အစ်ကိုရဲ့"

"ရောင်းသွားပလား"

"နောက်ထပ် နိုင်ငံခြားသားတစ်ဦး အငှားတင်ခဲ့တယ်၊ အစ်မမာလာက ယောက်ျားရတယ်လေ၊ အစ်ကို့ကို ဖိတ်သေးလား"

"မဖိတ်ဘူး"

"သူ့ယောက်ျားက အင်းလျားလမ်းမှာ ခြံနဲ့တိုက်နဲ့ အကြီးကြီး အကျယ်ကြီးတဲ့၊ ဘကြီးဦးဘဦးလည်း ခေါ်သွားတယ်၊ သားအမိနှစ်ယောက်တည်းကျန်တော့ နောက်ထပ် လူငှားတင်ခဲ့တာ ဂျူနိတော်က မေးသေးတယ်၊ အစ်မရွှေဖြိုးတို့ ဘယ်ပြောင်းမှာလဲဆိုတော့ သေရွာတဲ့"

ဒွေးဇော်က ပြောပြီးရယ်၏။

"သေရွာ ကောင်းသားပဲ၊ မင်းလည်းလိုက်လည်လေ"

"ထူးဇော် သွားပါလိမ့်မယ် အစ်ကို"

"မင်းတို့ဘော့စ် နီးပြီလား၊ ငါလာတာ စောလည်းနေတယ်၊ ချိန်းလည်းမထားမိဘူး၊ မချိန်းနိုင်ဘူး၊ ကိစ္စက ညသန်းခေါင်ကျော်မှပေါ်တဲ့ကိစ္စ၊ ဒီနေ့ခင်းပြီးမှဖြစ်မှာမို့"

www.burmeseclassic.com

www.burmeseclassic.com



"နိုးနေပါပြီ"

ဖြိုး အိမ်တံခါးဝမှ လူခေါ်ဘဲလ်လေးကို နှိပ်လိုက်တော့ အိမ်ဖော်မိန်းကလေးထွက်လာ၏။ ဖြိုးက တွေ့ခွင့်တောင်းပေးဖို့ ပြောလိုက်သည်။

"အစ်မရွှေဖြိုး တော်တော်နေမကောင်းဘူးတဲ့ဗျ၊ အစ်မမာလာနဲ့ လှည့်တန်းဈေးမှာတွေ့လို့ ပြောတယ်"

ဖြိုး ခေါင်းညိတ်ပြကာ အိမ်ထဲသို့ဝင်ခဲ့၏။ အဲသည်မနက်ပိုင်းတစ်လျှောက်လုံး အလုပ်တော်တော်များသည်။ မွန်းလွဲတစ်နာရီလောက်ရှိတော့ ခေါင်းထဲက မခံနိုင်လောက်အောင်ကိုက်နေပြီ။ အိမ်သို့ပြန်ခဲ့၏။ မီးဖိုထဲမှ ကောင်မလေးကို ကော်ဖီဖျော်ခိုင်း၊ ပါရာစီတာမောလ်တစ်လုံးသောက် အိပ်ရာပေါ်လှဲအိပ်။

"ကျွန်မနဲ့တူတူ အပြင်သွားဖို့အတွက် ဒိုင်ယာဇီပင် အရင်သောက်လိုက်ရတာတော့ တော်တော်ဆိုးတာပဲ"

စကားသံလေး မထင်မှတ်ဘဲ နားထဲဝင်လာသည်။

"အစ်မရွှေဖြိုး တော်တော်နေမကောင်းဘူးတဲ့"

ဒွေးဇော် အသံလည်း ပြန်ကြား၏။ ဘာရောဂါပါလိမ့်။ ရိုးရိုးဖျားတာပဲလား။ အဲဒီတိုက်ပါ နိုင်ငံခြားသားကို အငှားတင်တော့ သူတို့သားအမိနှစ်ယောက်တည်း ဘယ်များသွားနေကြပါလိမ့်။ ဘယ်ရည်းစားတွေကြားထဲဝင်ပြီး မကွဲကွဲအောင်ခွဲနေဦးမလဲ။ သူ့ဝါသနာက ကြောက်စရာ။ နောက်ဘဝ ဝဋ်ပါမှာမကြောက်ဘူးလားမသိ။

ဝတ်လိုက်လျှင် အင်္ကျီက သုံးထပ်လောက်ရှိသည်။ ဇာတွေကလည်း အသွယ်သွယ်။ တစ်ခါတစ်ခါ အရှုံးမနှင့်တောင်



တူသေး။ နို့ဆီခွက် မဆွဲရုံတမယ်။ ကျောလယ်လောက်ရှည်သည့်ဆံပင်ကို နည်းနည်းချင်းစုစုပြီး စပရင်ကောက်ကောက်၊ တန်းလန်းချတော့ ခေါင်းက ကပ္ပလီမနှင့်တူနေပြီ။ တစ်ခါတစ်ခါကျတော့ သူ့ဆံပင်က နားရွက်ဖုံးသည်ဆိုရုံ၊ ဘယ်လိုလုပ်ပါလိမ့်။ ဒီကြားထဲ မျက်နှာက ကြေးနီရောင်၊ ဘာတွေစိုနေမှန်းမသိ။ ချေးထင်တာပါပဲ။ ဘယ်လိုမှ မျက်စိထဲအမြင်မတော်သည့်ပုံစံ။

ရှပ်အင်္ကျီလက်ရှည်လေး တံတောင်ဆစ်နားခေါက်ထားစဉ်ကကျတော့ ဆံပင်က နားရွက်အုပ်ရုံအဖြောင့် ဂျင်းဘောင်းဘီလေးနှင့်၊ အသားက မိတ်ကပ်ရောင်ကလေး။ လှပါဘိ။ ကြည့်လို့ကကောင်းသနဲ့။ အဲဒီလို လှလှပပပြင်ဆင်ဖို့ မကြိုးစားဘဲ ဘာဖြစ်လို့ မျက်စိနောက်အောင်ပြင်ဆင်သည်မသိ။

"မင်းဟာမလေး ငါတွေ့ခဲ့တယ်ကွ၊ အမယ်လေး၊ သတို့သမီးအပျိုရံလုပ်နေတာ၊ ဘာလှသလဲမမေးနဲ့ကွာ၊ မှတ်တောင်မမှတ်မိဘူး"တဲ့။ ဟိုတလောက မျိုးထွန်း ပြန်ပြော၏။

"အပျိုရံက လှလွန်းတော့ သတို့သမီးမှိန်တာပေါ့၊ ဒီအလှမျိုးကို အရံရွေးဖို့ မကောင်းဘူး"

"ဘယ်သူလဲ"

မျိုးထွန်းကို စိတ်ဝင်စားစွာ မေးလိုက်သည်။

"ရွှေရည်သွန်းဖြိုး"တဲ့။

"လူတစ်ကိုယ်လုံး တကယ်ပဲ ရွှေရည်သွန်းထားသလား ထင်ရတယ်၊ လှလိုက်တာနော်၊ ရက်ရက်စက်စက်"

မျိုးထွန်း ပါးစပ်ကြီးများတောင် အဟောင်းသားပွင့်ခဲ့ရသည်ဆိုပဲ။ ဆံပင်ကို အုပ်လုံးသိမ်း၍ နဖူးပေါ်လည်း ဘာဆံပင်မှ

www.burmeseclassic.com

www.burmeseclassic.com



မချ၊ နှမ်းပြောင်လေး။ နောက်တွဲဆံထုံးမှာ သဇင်ခက်ကလေးတွေ ပန်လို့။ မြန်မာအင်္ကျီရင်စေ့ လက်ရှည်ကိုယ်ကျပ်၊ ကမာသားမို့ မပါးတပါး၊ လှရုံပါးကာ ကနုကမာရောင် ထွက်နေသည့် အင်္ကျီကလေးနှင့် လွန်းရာကျော် အဖြူခံမှာ ရောင်စုံချိတ်ထဘီရှည်ရှည်လေးဝတ်လို့။ အင်္ကျီက လည်ပင်းစေ့။ ရင်ဘတ်မှာ စိန်ကြိုးလေး တစ်ကုံး။ ဖန်ဒေါက်ကြည်ကြည်မြင့်မြင့်လေးနှင့် ခြေဖမိုးပေါ်ကျတော့ ရွှေပိုက်ကွန်လေးအုပ်လို့။

"ငေးကိုကြည့်ခဲ့ရတာမောင်၊ အဲဒီမိန်းကလေးဟာ ရွှေရည်သွန်းဖြိုးသာ မဟုတ်ရင် ငါ ရအောင်လိုက်တယ်"

"ရွှေရည်သွန်းဖြိုး ဆိုတော့ ကြောက်သွားလား"

"မင်းအတွက် ချန်လိုက်တာ"

"တလွဲကြီး"

မျိုးထွန်းကို လက်သီးနှင့်ထိုးပစ်လိုက်သည်။

ဒါလေးတွေလည်း ပြန်သတိရသည်။ ငုံ့နေရာမှ ဖြည်းဖြည်းမော့ပြီး မျက်လွှာနှစ်ခုဖွင့်လိုက်ရုံနှင့် လျှပ်စီးလက်သလို ဝင်းခနဲဖြစ်ကာ ရင်ထဲ မိုးကြိုးပစ်သလို လာမှန်သည့်ခံစားမှုကိုလည်း ပြန်သတိရသည်။ ရင်ထဲ တကယ်ပဲ ဒိန်းဒိန်းဒိုင်းဒိုင်း ခုန်လာတော့သည်။ သူနှင့် မျက်နှာချင်းမဆိုင်ဘဲ ခပ်လွှဲလွှဲ ကြိုးစားပြောနေမိတာကို အမြင်မှန်ရလာ၏။ စင်စစ် ဖြိုးဟာ ရွှေဖြိုးကို တမင်တကာ မျက်နှာလွှဲနေရတာ မခွဲနိုင်မခွာရက် ကြည့်မိနေတော့မှာစိုးလို့ပါပဲ။ ရင်ထဲမှာ ပူလာသည်။ ရွှေဖြိုး တော်တော်နေမကောင်းဖြစ်နေသည်ဆိုတာ ဘယ်လောက်ပြင်းထန်မှာပါလိမ့်။ လောလောဆယ်မှာတော့ ဖြိုး အဖျားတွေတက်လာသည်။ ရင်ထဲကလည်း၊



ခုန်၏။ ရုတ်တရက်ကြီး ပြင်းထန်စွာခံစားလိုက်ရသည့် ဝေဒနာက ရွှေဖြိုးကို စိတ်ပူလိုက်မိခြင်းပါပဲ။

ခေါင်းအုံးဘေးနားမှာချထားသည့် ဆယ်လူလာက အသံမြည်လာသည်။ ပိတ်ထားမိရင် ကောင်းသား။ ကိုယ်ဖျားလို့ အိမ်ပြန်ဆေးသောက်တာတောင် ရုံးမှအလုပ်တွေက လိုက်လာသေးသတဲ့လား။

"ကြွယ်တာရာဖြိုးပါ"

"ကိုဖြိုး ကျွန်တော် သက်ပိုင်စိုးပါ"

ဟိုက်။ ဟိုလူသား။ မဖြစ်နိုင်ဘူးထင်သည်။ နာမည်တော့ တူနေပြီ။ ဖြိုး ချွေးတွေပြန်လာတာ ပါရာစီတာမောလ်နှင့် ကော်ဖီကြောင့်လား၊ သက်ပိုင်စိုး ဆိုသည့် နာမည်ကြောင့်လား မသိ။

"ကျွန်တော်နဲ့မာလာနဲ့ ခင်ဗျားဆီလာလည်ပါရစေလို့ ခွင့်တောင်းတာပါ ကိုဖြိုး"

ကိုဖြိုးဆိုပဲ။ သူကပဲ တရင်းတနှီး။

"မာလာက ခင်ဗျားကို အရေးကြီးတဲ့စကားတွေ ပြောချင်လို့တဲ့၊ အမှန်တော့ မာလာတစ်ယောက်တည်းလာပြောရင်လည်းဖြစ်ပါတယ်၊ ခင်ဗျားလက်ခံရင်ပေါ့၊ ကျွန်တော်လိုက်ခဲ့ရမယ် ဆိုရင်တောင် ကျောင်းကနေ ခွင့်တိုင်ရမှာ၊ ဖြစ်နိုင်ရင်တော့ မာလာ တစ်ယောက်တည်း လာခွင့်ရရင် ပိုအဆင်ပြေတာပေါ့ဗျာ"

ဘာတွေလဲ။ မာလာဦး ဘာတွေရှုပ်ချင်သေးလို့လဲ။ သူ့ယောက်ျားနဲ့ ခွင့်တွေ ဘာတွေ တောင်းဆိုမိုင်းလို့။

www.burmeseclassic.com

www.burmeseclassic.com



"လာပါရစေ ကိုဖြိုး၊ မာလာ့ကို လွှတ်လိုက်မယ်နော်"

"ကျွန်တော်က အခုအိမ်မှာ ဖျားလို့ဆေးပြန်သောက်တာ"

"ဩော် ... အားနာလိုက်တာ၊ ဒါဆိုလည်း ..."

"သိပ်တော့မဟုတ်ပါဘူး၊ ရိုးရိုးဖျားတာ၊ တစ်ရာလောက်ပဲ ရှိပါတယ်၊ ကိုသက်ပိုင်စိုးတို့က ဘာများအရေးကြီးကိစ္စ ရှိပါလိမ့်"

"ရွှေဖြိုး ကိစ္စပါ"

"ရွှေ ... ဖြိုး"

ဖြိုး နည်းနည်းတော့ ဖြူသွားရသည်။

"အိမ်မှာ ဖေဖေကတော့ အလုပ်သွားတယ်ပေါ့ဗျာ၊ မေမေ က အပြင်ထွက်တော့ အိမ်မှာ အလုပ်သမားတွေနဲ့ ကျွန်တော် တစ်ယောက်တည်း ရှိပါတယ်"

"ကိုဖြိုးရယ် ခင်ဗျားအိမ်မှာ ခင်ဗျားရှိရင် ပြီးပါပြီ၊ အဖေ ကားမောင်းပြီး လိုက်ပို့မှာပါ၊ အဖေဆိုတာ မာလာ့အဖေ"

"ကိစ္စရှိရင်လည်းလာပါ"

"ကျေးဇူးပဲဗျာ၊ ကျွန်တော် မလိုက်ဘဲနေလို့ရမလား၊ ခွင့် မတင်ချင်လို့"

"ခင်ဗျား အဆင်ပြေသလိုလုပ်ပါ"

"ဒါဆို မာလာ လာပါလိမ့်မယ်၊ လာဆို ခုပဲလာမှာပါ၊ ကျေးဇူးတင်ပါတယ် ကိုဖြိုး"

ဖြိုး စိတ်ရှုပ်ခေါင်းနောက်သွားရပြန်ပါသည်။ သို့ပေမဲ့ ရင်တွေ ဝုန်းဒိုင်းကြဲအောင် ခုန်နေသည်။ အဖျားသွေးကြောင့်ပဲ ဖြစ်ပါစေ။ အိပ်ရာမှထ၊ ဂျာကင်ပါးပါးဝတ်ပြီး ဧည့်ခန်းထွက်၊



အိမ်ဖော်မိန်းကလေးကို ကော်ဖီဖျော်ပြီး လာပို့ပေးဖို့စီစဉ်၊ လေ အေးပေးစက်တွေပိတ်၊ ခြင်ဆန်ကာတံခါးရွက်ပဲပိတ်ပြီး မှန်တံခါး တွေအကုန်ဖွင့်။ ခန်းဆီးတွေဘေးစု၊ ဧည့်ခန်းကြီးလည်း မြင်မြင် ထင်ထင်။ ဒီလောက်ပဲလုပ်ရသေး ချွေးတွေက တရဟောပြန်လာ ပြန်၏။ အကုန်လုံး လုပ်ပြီးသွားသည့်အခါမှာ မာလာရောက်လာ တော့တာပါပဲ။

"ဦးလေး ကြွပါခင်ဗျ"

မတော်လိုက်ရသော ယောက္ခမလောင်းက ပြုံးနေ သည်။

"ပြောစရာရှိတာပြောကြ၊ ဦးလေး ခြံထဲလျှောက်ကြည့်ဦး မယ်၊ ပန်းတွေ တော်တော်စုံတာပဲ၊ အိမ်မှာလည်း စိုက်ရ အောင် အတုခိုးလိုက်ဦးမယ်"

ဦးဘဦးက ကားပေါ်မှ ဆင်းလျှောက်သွားသည်။ သူ့ဒွေးယောက္ခမဖြစ်ပြီမို့ အသွင်တင့်နေ၏။ မာလာက အိမ်ထဲသို့ ဝင်လာသည်။ ထိုင်ပါမပြောရမီ သူ့ဘာသာဝင်ထိုင်သည်။ စင်စစ် ဤအိမ်သည် မာလာနှင့် စိမ်းသောအိမ် မဟုတ်ပါ။ မာလာ ရောက်ဖူးခဲ့သည်ပဲ။

"ပြော ... မင်းညီမ ဘာဖြစ်ပြန်ပြီလဲ"

တရင်းတနှီး "မင်း" "ငါ" သုံးဖို့ ဆုံးဖြတ်လိုက် သည်။ အသက်ချင်းကွာသောရင်းနှီးသည့် မိတ်ဆွေတွေဆို "မင်း" "ငါ" သုံးသင့်ပါ၏။

"သူ သိပ်ကိုနေမကောင်း ဖြစ်နေတယ် ကိုဖြိုး"

"ငါ ဘာလုပ်ပေးရမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို နာလည်ပေးဖို့ပါပဲ"

"ပြောရရင်တော့ ကမ္ဘာပေါ်မှာ ငါ ဘယ်လိုမှနားမလည်နိုင်တဲ့မိန်းမနှစ်ယောက်ရှိတယ်၊ အဲဒါ မင်းတို့ညီအစ်မပဲ"

"တစ်ယောက်ကိုနားလည်ရင် နောက်တစ်ယောက်ကိုပါ နားလည်သွားပါလိမ့်မယ် ကိုဖြိုးရယ်၊ ကျွန်မပြောမယ့် စကားတွေကိုသာ စိတ်ရှည်လက်ရှည် နားထောင်ပေးပါ၊ ခုချိန်မှာ ကိုဖြိုးရဲ့အကူအညီကို အရမ်းလိုနေလို့ပါ"

"မင်း ဒီကို ဘာကိစ္စနဲ့ လာမယ် ဘာတွေ ပြောမယ်ဆိုတာ မင်းရဲ့ခင်ပွန်းကို ပြောခဲ့သေးလား"

"ပြောခဲ့ပါတယ်၊ သူ အားလုံးသိပါတယ်"

တစ်နှစ်နီးပါး ပြန်မတွေ့ဖြစ်သည့် အတောအတွင်း၊ တိတိကျကျဆိုပါလျှင် ကိုးလ။ ကိုးလအတွင်းမှာ ပထမဆုံးအကြိမ် ပြန်ဆုံတာဖြစ်ပါလျက်၊ မာလာ့ကို ဖြိုး ခံစားမှုကင်းစွာ ဆက်ဆံနိုင်လေ၏။ ချစ်လည်းမနေ၊ မုန်းလည်းမနေ၊ ဒေါသလည်းမထွက်၊ စိတ်လည်းမဆိုး၊ ရိုးရိုးမှ တကယ့်ရိုးရိုးကြီးပါပဲလေ။

"ကိုဖြိုး ... ကိုဖြိုးနဲ့ ကျွန်မကြားမှာ ရွှေဖြိုးက ဝင်နှောင့်ယှက်ဖို့ ကြံစည်ခဲ့တာတော့ အမှန်ပဲ၊ ဒါကို ပထမဆုံးဝန်ခံပါရစေ"

"ပြီးခဲ့ပြီပဲ၊ ဒီကိစ္စတွေဆိုရင်တော့ နားမထောင်ချင်ဘူး၊ ဘာဖြစ်လို့မှတော့မဟုတ်ဘူး၊ တစ်ချိန်က ကိုယ်ပေါကြောင်ကြောင်နိုင်ခဲ့တာကို ရှက်လို့"

ဖြိုးက ပြုံး၍ ပြောလိုက်သည်။ မာလာ့အားတက်သွားဟန်နှင့် ခါးလေး တောင့်မတ်သွားသည်။ ဖြိုးမှာ ဒေါသတွေမတွေ့ရတော့ဘူးလေ။



"ဒါပေမဲ့ ဘယ်လောက်မှ မဝင်လိုက်ရခင်မှာ"

"အေးပါ"

"ဒီကိစ္စ ကျွန်မက အကူအညီတောင်းခဲ့တာ"

"ဘာ"

"ကိုဖြိုးနဲ့ကျွန်မကြားမှာ စိတ်ဝမ်းကွဲပြီး လမ်းစပြတ်နိုင်မယ့် တခြားအကြောင်းအရာ ရှာမတွေ့လို့ ရွှေဖြိုးကို ကူညီပါဆိုပြီး ကျွန်မက ခြေသလုံးဖက်မတတ် တောင်းပန်ခဲ့လို့"

"မင်းက"

"ဟုတ်ကဲ့ပါ"

"ဘာဖြစ်လို့လဲ"

"ကိုဖြိုးရဲ့မေမေကို ကြောက်လို့ပါပဲ"

"ဩော် ..."

မေမေတို့များ တစ်ခွန်းဟလိုက်လျှင် သွေးထွက်အောင် မှန်တတ်သည်ပဲ။

✦ ❦ ✦

"ကျွန်မမှာ အပြစ်ရှိပါတယ်။ ကျွန်မဟာ ကိုဖြိုး မိသားစုတဲ့ ဝင်ရမှာ ကြောက်ခဲ့ပါတယ်၊ ကိုဖြိုးဆီက ကိုယ့်သဘောနဲ့ကိုယ် ထွက်ပြေးလို့လည်း ရမှာမဟုတ်ဘူး။ ချန်ခဲ့လို့လည်း ကျန်မှာမဟုတ်ဘူး၊ တစ်နည်းပဲရှိတယ် ကိုဖြိုး ကိုယ်တိုင်က ကျွန်မဆီက ထွက်သွားချင်မှ ...

"အဲဒီအတွက် ရွှေဖြိုးကို အသုံးချမိတာပါပဲ။ ရွှေဖြိုးက ကျွန်မအခက်အခဲကို သက်သက်ကူညီတာပါ။ အဲဒီကိစ္စမှာ ကျွန်မ တရားခံပါ၊ ကျွန်မ မကောင်းတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေ မင်းယောက်ျား သိသလား"

"ကျွန်မ ဖွင့်ပြောပြီးမှ လက်ခံတာပါ။ ကျွန်မဟာ အိမ်ထောင်ရေးမှာ စားဝတ်နေရေးဖူလုံပြီး လူကောင်းသူကောင်းနဲ့ကြုံတွေ့ဖို့၊ အားကိုးရာရဖို့၊ ကျွန်မတို့သားအဖရဲ့ ဆင်းရဲသားမျိုးဆက်ကြီးကို ဖြတ်ပစ်ခဲ့ဖို့ ဦးနှောက်ကို သုံးပါတယ်၊ နှလုံးသားက ဦးနှောက်နောက်မှာပဲ ကပ်ပါလာပါတယ်ဆိုတာ ပြောပြပါတယ်၊ အဲဒီအတွက် ကိုဖြိုးကို ရွေးချယ်မိပြီးဖြစ်တဲ့အကြောင်း၊ ခုတော့ ကျွန်မ မရွေးရဲတော့ဘူး၊ ကျွန်မ စိတ်ဆင်းရဲ မွန်းကျပ်မှာကြောက်လို့ နောက်ဆုတ်တော့မယ့်အကြောင်း ...

"အစ်ကိုကြီးက အားလုံးကို ခွင့်လွှတ်ပါတယ်၊ သူကတော့ ကျွန်မကိုချစ်တာ၊ ကျွန်မကို ချစ်ခွင့်ရဖို့ကလွဲရင် ဘာကိုမှ သူ ဂရုမစိုက်ဘူး၊ ခုချိန်မှာ ကျွန်မရဲ့ဦးနှောက်ကလည်း နောက်ဆုတ်သွားပါပြီ။ အစ်ကိုကြီးလိုပဲ နှလုံးသားက ဦးနှောက်ကို လွှမ်းမိုးသွားခဲ့ပြီ၊ ပြောရတာလည်း ရှက်ပါတယ် ကိုဖြိုးရယ်"

"ခု မင်းလာတဲ့ကိစ္စက"

"နည်းနည်း ဆက်ပြောပါရစေဦး ကိုဖြိုးရယ်၊ ရွှေဖြိုးရင်ထဲကအချစ်ကို ကျွန်မ တွေ့လိုက်ရသလို ကိုဖြိုးကိုလည်း ကျွန်မ နားလည်လိုက်မိပါတယ်"

"မဟုတ်တာတွေ ဘာတွေ ကြံစည်ဖို့ စိတ်ကူးရှိနေသလဲ မာလာဦး"



"ကျွန်မ မကောင်းတဲ့စိတ်နဲ့ ရွှေဖြိုးကို ကူညီခိုင်းခဲ့ပေမယ့် ကိုဖြိုးနဲ့ ဖုန်းဆက်တုန်းက ကျွန်မပြောခဲ့တဲ့ စကားတွေကျတော့ ကျွန်မ တကယ်ထင်လို့ ပြောခဲ့တာတွေပါ။ ပြတ်တောက်ရုံသက်သက်ထက် တကယ့်ထင်မြင်ချက်ကို ပြောတာပါ၊ ကိုယ့်ကိုယ်ကိုယ် မညာပါနဲ့ ကိုဖြိုးရယ်၊ ကျွန်မက ကိုဖြိုးတို့နှစ်ယောက်လုံးကို စိတ်ချမ်းသာစေချင်ပါတယ်"

"ကျုပ်က စိတ်ဆင်းရဲနေပါတယ်လို့ မင်းကို ဝန်ခံမိသလား"

"စိတ်ဆင်းရဲနေရင်တောင် ကိုယ့်ရင်ထဲက ခံစားချက်ကို ကိုယ့်ဘာသာ မေ့လျော့ထားသူလို့ ထင်ပါတယ်၊ ကိုဖြိုးလိုလူရိုးလူအေး၊ ကိုယ်ကျင့်တရားထိန်းတဲ့သူက ကျွန်မနဲ့ပြတ်တောက်ပြီး မကြာခင်မှာ ကျွန်မရဲ့ညီမ ကိုဖြိုး အမြဲတမ်းအပြစ်တင်ဝေဖန်နေတဲ့သူတစ်ယောက်ကို ချစ်မိပါပြီလို့ ပြောဖို့ ဝန်လေးမှာပါ"

"ဒါကို ပြောစေချင်လို့လား"

"ပြောတာ မပြောတာက ကိုဖြိုး အပိုင်းပါ။ ကျွန်မက ကိုဖြိုး ဇွတ်အတင်းမေ့ထားမှာစိုးလို့"

"မေ့ထားပါပြီတဲ့၊ မင်းမှာ ဘယ်လိုအကျိုးဆုတ်ယုတ်မလဲ"

"ရွှေဖြိုးကိုပါ ကိုဖြိုးရယ်၊ သူ ... ကိုဖြိုးကို အရှက်မဲ့စွာ စည်းရုံးမိခဲ့ပါတယ်တဲ့။ သူဟာ ပြားဝက်ပြည့်အောင် တန်ဖိုးရှိတဲ့ မိန်းကလေး မဟုတ်ပါဘူးတဲ့။ သိပ်ရှက်စရာကောင်းတယ်၊ ကောင်းတယ်နဲ့ တစ်နေ့ တစ်နေ့ ငိုလိုက် စိတ်ဆင်းရဲလိုက်နဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ခု နေမကောင်းဘူး ဆိုပါတော့"

"ဟုတ်ကဲ့ ... သူ တော်တော်နေမကောင်း ဖြစ်နေပါတယ်၊ ကိုဖြိုးကို သတင်းပို့ရုံ သက်သက်ပါပဲ၊ ကျွန်မတို့ညီအစ်မ ဟာ တစ်သက်မှာ တစ်ခါဆိုသလို မိုက်မဲခဲ့ကြပါတယ်၊ ကျွန်မအပြစ်ကတော့ ကိုဖြိုးကို ကျွန်မဆီက ဆွဲထုတ်ပေးဖို့ ရွှေဖြိုးကို အကူအညီ တောင်းမိတာပါ"

"မင်းညီမ အပြစ်ကရော"

"ကိုဖြိုး ပြောခဲ့တဲ့အတိုင်းပါပဲ။ သမီးရည်းစားစုံတွဲသုံးတွဲကို ကွဲအောင်ခွဲပြီး ယောကျ်ားတစ်ယောက် အသည်းကွဲ အရှက် ရကျန်ရစ်အောင် လုပ်ခဲ့ခြင်းပါပဲ။ ကျွန်မတို့ ညီအစ်မနှစ် ယောက်ရဲ့ တစ်သက်တစ်ခါ မိုက်မဲမှုတွေကို ကိုဖြိုး ခွင့် လွှတ်ပေးဖို့ တောင်းပန်ပါတယ် ...

"ဟိုလူတွေကို ရွှေဖြိုး ဘာဖြစ်လို့ ဒုက္ခပေးခဲ့သလဲ ဆိုတာ ကိုဖြိုး မသိလို့ပါ။ ကိုဖြိုးသိရင် ခွင့်လွှတ်နိုင်မှာပဲ။ ကိုဖြိုးသာ ရွှေဖြိုးနေရာမှာ ရှိနေခဲ့ရင် အဲဒီလူတွေကို ဒီနည်းနဲ့မဟုတ်တောင် တစ်နည်းနည်းနဲ့ ဒုက္ခပြန်ပေးမှာပါ၊ ခွင့်လွှတ်နိုင်ရင်တော့ အကောင်းဆုံးပေါ့၊ ဒါပေမဲ့ ပုထုဇဉ် တွေပဲ ကိုဖြိုးရယ်၊ ကျွန်မ ပြန်တော့မယ်"

"ကော်ဖီလည်း မသောက်ရသေးပါလား၊ သောက်ဦးလေ"

မာလာက ကော်ဖီတစ်ပန်းကန်လုံးကို တစ်ကျိုက် တည်းနှင့်မော့၏။

"အန်တီ နေကောင်းလား"



"ကမ္ဘာ့ အကျန်းမာဆုံးလူသားဟာ မေမေ့လောက် နေမ ကောင်းဘူး"

ဖြိုးက ရယ်၍ပြောလိုက်၏။ မာလာဦးနှင့် ခုမှ တကယ့်မိတ်ဆွေစစ်စစ်ကြီးတွေလို ရင်ထဲမှာ ပေါ့ပါးလန်းဆန်း သွားရသည်။ သူလည်း ယောကျ်ားရပြီ။ ကိုယ်လည်း သူ့ကို ကိုယ့်အတွက် အဆင်ပြေဆုံးအဖြစ် ရွေးချယ်ပြီး သံယောဇဉ်ဖြစ် ခဲ့ဖူးပေမယ့် ခုချိန်မှာ လွမ်းဆွတ်ကြေကွဲနေတာမှ မဟုတ်ဘဲ။

"သိပါတယ်၊ ဒီသားကမွေးတဲ့မြေးကိုထိန်းဖို့ ကျန်းမာရေး ကောင်းနေမယ်ဆိုတာ"

"မင်းတို့ မိခင်ဖြစ်တဲ့အလှည့်ကျရင် သားသမီးအပေါ်ထား တဲ့ မေတ္တာအတွက် မေမေ့ကို အတုယူပါ"

"ဘယ်လိုယူလို့မှ မီမယ်မထင်ပါဘူး၊ ပြန်မယ်နော်၊ ခုလို ခွင့်လွှတ်ခင်မင်တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ နောက်မှ အစ်ကိုကြီးနဲ့ လာလည်ပါဦးမယ်"

"အင်း ... ကမ္ဘာ့သဘောအကောင်းဆုံး လူသားဟာ ဦးသက်ပိုင်စိုးနဲ့စာရင် စိတ်ပုပ်နေလိမ့်မယ် ထင်တယ်"

"ပြောလိုက်မယ်"

မာလာက ရယ်မော၍ နှုတ်ဆက်ကာ ပြန်သွားတော့ သည်။ မာလာတို့သားအဖ မြင်ကွင်းက ပျောက်သည်နှင့် ဖြိုးက တောက်တစ်ချက်ခေါက်၏။

"ခွေးကောင်မလေး၊ ရွှေဖြိုး ဘယ်မှာနေသလဲ ပြောမသွား ဘူး"

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း စိတ်ဆိုးကာ ဖွင့်မေးလိုက်ဖို့ သတိရပါလျက် မေးဖို့ရှက်နေသည့် ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်ကာ ချွေးတွေရွှဲပြီး အဖျားက လုံးဝကျနေလေတော့သည်။

ရွှေဖြိုးက ကိုယ့်ကို ချစ်တယ်ဆိုပဲ။

✦ ❦ ✦

ရွှေဖြိုး အယ်လ်ဘမ်လေးကို ဖွင့်လိုက်၏။ စတုတ္ထအကြိမ် အောင်နိုင်ခြင်းဆိုသည့် ဓာတ်ပုံကို သေသေချာချာကြည့်သည်။

"ရွှေဖြိုး ဝဋ်လည်ပါပြီရှင်"

နာနာကျင်ကျင်လေး ပြောဖြစ်သည်။

"ခွင့်လွှတ်ပါ"

လက်အုပ်လေးချီ၍ တောင်းပန်လိုက်၏။ ဝဋ်မှာအမြဲငရဲမှာအပတဲ့။ ဝဋ်ဆိုတာ မလည်ဘဲ မလိုက်ဘဲ နေသည့်အရာ မဟုတ်ပါ။ စုံတွဲသုံးတွဲက နှလုံးသားခြောက်ခု၊ ကိုကြီးစည်သူသိုက်ပါပေါင်းတော့ ခုနစ်ခု။ နှလုံးသားခုနစ်ခုကို ရွှေဖြိုး ရက်စက်စွာခွဲပစ်ခဲ့ဖူးသည်။ ခု ... ဒီဝဋ်လည်ကာ ခုနစ်ယောက်စာ ခံရသည်။ မချိမဆံ့လူးနေအောင် ခံရပါသည်။

ကြယ်တာရာဖြိုး ... ဆိုသော လူကြီးမင်းကို ခြံတံခါးသွားဖွင့်ပေးဖြစ်လို့ ပထမဆုံး တွေ့လိုက်စဉ်ကပင် ရင်ထဲ ဝုန်းခနဲဆောင့်ခုန်သွားခဲ့ရတာပါ။ သို့ပေမဲ့ ရွှေဖြိုး ဆိုတာ အချစ်ကိုယုံသူမဟုတ်၊ ဘယ်သူ့အချစ်ကိုမှ မခံယူချင်သလို၊ ဘယ်သူ့ကိုမှလဲ



မချစ်ချင်။ လူသားသူစိမ်းနှစ်ယောက် အပြန်အလှန် ချစ်ကြသည်ဆိုတာကိုလည်း မယုံကြည်။ ဖေဖေနှင့် မေမေတို့က ဇရာမသာဓကကြီးတွေလေ။ သမီးဖြစ်သူထံ ပစ္စည်းအပို့မပျက်၊ ထောက်ပံ့မှုမချို့ယွင်း၊ တစ်လမှာ နှစ်ခါလောက် ဖုန်းဆက်တတ်သော ဖေဖေက ...

"တင်တင်ဦး နေကောင်းလား"...ဟု တစ်ခါမျှ တစ်ခွန်းမျှ မမေးခဲ့ပါ။ ဒါတောင် မေမေဟာ သူ့အပေါ်မှာ အကောင်းနိုင်ဆုံးလူသား... တဲ့။ မေမေ့မှာ အပြစ်မရှိပါဘဲ ဖေဖေ စွန့်ခွာခဲ့သည်။ ခုတော့ ဖေဖေမေ့ပြီ။ ဖေဖေ့စွန့်ပစ်ခြင်းခံရစဉ်က အိပ်ရာထဲလူးလှိမ့် ငိုခဲ့သော မေမေက ခုဆို မိတ်ဆွေတစ်ယောက်အကြောင်းပြောသလို၊ စကားထဲမှာ ...

"ညည်းအဖေ"ဆိုတာမျိုးနှင့် ဣန္ဒြေမပျက် ပြောနိုင်ခဲ့ပြီ။

ရွှေဖြိုးသည်သာ ...

ဖေဖေ စွန့်ခွာသွားစဉ်က မျက်ရည်မကျအောင် ထိန်းနိုင်ခဲ့ပေမယ့် အသည်းနာရောဂါကို ကုစားလို့ မရနိုင်ခဲ့။ စုံတွဲသုံးတွဲကွဲ၍ နှလုံးသားခုနစ်ခုတိတိ ကျိုးပဲ့ပျက်စီးစေခြင်းဖြင့် စတုတ္ထအကြိမ်ထိ အောင်နိုင်ခဲ့ရတာတွေဟာ မေမေ့အတွက် မေမေ့ကိုယ်စား ကလဲ့စားချေပေးခဲ့ခြင်းပါပဲ။ သွေးသားတော်စပ်မှုသံယောဇဉ်သည်သာ ခိုင်မြဲ၏။ လက်သည်းဆိတ်လျှင် လက်ထိပ်နာ၏။ သူစိမ်းနှစ်ယောက် ချစ်ကြတယ်ဆိုတာ အလကား။

ရင်ခုန်သံကို လျစ်လျူရှုခဲ့သည်။

"ကျုပ်အတွက် ကိုဖြိုးကို"... အစချီသော မာဘော့အစီအစဉ်ကို ထောက်ခံသည်လည်းမဟုတ်၊ အားပေးခြင်းလည်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ၊ ကန့်လည်းမကန့်ကွက်၊ ဦးကြွယ်တာရာဖြိုး ဆိုသောပုဂ္ဂိုလ်ကို ခပ်ကင်းကင်း နေခဲ့သည်။ ကိုယ်နေတတ်သလို ကိုယ်ပျော်သလို ဖြူစင်စွာနေတာကိုပဲ ထိုပုဂ္ဂိုလ်က မျက်မုန်းကျိုးခဲ့သည်။ ကလေးဆန်ရတာ ဘယ်လောက် ပျော်စရာကောင်းသလဲ၊ ရွှေဖြိုးကလေးလေးလို နေခဲ့သည်။ ကလေးဆန်သော ရွှေဖြိုးက"အသည်းစားဘုရင်မကြီး"အဖြစ် လူကြီးအလုပ် ဝင်လုပ်တော့ လူတကာကဲ့ရဲ့ရှုတ်ချသည့်အထဲကို ကိုဖြိုးက ရှေ့ဆုံးမှ ပါခဲ့သည်ပေါ့။ မာလာနှင့်ယှဉ်လျှင် မာလာက အမြင်ရှင်း အသွင်ထင်းပြီး သိမ်မွေ့သလောက် ရွှေဖြိုးက ရှုပ်ယှက်ခတ်ကာ ပရမ်းပတာဖြစ်ပြီး မျက်စိနောက်ဖွယ်။

ခဲအိုလောင်းကို ကင်းကင်းနေခဲ့ပေမယ့် ကိုယ့်မြင်တာနှင့် ကားကို ဂယ်ကွေ့ပြီး လှည့်ပြန်စဉ်က ရင်ထဲကြေကွဲကျသွားရတာကို ကိုယ်ပဲသိပါသည်။

"နိုင်တယ်ကွ"

အော်သံမှာ နာကျင်နေတာ ကိုယ်ပဲသိပါသည်။ သူ ဒီလောက်မုန်းတယ်နော် ... ဆိုသည့်အတွေးက အိပ်မပျော်သောညများကို ဖန်တီးခဲ့သည်။ ဝန်ခံချင်ပါသည်။ ကိုဖြိုးကို ရွှေဖြိုး ချစ်သည်။ ရွှေဖြိုး မယုံကြည်သော အချစ်က ရွှေဖြိုးကို ပညာပေးဖို့ နှလုံးသားထဲ ဝင်ရောက်လာခဲ့သည်။ ပွင့်ခွင့်မရသောဖူးတစ်ငုံလို အချစ်မျိုးဖြင့် အကြွေစောရမည်ကိုလည်း ရွှေဖြိုးသိပါသည်။ လူတကာ အားကျနေကြသော ရွှေဖြိုးဘဝမှာ "နာကျင်ခြင်း"များစွာဖြင့် တွန့်တွန့်ကြေနေရတာ မည်သူမျှမသိပါ။ ရွှေဖြိုးကံကောင်းသည်ဟု လူတကာ အားကျချီးကျူးနေကြပေမယ့်



ကံဆိုးနေရတာ လူမသိပါ။ မလန်းမီက နွမ်းနင့်ရမည့် ကိုယ့်အချစ်ပွင့်ကို ရင်ထဲမှာ ကြွေစေရပါတော့မည်။

"တို့တွေ့ဖူးသမျှ ယောက်ျားတွေဟာ ပေါ့ပေါ့တိမ်တိမ်တွေချည်းပဲ၊ သူတို့မှာ ရည်းစားငုတ်တုတ်နဲ့လည်း နောက်တစ်ယောက်ကို ကြိုက်နိုင်ကြတယ်၊ မိန်းမငုတ်တုတ်နဲ့လည်း နောက်တစ်ယောက်ကို လက်ထပ်နိုင်ကြတယ် ...

"မင်းရဲ့ကိုဖြိုးကိုတော့ အလေးပြုပြီး ချီးကျူးလိုက်ပါတယ်၊ ဒီလောက် သစ္စာတရားကြီးမားတဲ့ယောက်ျားကောင်းတစ်ယောက်ကို တစ်သက်မှာ တစ်ခါပဲ တွေ့ဖူးပါတယ် မာလာရယ်"

ဟု ပြောဖြစ်ခဲ့သည်။

သုံးဆယ့်တစ်ဘုံမှာ ကြင်လည်ရသည်ဖြစ်၍ နောက်ဘဝတွေမှာ ကိုဖြိုးနှင့် ကြုံခွင့်ရလျှင် ဒီဘဝအဖြစ်မျိုးနှင့်တော့ မဆုံချင်ပါ။ ရွှေဖြိုး ရင်မနာစေရမည့် အဖြစ်မျိုးမှာ ဆုံတွေ့ပါရစေဟု ဆုတောင်းချင်မိပါ၏။ ဘယ်တုန်းကမှ မငိုဖူးခဲ့သော ရွှေဖြိုးမျက်ရည်တွေက ကိုဖြိုးတစ်ယောက်တည်းအတွက်သာ မြစ်တစ်စင်းလို စီးဆင်းရတာပါ ကိုဖြိုးရယ်။

ကျွန်မရင်ထဲမှာ နာတယ်။

✦ ✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

"ရွှေဖြိုးက ချစ်နေတယ်တဲ့"

ဒီဝါကျတစ်ကြောင်းက အပ်ကြောင်းထပ်သလို နားထဲမှာ တရစ်ဝဲဝဲ ထပ်တလဲလဲ ဖြစ်နေသည်။ ဖြိုး ညည့်ခန်းထဲမှာပဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိသည်။ ရွှေဖြိုး ... မရွှေဖြိုး။ မင်း တော်တော်ဒုက္ခပေးတဲ့ မိန်းကလေးပဲ။ နေမကောင်းဖြစ်နေသတဲ့။ သတင်းမေးသွားရမလား။ လျစ်လျူရှုနေလိုက်ရမလား။ ကိုယ်နှင့်မဆိုင်ဘူးလား။ ရင်ထဲမှာ တိုးတိုးတိတ်တိတ် ဆိုင်များ ဆိုင်နေသလား။ မိန်းမတစ်ယောက်ကြောင့် ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဆောက်တည်ရာမရတာ၊ ဒီဘဝအတွက်တော့ ဒါဟာ ပထမဆုံးအကြိမ်ပါပဲ။

မာလာနှင့်တုန်းက အဖြစ်က အလွန်အေးဆေးညင်သာစွာ ရွေ့လျားသွားသည့် စက်လှေကားလို အထစ်အငေါ့ မရှိ။ ရိုးစင်းလွန်းသည်။ အပြစ်ခံရလို့ မာနကို လာမုန်စဉ်က ဒေါသသည်းခဲ့ရပေမယ့် သွေးအေးချိန်ကျတော့ ဟိုတုန်းက ပုဂ္ဂိုလ်ဟာ ကိုယ်မှဟုတ်ပါလေစဟုတောင် တွေးချင်၏။ အဲသည်ရက်



တွေကြားထဲမှာ ကိုယ့်ရင်ထဲ မိုးကြိုးလာပစ်သလို ဒိုင်းခနဲ ဒိန်းခနဲ ဆောင့်ခုန်စေတာက မျက်ဝန်းအဖွင့်လေးပါ။

ကိုယ့်ရှေ့မှာ မျက်ရည်သိမ်းနေသည့် မြင်ကွင်းလေးက နှလုံးသားမှာ စက်တင်ပုံနှိပ်ထားတာထက်စွဲ၏။

"လူမိုက်"

ကိုယ့်ကိုယ်ကိုယ် အဖန်တလဲလဲ အပြစ်တင်ရင်း ရွှေဖြိုးကို မျက်ရည်ကျအောင် မပြောမိလျှင် ဘယ်လောက်ကောင်းမလဲဟု ခဏ ခဏ နောင်တရသည်။ ကိုယ့်ဘဝထဲမှ ရွှေဖြိုးငိုသည့်ရက်ကလေးကို ဖျောက်ဖျက်ချင်ခဲ့သည်။ သံယောဇဉ်သည် ဘယ်အချိန်က သွားရောက်ရစ်ငင်သည်မသိ၊ တစ်ချီ တစ်ချီမှာ နှလုံးသားကိုပင် တင်းကျပ်စေ၏။ တွယ်နှောင်၏။ ငြိတွယ်၏။ သို့ပေမဲ့ ဒီအဖြစ်ကို ဖွတ်မေ့ဖျောက်ရပါသည်။ မရွှေဖြိုး ဆိုသော ပညာသည်ကဝေမကို ကိုယ် ကြောက်ပါသည်။ သူ့မှာ နှလုံးသား မရှိနိုင်သလို ဦးနှောက်ထဲမှာလည်း ကိုယ့်လိုလူက ပါဝင်ခွင့်ရမည် မဟုတ်။ မေမေ့အပြင်မှာ သွေးတိုးလာစေနိုင်သော အဆင်အပြင် အခုန်အပေါက်တို့ဖြင့် လှုပ်ရှားရမ်းကားနေသော မိန်းကလေး ဘယ်လိုဖြစ်နိုင်မှာတဲ့လဲ။ အဘက်ဘက်မှာ အငြင်းလက္ခဏာတွေ ချည်းအဖြစ် ကိုယ် တမင်မေ့ထားခဲ့တာပါ ရွှေဖြိုးလေးရယ်။

ရွှေဖြိုးကို ပထမဆုံး စတင်မြင်ဖူးသည့်နေ့က ရွှေဖြိုး ချော်လဲလို့ ကိုယ်ရယ်ခဲ့ဖူး၏။

အဲဒီတုန်းက ...

"တစ်နေ့ ပေးဆပ်ရမယ်လို့ ကျိန်ဆိုလိုက်တယ်" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ရွှေဖြိုး ... မင်း တကယ်ပဲ ကျိန်ဆိုခဲ့သလား။ ကိုယ့်ဘဝမှာ မင်းကြောင့် ကျိန်စာမိခဲ့သလား။ ကိုယ့်ဘာသာ အလွန်အေးဆေးစွာ နေဆဲက ရည်းစားတစ်ယောက် ပျက်ခဲ့ပြီ။ ကိုယ့်ရင်ထဲကို ကိုယ်အကြောက်ဆုံး ခံစားမှုက ကိုယ်မသိလိုက်ဘဲ ဝင်ရောက်နေရာယူခဲ့ပြီ။ ဒါကို ရင်မဆိုင်ရဲလွန်းလို့ ကိုယ့်ကိုယ်ကိုယ် ညာထားခဲ့တာ၊ ကိုယ်ဟာ လူညာပါလား ရွှေဖြိုးရယ်။

"အချစ်"ကို လျှပ်တစ်ပြက် တွေ့ရှိလိုက်ရသည်လေ။

"ဒါဟာ အချစ်ပဲ"

ရွှေဖြိုးကို မကြိုက်ပါ။ မျက်စိနောက်သည်။ မေမေ လက်ခံနိုင်မှာ မဟုတ်တာလည်း သေချာသည်။ သို့ပေမဲ့ သူမက ကိုယ့်ရင်ထဲ ရောက်နှင့်နေခဲ့ပြီ။ ကိုယ် တမင်မေ့ဖျောက်ထားခဲ့သော အချစ်က ကိုယ့်ကို စိန်ခေါ်ခဲ့ပြီလေ။ စင်စစ် အချစ်မှာ မျက်စိမရှိ ဆိုသော စကားပုံရိုးရိုးသည် မှန်လွန်းလှပေစွ။ အချစ်မှာ မျက်စိ မရှိ၊ နားမရှိ၊ ဘာကိုမျှ မမြင်လို၊ မကြားလို၊ မကောင်းသတင်း တွေဆိုလည်း ဥပေက္ခာ။ ကိုယ် မိုက်မဲလွန်းနေပြီလား။ အချစ်မှာ အချစ်ပဲရှိသည်။ အချစ်ဖြင့် အရာရာကို ဖန်တီးစီရင်ကြသည်။ အချစ်သည်သာ ကိုးကွယ်ရာ၊ အဲသည်အချစ်ကို ကိုယ် ဘယ်လို ခွန်အားနဲ့ တွန်းလှန်ဖြိုဖျက်နိုင်မှာလဲ။

လူမိုက်တစ်ယောက်ကို မေမေ ခွင့်လွှတ်နိုင်ပါ့ မလား။

✦ ❦ ✦



"ဟော့ ... ဋ္ဌေးဇော်လား၊ ထူးဇော်လား၊ ကိုယ် ကြယ်တာရာ ဖြိုးပါ"

"ရှူးဇော်"နှင့် "အီးဇော်"ဟု ခေါ်သံလေးကို ကြား မိကာ ပြုံးယောင်မိသေးသည်။

"ထူးဇော်ပါ အစ်ကို"

စကားပြောခွက်သည် ချွေးစေးတို့ဖြင့် စိုစွတ်လျက်၊ အဖျားတစ်ရှာတစ်က ထွက်ပြေးပြီး နဖူးပြင်မှာ ငရုတ်ကောင်း စေ့ခန့် ချွေးပေါက်တွေ။

"မင်းတို့အိမ်ရှင် ဒေါ်တင်တင်ဦးတို့ ဘယ်ပြောင်းသွားလဲ သိလား"

"သွားပဲ သွားတတ်တယ်၊ လိပ်စာမပြောတတ်ဘူး"

"ဘယ်လဲ"

"ရန်ကုန်မြို့ပဲ"

"ခွေးကောင်ရယ်၊ ဘယ်သူက ပြင်သစ်ပြောင်းသွားလား မေးနေလို့လဲကွာ၊ သေချင်တယ်"

"ဖုန်းနံပါတ် သိတယ်"

"ပြော၊ ဩော် ... ဟော့နေဦး၊ ဦးဘဦးတို့ မာလာဦးတို့ ဖုန်းရော သိလား"

"ဟုတ်ကဲ့"

"နှစ်ခုလုံးပြော"

www.burmeseclassic.com

www.burmeseclassic.com



သိချင်တာ သိပြီးသည်နှင့် ဖုန်းကို ခွပ်ခနဲချပစ်လိုက်တော့သည်။ ရွှေဖြိုးဆီ ဖုန်းတန်းဆက်လိုက်လို့ သူတို့ဆီမှာ ဘယ်လိုအခြေအနေမှန်းမသိ။ မာလာ့ဆီပဲ အရင်ဆက်ရပါမည်။

"မာလာလား ... ကိုယ် ကြယ်တာရာဖြိုး"

"ဒီလောက်မြန်မြန်တော့ မဆက်လောက်ဘူးလားလို့"

"ရှိမနေနဲ့၊ ရွှေဖြိုးတို့လိပ်စာပြော"

မာလာက လိပ်စာတစ်ခုပြောသည်။

"ဒီအိမ်က အရင်တုန်းက အိမ်ငှားတင်ထားတာ၊ ရွှေဖြိုးက ဟိုအိမ်မှာ မနေချင်တော့ဘူး ဆိုတာနဲ့ ဟိုအိမ်ကို လူငှားတင်ပြီး ဒီအိမ်ကလူငှား ဆင်းတာနဲ့ ဒီပြောင်းတာ"

"ကျေးဇူး"

စကားပြောခွက်ကို ခွပ်ခနဲချရပြန်ပါပြီ။ ကိုးမိုင်ဆိုတာ ဘယ်လောက်ဝေးတာမှတ်လို့။ တစ်ဆွေ့ခုန်ကလေးပါ။ ကိုယ်လာပြီ ရွှေဖြိုးလေးရယ်။ မင်း ဘာရောဂါတွေ ဖြစ်နေသလဲ။

ကားမောင်းရင်းမှ ဆယ်လူလာကို ဖွင့်ရပြန်၏။ မေမေ ...။ ဘယ်တော့မှ မေမေမသိဘဲ ဘာမှလုပ်လေ့မရှိသောသားလိမ္မာ။ ဘဝတစ်သက်တာအရေးမှာ မေမေ့ကို ချန်မထားခဲ့နိုင်ပါ။

"မေမေလား"

"အေး ... သား၊ စိတ်ပူနေလို့လား၊ မေမေ တစ်နေကုန်နေမှာ၊ ဒီမှာ မမကြည်တို့လည်း ရောက်နေလို့"

မေမေတို့ ငယ်သူငယ်ချင်း ငါးယောက်က တစ်အိမ်အိမ်မှာ စုစားကြပြီဆိုလျှင် ဒီလိုပဲ တစ်နေကုန်တတ်ပါ၏။



"ကိစ္စရှိလား သား"

"မေမေ"

"ပြော ... သား၊ ဘာဖြစ်လဲ၊ မေမေ ပြန်လာခဲ့ရမလား၊ ဘာလုပ်ပေးရမလဲ"

"ကျွန်တော် မိန်းကလေးတစ်ယောက်ဆီ သွားနေပါတယ် မေမေ၊ လမ်းပေါ်မှာ ပြောနေတာ၊ သူ တော်တော်နေမကောင်း ဖြစ်နေတယ်တဲ့"

"ရွှေရည်သွန်းဖြိုးမှ ဟုတ်ရဲ့လား သားရယ်"

"ခင်ဗျာ ... မေမေ"

စိတ်လှုပ်ရှားလွန်းသည်မို့ ကားဆက်မကောင်းနိုင်တော့ပါ။ မောင်းလည်း မမောင်းသင့်တော့ပါ။ လမ်းဘေးမှာထိုးရပ်လိုက်ရသည်။

"မာလာဦးနဲ့ ပြတ်တောက်ကြတဲ့ကိစ္စတွေ၊ သားပြန်ပြောပြစဉ်ကတည်းက တစ်နေ့မှာ ရွှေရည်သွန်းဖြိုးဆိုတဲ့ မိန်းကလေးနဲ့ သားနဲ့ ပတ်သက်တော့မယ်ဆိုတာ မေမေ ကြိုတွေးနိုင်ခဲ့ပါတယ်"

"သူဟာ မေမေ့စိတ်ကြိုက်ပုံစံတော့ မဟုတ်ပါဘူး မေမေ"

"မေမေ့မှာ မေမေ့စိတ်ကြိုက်ပုံစံဆိုတာ ရှိသလို သူ့မှာလည်း သူ့စိတ်ကြိုက်ပုံစံဆိုတာ ရှိနေမှာပဲ၊ လူတစ်ကိုယ် စိတ်တစ်မျိုးပေါ့ သားရဲ့"

"မေမေ ခွင့်လွှတ်မှာလားဟင်"

"နိမိတ်ပြမေးခွန်းလေး လုပ်တယ်နော် သား။ မေမေဟာ သားကိုချစ်တဲ့အမေပဲ။ သားက ဦးနှောက်သုံးနေတော့အခါ

www.burmeseclassic.com

www.burmeseclassic.com



မှာ သားဦးနှောက်ထဲ မေမေက မီးထွန်းပေးမှာပဲ။ သားက နှလုံးသားကိုဦးစားပေးပါပြီ မေမေ ဆိုတော့လည်း မေမေ့ နှလုံးသားပါ အဆစ်ထည့်ပေးလိုက်ရမှာပေါ့"

"မေမေ ကျွန်တော် ဝမ်းသာလိုက်တာ၊ ကျေးဇူးလည်းတင်လိုက်တာ"

"တစ်ဖက်မိန်းကလေးကလည်း သားကိုချစ်တယ်ဆိုရင် သူ့အချစ်တွေ မေမေ့ဆီပါ ပြန်ပို့လိမ့်မပေါ့"

"ပို့ရစေမယ် မေမေ"

"သူ့အချစ်ကလည်း သားဆီမှာ၊ မေမေ့အချစ်ကလည်း သားဆီမှာဆိုရင် သူနဲ့မေမေဟာ ဦးတည်ချက်တစ်ခုတည်းကိုသွားနေကြတဲ့ စိတ်တူကိုယ်တူတွေ ဖြစ်ရမှာပေါ့"

"ကျွန်တော် ညှိပေးပါ့မယ် မေမေ"

"မလိုပါဘူး သားရယ်၊ သားရဲ့အသွား၊ မေမေ့ယောက္ခမဟာ မေမေ့အပေါ်မှာ မိခင်ရင်းလို ကောင်းခဲ့ပါတယ်၊ မေမေက ခေါ်ညွှန့်ညွှန့်တင်ချွေးမပါ"

"ကျေးဇူးတင်ပါတယ် မေမေ၊ တကယ်ပါ"

"ဒါပဲမဟုတ်လား၊ ကားကို ဖြည်းဖြည်းမောင်း၊ သူများက ကျော်တက်ချင်ရင် ကိုယ်ကလျှော့ပေးလိုက်၊ ကားမောင်းတယ်ဆိုတာ စတီယာရင်နဲ့ လက်နဲ့ ထိထားသမျှ သမ္မုဒ္ဒေ ရွှတ်နိုင်မှ"

"ဟုတ်ကဲ့ပါ မေမေ"

✦ ✦



မြင်ကွင်းက ရင်ဝကို ဆောင့်ကန်လိုက်သလိုပါပဲ။ ဒရစ်ပိုက်တန်းလန်းနှင့် မျက်စိကလေး စုံမှိတ်နေရှာသူလေး၏ မျက်နှာလေးက သွယ်ကျနေ၏။ ဆံပင်တွေအားလုံး သိမ်းရုံးတင်ထားသည်မို့ နဖူးပြေပြေလေးမှာ ကကြိုးပုံလေး တင်နေသည်။ ဆံပင်နက်နက်နှင့် နဖူးသားပန်းနုရောင်လေးတို့က လှပစွာလိုက်ဖက်ပါဘိခြင်း။

"အရူးမလေး၊ ဒီလောက်လှတဲ့အသားကိုများ အညိုရောင်ဖြစ်အောင် လုပ်ရတဲ့ယ်လို့"

တစ်ယောက်တည်း ကျိတ်ဆူပစ်လိုက်ရတာကပဲ အလွန်အမင်းရင်နှီးသွားရသလို ရင်ထဲနွေးခနဲဖိုလေ၏။ အဆင်စိပ်စိပ် အရောင်ဖျော့ဖျော့ပါတိတ်ကို ဝမ်းဆက်ဝတ်ပေးထားသည်။ အင်္ကျီက ရင်စေ့လက်စကလေး။ ဖြိုး ပြုံးလိုက်သည်။ ဖြိုးက ဒါမျိုးမှ ကြိုက်တတ်သည်ထင်လို့ ဖြိုးစိတ်ကြိုက် ဆင်ချင်တာကို သူ့အမေက လိုက်လျှောပေးထားတာပဲဖြစ်မည်။ မြန်မာအင်္ကျီလေးဝတ်တော့ ကိုယ်လုံးအလှအပ ပေါ်လွင်၏။ ဘလောက်ခပ်ပွပွလေးနဲ့ဆိုလည်း လှမှာပါပဲ။ အသွယ်သွယ်ကျပြီး အဝတ်ပုံထဲက ခေါင်းထွက်နေလည်း အဲဒီအဝတ်ပုံဟာ ကမ္ဘာ့အလှဆုံးအဝတ်ပုံလေးဖြစ်နေမှာပါပဲ။ မိန်းမသားတို့ ဆင်ခြင်အပ်တဲ့ လည်ဟိုက်အသားပါးတွေ မဟုတ်ရင် ဣန္ဒြေရှိတာပါပဲ ရွှေဖြိုးလေးရင်မင်းဝတ်ဖူးတဲ့ ရှပ်အင်္ကျီလေးနဲ့လည်း လှတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်တင်ဦးက လက်ပြလိုက်သည်။ နှုတ်ခမ်းမှာ လက်ညှိုးကန့်လန့်ဖြတ်လျက် "ရှူး"ဟုဆို၏။ ဖြိုး အခန်းထဲမှ ပြန်ထွက်လိုက်ရသည်။ ဖြိုးရသော မာလာ့ဖုန်းနံပါတ်က ဆယ်လူလာဖြစ်နေတော့ မာလာက ဒီအိမ်ကနေ ပြန်ပြောနေခြင်းဖြစ်၏။ လူနာခန်းထဲ တန်းသွင်းလိုက်သည်မို့ ဒေါ်တင်တင်ဦးက ပြန်ခေါ် ထုတ်လာရသည်။ လူနာဘေးမှာ သူနာပြုဆရာမ စောင့်ကျန်၏။

"ခုလေးတင် အိပ်ပျော်တာ၊ နိုးသွားမှာစိုးလို့"

"ဘယ်လိုဖြစ်တာလဲ အန်တီရယ်"

"မွေးရာပါနှလုံးရောဂါရှိတာ မောင်ဖြိုး မသိဘူးထင်တယ်"

"ဟင့်အင်း"

"ဆရာဝန်တွေ အလိုအရတော့ ဘယ်လိုတွေးမယ်မသိဘူး၊ အရပ်စကားပေါ့လေ၊ ကိုယ်ဝန်နှစ်လသုံးလလောက်မှာ မိခင်က လေယာဉ်စီးရင် ကလေးမှာ နှလုံးရောဂါပါလာတတ်တယ်လို့ ပြောကြတာပဲ၊ ဘယ်လောက်မှန်လို့ ဘယ်လောက်မှားတယ်တော့ မသိဘူး ...

"နှလုံးမှာ အခန်းလေးတွေရှိတယ်ဆိုလား၊ အဲဒါလေးတွေက မိခင်ဗိုက်ထဲကတည်းက လရင့်လာတာနဲ့ ပိတ်သွားရမှာ၊ သူက တစ်ခန်းမပိတ်ဘဲ ကျန်ရစ်တယ်၊ အဲဒါ ရောဂါပေါ့"

"ခွဲရမှာပေါ့"

"ခွဲရမယ်၊ သမီးက မအိပ်မစားနဲ့ အားပြတ်နေလို့ ခွဲဖို့အတွက် အရင်အားမွေးရဦးမလိုဖြစ်နေတယ်၊ သူ့အဖေက စင်ကာပူကိုလာမယ်၊ သမီး လေယာဉ်ပျံစီးနိုင်ရင် စင်ကာပူမှာ သွားခွဲမယ်"



"ဒီမှာခွဲလို့မရဘူးလားခင်ဗျာ"

"ရတော့ရတယ်၊ သူ့အဖေက စင်ကာပူကိုခေါ်လို့၊ ကုန်ကျစရိတ်ကို သူ့မိထွေးက ထုတ်ပေးမတဲ့လေ၊ သူတို့ဟိုမှာနေပြီး ဘိုတွေဆန်နေကြတော့ လင်နဲ့မယား တစ်စီးပွားစီလား မသိပါဘူး၊ လိုက်တော့မလာဘူး၊ ကုန်ကျစရိတ်တာဝန်ယူမယ်တဲ့ ...

"သူ မယူလည်း အန်တီတို့ကုနိုင်တာပါပဲ၊ ကိုယ့်သမီးကိုယ် စည်းစိမ်ပြုတ်ပြုတ်ပေါ့၊ ဒါပေမဲ့ မိမိရွှေစင်က သူကုန်ကျပါရစေ၊ သူပေးရမှ စိတ်ကောင်းနိုင်မယ်လို့ ခဏခဏ ဖုန်းဆက်ပြီး တောင်းပန်တာနဲ့"

ကျေအေးကုန်ကြပြီပေါ့လေ။

များသူကများ၊ လွန်သူကလွန်၊ လူဆိုတာ ပုထုဇဉ်တွေပဲ။ ဘယ်သူ အများကင်းနိုင်ကြမလဲ။ သူများပုံနှင့် ကိုယ်များပုံနှင့် တူချင်မှတူပေမယ့် သူလည်းများတတ်သူ။ ကိုယ်လည်းများတတ်သူ၊ အများဆိုတာ ကျူးလွန်ဘူးကြသူတွေချည်းမဟုတ်လား။

"အန်တီကလည်း ဒိုင်ဗော့စ်(Divorce)ပေးလိုက်ပါပြီ၊ သူတို့လည်း ပြန်လာကြမှာမှ မဟုတ်တာ၊ လူဆိုတာ ကံဆုံစား၊ ကံကုန်တော့လည်း သွားကြတာပဲ၊ ရှင်ကွဲမကွဲတော့လည်း သေကွဲ,ကွဲရမှာ"

ဒေါ်တင်တင်ဦးက တည်ငြိမ်ရင့်ကျက်နေ၏။ ဖြိုးတို့အကြောင်းတွေကိုလည်း အားလုံးကို နားလည်ထားပြီး ခွင့်လွှတ်ကြည်ဖြူပြီး ဖြစ်နေပုံရသည်။

"သူ ဘယ်တော့လောက်နိုးလာမှာလဲ အန်တီ"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကြာမယ်မထင်ပါဘူး၊ နိုးပါလိမ့်မယ်"

"သိပ်မကြာခင် ပြန်နေကောင်းမှာ မဟုတ်လားခင်ဗျာ"

"အားလုံးက မျှော်လင့်ဆုတောင်းနေကြတာပဲပေါ့ကွယ်"

"အန်တီရော နေကောင်းရဲ့လား၊ အန်တို့ကျန်းမာရေးလည်း ဂရုစိုက်ပါဦး"

"ကောင်းပါတယ်၊ အန်တီက သမီးမျက်နှာလန်းရင် နေကောင်းတယ်၊ သမီးမျက်နှာညှိုးရင် နေမကောင်းဘူး၊ သိပ်စိတ်ကောင်းရှိတဲ့ သမီးလေးပါ၊ ကိုယ့်သမီးမို့ ကိုယ်ပြောတာ မဟုတ်ဘူး၊ ကလေးလိုပဲ ဖြူစင်တယ် ...

"သူ့အဖေအတွက် မိမိရွေးစင်ကို စိတ်ဆိုးပြီး မိမိရွေးစင်အမျိုးတွေကို လိုက်ကလဲ့စားချေတာကလွဲရင် တခြားဘာအပြစ်မှမရှိဘူး၊ ဒါကလည်း လူငယ်စိတ်ကိုး၊ တစ်သက်မှာ တစ်ခါတော့ မှားမယ်ပေါ့၊ အန်တို့အမှားတွေလည်းပါတယ်၊ အမှားကို မှားမှန်းသိတဲ့နေ့ကစပြီး ပြင်နိုင်ရင် ပုထုဇဉ်ထဲက လူတော်ခေါ်ရတာပေါ့ မောင်ဖြိုးရယ် ...

"ဘယ်သူမှားယွင်းချင်ပါ့မလဲ၊ ကံစီမံရာခံကြရတာလည်းပါတယ်ပေါ့၊ သမီးကို နားချရတယ်၊ မိမိရွေးစင်ခမျာလည်း ဒုတိယအိမ်ထောင် ဘယ်ဖြစ်ချင်ပါ့မလဲ၊ ကံပဲလေ ...

"သမီးက ဒါကို တစ်သက်လုံးနာနေတာ၊ သနားပါတယ်၊ တစ်ဖက်သားအပေါ် စိတ်ဆိုးနာကြည်းနေရတာ ငရဲလည်း ကြီးပါတယ်"

ဖြိုး ခေါင်းတညိတ်ညိတ် ဖြစ်ရပါတော့သည်။

"ကိုဖြိုး ဒီကိုလာတာ အန်တီသိလား"

BURMESE CLASSIC .com



မာလာက ဖြတ်မေးလိုက်သည်။ ဖြိုးက ဆယ်လူလာကို ထောင်ပြသည်။ ဆယ်လူလာနှင့် လှမ်းပြောပြီးပြီဆိုတာ မာလာ သဘောပေါက်လေ၏။

"ဘာတဲ့လဲ"

"ကားဖြည်းဖြည်းမောင်းတဲ့၊ သမ္မုဒ္ဒေရှုတ်တဲ့"

မာလာ ရယ်လိုက်၏။ ဖြိုးကလည်း ပြုံးသည်။ ဘယ်သူဘယ်လို အပြင်ခေါ်ထုတ်လာပေမယ့် မနေနိုင်စွာ လူနာခန်းတံခါးဝသို့ ဖွေ့ခနဲရောက်ပြန်သည်။ မျှော်ကြည့်လိုက်၏။ အိပ်ပျော်နေရှာသူ သနားစရာကောင်မလေး နေကောင်းပါစေ။ သူနိုးလာလို့ ဖြိုးကိုတွေ့ရင် ပျော်များသွားမလား။ ငိုရှာဦးမှာလား။ ချော့လိုက်ရင်တော့ အငိုတိတ်ကောင်းပါရဲ့။ နေမြန်မြန်ကောင်းပါမှ ရွှေဖြိုးလေးရယ်။ တို့က ရည်းစားဖြစ်ချင်လှပြီ။ စင်ကာပူကြီးများတောင် သွားခွဲမည်ဆိုတော့ တို့လိုက်မှဖြစ်မည်။ ကိုယ့်ကုမ္ပဏီက စင်ကာပူကိုသွားစရာကိစ္စပေါ်တိုင်း နိုင်ငံခြားသွားတာ ဘယ်လိုဝါသနာမပါမှန်းကိုမသိ။ ဖေဖေ့ကိုချည်းလွှတ်နေတာ၊ ဒီတစ်ခါအကြောင်းရှိရှိ မရှိရှိ ကုမ္ပဏီကိစ္စအကြောင်းပြပြီး လိုက်ကိုလိုက်မှဖြစ်မည်။

မျက်စိအောက်က အပျောက်မခံနိုင်ပါဘူး။

ဆရာမက လှမ်းကြည့်သည်။ ဒီလူတစ်ယောက် အနားကပ်ချင်စိတ်နှင့် သေလုမျောပါးဖြစ်နေတာ အသိသာကြီးမို့ ထလာခဲ့တော့သည်။

"စောင့်မလား"

"ဟုတ်ကဲ့"

ဝမ်းအသာကြီး ဝမ်းသာသွားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးပဲနော်၊ ဒရစ်ပ်ကို ကျွန်မကိုယ်တိုင်စောင့်ကြည့်မှဖြစ်မှာ"

"ဟုတ်ကဲ့ပါ"

ဖြိုး လှစ်ခနဲရောက်လာ၏။ ခုတင်ဘေးခုံမှာ ထိုင်သည်။ အိပ်ပျော်နေရှာသည်။ သနားစရာချစ်သူလေးကို ကျုံးမွေ့လိုက်ချင်သည်။ ဖြစ်နိုင်လျှင် ကိုယ့်ရင်ခွင်ကို ခုတင်တစ်ခုလို ပြင်ဆင်ပေးချင်၏။ သူနားနေပါစေ။ သူနိုးလာတဲ့အထိ ထိုင်စောင့်မည်။ သူနိုးလာတဲ့အခါမှာ အနားမှာ ဘယ်သူရှိရှိ မရှိရှိ သူ့နားကပ်လို့ တိုးတိုးတော့ ပြောကိုပြောရမှ။

"မြန်မြန်နေကောင်းတော့ကွာ၊ တို့က ရည်းစားဖြစ်ချင်လှပြီ"လို့။

သူပျော်သွားမှာ။ သူ ပြန်နေကောင်းလာမှာပါ။ သူနဲ့ ကိုယ်နဲ့ ရင်ထဲမှာ အချစ်ကိုယ်စီရှိနေကြပြီပဲ။ အချစ်ဆိုတာ အရာရာကို ပြုပြင်ဖန်တီးနိုင်တဲ့ စွမ်းအားတွေနဲ့မဟုတ်လား။ ရွှေရည်သွန်းဖြိုးကလေးရယ်၊ မင်းကို အချစ်များစွာနဲ့ တို့စောင့်ကြည့်နေပါတယ်။

စာချစ်သူတိုင်းကိုချစ်တဲ့

နေနွယ်ဇင်မြင့်

BURMESE CLASSIC .com

www.burmeseclassic.com